http://www.dhammadownload.com

ကျမ်းစာအမှတ်စဉ်-၁၅

ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

ဒီဃနိကာယ်

# သံဂါယနာအမေးအဖြေ

(သုတ်သီလက္ခန်၊ သုတ်မဟာဝါ နှင့် သုတ်ပါထေယျပါဠိတော်တို့မှ အမေးအဖြေများ ပါဝင်သည်)

နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၅၀၈ ကောဇာနှစ် ၁၃၂၆

http://www.dhammadownload.com

၂၄၀၀

ကျမ်းစာအမှတ်စဉ်-၁၅

ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ

သုတ္တန္တပိဋက

ဒီဃနိကာယ်

# သံဂါယနာအမေးအဖြေ

(သုတ်သီလက္ခန်, သုတ်မဟာဝါနှင့် သုတ်ပါထေယျပါဠိတော်တို့မှ အမေးအဖြေများ ပါဝင်သည်)


နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ် ၂၄၉၈ ကောဇာနှစ် ၁၃၁၆

http://www.dhammadownload.com

နု-ဗ-သ-စ—၃၀၉—၁၄-၆-၅၆—၅,၀၀၀ ။


http://www.dhammadownload.com



ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com




ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

http://www.dhammadownload.com


http://www.dhammadownload.com

http://www.dhammadownload.com



ဆဋ္ဌသံဂီတိပုစ္ဆက
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘန (မဟာစည်)
ဆရာတော်၏ပုံ

http://www.dhammadownload.com



ဆဋ္ဌသံဂီတိ သံဃနာယက အဘိဓဇမဟာရဋ္ဌဂုရု
ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီး၏ပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

## သုတ်ပါထေယျပါဠိတော် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပါထိက သုတ်တော် .... .... .... .... | ၂၃၁ |
| ဥဒုမ္ဗရိက သုတ်တော် .... .... .... .... | ၂၃၂ |
| စက္ကဝတ္တိ သုတ်တော် .... .... .... .... | ၂၃၂ |
| အဂ္ဂည သုတ်တော် .... .... .... .... | ၂၃၂ |
| သမ္ပသာဒနီယ သုတ်တော် .... .... .... .... | ၂၃၃ |
| ပါသာဒိက သုတ်တော် .... .... .... .... | ၂၃၃ |
| လက္ခဏ သုတ်တော် .... .... .... .... | ၂၃၄ |
| သိင်္ဂါလ သုတ်တော် .... .... .... .... | ၂၃၄ |
| အာဋာနာဋိယ သုတ်တော် .... .... .... .... | ၂၃၅ |
| သင်္ဂီတိ သုတ်တော် .... .... .... .... | ၂၃၆ |
| ဒသုတ္တရ သုတ်တော် .... .... .... .... | ၂၃၆ |
| ဒီဃနိကာယ် စိစစ်ခဏ်း .... .... .... .... | ၂၃၇ |


ဒီဃနိကာယ် ပါဠိတော် အမေးအဖြေ မာတိကာ ပြီး၏

http://www.dhammadownload.com

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာ အမေးအဖြေ

# နိဒါန်း

ဤမည်သော ဆဋ္ဌသံဂါယနာ အမေးအဖြေ ကျမ်းတဆူ ထွက်ပြူလာခြင်း၏ အကြောင်းရင်း နိဒါန်းမှာ သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူ ထိုက်သော သမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူအပ်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးတော်မူနိုင်သည့် သုတ်,အဘိဓမ္မာ,ဝိနည်း ဒေသနာ တော်တို့ကို အနှစ်ငါးထောင်မက ကြာမြင့်သည်တိုင်အောင် တည်ရစ်ရန် အလို့ငှါ အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် ညောင်ရမ်းဆရာတော်ဘုရားကြီးကို အမှူး ထား၍ ပြည်ထောင်စု မြန်မာနိုင်ငံ, ယိုးဒယားနိုင်ငံ, သီဟိုဠ်နိုင်ငံ, ကမ္ဗောဒီးယား နိုင်ငံနှင့် လောနိုင်ငံ အပါအဝင် ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံတို့မှ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူကြသော သံဃနာယက, သံဃရာဇာ, သံဃုက္ကဋ္ဌ မထေရ်မြတ်ကြီးတို့ ဦးစီးရှေ့ဆောင်သော သံဂီတိကာရကမထေရ် ၂၅၀၀ ကျော်တို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကို သာသနာ့ဒါယကာ အဖြစ် အမှီပြု၍ရင်း နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့နှင့် ပြည်ထောင်စု နိုင်ငံတော်သူ နိုင်ငံတော်သားများကို စတုပစ္စယဒါယကာအဖြစ် အမှီပြု၍ရင်း ရန်ကုန်မြို့ သီရိ မင်္ဂလာကုန်းမြေ ဆဋ္ဌသံဂီတိမဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီး အတွင်းဝယ် သာသနာနှစ် ၂၄၉၈-ခုနှစ် ကောဇာနှစ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ခြောက်ကြိမ်မြောက် သံဂါယနာသဘင်ကို စတင်တော်မူခဲ့ကြလေသည်၊

ဤသို့ ခြောက်ကြိမ်မြောက် သံဂါယနာ တင်တော်မူကြရာဝယ် ရှေးပဌမ သံဂါယနာ တင်တော်မူစဉ် အခါကာလက သံဃမဟာနာယက အရှင်မဟာ ကဿပ မထေရ်မြတ်ကြီးက တခုတခုသော သိက္ခာပုဒ်, တခုတခုသော တရားဒေသ နာတော်ကို "ဘယ်မြို့ ဒေသ ဘယ်ဌာနဌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အမှုအခင်း အကြောင်းရင်း ဝတ္ထုကြောင့် ပညတ်ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင် " စသည်ဖြင့် မေးမြန်းတော်မူသောအခါ ဝိနည်းဆိုင်ရာ၌ အရှင်ဥပါလိ မထေရ်မြတ်က ပညတ်ရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြား၍ သုတ်,အဘိဓမ္မာဆိုင်ရာ၌ အရှင်အာနန္ဒာ မထေရ်မြတ်က ဟောရာဌာန စသည်တို့ကို ရှင်းလင်းစွာ ဖြေကြားတော်မူကြသကဲ့သို့ ဆိုင်ရာဆိုင်ရာ သုတ်, အဘိဓမ္မာ, ဝိနည်း ဒေသနာတို့ကို မေးရန်, ဖြေရန် ကိစ္စအတွက်လည်း ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃ အဖွဲ့ကြီးက ကြိုတင်၍ စီစဉ်ခဲ့လေသည်၊

သံဂါယနာတင်ရာ၌ သုတ်, အဘိဓမ္မာ, ဝိနည်းတရားတို့ကို အမေးအဖြေ ပြုလုပ်ရန် တာဝန်ကား လွယ်ကူလှသည် မဟုတ်ချေ၊ ပိဋကကျမ်းဂန်အရပ်ရပ်တို့၌

http://www.dhammadownload.com



နှံ့စပ် ကျေပြွန် မွေနှောက် ချောက်ချားနိုင်သော တိက္ခဉာဏ်, ဇဝနဉာဏ်, ဂမ္ဘီရဉာဏ် ထက်သန်အားကောင်း၍ သံဃပရိသတ် လူပရိသတ် အလည်တွင် နှုတ်တက်ရွရွ တိကျပြတ်သားစွာ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသောစိတ်ဖြင့် မေးစွမ်းနိုင်, ဖြေစွမ်းနိုင်သော ဗျတ္တ, ပဋိဘာလဉာဏ် ကုံလုံကြွယ်ဝသည့် ပုဂ္ဂလဝိသေသတို့၏ အရာသာ ဖြစ်ချေသည်၊

ထို့ကြောင့်ပင် ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့ကြီးက ဒီဃနိကာယ်ကြီးကိုမေးတော်မူရန် ပုစ္ဆကပုဂ္ဂိုလ်အဖြစ် ရန်ကုန်မြို့ သာသနရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနထေရ် (မဟာစည်) ကိုငှင်း ဒီဃနိကာယ်ကြီးကို ဖြေကြားတော်မူရန် ဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် စစ်ကိုင်းမြို့ မင်းကွန်းဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသထေရ်ကိုငှင်း ရွေးကောက် တင်မြှောက်တော်မူခဲ့ကြလေသည်၊

ဤသို့ ရွေးကောက် တင်မြှောက်ခဲ့သည့်အတိုင်း ဆဋ္ဌသံဂီတိ မဟာပါသာဏ ကျောက်လိုဏ်ဂူတော်ကြီးအဘွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ ငါးနိုင်ငံမှ ကြွရောက်လာကြကုန်သော သံဂီတိကာရက သံဃပရိသတ် လူပရိသတ်တို့၏ အလည်တွင် သံဃမဟာနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတာဘိဓဇမဟာရဋ္ဌဂုရု မထေရ်မြတ်ကြီးက ဩကာသဒါနကထာ မြွက်ကြားတော်မူ၍ ပုစ္ဆကထေရ်က ပုစ္ဆနဉာတ်ကိုထားပြီးလျှင် ရွှေပလ္လင်ထက်သို့ တက်ခါ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ငှင်း ဝိသဇ္ဇကထေရ်က ဝိသဇ္ဇနဉာတ်ကိုထားပြီးလျှင် ဆင်စွယ်ဖြင့်စီအပ်သော ယပ်ဝန်းကို ကိုင်လျက် ရွှေပလ္လင်ထက်သို့ တက်ကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ငှင်း ရွှံ့ရှားခြင်းကင်း ရဲတင်းသော စိတ်ဖြင့် ရှေးရှေးသော သံဂါယနာ အစဉ်အလာနှင့် အညီ မြတ်စွာဘုရား၏ **အာဟစ္စဘာသိတ** ဒေသနာတော်တို့ကို ပါဠိမြန်မာ နှစ်ဘာသာတို့ဖြင့် တိကျပြတ်သားရှင်းလင်းစွာ နှုတ်တက်ရွရွ မေးဖြေတော်မူခဲ့ကြလေပြီ၊ မေးဖြေတိုင်းသော ဒေသနာ အစဉ်တို့ကိုလည်း နိုင်ငံတော်အသံလွှင့်ဌာနမှ အသံသွင်းစက်ဖြင့် အသံသွင်းယူပြီးလျှင် မြန်မာ့အသံမှ တဆင့် အသံလွှင့်ခဲ့လေသည်၊ ထိုသို့ အသံလွှင့်ခဲ့သည်ကို ကြားနာကြရသော ရဟန်းရှင်လူ အပေါင်းတို့သည် အားရတင်းတိမ်ခြင်း မရှိကြသဖြင့် ကျမ်းစာအုပ်တဆူအနေ စက်တင်ပုံနှိပ် ထုတ်ဝေပါရန် တောင်းပန်ကြလေသည်၊

နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကလည်း ပိဋကတော်၏ အဆီအနှစ် သဖွယ်ဖြစ်သော ဤ သံဂါယနာ အမေးအဖြေတို့ကို မပျောက်မပျက်ရန် အလို့ငှါငှင်း လေ့လာကျင့်သုံး ပွါးများလိုကြသူတို့အဘို့ လွယ်လင့်တကူ ကြည့်ရှု နိုင်ရန် အလို့ငှါငှင်း

http://www.dhammadownload.com



၁။ ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန်

၂။ ခေတ်ပြားသွင်းရန်

အစီအစဉ် ရှိခဲ့သည့်အတိုင်း အမေးအဖြေ ဒေသနာတော် အသံတို့ကို အသံသွင်းခေတ်ကြိုးမှ ကူးယူ၍ စက်တင်ပုံနှိပ်ခဲ့သောကြောင့် သံဂါယနာ အမေးအဖြေဟူသော ဤကျမ်းစာတဆူ ထွက်ပြူလာခဲ့ခြင်း ဖြစ်ပါသည်၊

အထူးအားဖြင့် ဤသံဂါယနာ အမေးအဖြေကျမ်း၌ ဆရာတော်နှစ်ပါးမေးဖြေတော်မူကြသော အချက်အလက် များမှာ နာရီပိုင်းမျှ အခွင့်ရသော အချိန်ကာလအတွင်း၌ "အမြတ်ရတနာ အစုအပုံထည်းမှ သင့်ရာသင့်ရာ ရတနာတို့ကို ထုတ်ဆောင်ပြသကဲ့သို့" ဆိုင်ရာဆိုင်ရာ ပိဋကတို့မှ အရေးကြီးသော အချက်အလက်များကိုသာ အချိန်ကာလနှင့် နှိုင်းချိန်၍ မေးဖြေတော် မူကြခြင်း ဖြစ်ပါသောကြောင့် ထို့ထက် ကျယ်ဝန်းပြည့်စုံသော အနက်အဓိပ္ပါယ် မြတ်စွာဘုရား၏ စကားတော်များကို သိလိုကြပါသော သူတော်စင် အပေါင်းတို့သည် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ ပုံနှိပ် ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိပြီဖြစ်ပါသော **ပိဋကမြန်မာပြန်** ကျမ်းကြီးများ၌ ဘတ်ရှုကြည့်ရှုနိုင်ကြပါသည်၊

သို့ဖြစ်၍ အံ့ဘွယ် ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍ နေကြကုန်သော ရတနာ ခုနစ်ပါးတို့ကို ယူဆောင်၍ ပြလိုက်သကဲ့သို့ အံ့ဘွယ်ရှစ်ဖြာ သာသနာမှ ဝိမုတ္တိရသ အခေတ်မြိုက် ချမ်းသာတည်းဟူသော အဆီအနှစ် ဒေသနာတို့ကို ထုတ်ဆောင်၍ ပြရာဖြစ်သော ဤ **သံဂါယနာ အမေးအဖြေ** ကျမ်းကို ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ဘတ်ရှုလေ့လာ ကျင့်သုံးနိုင်ကြ ပါစေကုန်သတည်း။

[ပုံ] **အသျှင်နာဂဝံသာဘိဝံသ**

[ပုံ] **အသျှင်ဝိသုဒ္ဓါဘိဝံသ**

**အကျိုးတော်ဆောင်ဆရာတော်များ**

**ဆဋ္ဌသံဂါယနာဝန်ဆောင်သံဃအဖွဲ့**

၁၃၁၈-ခု၊ နယုန်လဆန်း ၆-ရက် ကြာသပတေးနေ့

http://www.dhammadownload.com

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာ အမေးအဖြေ

## ဒီဃနိကာယ် သုတ်သီလက္ခန်ပါဠိတော် အမေးအဖြေ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒီဃနိကာယ်အမေးအဖြေစကားချီး .... .... .... | ၁ |
| **ဗြဟ္မဇာလသုတ်တော်** | |
| နိဒါန်း,ပုဂ္ဂိုလ်,ဝတ္ထု .... .... .... .... | ၄ |
| အနုသန္ဓေ သုံးပါး .... .... .... .... | ၇ |
| ပဌမ အနုသန္ဓေ .... .... .... .... | ၇ |
| ဒုတိယ အနုသန္ဓေ .... .... .... .... | ၉ |
| တတိယ အနုသန္ဓေ .... .... .... .... | ၁၁ |
| သုတ္တန်ဒေသနာ ဟောကြားနည်း လေးဖြာ .... .... | ၁၄ |
| ဗြဟ္မဇာလသုတ်ကို စိစစ်ချက် .... .... .... .... | ၁၅ |
| **သာမညဖလသုတ်တော်** | |
| သာမညဖလသုတ် နိဒါန်း .... .... .... .... | ၁၇ |
| သာမညဖလသုတ်တော် ဟောကြားနည်း .... .... | ၁၈ |
| အဇာတသတ်ဘုရင် အကြောင်း .... .... .... | ၁၈ |
| ဆရာဇီဝက နှင့် အဇာတသတ်မင်း .... .... .... | ၂၀ |
| အဇာတသတ်မင်း ဘုရားထံ သွားခဏ်း .... .... .... | ၂၂ |
| အဇာတသတ်မင်း ဘုရားထံ ရောက်ခဏ်း .... .... | ၂၃ |
| မျက်မှောက် ရဟန်းပြုကျိုးကို မေးလျှောက်ခြင်း.... .... | ၂၄ |
| ဘာသာခြား အယူဝါဒများ၌ စုံစမ်းခဲ့ဘူးခြင်း .... .... | ၂၆ |
| ပူရဏကဿပ အယူဝါဒ ပြခဏ်း .... .... .... | ၂၈ |
| ပူရဏကဿပဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး .... .... | ၃၀ |
| မက္ခလိဂေါသာလ အယူဝါဒ ပြခဏ်း .... .... .... | ၃၀ |

http://www.dhammadownload.com



အကြောင်းအရာ　　　　စာမျက်နှာ

## သာမညဖလသုတ်တော်


မက္ခလိဂေါသာလဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး .... ၃၃
အဇိတကေသကမ္ဗလ ဝါဒပြခန်း .... .... .... ၃၄
အဇိတကေသကမ္ဗလ၏ ကြောက်စရာ့ ရုပ်ဝါဒကြီး.... .... ၃၇
ပကုဓကစ္စာယန ဝါဒပြခန်း .... .... .... .... ၃၈
ပကုဓကစ္စာယနဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး .... .... ၄၁
နိဂဏ္ဌနာဋပုတ္တ ဝါဒပြခန်း .... .... .... .... ၄၁
နိဂဏ္ဌဝါဒ စီစစ်ခြင်း .... .... .... .... ၄၃
သိဉ္စည်း ဝါဒပြခန်း .... .... .... .... ၄၄
တိတ္ထိအယူဝါဒ ခြောက်မျိုးလုံး အခြေအနေ .... .... ၄၆
မျက်မှောက် ရဟန်းပြုကျိုးများကို ဟောကြားတော်မူခြင်း ၄၇
ပဌမ ရဟန်းပြုကျိုး (ကျွန်ယောကျ်ား ဥပမာ) .... .... ၄၈
ပဌမ ရဟန်းပြုကျိုးကို ကောင်းချီးထောမနာ ပြုခြင်း .... ၅၂
ဒုတိယ ရဟန်းပြုကျိုး (လယ်သမား ဥပမာ) .... .... ၅၃
ဒုတိယ ရဟန်းပြုကျိုးကို ကောင်းချီးထောမနာပြုခြင်း .... ၅၅
လွန်ကဲ, မြင့်မြတ်သော ရဟန်းပြုကျိုးများ .... .... ၅၆
စူဠသီလကို နှစ်ဆယ့်ခြောက်စုပြု၍ ဝေဘန်ဟောကြားခြင်း.... ၅၈
စူဠသီလနှင့် ပြည့်စုံဘို့ တိုက်တွန်းခြင်း .... .... .... ၆၀
မဇ္ဈိမသီလ နှင့် မဟာသီလကို ဝေဘန်ဟောကြားခြင်း .... ၆၁
မဟာသီလကို ခုနစ်စုပြု၍ ဝေဘန်ဟောကြားခန်း .... ၆၆
သီလသုံးပါးနှင့် ပြည့်စုံရန် တိုက်တွန်းခြင်း .... .... ၆၈
ဣန္ဒြိယသံဝရစသော သုံးပါးကို အကျယ်ဟောခြင်း .... ၆၈
ဣန္ဒြိယသံဝရ .... .... .... .... ၆၉
သတိသမ္ပဇည .... .... .... .... ၇၀
သန္တောသ .... .... .... .... ၇၁
ဣန္ဒြိယသံဝရစသည်နှင့် ပြည့်စုံရန် တိုက်တွန်းခြင်း .... ၇၂
နီဝရဏငါးပါး ပယ်ပုံများ .... .... .... .... ၇၃
ကာမစ္ဆန္ဒကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ .... .... ၇၅

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

**သာမညဖလသုတ်တော်**


ဗျာပါဒကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ .... .... ၇၅
ထိနမိဒ္ဓကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ .... .... ၇၆
ဥဒ္ဓစ္စကုက္ကုစ္စကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ.... .... ၇၆
ဝိစိကိစ္ဆာကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ .... .... ၇၆
ပီတိပါမောဇ္ဇစသည် အဆင့်ဆင့် ဖြစ်ပွါးပုံ .... .... ၇၇
စင်ကြယ်သော စိတ်နှင့် နေရန်တိုက်တွန်းခြင်း .... .... ၇၇
အဆင့်ဆင့် မွန်မြတ်သော ရဟန်းပြုကျိုးများ ဟောကြားခြင်း ၇၈
ပဌမစျာန် ရဟန်းပြုကျိုး .... .... .... .... ၇၈
ပဌမစျာန် ချမ်းသာပုံ ဥပမာ .... .... .... .... ၇၉
ပဌမစျာန်ချမ်းသာ၏ ဂုဏ်ကိုဘော်ပြလျက် ကောင်းချီးပြုခြင်း ၈၀
ဒုတိယ,တတိယ,စတုတ္ထစျာန် ရဟန်းပြုကျိုးများ .... .... ၈၂
ဒုတိယစျာန် ရဟန်းပြုကျိုး .... .... .... .... ၈၃
ဒုတိယစျာန် ချမ်းသာပုံ ဥပမာ .... .... .... ၈၃
တတိယစျာန် ရဟန်းပြုကျိုး .... .... .... .... ၈၃
တတိယစျာန် ချမ်းသာပုံ ဥပမာ .... .... .... ၈၄
စတုတ္ထစျာန် ရဟန်းပြုကျိုး .... .... .... .... ၈၄
စတုတ္ထစျာန် ချမ်းသာပုံ ဥပမာ .... .... .... ၈၅
ဒုတိယစျာန် စသည်၏ အကျိုးကိုပြ၍ ကောင်းချီးပြုခြင်း ၈၅
ဝိပဿနာဉာဏ် ရဟန်းပြုကျိုး .... .... .... ၈၆
ဝိပဿနာဉာဏ် ချမ်းသာပုံ ဥပမာ .... .... .... ၈၇
ဝိပဿနာဉာဏ်၏ အကျိုးကိုပြ၍ ကောင်းချီးပြုခြင်း .... ၈၉
မနောမယိဒ္ဓိဉာဏ် ရဟန်းပြုကျိုး .... .... .... ၉၀
မနောမယိဒ္ဓိ အဘိညာဉ် ဥပမာပြခြင်း .... .... .... ၉၁
မနောမယိဒ္ဓိ အဘိညာဉ်ကို ကောင်းချီးပြုခြင်း .... .... ၉၂
ဣဒ္ဓိဝိဓ အဘိညာဉ် ရဟန်းပြုကျိုး .... .... .... ၉၃
ဣဒ္ဓိဝိဓ အဘိညာဉ်ကို ကောင်းချီးပြုခြင်း .... .... ၉၅
ဒိဗ္ဗသောတ အဘိညာဉ် ရဟန်းပြုကျိုး .... .... .... ၉၆

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

**သာမညဖလသုတ်တော်**

ဒိဗ္ဗသောတ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း .... .... ၉၈
စေတောပရိယ အဘိညာဉ် ရဟန်းပြုကျိုး .... .... ၉၈
စေတောပရိယ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း .... ၁၀၀
ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ရဟန်းပြုကျိုး .... .... ၁၀၁
ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း .... ၁၀၄
စုတူပပါတ (ဒိဗ္ဗစက္ခု) အဘိညာဉ် ရဟန်းပြုကျိုး.... .... ၁၀၄
ဒိဗ္ဗစက္ခု အဘိညာဉ်၏ ဂုဏ်ကိုပြ၍ ချီးကျူးခြင်း .... .... ၁၀၇
အာသဝက္ခယ အဘိညာဉ် (လောကုတ္တရာ ရဟန်းပြုကျိုး).... ၁၀၈
အာသဝက္ခယ အဘိညာဉ်၏ ဂုဏ်ကိုပြ၍ ချီးကျူးခြင်း .... ၁၁၀
အဇာတသတ်ဘုရင် သရဏဂုံတည်၍ အကျိုးထူးရခြင်း .... ၁၁၁
ခမည်းတော် သတ်မိသည့်အပြစ်ကို ဝန်ချ ကန်တော့ခြင်း .... ၁၁၃
အကျိုးထူးရပုံ .... .... .... .... .... ၁၁၃

**အမ္ဗဋ္ဌသုတ်တော်**

ဝိဇ္ဇာ,စရဏတို့ကို အကျယ်ပြရာ ဒေသနာတော် .... .... ၁၁၅
အမြတ်ပုဂ္ဂိုလ် .... .... .... .... .... ၁၁၆

**သောဏဒဏ္ဍသုတ်တော်**

သီလ နှင့် ပညာကို အကျယ်ဟောပြခြင်း .... .... .... ၁၁၆

**ကူဋဒန္တသုတ်တော်**

မဟာဒါနခေါ် အလှူကြီး .... .... .... .... ၁၁၇
မဟာဒါနထက် အကျိုးကြီးသော အလှူ.... .... .... ၁၁၈
ဒါနထက် အကျိုးကြီးသော တရား .... .... .... ၁၁၉

**မဟာလိသုတ်တော်**

ဈာန် အဘိညာဉ်မျှကိုသာ ရည်ရွယ်ရင်းမဟုတ် .... .... ၁၁၉

http://www.dhammadownload.com



အကြောင်းအရာ စာမျက်နှာ

**ဇာလိယသုတ်တော်**

အသက်ဇီဝ နှင့် ခန္ဓာကိုယ် တခြားစီလော? တခုတည်းလော? ၁၂၁

**မဟာသီဟနာဒသုတ်တော်**

သမဏအစစ် ဗြာဟ္မဏအစစ် ပြဆိုခဏ်း .... .... .... ၁၂၂

**ပေါဋ္ဌပါဒသုတ်တော်**

သညာအဆင့်ဆင့် ချုပ်ငြိမ်း၍ နိရောဓသမာပတ်သို့ ဆိုက်ရောက်ပုံ ၁၂၅

အတ္တဒိဋ္ဌိ .... .... .... .... .... ၁၂၇

**သုဘသုတ်တော်**

ဘုရားရှင် ခြီးမွမ်းတော်မူသော တရားအစု .... .... ၁၂၇

**ကေဝဋ္ဋသုတ်တော်**

တန်းခိုးပြာဋိဟာ သုံးမျိုး၏ အကျိုးအပြစ်များ .... .... ၁၂၉

**လောဟိစ္စသုတ်တော်**

ကဲ့ရဲ့ထိုက်သောဆရာ, မကဲ့ရဲ့ထိုက်သောဆရာ .... .... ၁၃၀

**တေဝိဇ္ဇသုတ်တော်**

ဗြဟ္မာမမြင်ဘူးဘဲ ဗြဟ္မာ့ပြည်ရောက်ကြောင်းပညတ်သည့် အယူဝါဒ ၁၃၂

ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း အစစ်အမှန်လမ်းစဉ် .... ၁၃၃

သုတ်သီလက္ခန်ပါဠိတော်မာတိကာ ပြီး၏

http://www.dhammadownload.com

http://www.dhammadownload.com

သုတ်မဟာဝါပါဠိတော် အမေးအဖြေ

# မာတိကာ

အကြောင်းအရာ စာမျက်နှာ


**မဟာပဒါန သုတ်တော်** .... .... .... .... ၁၃၅
**မဟာနိဒါန သုတ်တော်** .... .... .... .... ၁၃၇
**မဟာပရိနိဗ္ဗာန သုတ်တော်** .... .... .... .... ၁၃၉
မင်းတို့၏ ကြီးပွါးရေး တရားတော် .... .... .... ၁၄၀
ရဟန်းတို့ ကြီးပွါးရေး တရားတော် .... .... .... ၁၄၂
တရားကြေးမုံ ဟောခြင်း .... .... .... .... ၁၄၄
အတ္တဒီပ ဓမ္မဒေသနာတော် .... .... .... .... ၁၄၇
အာယုသင်္ခါရလွှတ်ခြင်း .... .... .... .... ၁၅၂
စတုမဟာပဒေသ တရားတော် .... .... .... .... ၁၅၈
သံဝေဂဖြစ်စေနိုင်သည့် အရပ်လေးပါး .... .... .... ၁၆၃
မာတုဂါမများနှင့် ဆက်ဆံရပုံ .... .... .... .... ၁၆၆
မဟာသုဒဿန သုတ်တော် ဟောခဏ်း .... .... .... ၁၆၇
သုဘဒ္ဒ ပရိဗိုဇ် ချွတ်ခဏ်း .... .... .... .... ၁၆၉
ပရိနိဗ္ဗာန်စံခါနီး မိန့်ခွန်းတော်များ .... .... .... ၁၇၄
နောက်ဆုံး မိန့်ခွန်းတော် .... .... .... .... ၁၇၇
ချွန်သမာပတ် ဝင်စားရာမှ ပရိနိဗ္ဗာန်ပြုခြင်း .... .... ၁၇၇
**ဇနဝသဘသုတ်တော် အမေးအဖြေ** .... .... .... ၁၇၉
**မဟာဂေါဝိန္ဒသုတ်တော် အမေးအဖြေ** .... .... .... ၁၈၃
**မဟာသမယသုတ်တော် အမေးအဖြေ** .... .... .... ၁၈၃
**သက္ကပဉှသုတ်တော် အမေးအဖြေ** .... .... .... ၁၈၄
**မဟာသတိပဋ္ဌာနသုတ်တော် အမေးအဖြေ** .... .... ၁၈၆


**ပါထိကဝဂ်**


ပါထိကသုတ်တော် အမေးအဖြေ .... .... .... ၁၈၈
ပဌမ ပြဿနာ (လ,နေ ဥပမာ).... .... .... .... ၁၈၉

http://www.dhammadownload.com



အကြောင်းအရာ　　　　　　　　　　　　　　　　စာမျက်နှာ

**ပါယာသိသုတ်တော်**


ဒုတိယ ပြဿနာ (သူခိုးဥပမာ).... .... .... .... ၁၉၁
တတိယ ပြဿနာ (မစင်တွင်းကျသူ ဥပမာ) .... .... ၁၉၅
စတုတ္ထ နှင့် ပဥ္စမ ပြဿနာ (တာဝတိံသာနတ်နှင့် သူကန်းဥပမာ) ၁၉၉
ဆဋ္ဌ ပြဿနာ (ကိုယ်ဝန်ဆောင် ဥပမာ).... .... .... ၂၀၄
သတ္တမ ပြဿနာ (အိပ်မက် ဥပမာ) .... .... .... ၂၀၈
အဋ္ဌမ, နဝမ နှင့် ဒသမ ပြဿနာ (မီးပူဇော်သော ရသေ့ဥပမာ) ၂၁၁
လှည်းမှူး နှစ်ဦး ဥပမာ .... .... .... .... ၂၁၄
လျှော်ကြမ်းထမ်းသူ ဥပမာ .... .... .... .... ၂၁၉
ပါယာသိရာဇညမင်း သာသနာကြည်ညိုခြင်း .... .... ၂၂၅
ပါယာသိရာဇညမင်း ဒါနပြုပုံ .... .... .... .... ၂၂၈


**သုတ်မဟာဝါပါဠိတော် အမေးအဖြေ ပြီး၏**

http://www.dhammadownload.com

## သုတ္တန္တပိဋက
## ဒီဃနိကာယ်, သုတ်သီလက္ခန်ပါဠိတော်

# သံဂါယနာအမေးအဖြေ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒီဃနိကာယ်အမေးအဖြေ စကားချီး**

ပုစ္ဆာ။ ။ပဌမမဟာဓမ္မသံဂီတိကာလေ အာဝုသော ဓမ္မသံဂါဟကာ မဟာကဿပါဒယော မဟာထေရဝရာ ပဌမံ ဝိနယံ သံဂါယိတွာ တဒနန္တရံ ကံ နာမ ပါဝစနံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။ပဌမမဟာဓမ္မသံဂီတိယံ ဘန္တေ ဓမ္မသံဂါဟကာ မဟာကဿပါဒယော မဟာထေရဝရာ ပဌမံ ဝိနယံ သံဂါယိတွာ တဒနန္တရံ ဓမ္မံ သံဂါယိံသု။

အမေး။ ။မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက် သုံးလကျော် လေးလအတွင်းသို့ ရောက်သောအခါ ကာလ၌ ရာဇဂြိုဟ်ပြည်၏ အနီး ဝေဘာရတောင်ဝှမ်း စရည်းပင်ရောက်ရာ လိုဏ်ဂူဝ၌ အဇာတသတ်မင်း ဆောက်လုပ်၍ လှူဒါန်းသော သံဂါယနာ မဏ္ဍပ်တော်ကြီးအတွင်း၌ အရှင်မဟာကဿပ အမှူးရှိသော ဓမ္မသံဂါဟက, သံဂီတိကာရက မဟာထေရ်မြတ်တို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယ, တရားတော် ဝိနည်းတော်များကို ရှေးဦးစွာ စတင်၍ ပဌမသံဂါယနာသဘင် ဆင်ယင်ကျင်းပကြကုန်၏၊ ထိုပဌမသံဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပသော အခါကာလ၌ ရှေးဦးစွာ ဝိနည်းပိဋကတ်ကို သံဂါယနာတင်ပြီးလျှင် ထို ဝိနည်း

http://www.dhammadownload.com



ပိဋကတ်ကို သံဂါယနာတင်ပြီးသည်၏ အခြားမဲ့၌ အဘယ်မည်သော မြတ်စွာဘုရား၏ စကားတော်မြတ်ကို သံဂါယနာတင်တော်မူကြပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ပဌမ သံဂါယနာ မဟာဓမ္မသဘင် တင်ရာကာလ၌ ဓမ္မသံဂါဟက, သံဂီတိကာရက ဖြစ်တော်မူကြသော မဟာကဿပမထေရ် အမှူးရှိသော ငါးရာသော ရဟန္တာမထေရ်သူမြတ်တို့သည် သုံးရပ်သောသိက္ခာ, သုံးရပ်သောသာသနာ, သုံးရပ်သောသမ္ပဒါတို့တွင် ဦးစွာအစ သီလသိက္ခာ, သီလသာသနာ, သီလသမ္ပဒါအား လွန်စွာကျေးဇူး အထူးများလှသောကြောင့် ဝိနယ ခေါ်မှတ် ရှင်တော်ဘုရား၏ စကားတော်မြတ်ကို နှုတ်လွှတ်ပီပြင် သံဂါယနာတင်တော်မူကြပြီးသည်၏ အခြားမဲ့၌ သမာဓိသိက္ခာ သမာဓိသာသနာ သမာဓိသမ္ပဒါ, ပညာသိက္ခာ ပညာသာသနာ ပညာသမ္ပဒါတို့အား လွန်စွာကျေးဇူး အထူးများလှသောကြောင့် ဓမ္မ-ခေါ်မှတ် ရှင်တော်ဘုရား၏ စကားတော်မြတ်ကို နှုတ်လွှတ်ပီပြင် သံဂါယနာတင်တော်မူကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ဓမ္မော နာမ အာဝုသော သုတ္တန္တာဘိဓမ္မဝသေန ဒုဝိဓော၊ တတ္ထ ကတရံ ဓမ္မံ ပဌမံ သံဂါယိံသု။

ဝိဿဇ္ဇနာ။ ။ဒွီသု ဘန္တေ ဓမ္မေသု သုတ္တန္တာဘိဓမ္မပိဋကေသု ပဌမံ သုတ္တန္တပိဋကံ ဓမ္မံ သံဂါယိံသု။

အမေး။ ။ဓမ္မ တရားတော် မည်သည်မှာ သုတ္တန္တဓမ္မ သုတ္တန်တရားတော်, အဘိဓမ္မဓမ္မ အဘိဓမ္မာတရားတော် ဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလျက်ရှိ၏၊ ထိုနှစ်မျိုးနှစ်စားသော သုတ္တန် အဘိဓမ္မ ဓမ္မတို့တွင် အဘယ်ဓမ္မကို ရှေးဦးစွာသံဂါယနာ တင်တော်မူကြပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။**ဓမ္မ-ခေါ်မှတ်** သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ် နှစ်ရပ်သော သမ္မာသမ္ဗုဒ္ဓ **စကားတော်**တို့တွင် အဓိစိတ္တသိက္ခာ, အဓိစိတ္တသာသနာ, သမာဓိသမ္ပဒါအား လွန်စွာကျေးဇူး အထူးများလှသောကြောင့် **သုတ္တန္တ** ပိဋကတ် ခေါ်မှတ် ရှင်တော်ဘုရား၏ တရားတော်မြတ်ကို နှုတ်လွှတ်ပီပြင် ရှေးဦးစွာ သံဂါယနာ တင်တော်မူကြပါသည် အရှင်ဘုရား။

http://www.dhammadownload.com



ပုစ္ဆာ॥ ॥သုတ္တန္တပိဋကေ ပိ အာဝုသော ဒီဃမဇ္ဈိမသံယုတ္တအင်္ဂုတ္တရခုဒ္ဒက-နိကာယဝသေန ပဉ္စ နိကာယာ၊ တေသု ပဌမံ ကတရံ နိကာယံ သံဂါယိံသု။

ဝိဿဇ္ဇနာ॥ ॥ပဉ္စသု ဘန္တေ နိကာယေသု ပဌမံ ဒီဃနိကာယံ သံဂါယိံသု။

အမေး॥ ॥သုတ္တန် ပိဋကတ်တော်၌လည်း ဒီဃနိကာယ်,မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟူ၍ နိကာယ် ငါးပါး အပြားရှိ၏၊ ထိုငါးပါးသော နိကာယ်တို့တွင် အဘယ်နိကာယ်ကို ရှေးဦးစွာ သံဂါယနာတင်တော်မူကြပါသနည်း ငါ့ရှင်။

အဖြေ॥ ॥နိကာယ်ငါးရပ် သုတ္တန္တပိဋကတ်တွင် သုံးရပ်သော စူဠသီလ, မဇ္ဈိမသီလ,မဟာသီလတို့ကိုအကျယ်အားဖြင့်ဟောကြားရာဖြစ်သောကြောင့် **ဒီဃနိကာယ်**-ခေါ် မှတ် သုတ္တန်ပိဋကတ်ကို နှုတ်လွှတ်ပီပြင် ရှေးဦးစွာသံဂါယနာ တင်တော်မူကြပါသည် အရှင်ဘုရား။

ပုစ္ဆာ॥ ॥ဒီဃနိကာယေ ပိ အာဝုသော တယော ဝဂ္ဂါ စတုတ္တိံသာ စ သုတ္တာနိ၊ တေသု ကတရံ ဝဂ္ဂံ ကတရဉ္စ သုတ္တံ ပဌမံ သံဂါယိံသု။

ဝိဿဇ္ဇနာ॥ ॥ဒီဃနိကာယေ ပိ ဘန္တေ တီသု ဝဂ္ဂေသု ပဌမံ သီလက္ခန္ဓဝဂ္ဂံ၊ စတုတ္တိံသတိယာ စ သုတ္တေသု ပဌမံ ဗြဟ္မဇာလသုတ္တံ သံဂါယိံသု။

အမေး॥ ॥ဒီဃနိကာယ်၌လည်း သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ် ဟူ၍ဝဂ်အားဖြင့် သုံးပါး ဗြဟ္မဇာလသုတ် သာမညဖလသုတ် အမ္ဗဋ္ဌသုတ် အစရှိသည်ဖြင့် သုတ်အားဖြင့် သုံးဆဲ့လေးပါးအပြားရှိကုန်၏၊ ထိုဝဂ်ထိုသုတ် တို့တွင် အဘယ်ဝဂ်, အဘယ်သုတ်ကို ရှေးဦးစွာစ၍ သံဂါယနာတင်တော်မူကြ ပါသနည်း ငါ့ရှင်။

အဖြေ॥ ॥ဒီဃနိကာယ် ခေါ် မှတ် သုတ္တန်ပိဋကတ်ဝယ် သုံးရပ်သော ဝဂ်အပြားတို့တွင် အဓိသီလသိက္ခာကို အဓိကအားဖြင့်ပြရာဖြစ်သောကြောင့်

http://www.dhammadownload.com



သီလက္ခန္ဓ ဝဂ်ကို ရှေးဦးစွာ သံဂါယနာတင်တော်မူကြပါသည်၊ ဒီဃနိကာယ် အဝင်အပါ သုံးဆဲ့လေးဖြာသော သုတ်တို့တွင် လည်း ဖော်ပြရာပါ **သီလ** သုံးပါးကို အကျယ်အားဖြင့် ဟောကြား၍ ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာ အယူတို့ကို **သဗ္ဗညုတ** ရွှေဉာဏ်တော်ဖြင့် အကျယ်တဝင့်ဖွင့်လှစ်ဟောပြရာ ဖြစ်ရကား သုံးပါးသောသီလတို့ဖြင့် တန်းဆာဆင်အပ်သော ဗြဟ္မဇာလသုတ် ကို ရှေးဦးစွာ သံဂါယနာ တင်တော်မူကြပါသည် အရှင်ဘုရား။

ဒီဃနိကာယ်အမေးအဖြေစကားချီး ပြီး၏

---

## ဗြဟ္မဇာလသုတ်တော်

### နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု

ပုစ္ဆာ။ ။သာဝု သာဝု အာဝုသော မယမ္ပိ ဒါနိ တတောယေဝ ပဋ္ဌာယ သံဂါယိတုံ ပုဗ္ဗကိစ္စာနိ သမာရဘာမ....၊ တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဗြဟ္မဇာလသုတ္တံ ကတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အန္တရာ စ ဘန္တေ ရာဇဂဟံ အန္တရာ စ နာဠန္ဒံ အမ္ဗလဋ္ဌိကာယံ ရာဇာဂါရကေ ဘာသိတံ။

အမေး။ ။ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ယခု ဆဋ္ဌသံဂါယနာ သဘင် ဒုတိယအကြိမ် အစည်းအဝေးကာလ၌လည်း သံဂါယနာတင်ရန် အား ထုတ်လျက်ရှိကြသော ငါတို့သည်လည်း ထိုဒီဃနိကာယ် သီလက္ခန္ဓဝဂ် ဗြဟ္မ ဇာလသုတ်မှပင် စ၍ သံဂါယနာတင်ရန် အလို့ငှါ **ပုဗ္ဗကိစ္စ**ဖြစ်သော အမေး အဖြေတို့ကို ကောင်းစွာအားထုတ် ပြုလုပ်ကြပါကုန်စို့၊

သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥဿုံ ငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုမြတ်စွာဘုရားရှင်သည် ဗြဟ္မဇာလသုတ်တော် ကို ဘယ်အရပ်ဒေသ ဘယ်ဌာန၌ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြား တော်မူခဲ့ပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ရာဇဂြိုဟ်ပြည် နှင့် နာဠန္ဒမြို့၏အကြား ဥယျာဉ်ဝဝယ် သရက်ပင်ပျိုရှိသောကြောင့် **အမ္ဗလဋ္ဌိက** အမည်ရသော မင်းဥယျာဉ်အတွင်း မင်းကွန်း မင်းတဲ ဗိုလ်တဲ၌ ထိုဗြဟ္မဇာလသုတ္တန်ကို သဗ္ဗညုမြတ်စွာဘုရား ကရုဏာရှေ့ထား၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကံ အာဝုသော အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သုပ္ပိယဉ္စ ဘန္တေ ပရိဗ္ဗာဇကံ ဗြဟ္မဒတ္တဉ္စ မာဏဝံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထို ဗြဟ္မဇာလသုတ်တော်ကို ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သိဥ္စည်း ဆရာကြီး၏ အန္တေဝါသိက တပည့် ဖြစ်သော **သုပ္ပိယ** ပရိဗိုဇ်ကိုရင်း ထိုသုပ္ပိယ ပရိဗိုဇ်၏ အနီးနေ အန္တေဝါသိက တပည့် ဖြစ်သော **ဗြဟ္မဒတ်** လုလင်ကိုရင်း ထိုသူနှစ်ဦးတို့ကို အကြောင်းပြု၍ ထို ဗြဟ္မဇာလသုတ်ကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကိသ္မိံ အာဝုသော ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝဏ္ဏာဝဏ္ဏေ ဘန္တေ၊ သုပ္ပိယော ဟိ ဘန္တေ အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ ဓမ္မဿ အဝဏ္ဏံ ဘာသတိ သံဃဿ အဝဏ္ဏံ ဘာသတိ၊ သုပ္ပိယဿ ပန ပရိဗ္ဗာဇကဿ အန္တေဝါသီ ဗြဟ္မဒတ္တော မာဏဝေါ အနေကပရိယာယေန ဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ ဓမ္မဿ ဝဏ္ဏံ ဘာသတိ သံဃဿ ဝဏ္ဏံ ဘာသတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဘယ်သို့သော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ထို ဗြဟ္မဇာလသုတ်တော်ကို ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ရတနာ သုံးပါး၏ ကျေးဇူးစကားကို ပြောကြားခြင်း, ရတနာသုံးပါး၏ ကျေးဇူးမဲ့စကားကို ပြောကြားခြင်း တည်းဟူသော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူအပ်ပါသည်၊

http://www.dhammadownload.com



အနည်းငယ်မျှ လျှောက်ထားပါရစေဘုရား၊

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ နာဠန္ဒမြို့သို့ ရဟန်းတော်ငါးရာခြံရံလျက် အဓွန့်ရှည်သော ခရီးသို့ ကြွတော်မူသောအခါ သုပ္ပိယ ပရိဗိုဇ်သည်လည်း အနီးနေ အန္တေဝါသိက တပည့် ဗြဟ္မဒတ် လုလင်အမှူးပြုသော ပရိဗိုဇ် ပရိသတ်တို့နှင့် တကွ မြတ်စွာဘုရားနောက်မှ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြား အဓွန့်ရှည်သော ခရီးသို့ သွားဆဲဖြစ်ပါသည်၊

ထိုအခါ သုပ္ပိယ ပရိဗိုဇ်သည် မြတ်စွာဘုရားပွင့်တော်မူသည့်အခါမှစ၍ သာသနာပြင်ပ အညတိတ္ထိယတို့ လာဘ်ပူဇော်သက္ကာရမှ ယုတ်လျော့သည့်အဖြစ်ကို မခံနိုင် ငြူစူစောင်းမြောင်းလှသဖြင့်၎င်း ဥပတိဿ, ကောလိတတို့ သမ္မာသမ္ဗုဒ္ဓ ဘုရားထံမှောက်ရောက်သည်မှစ၍ ပရိဗိုဇ်တို့၏ အရှိန်အဝါသည် လွန်စွာမှ ယုတ်လျော့သည်ကို ငြူစူစောင်းမြောင်းလွန်းလှသဖြင့်၎င်း မဟုတ်မလျား များစွာသော အကြောင်းတို့ဖြင့် မြတ်စွာဘုရား၏ ကျေးဇူးမဲ့စကားကို၎င်း တရားတော်၏ ကျေးဇူးမဲ့ စကားကို၎င်း သံဃာတော်၏ ကျေးဇူးမဲ့စကားကို၎င်း ပြောကြားပါသည်၊

သုပ္ပိယ ပရိဗိုဇ်၏ အနီးနေ အန္တေဝါသိက တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်သည်ကား များလှစွာသော ဟုတ်မှန်သော အကြောင်းတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးစကားကို၎င်း တရားတော်၏ ဂုဏ်ကျေးဇူးစကားကို၎င်း သံဃာတော်၏ ဂုဏ်ကျေးဇူးစကားကို၎င်း ပြောကြားလျက်ရှိပါသည်၊

ဤသို့သျှင် သုပ္ပိယပရိဗိုဇ်၏ ရတနာသုံးပါး ကျေးဇူးမဲ့စကားကို ပြောကြားခြင်း, ထိုသုပ္ပိယ ပရိဗိုဇ်၏ အနီးနေ အန္တေဝါသိက တပည့်ဖြစ်သော ဗြဟ္မဒတ်လုလင်၏ ရတနာသုံးပါးကျေးဇူးစကားကိုပြောကြားခြင်းတည်းဟူသော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ထိုဗြဟ္မဇာလ သုတ္တန်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင် ဘုရား။

ဗြဟ္မဇာလသုတ် နိဒါန်း, ပုဂ္ဂိုလ်, ဝတ္ထု ပြီး၏

http://www.dhammadownload.com



## အနုသန္ဓေ သုံးပါး

ပုစ္ဆာ။ ။ကတိ အာဝုသော တတ္ထ အနုသန္ဓယော။

ဝိဿဇ္ဇနာ။ ။တယော ဘန္တေ တတ္ထ အနုသန္ဓယော၊ ဧကော အဝဏ္ဏာ-နုသန္ဓိ၊ ဒွေ ဝဏ္ဏာနုသန္ဓိယော။

အမေး။ ။ထိုဗြဟ္မဇာလသုတ် ဒေသနာတော်၌ ရှေ့နောက်ဆက်သွယ်သော အနုသန္ဓေ စကားရပ်တို့သည် အဘယ်မျှရှိပါကုန်သနည်း ငါ့ရှင်။

အဖြေ။ ။ထိုဗြဟ္မဇာလသုတ္တန်၌ သုပ္ပိယပရိဗိုဇ်၏ ကျေးဇူးမဲ့စကားကို ပြောကြားခြင်းနှင့်စပ်သောအနုသန္ဓေတပါး, ဗြဟ္မဒတ်လုလင်၏ ရတနာသုံးပါး ကျေးဇူးစကားကို ပြောကြားခြင်းနှင့်စပ်သော အနုသန္ဓေတပါး, ရဟန်းတော်ငါးရာတို့၏ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်နှင့် စပ်သည့် ကျေးဇူးစကားကို ပြောကြားခြင်းနှင့် စပ်သော အနုသန္ဓေတပါးအားဖြင့် အနုသန္ဓေ စကားရပ် သုံးမျိုးရှိပါသည် အရှင်ဘုရား။

---

## ပဌမ အနုသန္ဓေ

ပုစ္ဆာ။ ။တတ္ထာဝုသော ပဌမေ အနုသန္ဓိမှိ ကထံ ဘဂဝတာ ဘာသိတံ၊ တံ သံခေပတော ကထေဟိ။

ဝိဿဇ္ဇနာ။ ။ပဌမေ ဘန္တေ အနုသန္ဓိမှိ အဝဏ္ဏေ မနောပဒေါသံ နိဝါရေတွာ၊ တတ္ထ စ အာဒီနဝံ ဒဿေတွာ၊ တတ္ထ ပဋိပဇ္ဇိတဗ္ဗာကာရော ဘဂဝတာ ဘာသိတော။

အမေး။ ။ထိုသုံးပါးသော အနုသန္ဓေတို့တွင် ပဌမအနုသန္ဓေ၌ မြတ်စွာဘုရားသည် အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော်မူခဲ့ပါသနည်း၊ ထိုသို့ဟောတော်မူသောအကြောင်းအရာကို အကျဉ်းချုပ်အားဖြင့် ဖြေကြားပါလော့ ငါ့ရှင်။

အဖြေ။ ။ပဌမ အနုသန္ဓေ စကားရပ်၌ သဗ္ဗညု မြတ်စွာဘုရားသည် သုပ္ပိယ ပရိဗိုဇ်၏ ကျေးဇူးမဲ့ကို ပြောကြားသော အခဏ်း၌....

http://www.dhammadownload.com



မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ အဝဏ္ဏံဘာသေယျုံ သံဃဿ ဝါ အဝဏ္ဏံ ဘာသေယျုံ၊ တတြ တုမှေဟိ န အာဃာတော အပ္ပစ္စယော န စေတသော အနဘိရဒ္ဓိ ကရဏီယာ.... အစရှိသည်ဖြင့်——

ချစ်သား ရဟန်းတို့ .... သူတပါးတို့က ရတနာသုံးပါး၏ ကျေးဇူးမဲ့ စကားကို ပြောကြားကြကုန်သည်ရှိသော် ထိုသို့ပြောကြားသောသူ ထိုသို့ ပြောကြားခြင်း၌ ချစ်သားတို့သည် မခံချင် စိတ်ဆိုးခြင်း အာဃာတတရားကို လည်း မပြုအပ်၊ နှလုံးမသာယာခြင်း ဒေါမနဿတရားကိုလည်း မပြုအပ်၊ မအားရမ်းခြင်း တည်းဟူသော အမျက်ဒေါသတရားကိုလည်း မပြုအပ်၊

ချစ်သားတို့.... သူတပါးတို့က ရတနာသုံးပါးတို့၏ ကျေးဇူးမဲ့စကားကို ပြောဆိုသည်ရှိသော် ထိုပြောဆိုသော သူတို့အပေါ်၌ သင်ချစ်သားတို့သည် ဒေါသ, ဒေါမနဿ လွှမ်းမိုးသော စိတ်နှလုံး ရှိကြပါကုန်မူ သင်ချစ်သားတို့ အားသာလျှင် ထိုဒေါသ ဒေါမနဿတို့ကြောင့် ပဌမစျာန် အစရှိသော စျာန် မဂ်ဖိုလ်တရားကို ရခြင်းအတွက် အန္တရာယ်ဖြစ်ဖွယ်ရာ ရှိချေသည်၊

ချစ်သားတို့....သူတပါးတို့က ရတနာသုံးပါး၏ ကျေးဇူးမဲ့စကား ပြောကြားသည့်အတွက် သင်ချစ်သားတို့သည် နှလုံးမသာမယာ ဒေါမနဿတရား ဖြစ်ပွါးစေကြပါမူ သင်ချစ်သားတို့သည် သူတပါးတို့ ပြောဆိုအပ်သော ကောင်း, မကောင်းသော စကားကို သိနိုင်ကုန်ရာပါ၏လော ဟု မေးမြန်း တော်မူပါသည်၊ ထိုအခါ မသိနိုင်ကုန်ပါဘုရား ဟု ရဟန်းတော်တို့ လျှောက် ထားကြပါသည်၊

ချစ်သားတို့.... သူတပါးတို့က ရတနာသုံးပါး၏ ကျေးဇူးမဲ့ကို ပြောဆိုခဲ့ သည်ရှိသော် မဟုတ်မမှန်သော အကြောင်းကို ဤအကြောင်း ဤအကြောင်း ကြောင့် ဤစကားသည် မဟုတ်၊ ဤအကြောင်း ဤအကြောင်းကြောင့် ဤစကားသည် ချွတ်ယွင်း၏၊ ဤသို့သော ကျေးဇူးမဲ့သည် ငါတို့၌ မရှိ ဟု မဟုတ်သည်ကို မဟုတ်သည့်အတိုင်း သင်ချစ်သားတို့ ဖြေရှင်းရမည် ဟု——

သဗ္ဗညုမြတ်စွာဘုရားသည် သူတပါးတို့ ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောရာ ၌ ဒေါသ, ဒေါမနဿကို ပယ်ရှားရန်အတွက်၎င်း သူတပါးတို့ ကျေးဇူးမဲ့

http://www.dhammadownload.com



စကားကို ပြောဆိုလာလျှင် ဒေါသ ဒေါမနဿတရားကို ဖြစ်စေက ရောက်မည့် အပြစ်ကိုရှင်း ဖော်ပြ၍ သူတပါးတို့ ကျေးဇူးမဲ့ ပြောဆိုရာ၌ မိမိတို့က ကျင့်ကြံရမည့် အခြင်းအရာကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပဌမ အနုသန္ဓေ ပြီး၏

---

## ဒုတိယ အနုသန္ဓေ

ပုစ္ဆာ။ ။သာဓု သာဓု အာဝုသော၊ သာဓု ခေါ ဘဂဝါ အတ္တနာ ပရမုက္ကံ သာဂတခန္တိဂုဏသမန္နာဂတော အတ္တနော သာဝကဘူတေ အမှေ ပိ တတ္ထ သမာဒါပေသိ၊ အတ္တနာ စ လောကဓမ္မေသု အနိဋ္ဌန-သဘာဝေါ အမှာကမ္ပိ တထတ္တာယ ဩဝါဒမဒါသိ၊ ဒုတိယေ-ပနာဝုသော အနုသန္ဓိမှိ ကထံ ဘဂဝတာ ဘာသိတံ၊ တမ္ပိ သံခေပတော ပကာသေဟိ။

ဝိဿဇ္ဇနာ။ ။ဒုတိယေ ပန ဘန္တေ အနုသန္ဓိမှိ ဝဏ္ဏေ စေတသော ဥပ္ပိလာဝိ-တတ္တံ နိသေဓေတွာ၊ တတ္ထ စ အာဒီနဝံ ဒဿေတွာ၊ တတ္ထ စ ပဋိပဇ္ဇနာကာရံ ဒဿေတွာ၊ ပုထုဇ္ဇနဿ ဝဏ္ဏာဘူမိဘူတာနိ တီဏိ သီလာနိ ဝိတ္ထာရတော ဘဂဝတာ ဘာသိတာနိ။

အမေး။ ။ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်.... ငါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင်သည် မိမိကိုယ်တော်တိုင် အလွန်အကဲမရှိ အမြင့်အမြတ်ဆုံး ခေါင်ထိပ်သို့ရောက်သော သည်းခံခြင်း ဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ မိမိ၏ တပည့်သားဖြစ်သော ငါတို့ကိုလည်း ထိုသည်းခံခြင်းဂုဏ်၌ ဆောက်တည်စေတော် မူခဲ့ပါပေ၏၊ ထိုမှတပါး မိမိကိုယ်တိုင်ကပင် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း အစရှိသော လောကဓံတရားတို့ကြောင့် လုံးဝတုန်လှုပ်ခြင်းမရှိဘဲ ခိုင်ခိုင်မတ်မတ် တည်တံ့ခြင်း သဘော ရှိတော်မူသည်ဖြစ်၍ ငါတို့အားလည်း ထိုကဲ့သို့ပင် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း စသော လောကဓံ လေတို့ကြောင့် မတုန်မလှုပ် မယိမ်းမယိုင်

http://www.dhammadownload.com



စေရန်အလို့ငှါ အဆုံးအမဩဝါဒကို ပေးသနားတော်မူခဲ့ပါပေ၏၊ ထိုသို့ အဆုံးအမ ဩဝါဒကို ပေးခဲ့သည်မှာ ကောင်းလှပေစွ ငါ့ရှင်၊

ထို့ပြင် ဒုတိယဖြစ်သော အနုသန္ဓေစကားရပ်၌မူကား မြတ်စွာဘုရား သခင်သည် အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော်မူခဲ့ပါသနည်း၊ ထိုဒုတိယ အနုသန္ဓေ၌ ဟောတော်မူသော အကြောင်းအရာကို အကျဉ်းချုပ် အားဖြင့် ထင်ရှားဖော်ပြပါဦးလော့ ငါ့ရှင်။

အဖြေ။ ။ပြဟ္မဒတ်လုလင်၏ ရတနာသုံးပါး ကျေးဇူးစကားကို ပြော ကြားခြင်းနှင့် စပ်သော ဒုတိယ အနုသန္ဓေ၌ သဗ္ဗညုမြတ်စွာဘုရားသည်——

မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျုံ၊ ဓမ္မဿ ဝါ ဝဏ္ဏံ ဘာသေယျုံ၊ သံဃဿ ဝါ ဝဏ္ဏံ ဘာသေယျုံ၊ တတြ တုမှေဟိ န အာနန္ဒော န သောမနဿံ န စေတသော အဘိရဒ္ဓိ ကရဏီယာ အစရှိသည်ဖြင့်——

ချစ်သားတို့....သူတပါးတို့က ဘုရားတရားသံဃာ ရတနာသုံးပါး၏ ကျေးဇူး စကားကို ပြောကြားလှာသည်ရှိသော် ထိုပြောကြားသော ပုဂ္ဂိုလ် ထိုသို့ပြောကြားသောစကား၌ သင်ချစ်သားတို့သည် နှစ်သက်အားရမ်း ဝမ်းမြောက်ခြင်းတည်းဟူသော **ဂေဟာဿိတ-ပီတိတရား** နှလုံးသာယာခြင်း တည်းဟူသော **ဂေဟာဿိတ-သောမနဿတရား** စိတ်နှလုံး အားရမ်းခြင်း တည်းဟူသော ပီတိတရားကို သင်ချစ်သားတို့ လားလားမျှ မပြုကြလေနှင့်၊

ချစ်သားတို့....သူတပါးတို့က ရတနာသုံးပါး၏ ကျေးဇူးစကားကို ပြောကြားသည့်အတွက် ထိုကျေးဇူးစကား ပြောကြားသော ပုဂ္ဂိုလ် ထို ပြောကြားသော ကျေးဇူးစကား၌ သင်ချစ်သားတို့သည် ပီတိသောမနဿ လွှမ်းဖုံးသောစိတ်နှလုံးရှိကြပါကုန်မူကား သင်ချစ်သားတို့အားသာလျှင် ထို ဂေဟာဿိတ ပီတိ ထိုဂေဟာဿိတ သောမနဿ တရားနှစ်ပါးကြောင့် ပဌမ ဈာန်အစရှိသော ဈာန်တရား,မဂ်တရား,ဖိုလ်တရားတို့ကို ရခြင်း၏အန္တရာယ်ဖြစ် ဖွယ်ရာရှိချေသည်၊

ချစ်သားရဟန်းတို့.... သူတပါးတို့က ငါဘုရား၏ဂုဏ် တရားတော်၏ဂုဏ် သံဃာတော်၏ဂုဏ် ကျေးဇူးစကားပြောကြားလှာသည် ရှိသော် ထိုသို့ပြော ကြားသော ပုဂ္ဂိုလ်, ထိုသို့ပြောကြားသောစကား၌ မမြွက်သံခြေ တုဏှီဘော

http://www.dhammadownload.com



ဆိတ်ဆိတ်မနေရာ "ဤမည် ဤမည်သော အကြောင်းကြောင့် ယခုစကား သည် မှန်လှပါပေသည် ဤမည် ဤမည်သော အကြောင်းကြောင့် ယခုစကား သည် မချွတ်မယွင်းပါပေသည် ဤယခု ပြောကြားသောဂုဏ်ကျေးဇူး တရား တို့ကား ငါတို့၌ ထင်ရှားရှိပေသည် ဟု ဟုတ်မှန်သော အကြောင်း အရာကို ဟုတ်မှန်သည့်အတိုင်း ဝန်ခံရမည်" ဟု မြတ်စွာဘုရားသည် သူတပါးတို့က ကျေးဇူးစကား ပြောကြားသည့်အရာ၌ စိတ်၏ပေါ်လွင်ခြင်း ဥပ္ပိလာဝိတ တရားကိုမြစ်တားတော်မူပြီးလျှင် ထိုသို့စိတ်၏ပေါ်လွင်ခြင်း ဥပ္ပိလာဝိတ တရား ဖြစ်ပွါးရာ၌ အန္တရာယ်အပြစ် ဒေါသကို ပြတော်မူပြီး၍ ထိုသို့ သူတပါး တို့ ချီးမွမ်းစကား ပြောကြားရာ၌ လိုက်နာကျင့်ကြံရမည့် အခြင်းအရာကို ဟောကြားတော်မူပြီးလျှင်"ပုထုဇန်ပုဂ္ဂိုလ်တို့ လွန်စွာ့လွန်စွာ ချီးမွမ်းပါမည်" ဟု အားထုတ်ပါသော်လည်း အထက်ဖြစ်သော **သမာဓိ ပညာ** သို့ မရောက် အောက်ဖြစ်သော **သီလသမ္ပဒါ** ဂုဏ်၌သာတည်သည်၏အဖြစ်ကို ထင်စွာ ပြလိုတော်မူသဖြင့် ပုထုဇန်တို့၏ ချီးမွမ်းရာ **ဝဏ္ဏဘူမိ** ဖြစ်သော **စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ** တည်းဟူသော သီလသုံးပါးကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ဒုတိယ အနုသန္ဓေ ပြီး၏

---

## တတိယ အနုသန္ဓေ

ပုစ္ဆာ။ ။သာဓု သာဓု အာဝုသော ၊ သာဓု ခေါ ဘဂဝါ အတ္တနာ ပရမုက္ကံ-သဂတသုပရိသုဒ္ဓသီလသမန္နာဂတော၊ တံ အတ္တနော သုပရိသုဒ္ဓ-သီလံ ဒဿေတွာ ပရေ ပိ တတ္ထ နိယောဇေသိ၊ တတိယေ ပနာ-ဝုသော အနုသန္ဓိမှိ ကထံ ဘဂဝတာ ဘာသိတံ၊ တံ သံခေပတော ပကာသေဟိ။

ဝိဿဇ္ဇနာ။ ။တတိယေ ပန ဘန္တေ အနုသန္ဓိမှိ ဒွါသဋ္ဌိ ဒိဋ္ဌိယော သဗ္ဗညုတ ဉာဏေန ဝိတ္ထာရတော ဝိဘဇိတွာ၊ တာသဉ္စ ဆ ဖဿာ-ယတနပဒဋ္ဌာနဘာဝံ ဝိဘာဝေတွာ၊ မိစ္ဆာဒိဋ္ဌိဂတိကာဓိဋ္ဌာ နဉ္စ ဝဋ္ဋံ ကထေတွာ၊ ယုတ္တယောဂဘိက္ခုအဓိဋ္ဌာနဉ္စ ဝိဝဋ္ဋံ ကထေတွာ၊ မိစ္ဆာဒိဋ္ဌိဂတိကဿ ဒေသနာဇာလတော အဝိ

http://www.dhammadownload.com



မုတ္တာဘာဝံ ဒေသနာဇာလတော ဝိမုတ္တဿ နတ္ထိကဘာဝဉ္စ ဝိဘာဝေတွာ၊ အတ္တနော စ ကတ္ထစိ အပရိယာပန္နဘာဝံ ဒဿေတွာ၊ ဥပါဒိသေသနိဗ္ဗာနဓာတုံ ပါပေတွာ ဒေသနာ ဘာဂတော နိဋ္ဌာပိတာ။

အမေး။ ။ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ငါတို့၏ကိုးကွယ်ရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် မိမိကိုယ်တော်တိုင်ပင် အလွန်တကာ့ အလွန်ဆုံး ခေါင်ထိပ်သို့ရောက်သော အလွန်သန့်ရှင်း စင်ကြယ်သော သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ထိုမိမိ၌ ပြည့်စုံ၍နေသော အထူးသဖြင့် စင်ကြယ်နေသော သီလ ဂုဏ်ကျေးဇူးတို့ကို ဟောကြား ဖော်ပြတော်မူပြီးလျှင် လူနတ်ပြဟ္မာ အခြားသော သတ္တဝါအပေါင်းတို့ကိုလည်း ထိုသီလဂုဏ်ကျေးဇူးတို့၌ တိုက်တွန်းနှိုးဆော်တော်မူခဲ့ပါပေ၏၊ ထိုသို့ သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံစေရန် မြတ်စွာဘုရား တိုက်တွန်းနှိုးဆော်တော်မူခဲ့သည်မှာ ကောင်းလှပါပေစွ ငါ့ရှင်၊

ထိုမှတပါး တတိယ အနုသန္ဓေစကားရပ်၌ မြတ်စွာဘုရားသခင်သည် အဘယ်သို့သော အခြင်းအရာဖြင့် ဟောကြားတော်မူခဲ့ပါသနည်း၊ ထို တတိယ အနုသန္ဓေစကားရပ်၌ ဟောကြားသော အကြောင်းအရာကိုလည်း အကျဉ်းချုပ်အားဖြင့် ထင်ရှားဖော်ပြပါဦးလော့ ငါ့ရှင်။

အဖြေ။ ။ရဟန်းတော်တို့၏ ခြီးမွမ်းစကား ပြောကြားခြင်းနှင့် စပ်သော တတိယ အနုသန္ဓေ၌ကား သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကွန်ရက်ကို အထူးသဖြင့် ဖြန့်ကြဲတော်မူပြီးလျှင်....

သဿတ မိစ္ဆာအယူ လေးပါး (၄)

ဧကစ္စသဿတ မိစ္ဆာအယူ လေးပါး (၄)

အန္တာနန္တိက မိစ္ဆာအယူ လေးပါး (၄)

အမရာဝိက္ခေပိက မိစ္ဆာအယူ လေးပါး (၄)

အဓိစ္စသမုပ္ပန္နိက မိစ္ဆာအယူ နှစ်ပါး (၂)

တည်းဟူသော ရှေ့အစွန်းသို့ လိုက်ပါကြံဆ၍ ဖြစ်ပွါးသော ပုဗ္ဗန္တကပ္ပိက မိစ္ဆာဒိဋ္ဌိအယူ တဆဲ့ရှစ်ပါးတို့ကိုရင်း၊

http://www.dhammadownload.com



သညီဝါဒ တဆဲ့ခြောက်ပါး (၁၆)

အသညီဝါဒ ရှစ်ပါး ( ၈ )

နေဝသညီ နာသညီဝါဒ ရှစ်ပါး ( ၈ )

ဥစ္ဆေဒဒိဋ္ဌိ ခုနစ်ပါး ( ၇ )

ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ငါးပါး ( ၅ )

တည်းဟူသော သံသရာ နောက်အစွန်းသို့ လိုက်ပါကြံဆ၍ ယူမှားသည့် လေးဆဲ့လေးပါးသော မိစ္ဆာအယူတို့ကိုလည်း သဗ္ဗညုတ ဉာဏ်တော်ဖြင့် အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် ထိုခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာ အယူတို့၏ စက္ခုသမ္ဖဿ, သောတ, ဃာန, ဇိဝှါ, ကာယ, မနောသမ္ဖဿတည်း ဟူသော **ဖဿ** ခြောက်ပါး၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ,မနောတည်း ဟူသော **ဖဿယတနဒွါရ** ခြောက်ပါးလျှင် အကြောင်းရင်းရှိသည်၏ အဖြစ်ကို ထင်စွာပြတော်မူ၍လည်း မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်လျှင် တည် ရာရှိသော **ဝဋ္ဋကထာ** ပဋိစ္စသမုပ္ပါဒ ဒေသနာကို ဟောကြားတော်မူပြီး၍လည်း ထိုဖဿာယတနခြောက်ပါးတို့၌ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏ အခြင်းအရာအားဖြင့် သိအောင်ကြိုးကုတ် အားထုတ်တော်မူသော **ယုတ္တယောဂ** ပုဂ္ဂိုလ်လျှင် တည်ရာရှိသည့် အရဟတ္တဖိုလ်ပေါက် **ဝိဝဋ္ဋကထာ** ကို ဟောကြားတော်မူပြီး၍လည်း ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာအယူ ရှိသော ပုဂ္ဂိုလ်တို့တွင် တဦးတယောက်မျှ သဗ္ဗညုတဉာဏ်တော်တည်းဟူသော **ဒေသနာကွန်ရက်**မှ မလွတ်ထွက်နိုင်ကြောင်းကို ထင်စွာ ပြတော်မူပြီး၍လည်း ကိုယ်တော်တိုင်မူကား ထိုခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာအယူတို့၌ အကျုံးမဝင် တော်မူသည်၏ အဖြစ်ကို ထင်စွာပြတော်မူပြီး၍လည်း အဆုံးအခါ၌ဝယ်——

ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော တိဋ္ဌတိ၊ ယာဝဿ ကာယော ဌဿတိ တာဝ နံ ဒက္ခန္တိ ဒေဝမနုဿာ၊ ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ န နံ ဒက္ခန္တိ ဒေဝမနုဿာ။

ချစ်သားရဟန်းတို့....ရှေးဘုရားတို့အတူ လာခြင်း ကောင်းစွာ တော် မူသော ငါဘုရား၏ ခု ဝတ္တမာန် ပစ္စုပ္ပန်ထင်ရှား ရူပကာယတရား

http://www.dhammadownload.com



သည် ထိုထိုဘဝသို့ ဆွဲဆောင်တတ်သော **ဘဝတဏှာ** တည်းဟူသော နှောင်ကြိုးကို အကြွင်းမဲ့ဖြတ်ပြီးလျက် တည်ရှိချေသည်၊

အကြွင်မျှလောက် ဤဝတ္တမာန် ပစ္စုပ္ပန်ကာယ ထင်ရှားရှိသေး၏ ထိုမျှလောက် ငါဘုရားကို နတ်လူပြဟ္မာ သတ္တဝါတို့သည် မြင်နိုင်ခွင့်ရှိကြသည်၊ ဤပစ္စုပ္ပန်ကာယ ပျက်ဆုံးသော ပရိနိဗ္ဗာန်ကာလမှ-နောက် ချိန်ခါဝယ် ဇီဝိတသန္တန်အစဉ်-အကြွင်းမဲ့ကုန်ပြီ ဖြစ်သောကြောင့် ငါဘုရားကို မည်သည့်ဘဝ, မည်သည့်ဂတိ, မည်သည့်ယောနိ, မည်သည့်ဝိညာဏဋ္ဌိတိ, မည်သည့်သတ္တဝါသဥ္မျှ နတ်လူပြဟ္မာ သတ္တဝါတို့ မြင်ရမည် မဟုတ်ကြောင်း....ထင်စွာ ဖော်ပြ၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်စေတော်မူပြီးလျှင် ပြဟ္မဇာလ သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ပြီးဆုံးစေတော်မူအပ်ပါသည် အရှင်ဘုရား။

တတိယ အနုသန္ဓေ ပြီး၏

---

## သုတ္တန်ဒေသနာ ဟောကြားနည်း လေးဖြာ

ပုစ္ဆာ။ ။သာဓု သာဓု အာဝုသော၊ သာဓု ခေါ ဘဂဝါ အတ္တနာ ဒွါသဋ္ဌိ ဒိဋ္ဌိယော စ ဆ ဖဿာယတနာနိ စ ဒွါဒသ ပဋိစ္စသမုပ္ပါဒင်္ဂါနိ စ သဗ္ဗသော ပရိဇာနိတွာ တေသံ ပရိဇာနနတ္ထာယ ပရေသမ္ပိ တထတ္တာယ ဓမ္မံ ပကာသေတိ၊ သုတ္တဉ္စ နာမ အာဝုသော စတုန္နံ သုတ္တနိက္ခေပါနံ အညတရဝသေနေဝ နိက္ခိတ္တံ၊ တသ္မာ တေသု ဣဒံ သုတ္တံ ကတရေန သုတ္တနိက္ခေပေန ဘဂဝတာ နိက္ခိတ္တံ၊

ဝိဿဇ္ဇနာ။ ။စတူသု ဘန္တေ သုတ္တနိက္ခေပေသု အဋ္ဌုပ္ပတ္တိနိက္ခေပေန ဣဒံ သုတ္တံ နိက္ခိတ္တံ။

အမေး။ ။ကောင်းပါပေစွ ကောင်းပါပေစွငါ့ရှင်၊ ငါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် မိမိကိုယ်တော်တိုင် ခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာအယူဝါဒ မိစ္ဆာဒိဋ္ဌိတို့ကိုရှင်း ထိုခြောက်ဆဲ့နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၏ ဖြစ်ပေါ်ခဲ့ရာ အကြောင်းရင်းဌာနဖြစ်သော

http://www.dhammadownload.com



ခြောက်ပါးသော ဖဿာယတန တို့ကိုရင်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆဲ့နှစ်ပါး တို့ကိုရင်း အကြွင်းမဲ့ဥဿုံ အလုံးစုံအားဖြင့် ပိုင်းခြားထင်ထင် သိမြင်တော် မူပြီးသည်ဖြစ်၍ နတ်လူဗြဟ္မာ အခြားသော သတ္တဝါအပေါင်းတို့အားလည်း ထိုတရားတို့ကို ပိုင်းခြားသိမြင်ပြီးလျှင် အနုပါဒိသေသ နိဗ္ဗာန်သို့ ဝင်စံနိုင်သည် တိုင်အောင် ဤသုတ်တရားတော်ကြီးကို အပြီးသတ်အထိ ဟောကြားတော် မူခဲ့ပါပေ၏၊ ထိုသို့ဟောကြားတော်မူခဲ့သည်မှာ ကောင်းလှပါပေစွ ငါ့ရှင်၊

ထိုမှတပါး သုတ်တရားတော် ဟောရာ၌ လေးပါးသော သုတ္တနိက္ခေပတို့ တွင် တပါးပါးသော သုတ္တနိက္ခေပဖြင့်သာလျှင် ဟောမြဲ ဖြစ်ပေ၏၊ သို့ဖြစ်၍ ဤဗြဟ္မဇာလသုတ် ကို မြတ်စွာဘုရားသခင်သည် လေးပါးသော သုတ္တနိက္ခေပ တို့တွင် အဘယ်သို့သော သုတ္တနိက္ခေပ အဘယ်သို့သော အကြောင်းဖြင့် ဟော ကြား၍ ထားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သုတ္တန် တရား ဟောကြားတော်မူခြင်း တည်းဟူသော သုတ္တနိက္ခေပ လေးပါးတို့တွင် ဤယခု ဗြဟ္မဇာလသုတ္တန်ကို သုပ္ပိယ ပရိဗိုဇ်၏ ကျေးဇူးမဲ့စကား ပြောကြားခြင်း ဗြဟ္မဒတ်လုလင်၏ ကျေးဇူးစကား ပြော ကြားခြင်း တည်းဟူသော အကြောင်းဝတ္ထု အဋ္ဌုပ္ပတ္တိကြောင့် ဟောအပ် သည်ဖြစ်ရကား အဋ္ဌုပ္ပတ္တိဖြစ်ခြင်းနှင့် စပ်ခြင်းရှိသော သုတ္တနိက္ခေပ အားဖြင့် ဤဗြဟ္မဇာလသုတ္တန်ကို သဗ္ဗညုမြတ်စွာဘုရား ဟောထားတော် မူအပ်ပါသည် အရှင်ဘုရား။

သုတ္တန်ဒေသနာ ဟောကြားနည်း လေးဖြာ ပြီး၏

---

## ဗြဟ္မဇာလသုတ်ကို စီစစ်ချက်

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ဤဗြဟ္မဇာလသုတ် တရားတော်သည် အဘယ်ပုဂ္ဂိုလ်၏ စကား ဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဗြဟ္မဇာလသုတ်တော်သည် ယံ ဝါ တံ ဝါ ဟူးဟူးဝြား ဝြား ပုဂ္ဂိုလ်၏ စကားမဟုတ်ပါ၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံ

http://www.dhammadownload.com



တော်မူသော ပူဇော်အထူးကို ခံယူတော်မူထိုက်သော သစ္စာဥေယျ ဓမ္မခပင်း ထိုးထွင်း သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ ရွှေနှုတ်တော် ထွက် စကားတော်မြတ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္ပရာယ ဘန္တေ အာဘတံ။

အမေး။ ။ဤဗြဟ္မဇာလသုတ် တရားတော်ကို အဘယ်ပုဂ္ဂိုလ်သည် မပျောက် မပျက်ရအောင် ဆောင်ရွက်အပ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤဗြဟ္မဇာလ သုတ္တန်ကို ပဌမ သံဂါယနာတင်ရာ ကာလမှ စ၍ ရှင်အာနန္ဒာမထေရ် သူမြတ်၏ တပည့်အဆက်ဆက်တို့သည် ယခုကာလ တိုင်အောင် မပျောက် မပျက်ရအောင် စောင့်ဆောင်တော် မူခဲ့ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။အတ္ထိ နု ခေါ အာဝုသော ဧတ္ထ ကောစိ ဝိရုဒ္ဓဒေါသော၊ ယေန ပစ္ဆိမာ ဇနာ မိစ္ဆာအတ္တံ ဂစ္ဆေယျုံ။

ဝိဿဇ္ဇနာ။ ။နတ္ထိ ဘန္တေ။

အမေး။ ။ဤဗြဟ္မဇာလသုတ်၌ နောင်လာ နောက်သား တို့သည် မှားမှားယွင်းယွင်း အနက် အဓိပ္ပါယ်ကို မှားယွင်းစွာ ယူလောက်အောင် ချွတ် ယွင်း ပျက်ကွက်နေသော အပြစ်ဒေါသများ တစုံတခု ရှိပါသေးသလော ငါ့ရှင်၊

အဖြေ။ ။မူလသောဓက မထေရ် ပဋိဝိသောဓက မထေရ် သြသာန သောဓက မထေရ်တို့သည် အလီလီ အထပ်ထပ် သုတ်သင်တော်မူအပ်ပြီးရကား ဤဗြဟ္မဇာလသုတ္တန်၌ နောင်လာ နောက်သားတို့ အနက်အဓိပ္ပါယ် ချွတ်ယွင်း စွာ ယူလောက်အောင် မှားယွင်းချက် တစုံတရာမျှ မရှိဖြစ်ပါသည် အရှင် ဘုရား။

**ဗြဟ္မဇာလသုတ်တော် ပြီး၏**

http://www.dhammadownload.com

# သာမညဖလသုတ်တော်

## သာမညဖလသုတ် နိဒါန်း

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ ။ပ။ သမ္မာသမ္ဗုဒ္ဓေန သာမညဖလသုတ္တံ ကတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ။ပ။ သဗ္ဗညု မြတ်စွာဘုရားသခင်သည် သာမညဖလ[၁] မည်သော သုတ်တော်ကို ဘယ်မြို့ ဘယ်ဒေသ ဘယ်ဌာန၌ ကရုဏာရှေ့သွား ပညာတော်ဉာဏ်အားဖြင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည်[၂] အရပ်ဝယ် **ဇီဝက** သမားတော် လှူဒါန်းအပ်သော သရက်ဥယျာဉ်အတွင်း၌ သာမညဖလ သုတ္တန်ကို သဗ္ဗညု မြတ်စွာ ဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော သဒ္ဓိံ ဘဂဝတာ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရညာ ဘန္တေ မာဂဓေန အဇာတသတ္တုနာ ဝေဒေဟိပုတ္တေန သဒ္ဓိံ ဘာသိတံ။

အမေး။ ။အဘယ်ပုဂ္ဂိုလ်နှင့် အတူတကွ ထိုသာမညဖလသုတ်ကို မြတ်စွာဘုရားသခင်သည် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

---

၁။ **သာမညဖလ**။ သာမည = ရဟန်းပြုခြင်း၏။ ဖလ = အကျိုးတရား။ နတ်ရွာ သုဂတိ နိဗ္ဗာန်စသော တမလွန် နောင်ဘဝသံသရာကျိုးများ မဟုတ်ဘဲ ယခု ပစ္စုပ္ပန်ဘဝ၌ပင် မျက်မြင်လက်တွေ့ ပြသနိုင်သည့် ရဟန်းပြုရခြင်း၏ လက်ငင်းအကျိုးတရားများကို ဟောကြားတော်မူသည့် သုတ်တော်။

၂။ ရာဇဂြိုဟ်ပြည်။ အင်္ဂတိုင်းနှင့် မဂဓတိုင်း ဟူသော တိုင်းပြည်ကြီး နှစ်ပြည်ကို အုပ်စိုးပိုင်သသည့် မဂဓတိုင်းဘုရင်များ၏ ရာဇဌာနီ မင်းနေပြည် မြို့တော်ကြီးကိုခေါ် သည်။

http://www.dhammadownload.com



အဖြေ။ ။မဂဓ တိုင်းကို အစိုးရသော ဝေဒေဟီ မိဖုယား၏ သားဖြစ်သော အဇာတသတ်မင်းနှင့် တကွ ထိုသာမညဖလ သုတ္တန်ကို ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

သာမညဖလသုတ် နိဒါန်း ပြီး၏

---

## သာမညဖလသုတ်တော် ဟောကြားနည်း

ပုစ္ဆာ။ ။တံ ပနာဝုသော သုတ္တံ စတုန္နံ သုတ္တနိက္ခေပါနံ ကတရေန သုတ္တနိက္ခေပေန ဘဂဝတာ နိက္ခိတ္တံ။

ဝိဿဇ္ဇနာ။ ။စတုန္နံ ဘန္တေ သုတ္တနိက္ခေပါနံ ပုစ္ဆာဝသိကေန သုတ္တနိက္ခေပေန နိက္ခိတ္တံ ဘဂဝတာ။

အမေး။ ။ထိုသာမညဖလ သုတ်တော်ကို သဗ္ဗညု မြတ်စွာဘုရားသခင်သည် သုတ်ကို ဟောထားကြောင်း ဖြစ်သော သုတ္တနိက္ခေပ လေးမျိုးတို့တွင် အဘယ်မည်သော သုတ္တနိက္ခေပဖြင့် ဟောထားတော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို သာမညဖလ သုတ္တန်ဒေသနာတော် မြတ်ကို သဗ္ဗညု မြတ်စွာဘုရားသည် လေးပါးသော သုတ္တနိက္ခေပတို့တွင် မေးခြင်းနှင့်စပ်သော ပုစ္ဆာဝသိက သုတ္တနိက္ခေပ အားဖြင့် ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

သာမညဖလသုတ် ဟောကြားနည်း ပြီး၏

---

## အဇာတသတ်ဘုရင် အကြောင်း

ပုစ္ဆာ။ ။သာ ပနာဝုသော ပုစ္ဆာ ကေနာကာရေန သမုပ္ပန္နာ။

ဝိဿဇ္ဇနာ။ ။ရာဇာ ဘန္တေ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ပန္နရသေ ကောမုဒိယာ စာတုမာသိနိယာ ပုဏ္ဏာယ ပုဏ္ဏမာယ ရတ္တိယာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပုစ္ဆိ၊ ဧဝံ ခေါ သာ ဘန္တေ ပုစ္ဆာ ဥပ္ပန္နာ။

http://www.dhammadownload.com



အမေး။ ။ထို သာမညဖလသုတ်ကို ဟောခြင်း၏ အကြောင်းဖြစ်သော အမေးပုစ္ဆာသည်လည်း အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ပေါ်၍ လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မဂဓတိုင်းကိုအစိုးရသော ဝေဒေဟီမိဖုယား၏သား ဖြစ်သော အဇာတသတ်မင်းသည် ကုမုဒ္ဒရာ-ကြာဖြူပွင့်တုန်း မိုဃ်းလေးလအဆုံးဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ညဦးယံအခါသမယဝယ် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးလျှင် ရဟန်းပြုရခြင်း၏ ပစ္စက္ခဘဝ အကျိုးရပုံ ပြဿနာကို မေးလျှောက်ပါသည်၊

အနည်းငယ်မျှ ဝတ္ထုကြောင်းကို လျှောက်ထားပါရစေ၊

သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုလ်ပြည် ဇီဝကသမားတော်၏ သရက်ဥယျာဉ်တွင်းဝယ် တထောင့်နှစ်ရာငါးဆယ်သော ရဟန်းတို့နှင့် သီတင်းသုံးနေတော်မူသောအခါ တနေ့သ၌ တန်ဆောင်မုန်းလပြည့်နေ့ညဦးယံအခါဝယ် အဇာတသတ်မင်းတရားသည် များစွာသော မှူးမတ် ပရိသတ်အပေါင်းခြံရံလျက် နန်းတော်အထက်ထပ်ဝယ် ညီမူထိုင်လျက်ရှိပါသည်၊

ထိုအခါအဇာတသတ်မင်းတရားသည် ကောင်းကင်၏ တင့်တယ်ခြင်းကို ကြည့်ရှုပြီးလျှင်—

> ရမ္မဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ အဘိရူပါ ဝတ ဘော ဒေါသိနာ ရတ္တိ၊ ဒဿနီယာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ ပါသာဒိကာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ လက္ခညာ ဝတ ဘော ဒေါသိနာ ရတ္တိ....

အိုအချင်းတို့၊ ယနေ့ညသည်ကား အလွန်အမင်း မွေ့လျော်ဘွယ် ရှိလှပါပေစွတကား အလွန်အမင်း အဆင်းလှပါပေစွတကား အလွန်အမင်း ကြည့်ချင်ဘွယ် ရှိပါပေစွတကား အလွန်အမင်း ကြည်လင်လှပါပေစွတကား အလွန်အမင်း ကြက်သရေရှိပါပေစွတကား၊

> ကံ နုခွဇ္ဇ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပယိရုပါသေယျာမ....

ယနေ့အခါ ငါတို့သည် အဘယ်မည်သော သမဏ ဗြာဟ္မဏကို ချဉ်းကပ်ရပါကုန်အံ့နည်း ?

http://www.dhammadownload.com



ယံ နော ပယိရူပသတော စိတ္တံ ပသီဒေယျ....

အကြင်ရဟန်း ပုဏ္ဏားကို ချဉ်းကပ်သော ငါတို့အား စိတ်သည် ကြည်လင်ရာပါ၏- ဟု ဥဒါန်းကျူးရင့်ခဲ့ပါသည်၊

ထိုအခါဝယ် ပူရဏကဿပ အစရှိသော ဆသတ္ထာရ-တိတ္ထိဆရာကြီးခြောက်ဦးတို့၏ တပည့်ဖြစ်ကြသော အမတ်ခြောက်ဦးတို့သည် အသီးအသီးလျှင် ပူရဏကဿပ အစရှိသော တိတ္ထိဆရာကြီးခြောက်ဦးတို့၏ ကျေးဇူးစကားကို လျှောက်ထားပြောကြားကြပါသည်၊ ကျေးဇူးစကားလျှောက်ထားပြောကြားပြီးလျှင် ထို မိမိ, မိမိတို့၏ ဆရာဖြစ်သော တိတ္ထိဆရာကြီးတို့ထံချဉ်းကပ်ဘို့ရန် တိုက်တွန်းလျှောက်ထားကြပါသည်၊

ထိုအခါအဇာတသတ်မင်းတရားသည် ရှေးအခါကပင် တိတ္ထိဆရာကြီးခြောက်ဦးတို့၏ အထံသို့ ချဉ်းကပ်ဘူးပြီဖြစ်သောကြောင့် တပ်ခြင်းကင်းသော စိတ်နှလုံးရှိသဖြင့် ထိုတိတ္ထိဆရာ ကြီးတို့၏ ဝါဒစကား ကြားရသောအခါ နှစ်လိုအားရမ်း ဝမ်းမမြောက်သော်လည်း ထိုအမတ်ခြောက်ယောက်တို့ပြောကြားသော စကားကို တားလည်းတားမြစ်တော်မမူ ထိုအမတ်ခြောက်ဦး ပြောကြားသည့် စကားကို မြွက်လည်း မြွက်ပင့် လက်ခံတော်မမူဘဲ ဆိတ်ဆိတ်သာနေတော်မူခဲ့ပါသည်၊

## ဆရာဇီဝက နှင့် အဇာတသတ်မင်း

ထိုအခိုက် အဘယမင်းသား မွေးမြူအပ်သော သမားတော်ဇီဝကသည် အဇာတသတ်မင်း၏ မနီးမဝေး၌ ခ-စားလျက်ရှိပါသည်၊ ထို အခါအဇာတသတ်မင်းတရားသည် အဘယမင်း၏မွေးမြူသား သမားတော် ဇီဝကကို—

တွံ ပန သမ္မ ဇီဝက ကိံ တုဏှီသိ—

အချင်းဇီဝက၊ သင်သည်မူကား ကိုးကွယ်ရာဆရာ မရှိ၍ တည်းလော့ အဘယ့်ကြောင့် စကားမဆို တုဏှီဘော ဆိတ်ဆိတ်နေပါသနည်း ? ဟု ပြောဆိုပါသည်၊

**ထိုအခါ ဆရာဇီဝကသည်** မြတ်စွာဘုရား သီးတင်းသုံး နေတော်မူရာ **သရက်ဥယျာဉ်**တော်ဘက်သို့ လက်အုပ်ချီပြီးလျှင်—

http://www.dhammadownload.com



အယံ ဒေဝ အမှာကံ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ အမှာကံ အမ္ဗ-ဝနေ ဝိဟာရတိ၊

အရှင်မင်းတရား နတ်လူပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကိုခံတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဖြစ်တော်မူသော ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော အကျွန်ုပ်တို့၏ ဆရာဘုရားသည် အကျွန်ုပ်တို့၏ လျှဒါန်းထားရာ သရက်ဥယျာဉ်အတွင်းဝယ် ထောင့်နှစ်ရာ ငါးဆယ်သော ရဟန်းတော်အပေါင်း ခြံရံလျက် သီတင်းသုံးနေဆဲ ရှိပါသည်၊

တံ ခေါ ပန ဘဂဝန္တံ ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော "ဣတိ ပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမ-နုဿာနံ ဗုဒ္ဓေါ ဘဂဝါ" တိ၊

ထို အကျွန်ုပ်တို့၏ ကိုးစားရာ သဗ္ဗညုမြတ်စွာဘုရားသည် အရဟံ အစ ဘဂဝါအဆုံးရှိသော ကျေးဇူးတော် ဂုဏ်တော်တို့နှင့် ဘဝဂ်တိုင်အောင် ပျံ့လွှင့်ကျော်ကြားတော် မူပါပေသည်၊

တံ ဒေဝေါ ဘဂဝန္တံ ပယိရုပါသတု၊ အပ္ပေဝနာမ ဒေဝဿ ဘဂဝန္တံ ပယိရုပါသတော စိတ္တံ ပသီဒေယျ၊

အရှင်မင်းတရားသည် ထိုဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သို့ ဆည်းကပ်ပါမူ အရှင်မင်းတရား၏ စိတ်တော်သည် ကြည်လင်တော်မူလိမ့်မည် ဖြစ်ပါသည် ဟု လျှောက်ထား ခဲ့ပါသည်၊

ထိုအခါ အဇာတသတ်မင်းတရားသည် ....

တေန ဟိ သမ္မ ဇီဝက ဟတ္ထိယာနာနိ ကပ္ပါပေဟိ၊

သို့တပြီးကား အချင်းဇီဝက....ယခုပင် ဘုရားထံမှောက်သို့ သွားရောက်ရန် ဆင်ယာဉ်တို့ကို ပြင်ပါလေ ဟု အမိန့်တော် မှတ်ပါသည်၊

ထိုအခါ ဆရာဇီဝကသည် ငါးရာမျှ အတိုင်းအရှည်ရှိသော ဆင်မ-ယာဉ်သာတို့ကိုငင်း အဇာတသတ်မင်း စီးတော်မူရန် အာရောဟဏီယ ဆင်တော်ကိုငင်း အဆင့်တန်းဆာ ပြင်ဆင်ပြီးလျှင်....

http://www.dhammadownload.com



ကပ္ပိတာနိ ခေါ တေ ဒေဝ ဟတ္ထိယာနာနိ၊ ယဿ ဒါနိ ကာလံ မညသိ၊

အရှင်မင်းတရား....၊ အရှင် မင်းတရား ထွက်တော်မူရန် အလို့ငှါ ဆင်တို့ကိုပြင်ဆင်၍ ပြီးပါပြီ၊ အကြင်သွားခြင်း မသွားခြင်း၏ အချိန်ကာလကို အရှင်မင်းတရား သိတော်မူပါဟု လျှောက်ထားပါသည်။

## အဇာတသတ်မင်း ဘုရားထံ သွားခဏ်း

ထိုအခါ အဇာတသတ်မင်း တရားသည် ငါးရာသော ဆင်မယာဥ်သာတို့၌ တယောက် တယောက်သော အမျိုးသမီး မိန်းမတို့ကို တင်ပြီးလျှင် မိမိကိုယ်တိုင်လည်း စီးတော်ဆင်ကို တက်စီးပြီးမှ ညအခါဝယ် မီးရှူးတန်းဆောင်တိ စိုက်ထောင်လျက် ရာဇဂြိုဟ်ပြည်မှ ဇီဝက၏သရက်ဥယျာဉ်သို့ သွားရောက်ပါသည်၊

ဇီဝက၏ သရက်ဥယျာဉ်သို့ ရောက်ခါနီး ဂိဇ္ဈကုဋ်တောင်ထိပ်မှ လရိပ်ကို ကွယ်ထားသဖြင့် မှောင်အတိကျသောအခါ အဇာတသတ်မင်းသည် ပြင်းစွာ ကြောက်လန့်သဖြင့်....

ကိစ္စိ မံ သမ္မ ဇီဝက န ဝဉ္စေသိ၊ ကစ္စိ မံ သမ္မ ဇီဝက န ပလမ္ဘေသိ....

အချင်းဇီဝက....၊ သင်သည် ငါ့ကို မလှည့်ဖျားဘဲ ရှိပါ၏လား ? ဤသို့စသည်ဖြင့် ဆရာဇီဝကအား ပြောကြားသောအခါ—

မာ ဘာယိ မဟာရာဇ၊ မာ ဘာယိ မဟာရာဇ....

အရှင်မင်းတရား ကြောက်တော် မမူပါလင့် အရှင်မင်းတရား ကြောက်တော်မမူပါလင့်၊

န တံ ဒေဝ ဝဉ္စေမိ၊ န တံ ဒေဝ ပလမ္ဘာမိ....

အရှင်မင်းတရား....အရှင်မင်းတရားကို အကျွန်ုပ်သည် လှည့်ပတ်ဖြားယောင်း၍ ခေါ်လာခြင်းမဟုတ်ပါ၊

အဘိက္ကမ မဟာရာဇ၊ အဘိက္ကမ မဟာရာဇ—ရှေ့သို့ တိုး၍ ကြွတော်မူပါ၊

ဧတေ မဏ္ဍလမာဠေ ဒီပါ ဈာယန္တိ— ခိုးသူတို့ နေရာအရပ်ဝယ် မီးမရှိနိုင်ပါ၊ ယခုမူကား အကျွန်ုပ်တို့၏ သရက်ဥယျာဉ်အတွင်းသို့ ညီမူရာ စရပ်ဝယ်

http://www.dhammadownload.com



ဆီမီးတန်းဆောင်တို့ကို တပြောင်ပြောင် ထွန်းပလျက် ရှိပါကုန်သည် ဟု လျှောက်ထားသောအခါ၊

## အဇာတသတ်မင်း ဘုရားထံ ရောက်ခဏ်း

အဇာတသတ် မင်းတရားသည် ဆင်ဖြင့် သွားနိုင်လောက်အောင် အရပ်သို့ ဆင်ဖြင့် သွားပြီးလျှင် ဆင်ယာဉ်မှ ဆင်းသက်တော်မူ၍ ခြေလျှင်ခရီးဖြင့် သာလျှင် ဇီဝကလက်ကို ဆွဲလျက် ညီမူစည်းဝေးရာ တန်းဆောင်းဝန်း တံခါး၀သို့ အရောက်သွားပြီးလျှင် မင်းတို့၏ စံပယ်တင့်တယ်ခြင်းဖြင့်....

ကဟံ ပန သမ္မ ဇီဝက ဘဂဝါ.... အချင်းဇီဝက၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသည် အဘယ်မှာနည်း ဟု မင်းတို့၏ တင့်တယ်စံပယ် ဟန်မူခြင်းဖြင့် မေးမြန်းသည်တွင်....

ဧသော မဟာရာဇ ဘဂဝါ၊ ဧသော မဟာရာဇ ဘဂဝါ မဇ္ဈိမံ ထမ္ဘံ နိဿာယ ပုရတ္ထာဘိမုခေါ နိသိန္နော ပုရက္ခတော ဘိက္ခုသံဃဿ....

အရှင်မင်းတရား....အလည်ခေါင်တိုင်ကို မှီ၍ ရဟန်းတော် အပေါင်း ခြံရံလျက် သုံးဆဲ့နှစ်ရပ်သော ဗာတ္တိံသပဝရ မဟာလက္ခဏာတော်ကြီး, ရှစ်ဆယ်သော အနုဗျဥ္ဇန လက္ခဏာတော်ငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်တော်မူသော ထိုအရှင်သူမြတ်သည်ပင် ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ဖြစ်တော်မူပါသည် ဟု ဘုရားရှိရာသို့ လက်အုပ်ဖြင့်ညွှန်၍ လျှောက်ကြားသောအခါ အဇာတသတ်မင်းသည် ဘုရားထံမှောက်သို့ ဝင်ရောက်ပြီးလျှင် သင့်လျှောက်ပတ်သော အရပ်၌ ရပ်တည်၍ ဆိတ်ဆိတ်နေတော်မူကြသော ကိလေသာ အညစ်အကြေး ကင်းစင်သဖြင့် ညွှန်မှ ကင်းစင်သော ရေအပြင်ကဲ့သို့ သန့်စင် ကြည်လင်တော်မူသော ရဟန်း ပရိသတ်ကို ကြည့်ရှုပြီးလျှင်....

ဣမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု....

ယခု ရဟန်းတော်တို့၏ ဣန္ဒြေခြောက်ပါး တည်ငြိမ်တော်မူခြင်း တည်း ဟူသော ဥပသမ တရားနှင့် ငါ၏သားတော် ဖြစ်သော ဥဒယဘဒ္ဒ မင်းသားသည် ပြည့်စုံပါစေ၊ ဤသို့ ဥဒါန်း ကျူးရင့်သည်တွင် မြတ်စွာဘုရားသည်၊

http://www.dhammadownload.com



အဂ္ဂမှာ ခေါ တွံ မဟာရာဇ ယထာ ပေမံ၊

မြတ်သောမင်းကြီး....အသင်မင်းတရားသည် မြင့်သော အရပ်၌ ရှာသွန်းသော၊ မိုးသီးရေသည် နိမ့်သောအရပ်သို့ အစဉ်သဖြင့် စီးသွားသကဲ့သို့ မိမိ၏ ချစ်ခင်သော သားရှိရာအရပ်သို့ အသင်မင်းကြီး၏ စိတ်သည် သွားလေပြီတကား ဟု မိန့်ကြားတော်မူသောအခါ....

ပိယော မေ ဘန္တေ ဥဒယဘဒ္ဒေါ ကုမာရော— အစရှိသည်ဖြင့် ဘုန်းတော်အလွန် ကြီးမြတ်တော်မူသော မြတ်စွာဘုရား....တပည့်တော်၏ ရင်သွေးဖြစ်သော ဥဒယဘဒ္ဒမင်းသားကို လွန်စွာ လွန်စွာ ချစ်နှစ်သက်အပ်ပါသည်၊ ယခုရဟန်းတော်တို့ တည်ငြိမ်သော ဥပသမ ကျေးဇူးဂုဏ်နှင့် တပည့်တော်၏သားတော်ဖြစ်သော ဥဒယဘဒ္ဒမင်းသားသည် ပြည့်စုံပါစေ ဘုရား ဟု လျှောက်ထားပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးဦးညွှတ်၍ ရဟန်းတော် သံဃာတော်တို့အားလည်း လက်အုပ်ချီပြီးလျှင် သင့်တင့် လျှောက်ပတ်သောအရပ်၌ ထိုင်နေ၍—

ပုစ္ဆေယျာမဟံ ဘန္တေ ဘဂဝန္တံ ကိဉ္စိဒေဝ ဒေသံ သစေ မေ ဘဂဝါ ဩကာသံ ကရောတိ ပဉ္ဟဿ ဝေယျာကရဏာယ၊

တပည့်တော်အား ဘုန်းတော်အလွန်ကြီးမားတော်မူသော မြတ်စွာ ဘုရားသည် ပြဿနာကို ဖြေကြားဘို့ရန် ခွင့်ပြုတော်မူပါမူ တပည့်တော်သည် တစုံတခုကို ရည်ညွှန်းအပ်သော ပြဿနာကို မေးလျှောက်လိုပါသည်ဘုရား ဟု လျှောက်ထားပါသည်။

အဇာတသတ်မင်း ဘုရားထံရောက်ခဏ်း ပြီး၏

---

## မျက်မှောက် ရဟန်းပြုကျိုးကို မေးလျှောက်ခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည်၊

ပုစ္ဆ မဟာရာဇ ယဒါကင်္ခသိ၊

မြတ်သော မင်းကြီး.... အသင်မင်းကြီး အလိုရှိရာကို မေးလျှောက်နိုင်ပါသည် ဟု သဗ္ဗညုဘုရားတို့၏ ဘိတ်ကြားခြင်း (သဗ္ဗညုတပဝါရဏာဖြင့်) ဘိတ်ကြားတော်မူသောအခါ အဇာတသတ် မင်းတရားသည်၊

http://www.dhammadownload.com



ယထာ နု ခေါ ဣမာနိ ဘန္တေ ပုထုသိပ္ပါယတနာနိ၊ သေယျထိဒံ၊ ဟတ္ထာရောဟာ အဿာရောဟာ ရထိကာ ဓနုဂ္ဂဟာ စေလကာ စလကာ ပိဏ္ဍဒါယကာ (ပေယျာလ) ဂဏကာ မုဒ္ဒိကာ၊ အညာနိ ပိ ဧဝံ ဂတိကာနိ ပုထုသိပ္ပါယတနာနိ၊ တေ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သိပ္ပဖလံ ဥပဇီဝန္တိ၊ တေ တေန အတ္တာနံ သုခေန္တိ ပီဏေန္တိ၊ မာတာပိတရော သုခေန္တိ၊ ပီဏေန္တိ၊ ပုတ္တဒါရံ သုခေန္တိ ပီဏေန္တိ၊ မိတ္တာမစ္စေ သုခေန္တိ ပီဏေန္တိ သမဏဗြာဟ္မဏေသု ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ ပတိဋ္ဌပေန္တိ သောဝဂ္ဂိကံ သုခဝိပါကံ သဂ္ဂသံဝတ္တနိကံ၊ သက္ကာ နု ခေါ ဘန္တေ ဧဝမေဝ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညပေတုံ။

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ဤလောကဝယ် မျက်မြင်ထင်ရှားဖြစ်ကြသော ဆင်စီးသူရဲကောင်း, မြင်းစီး သူရဲကောင်း, ရထားစီး သူရဲကောင်း အစရှိသော ပုဂ္ဂိုလ်တို့သည် မိမိ မိမိတို့၏ ဆင်အတတ်, မြင်းအတတ်, ရထားအတတ် တည်းဟူသော သိပ္ပါယတန[၁]၏ မျက်မှောက်ဘဝ အကျိုးကျေးဇူးကို ခံစားရပါသည်၊

ထိုဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲ အစရှိသော အတတ်သည်တို့သည် မျက်မှောက်ဘဝ ပစ္စက္ခဌ်ပင်လျှင် ဆင်အတတ်, မြင်းအတတ်, ရထားအတတ် စသည်တို့၏ အကျိုးကျေးဇူးကို ရရှိသော အဖြစ်ကို ထင်စွာပြသောအားဖြင့် မိမိကိုယ်ကိုလည်း ချမ်းသာစေ နှစ်မြို့စေပါသည်၊ သားမယားကိုလည်း ချမ်းသာစေ နှစ်မြို့စေပါသည်၊ မိခင် ဘခင်တို့ကိုလည်း ချမ်းသာစေ နှစ်မြို့စေပါသည်၊ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော သူတို့ကိုလည်း ချမ်းသာစေ နှစ်မြို့စေပါသည်၊ ရဟန်းပုဏ္ဏားတို့အားလည်း အထက်နတ်ရွာ အဘို့ရှိသော ကောင်းမှုကုသိုလ်ကို ပြုကြရပါကုန်သည်၊

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ထိုအတတ်ပညာသည်တို့သည် မိမိတို့၏ အတတ်၏ မျက်မှောက်ပစ္စုပ္ပန်ဘဝ

---

၁။ သိပ္ပါယတန = လက်မှုပညာ, စက်မှုပညာ အတတ်မျိုးမျိုးကို သိပ္ပါယတန အတတ်ဟု ဆိုသည်။ နှုတ်မှုပညာ အတတ်မျိုးကို ဝိဇ္ဇာယတန အတတ်မျိုးဟု ခေါ်သည်။

သို့ဖြစ်၍ပင် ယခုခေတ် ကမ္ဘာ့နိုင်ငံ အသီးသီးမှ တက္ကသိုလ် ပညာရပ်များအနက် (Science) ကို သိပ္ပံပညာဟုရင်း (Arts) ကို ဝိဇ္ဇာပညာဟုရင်း အမည်နာမခွဲခြားလျက် ကမ္ပည်းသတ်မှတ်ကြကုန်၏။

http://www.dhammadownload.com



အကျိုးကို ရသကဲ့သို့ ထိုအတူ ရဟန်းပြုရခြင်း၏ ပစ္စက္ခဘဝ အကျိုးကို ရှင်တော်ဘုရားသည် ဟောကြားခြင်းငှါ စွမ်းနိုင်တော်မူပါသလားဘုရား ဟု လျှောက်ထားခဲ့ပါသည်၊

ဤသို့လျှင် ထိုအခါ၀ယ် အဇာတသတ်မင်းတရား၏ ဒိဋ္ဌဓမ္မ ရဟန်းပြုရခြင်း၏ အကျိုးနှင့်စပ်သော အမေးပုစ္ဆာ ပြဿနာသည် ထင်စွာဖြစ်ခဲ့ပါသည် အရှင်ဘုရား။

မျက်မှောက်ရဟန်းပြုကျိုး မေးလျှောက်ခြင်း ပြီး၏

---

## ဘာသာခြား အယူ၀ါဒများ၌ စုံစမ်းခဲ့ဘူးခြင်း

ပုစ္ဆာ။ ။တဒါ အာဝုသော ကထံ ဘဂဝတာ ရာဇာ အဇာတသတ္တု ဝေဒေဟိပုတ္တော ပဋိပုစ္ဆိတော ကထဉ္စ တေန ဘဂဝတော အာရောစိတံ။

ဝိဿဇ္ဇနာ။ ။"အဘိဇာနာသိ နော တွံ မဟာရာဇ ဣမံ ပဉှံ အညေ သမဏ-ဗြာဟ္မဏေ ပုစ္ဆိတာတိ၊ အဘိဇာနာမဟံ ဘန္တေ အညေ သမဏဗြာဟ္မဏေ ပုစ္ဆိတာတိ၊ ယထာကထံ ပန တေ မဟာရာဇ ဗျာကရိံသု၊ သစေ တေ အဂရု၊ ဘာသဿူတိ န ခေါ မေ ဘန္တေ ဂရု၊ ယတ္ထဿ ဘဂဝါ နိသိန္နော ဘဝန္တရူပေါ ဝါတိ၊ တေနဟိ မဟာရာဇ ဘာသဿူ"တိ၊ ဧဝံ ခေါ ဘန္တေ တဒါ ဘဂဝတာ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ပဋိပုစ္ဆိတော၊ ဧဝံ ခေါ ဘန္တေ တေန တဒါ ဘဂဝတော အာရောစိတံ။

အမေး။ ။ထိုသို့ ရဟန်းပြုရခြင်း၏ မျက်မှောက် ပစ္စက္ခ တွေ့ကြုံခံစားရသော "သန္ဒိဋ္ဌိကဖလ"ကို မြတ်စွာဘုရားအား မေးမြန်းလျှောက်ထားသော အခါ မြတ်စွာဘုရားသခင်သည် ရှေးဦးစွာ မဖြေသေး မူ၍ ထိုမဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းအား ပြန်လှန်၍ မေးခဲ့၏၊ ထိုသို့ ပြန်လှန်၍ မေးမြန်းခဲ့သည်မှာ အဘယ်ကဲ့သို့ ရှိပါသနည်း၊ ထိုသို့ပြန်လှန်၍ မေးမြန်းသောအခါ အဇာတသတ်မင်းကလည်း အဘယ်ကဲ့သို့ ရှင်းလင်း လျှောက်ထားပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ထိုသို့ အဇာတသတ်မင်းတရား သန္ဒိဋ္ဌိက သာမညဖလကို မေးလျှောက်ထားသော အခါဝယ် မြတ်စွာဘုရားသည်

"မြတ်သောမင်းကြီး.... ဤပုစ္ဆာပြဿနာကို ငါဘုရားသာသနာတော်မှ တပါးဖြစ်သော ရဟန်းပုဏ္ဏားတို့ကို ရှေးအခါက မေးမြန်းဘူးပါသလား? ထိုသို့ မေးမြန်းဘူးသောအကြောင်းကို အသင် မင်းကြီးသည် စဉ်းစား အမှတ်ရပါသလား ဟု မေးတော်မူပါသည်၊

ထိုအခါ အဇာတသတ်မင်းတရားသည်

ရှင်တော်မြတ်ဘုရား....၊ ဤပုစ္ဆာပြဿနာကို သာသနာပြင်ပ ရဟန်းပုဏ္ဏားတို့အားလည်း တပည့်တော် မေးလျှောက်ဘူးပါသည်၊ သို့မေးလျှောက်ဘူးသော အကြောင်းကို တပည့်တော် အမှတ်တရရှိပါသည် ဟု လျှောက်ထားပါသည်၊

မြတ်သောမင်းကြီး.... ဤပုစ္ဆာပြဿနာကို ထိုရဟန်းပုဏ္ဏားတို့သည် အသင်မင်းကြီးအား ဘယ်ပုံဘယ်ပန်း ဖြေကြားကြပါသနည်း၊ အသင်မင်းကြီးအား ထိုပုစ္ဆာပြဿနာကို ထိုသာသနာ ပြင်ပ ရဟန်း ပုဏ္ဏားတို့ ဖြေကြားပုံအကြောင်းအရာကို ပြောဆိုဘို့ရန် ဝန်မလေးပါမူ ပြောဆိုပါ ဟု မြတ်စွာဘုရား မိန့်ကြားတော်မူပါသည်၊

ထိုအခါ အဇာတသတ်မင်းတရားသည် ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကြင်ပရိသတ်, အကြင်သဘင်, အကြင်အစည်းအဝေး၌၊ ဘုရားကိုယ်တော်မြတ်ကြီး ထင်ရှားစွာရှိပါပေ၏၊ သို့မဟုတ် မြတ်စွာဘုရားကဲ့သို့သော ပညာရှိ သူတော်ကောင်း ပုဂ္ဂိုလ်သည် အကြင်ပရိသတ်, အကြင်သဘင်, အကြင်အစည်းအဝေး၌ ထင်းရှားရှိပါပေ၏၊ ထိုပရိသတ်, ထိုသဘင်, ထိုအစည်းအဝေး၌ တပည့်တော်သည် မိမိကြားခဲ့သမျှသော စကားကို ပြန်ကြားလျှောက်ထားရန် ဝန်မလေးပါ၊ လူမိုက်ပြွမ်းသော အစည်းအဝေး ပရိသတ်၌သာလျှင် တပည့်တော် ပြန်ကြားပြောဆိုဘို့ရန် ဝန်လေးလှပါသည် ဟု လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားသည်——

သို့တပြီးကား ထိုရဟန်း ပုဏ္ဏားတို့ ဖြေသော အကြောင်းအရာကို ပြန်ပြောင်း၍ လျှောက်ထားပါ ဟု တိုက်တွန်းတော် မူပါသည်၊

http://www.dhammadownload.com



ဤသို့လျှင် သန္ဒိဋ္ဌိက သာမညဖလကို မေးလျှောက်သောအခါ၌ သဗ္ဗညု မြတ်စွာဘုရားက မဂဓတိုင်းရှင် ဝေဒေဟီ မိဖုယား၏သား အဇာတသတ်မင်း တရားကို ဤပုံဤပန်း တဖန် မေးမြန်းတော်မူအပ်ပါသည်၊ ဤသို့လျှင် မဂဓ တိုင်းရှင် ဝေဒေဟီ မိဖုယား၏သား အဇာတသတ်မင်းတရားသည်လည်း မြတ်စွာဘုရားအား မိမိကိုယ်တိုင် တွေ့ကြုံခဲ့သော အကြောင်းအရာစကားကို လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

## ပူရဏကဿပ အယူဝါဒ ပြခဏ်း

ပုစ္ဆာ။ ။ကထံဠ္ဌာဝုသော ပူရဏကဿပဿ သန္တိကေ ပုစ္ဆာဝိဿဇ္ဇနာ အဟောသိ။

ဝိဿဇ္ဇနာ။ ။ဧကမိဒံ ဘန္တေ သမယံ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန ပူရဏော ကဿပေါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပူရဏံ ကဿပံ သန္ဒိဋ္ဌိကံ သာမညဖလံ ပုစ္ဆိ၊ အထ ခေါ ဘန္တေ ပူရဏော ကဿပေါ ကရောတော ခေါ မဟာရာဇ ကာရယတော၊ ဆိန္ဒတော ဆေဒါပယတော၊ ပစတော ပါစာပယတော၊ သောစယတော သောစာပယတော (ပေယျာလ)ကရောတော န ကရီယတိ ပါပံ တျာဒိနာ ရည္ဘော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ သံဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော အကိရိယံ ဗျာကာသိ၊ ဧဝံ ခေါ ဘန္တေ ပူရဏဿ ကဿပဿ သန္တိကေ ပုစ္ဆာဝိဿဇ္ဇနာ အဟောသိ။

အမေး။ ။မြတ်စွာဘုရား လောက၌ မပွင့်ထွန်း မပေါ်သေးမီကပင် လျှင် မဂဓတိုင်း နယ်ပယ်အတွင်း၌ ပစ္စုပ္ပန်, အတိတ်, အနာဂတ် အလုံးစုံကို သိသည် ဟု ဝန်ခံလျက် ဘုရား ဟု ပဋိညာဉ်ပေးနေသော ဆ သတ္တာရ ခြောက် ဦးသော တိတ္ထိဆရာကြီးတို့သည် ရှိကြကုန်၏၊ ထို ဆသတ္ထာရ တိတ္ထိဆရာကြီး ခြောက်ဦးတို့ကိုပင်လျှင် ဆိုင်ရာဆိုင်ရာ ကြည်ညိုသူ ပုဂ္ဂိုလ်တို့က ဘုရားစင်စစ် ဟု အမှတ်ပြုလျက် ကိုးကွယ်ယုံကြည်လျက် ရှိကြကုန်၏၊

ထိုခြောက်ဦးသော ဆသတ္ထာရ တိတ္ထိဆရာကြီးတို့တွင် ပူရဏကဿပ အမည်ရှိသော တိတ္ထိဆရာကြီး၏အထံသို့ သွားရောက်၍ အဇာတသတ်မင်း

http://www.dhammadownload.com



၏ မေးမြန်းပုံနှင့် ထိုအဇာတသတ်မင်းအား ပူရဏကဿပ ဆရာကြီးက ဖြေကြားပုံသည် အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အခါတပါး၌ မဂဓတိုင်းရှင် ဝေဒေဟီ မိဖုယား၏ သား အဇာတသတ်မင်းတရားသည် ပူရဏကဿပ ဆရာကြီးရှိရာအရပ်သို့ သွားရောက်ပြီးလျှင် ထိုပူရဏကဿပဆရာကြီးကို ယခင်က လျှောက်ထားသော နည်းအတိုင်း ရဟန်း ပြုရခြင်း၏ ပစ္စက္ခဘ၀ အကျိုးရပုံကို မေးလျှောက်ပါသည်၊

ထိုအခါ ပူရဏကဿပဆရာကြီးသည် မြတ်သောမင်းကြီး....အကုသိုလ်မှု ကုသိုလ်မှုတို့ကို ကိုယ်တိုင်ပင် ပြုသောသူအားရင်း သူတပါးတို့ကို ပြုစေသော သူအားရင်း မိမိကိုယ်တိုင် လက်ခြေစသည်ကို ဖြတ်တောက်သောသူ, ဖြတ်တောက်စေသောသူအားရင်း မိမိကိုယ်တိုင် ပါဏာတိပါတအမှုကို ပြုသောသူ, ပြုစေသောသူအားရင်း အဒိန္နဒါန်အမှု ကာမေသုမိစ္ဆာစာရအမှု မုသာဝါဒ အမှု အစရှိသော ဒုစရိုက်မှုကို ကိုယ်တိုင်ပြု, သူတပါးကို ပြုစေသောသူအားရင်း မကောင်းမှု အကုသိုလ်ကံကို ပြုစေအပ်သည် မမည်ပါ၊

အယုတ်အားဖြင့် အကြင်ပုဂ္ဂိုလ်သည် သင်ဓုန်းသွားစက်ဝန်းဖြင့် ဤ မဟာပထဝီ မြေဝန်းအတွင်းဝယ် ထင်ရှားရှိသမျှသော သတ္တဝါတို့ကို ကောက်နယ်တလင်းအလား တခုတည်းသော အသားပုံဖြစ်အောင် ပြုလုပ်စေကာမူ ထိုသို့ပြုလုပ်ခြင်းဟူသောအကြောင်းကြောင့် အကုသိုလ်မှု ဒုစရိုက် မဖြစ်နိုင်ပါ၊ ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်းသို့ ကိုယ်တိုင်သတ်ဖြတ်, သူတပါးကို သတ်ဖြတ်စေ၍ သွားစေကာမူ သို့ ကိုယ်တိုင်သတ်ခြင်း သူတပါးကို သတ်ဖြတ်စေခြင်းကြောင့် အကုသိုလ်မှု ဒုစရိုက်ဟူ၍ မဖြစ်နိုင်ပါ၊

ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်းသို့ ကိုယ်တိုင်လည်းလှူဒါန်း, သူတပါးတို့အားလည်း လှူဒါန်းစေ၍ သွားစေကာမူ ထိုသို့လှူဒါန်းမှု ဟူသော အကြောင်းကြောင့် ကောင်းမှု သုစရိုက်ဟူ၍ မဖြစ်နိုင်ပါ၊ ကောင်းမှု သုစရိုက်ဟူ၍ မရှိနိုင်ပါ၊ ပေးလှူခြင်း**ဒါန** ဣန္ဒြေတို့ကို ငြိမ်သက်အောင် ဆုံးမခြင်း **ဒမ** ဥပုသ်ကျင့်သုံးခြင်း **သံယမ** မှန်ကန်သောစကားကို ပြောကြားခြင်း တည်းဟူသော **သစ္စဝါစာ** ဤလေးဖြာတို့ဖြင့် ကောင်းမှုကုသိုလ်ဟူ၍ မဖြစ်နိုင်ပါ ဟု ပူရဏကဿပဆရာကြီးသည် မျက်မှောက်ဘ၀ ရဟန်းပြုရခြင်း၏

http://www.dhammadownload.com



အကျိုးကို မေးမြန်း လျှောက်ထားအပ်သည် ဖြစ်ပါလျက် မဂဓတိုင်းရှင် ဝေဒေဟီမိဖုယားရေ၏သား အဇာတသတ်မင်းတရားအား **အကိရိယဝါဒ** တည်းဟူသော ကုသိုလ် အကုသိုလ်ကံကို ပယ်ရှားခြင်းတည်းဟူသော အကိရိယဒိဋ္ဌိကို အဇာတသတ်မင်းတရားအား ဖြေကြားခဲ့ပါသည်၊

ဤသို့လျှင် မြတ်စွာဘုရားထံမှောက် မရောက်မီ ရှေးကာလကပင် အဇာတသတ်မင်းတရား၏ ပူရဏကဿပ ဆရာကြီးထံ၌ ပုစ္ဆာ မေးမြန်း လျှောက်ထားခြင်း, ပူရဏကဿပဆရာကြီး၏ ဖြေကြားခြင်းသည် ဖြစ်ခဲ့ပါသည် အရှင်ဘုရား။

ပူရဏကဿပ အယူဝါဒပြခဏ်း ပြီး၏

---

## ပူရဏကဿပဝါဒ၏ ကြောက်စရာ့အပြစ်ကြီး

နိဿိရိကော ဝတ အာဝုသော ပူရဏဿ ကဿပဿ ဝါဒေါ အနတ္ထသံဟိတော ဇိဂုစ္ဆနီယော အတိဝိယ ဘယာနကော၊ ယေ တဿ ဝစနံ သောတဗ္ဗံ သဒ္ဓါတဗ္ဗံ မညေယျုံ၊ တေသံ တံ အဿ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ၊ ဧတ္တကေနေဝ အဇ္ဇ မယံ ပုစ္ဆာဝိဿဇ္ဇနံ ထပေဿာမ။

ငါ့ရှင် ပူရဏကဿပဆရာကြီး၏ အယူဝါဒသည် အလွန်ပင်လျှင် ကြက်သရေမဲ့စွတကား အကျိုးမဲ့ကို ဖော်ပြစွတကား စက်ဆုပ်ရွံဘွယ်ကောင်းစွတကား အလွန်ပင်လျှင် ကြောက်စရာကောင်းသော ဝါဒကြီးပါပေတည်း၊ ဤပူရဏကဿပ၏ စကားကို ယုံကြည်ကိုးစားလျက် လိုက်နာသော ပုဂ္ဂိုလ်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွါးမဲ့ ဖြစ်ဘို့ရန် ဆင်းရဲဘေးတွေ့ဘိရန်သာ ဖြစ်ပေ၏တကား။

ပူရဏကဿပဝါဒ၏ ကြောက်စရာ့အပြစ်ကြီး ပြီး၏

---

## မက္ခလိဂေါသာလ အယူဝါဒ ပြခဏ်း

ပုစ္ဆာ။ ။ပုရိမဒိဝသေ အာဝုသော မယာ သာမညဖလသုတ္တဿ နိဒါနပရိယာပန္နာနိ ပုစ္ဆိတဗ္ဗဋ္ဌာနာနိ ကာနိစိ ကာနိစိ ပုစ္ဆိတာနိ၊ တယာ စ သုဋ္ဌု ဝိဿဇ္ဇိတာနိ၊ အဇ္ဇ ပန ယထာနုပ္ပတ္တမက္ခလိဂေါသာလဝါဒတော ပဋ္ဌာယ ပုစ္ဆိဿာမိ၊ မက္ခလိ ပန အာဝုသော

http://www.dhammadownload.com



ဂေါသာလော ရညာ မာဂဓေန အဇာတသတ္တုနာ ဝေဒေဟိပုတ္တေန သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော ကထံ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ကေမိဒံ ဘန္တေ သမယံ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန မက္ခလိဂေါသာလော တေနုပသံကမိ၊ ဥပသံကမိတွာ မက္ခလိံ ဂေါသာလံ သန္ဒိဋ္ဌိကံ သာမညဖလံ ပုစ္ဆိ၊ အထ ခေါ ဘန္တေ မက္ခလိဂေါသာလော ရာဇာနံ မာဂဓံ အဇာတသတ္တုံ ဝေဒေဟိပုတ္တံ ဧတဒဝေါစ "နတ္ထိ မဟာရာဇ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ၊ အဟေတူ အပစ္စယာ သတ္တာ သံကိလိဿန္တိ။ နတ္ထိ မဟာရာဇ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ ဝိသုဒ္ဓိယာ၊ အဟေတူ အပစ္စယာ သတ္တာ ဝိသုဇ္ဈန္တိ၊ (ပေယျာလ) စုလ္လာသီတိ မဟာကပ္ပိနော သတသဟဿာနိ၊ ယာနိ ဗာလေ စ ပဏ္ဍိတေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿန္တိ၊ တတ္ထ နတ္ထိ 'ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ အပရိပက္ကံ ဝါ ကမ္မံ ပရိပါစေဿာမိ၊ ပရိပက္ကံ ဝါ ကမ္မံ ဖုဿ ဖုဿ ဗျန္တိံ ကရိဿာမီ'တိ ဟေဝံ နတ္ထိ။ ဒေါဏမိတေ သုခဒုက္ခေ၊ ပရိယန္တကတေ သံသာရေ နတ္ထိ ဟာယနဝဍ္ဎနေ၊ နတ္ထိ ဥက္ကံသာဝကံသေ။ သေယျထာပိ နာမ သုတ္တဂုဠေ ခိတ္တေ နိဗ္ဗေဌိယမာနမေဝ ပလေတိ၊ ဧဝမေဝ ဗာလေ စ ပဏ္ဍိတေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿန္တီ"တိ၊ ဣတ္ထံ ခေါ ဘန္တေ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ မက္ခလိဂေါသာလော သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော သံသာရသုဒ္ဓိံ ဗျာကာသိ။

အမေး။ ။ဤဆဋ္ဌသံဂါယနာသဘင် ဒုတိယသန္နိပါတ ဒုတိယနေ့ အစည်းအဝေးဖြစ်သော ယမန်နေ့အခါကာလက သာမညဖလသုတ်၏ နိဒါန်း၌ ပါဝင်သော မေးသင့် မေးထိုက်သော အချို့အချို့သော အချက်အလက်များကို မေးမြန်းခဲ့ပေပြီ၊ ငါ့ရှင်သည်လည်း ထိုမေးတိုင်းမေးတိုင်းသော အချက်အလက်များကို ကောင်းစွာ ရှင်းလင်း၍ ဖြေကြားခဲ့ပေပြီ၊ ယနေ့အဘို့၌မူကား အစဉ်ရောက်လျက်ရှိသော မက္ခလိဂေါသာလ ဝါဒမှစ၍ မေးမြန်းပေအံ့၊

http://www.dhammadownload.com



မက္ခလိဂေါသာလ အမည်ရှိသော တိတ္ထိဆရာကြီးသည်ကား မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းသည် သွားရောက်၍ မျက်မှောက်ကိုယ်တိုင် တွေ့မြင်နိုင်သော ရဟန်းပြုခြင်း၏ အကျိုး သာမညဖလကို မေးသောအခါ အဘယ်သို့လျှင် ဖြေဆိုလိုက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အခါတပါး၌ မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား၏ သားဖြစ်သော အဇာတသတ်မင်းတရားသည် မက္ခလိဂေါသာလ တိတ္ထိဆရာကြီးထံ ချဉ်းကပ်၍ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ ခံစားရသော ရဟန်းပြုရခြင်း၏ အကျိုးကို မေးလျှောက်ပါသည်၊

ထိုအခါ မက္ခလိဂေါသာလ အမည်ရသော တိတ္ထိဆရာကြီးသည်....

မြတ်သောမင်းကြီး....သတ္တဝါတို့ ညစ်ညူးဘို့ရန်အလို့ငှါ အကြောင်းတရား မရှိနိုင်ပါ အကြောင်းမရှိဘဲ အကြောင်းကင်းလျက် သတ္တဝါတို့သည် ညစ်ညူးကြပါသည်၊

မြတ်သောမင်းကြီး....သတ္တဝါတို့ စင်ကြယ်ဘို့ရန် ဇနကအကြောင်း, ဥပထမ္ဘက အကြောင်းဟူ၍ မရှိနိုင်ပါ ဇနက, ဥပထမ္ဘက အကြောင်း တရားကင်း၍ပင် သတ္တဝါတို့ စင်ကြယ်ကြပါသည်၊

မြတ်သောမင်းကြီး....မဟာကပ်ပေါင်း တသန်းလေးသိန်း (၁,၄၀၀,၀၀၀) ရှိပါသည် ထိုမဟာကပ်ပေါင်း တသန်း လေးသိန်း ကြာမြင့်မှသာလျှင် ထိုမဟာကပ်ပေါင်း တသန်းလေးသိန်း ကာလပတ်လုံး ကျင်လည်ကျက်စား သွားပြီးမှသာလျှင် ခပ်သိမ်းသော သတ္တဝါတို့သည် သံသရာမှ စင်ကြယ် နိုင်ကြပါကုန်သည်၊

သို့ သံသရာမှ စင်ကြယ်နိုင်ကြောင်း မဟာကပ်ပေါင်း တသန်းလေးသိန်း အဓွန့်ထင်ရှားပါလျက် အကြင် ပုဂ္ဂိုလ်သည် ဤမည်သော အကျင့်, ဤမည်သောသီလ, ဤမည်သော ဗြဟ္မစရိယဖြင့် မရင့်ကျက်သေးသော ကံကိုလည်း ရင့်ကျက်အောင် ပြုလုပ်အံ့, ရင့်ကျက်ပြီးသော ကံကိုလည်း တွေ့ထိ တွေ့ထိ၍ ကင်းကွာသည်ကို ပြုအံ့ဟူ၍ ပြု၍မရနိုင်ပါ၊ သံသရာ အဓွန့်ကာလသည်ကား ချင်ခွက်နှင့် နှိုင်းယှဉ်၍ ထားသည့်ပမာ မဟာကပ်ပေါင်း တသန်းလေးသိန်းမျှ ကြာမြင့်ရပါမည်၊ ဆင်းရဲ ဒုက္ခဟူသည်လည်း အပိုင်းအခြားနှင့် တကွ ရှိ၍ နေပါသည်၊ ထိုအပိုင်းအခြားမှ အတိုးအယုတ်ဟူ၍ မရှိနိုင်ပါ၊ လောကဥပမာ

http://www.dhammadownload.com



အားဖြင့် ချည်မျှင်ရစ်သော **ဂေါ်လီလုံး** ကို ပစ်လွှင့်အပ်သည်ရှိသော် ချည်မျှင်ရှိသမျှ ကာလပတ်လုံး ဂေါ်လီလုံးသည် သွား၍ ချည်မျှင်ဆုံးလျှင် ရပ်နားသကဲ့သို့ ထို့အတူ ပညာရှိသောသူ ပညာမရှိသောသူ ခပ်သိမ်းသော သူတို့သည်ပင် မဟာကပ်ပေါင်း တသန်းလေးသိန်း ကြာအောင် သံသရာဝယ် ကျင်လည်ကျက်စားကြပြီးမှ ဘဝဇာတ်သိမ်း ငြိမ်းကြရပါသည်၊ဤသို့ ပြန်ကြား ပြောဆိုပါသည်။

ဤသို့လျှင် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုယား၏သား အဇာတသတ် မင်းတရားအား မက္ခလိဂေါသာလ အမည်ရှိသော တိတ္ထိဆရာကြီးသည် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ခံစံရသော ရဟန်းပြုခြင်း၏ အကျိုးကို မေးမြန်းအပ်သည် ဖြစ်ပါလျက် သရက်သီးကို မေးမြန်းရာ တောင်ပိန္နဲကို ဖြေကြားသကဲ့သို့ **သံသာရသုဒ္ဓိ** ခေါ်သော မဟာကပ်ပေါင်း တသန်းလေးသိန်းကြာမှ ပညာရှိရော လူမိုက်တို့ပါ သံသရာမှ စင်ကြယ်ခြင်းတည်းဟူသော မိစ္ဆာအယူဝါဒစကားကို ဖြေကြား ပြောဆိုခဲ့ပါသည် အရှင်ဘုရား။

မက္ခလိဂေါသာလ၏ အယူဝါဒပြခဏ်း ပြီး၏

---

## မက္ခလိဂေါသာလဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး

အယမ္ပိ အာဝုသော ဝါဒေါ နိဿိရိကောယေဝ အနတ္တသံဟိတော ဇိဂုစ္ဆနီယော အတိ ဝိယ ဘယာနကော၊ ယေ တဿ ဝစနံ သောတဗ္ဗံ သဒ္ဒါတဗ္ဗံ မညေယျုံ၊ တေသံ တံ အဿ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ။

ဤ မက္ခလိဂေါသာလ ဆရာကြီး၏ ဝါဒသည်လည်း ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် ကာလပတ်လုံး လူတိုင်း လူတိုင်းပင် ကျင်လည်ရမည်၊ ဒီအတွင်းမှာ တစုံတခု ကောင်းသောအမှုကို ပြုသော်လည်း ကျွတ်လွတ်ခွင့်မရှိစသည်ဖြင့် ကုသိုလ်ကောင်းမှုတရားကို ပိတ်ပင်၍ ဟောကြားသောကြောင့် ဤဆရာကြီး၏ ဝါဒသည်လည်း ကြက်သရေမရှိသော ဝါဒသာလျှင် ဖြစ်ချေ၏ တကား ငါ့ရှင်၊ ဤမက္ခလိဂေါသာလ ဆရာကြီး၏ အကျိုးမဲ့ကို ညွှန်ပြသော ဝါဒသာလျှင် ဖြစ်ချေ၏၊ ဤဆရာကြီး၏ ဝါဒသည်လည်း စက်ဆုပ်ရွံရှာဘွယ်

http://www.dhammadownload.com



ကောင်းသော ဝါဒသာလျှင် ဖြစ်ချေ၏၊ ဤဆရာကြီး၏ဝါဒသည်လည်း အလွန်တရာ ကြောက်မက်ဘွယ်ကောင်းသော ဝါဒကြီးဖြစ်ပေ၏၊

အကြင်ပုဂ္ဂိုလ်တို့သည် ထိုဆရာကြီး၏စကားကို နာသင့်သည် ယူသင့်သည် ဟု ယုံကြည်အားကိုး၍ ထိုဆရာကြီး၏ စကား အတိုင်း လိုက်နာ၍ ကျင့်ကြံကုန်ငြားအံ့၊ ထိုပုဂ္ဂိုလ်တို့အား ထိုသို့ ကျင့်ကြံခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး အပါယ်လေးပါး စသည်၌ ကျရောက်၍ အကျိုးမဲ့ဖြစ်ရန် ဆင်းရဲဒုက္ခတို့နှင့် တွေ့ကြုံခံစား၍ နေရန် အလို့ငှါသာလျှင် ဖြစ်ချေ၏တကား ငါ့ရှင်။

မက္ခလိဂေါသာလဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး ပြီး၏

---

## အဇိတကေသကမ္ဗလ ဝါဒပြခဏ်း

ပုစ္ဆာ။ ။အထာပရမ္ပိ ပုစ္ဆာမိ၊ အဇိတော ပန အာဝုသော ကေသကမ္ဗလော ရညာ မာဂဓေန အဇာတသတ္တုနာ ဝေဒေဟိပုတ္တေန သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော ကထံ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ကေမိဒံ ဘန္တေ သမယံ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန အဇိတော ကေသကမ္ဗလော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ အဇိတံ ကေသကမ္ဗလံ သန္ဒိဋ္ဌိကံ သာမညဖလံ ပုစ္ဆိ၊ အထ ခေါ ဘန္တေ အဇိတော ကေသကမ္ဗလော ရာဇာနံ မာဂဓံ အဇာတသတ္တုံ ဝေဒေဟိပုတ္တံ ဧတဒဝေါစ "နတ္ထိ မဟာရာဇ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ နတ္ထိ အယံ လောကော၊ နတ္ထိ ပရော လောကော၊ နတ္ထိ မာတာ၊ နတ္ထိ ပိတာ၊ နတ္ထိ သတ္တာ ဩပပါတိကာ၊ နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။ (ပေယျာလ)။ ဗာလေ စ ပဏ္ဍိတေ စ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇန္တိ ဝိနဿန္တိ"တိ။ ဣတ္ထံ ခေါ ဘန္တေ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အဇိတော ကေသကမ္ဗ-

http://www.dhammadownload.com



လော သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော ဥစ္ဆေဒံ ဗျာကာသိ။

အမေး။ ။ထို မက္ခလိဂေါသာလ ဆရာကြီး၏ ဝါဒမှ တပါးသော ဝါဒကို ယခုအခါ မေးမြန်းဦးအံ့၊ လူတို့၏ ဆံပင်ဖြင့်ပြီးသော အဝတ်ကို သုံးဆောင်သော အဇိတ အမည်ရှိသော တိတ္ထိဆရာကြီးသည်ကား မဂဓ တိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းတရားက မျက်မှောက် ဘဝ၌ ကိုယ်တိုင် တွေ့ကြုံခံစားရသော ရဟန်းပြုရခြင်း၏အကျိုး သန္ဒိဋ္ဌိက ဖလကို မေးသောအခါ အဘယ်သို့လျှင် ဖြေကြားလိုက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အခါတပါးဝယ် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီမိဖုရား ၏သား အဇာတသတ်မင်းတရားသည် လူဆံပင်ဖြင့်ပြီးသော ကမ္ဗလာအဝတ် ကို ဝတ်သည့် အဇိတ တိတ္ထိဆရာကြီးထံ သွားရောက်၍ မျက်မှောက်ပစ္စုပ္ပန် ဘဝ၌ ရဟန်းပြုရခြင်း၏ အကျိုးတရားကို မေးလျှောက်ပါသည်၊ ထိုအခါ အဇိတကေသကမ္ဗလ တိတ္ထိဆရာကြီးက မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းတရားကို ဤသို့ မိန့်ကြားပါသည်၊

မြတ်သောမင်းကြီး.... လှူအပ်သော ဒါန၏ အကျိုးတရားမည်သည် တစိုးတစိမျှ မရှိ ဖြစ်ချေသည်၊

မြတ်သောမင်းကြီး.... ကြီးကျယ်စွာ လှူအပ်သော မဟာယာဂ, မဟာ ဒါန၏ အကျိုးတရားသည်လည်း တစိုးတစိမျှ မရှိ ဖြစ်ချေသည်၊

မြတ်သောမင်းကြီး....ပူဇော်အပ်သော ပူဇာဒါန၏ အကျိုးတရားလည်း တစိုးတစိမျှ မရှိ ဖြစ်ချေသည်၊

မြတ်သောမင်းကြီး.... ကောင်းမှု, မကောင်းမှု နှစ်ပါးတို့၏ အကျိုးရင်း အကျိုးဖျား ဤနှစ်ပါးပင်လျှင် လားလားမျှ မရှိ ဖြစ်ချေသည်၊

မြတ်သောမင်းကြီး.... တမလွန်လောကဝယ် တည်နေသော ပုဂ္ဂိုလ်အား ဤပစ္စုပ္ပန်လောက ဟူ၍လည်း မရှိဖြစ်ချေသည်၊

မြတ်သောမင်းကြီး....ဤပစ္စုပ္ပန်လောက ခုဘဝဝယ် သေသောပုဂ္ဂိုလ်တို့ အား တမလွန်လောက ဟိုဘဝဟူ၍ လားဘွယ်ရာမရှိ ဖြစ်ချေသည်၊

http://www.dhammadownload.com



မြတ်သောမင်းကြီး.... အမိ ဟူ၍ မရှိ၊ အဘဟူ၍ မရှိ၊ မိခင် ဘခင် ကျေးဇူး ရှင်ဟူ၍ ခေါ်ယူပညတ်သော ပုဂ္ဂိုလ်တို့ဝယ် ပြုအပ်သော ကောင်းသော အပြုအမူ, မကောင်းသော အပြုအမူတို့၏ အကျိုးအပြစ်ဟူ၍ တစုံတရာမျှ မရှိဖြစ်ချေသည်၊

မြတ်သောမင်းကြီး.... သတ္တဝါတို့သည် စုတိသည်မှ နောက်ကာလ ဝယ် တဘန်ဘဝသစ်၌ ပဋိသန္ဓေတည်နေရခြင်းဟူ၍ မရှိ ဖြစ်ချေသည်၊

မြတ်သောမင်းကြီး.... ဤလောကဝယ် အကြင် ရဟန်းပုဏ္ဏားတို့သည် မိမိတို့ ကိုယ်တိုင် အဘိညာဉ်ဉာဏ် ထူးသောဉာဏ်ဖြင့်သိ၍ သတ္တလောကကို ဟောကြားပြောဆိုကြကုန်၏၊ ထိုသို့ ကောင်းစွာ ကျင့်ကြံကြတဲ့ ရဟန်း ပုဏ္ဏား ဟူ၍ သတ္တလောကမှာ မရှိဖြစ်ချေသည်။

ဤခန္ဓာကိုယ်ကြီးသည်ကား ပထဝီ, အာပေါ, တေဇော, ဝါယော တည်း ဟူသော မဟာဘုတ်လေးပါး **ရုပ်တရားဖြင့်သာ** ပြီးချေသည်၊ သတ္တလောက ဝယ် **နာမ်တရားဟူ၍** လုံးဝ မရှိပါ။

အကြင် အခါ၌ ဤသတ္တဝါသည် ကွယ်လွန်၍ သွားသည်ဖြစ်အံ့၊ ထိုအခါ ညောင်စောင်းနှင့်တကွ ညောင်စောင်းအခြေတွင် လိုက်ပါသော လူလေး ယောက်တို့သည်သာလျှင် သုသာန်တစ သချိုင်းဝသို့ရောက်အောင် ပို့ဆောင် ကြကုန်သည်၊

စုတိပြတ်ကြွေ သေလွန်သော ပုဂ္ဂိုလ်တဦးတယောက်၏ ကောင်းမွန် သော ဂုဏ်ပုဒ်, မကောင်းမွန်သော ကျေးဇူးမဲ့ ပုဒ်များသည်, ကောင်းမွန်သော ဂုဏ်ကျေးဇူးစကား, မကောင်းသော ကျေးဇူးမဲ့ စကားတို့သည် သုသာန်တစ သချိုင်းဝသို့ တိုင်ရုံသာ ဖြစ်ခဲ့ချေသည်။

ထိုသတ္တဝါ စုတေသေလွန် ကွယ်လွန်သောအခါ အဇ္ဈတ္တသန္တာန်မှာ ရှိသော မြေဓာတ်အစုသည်လည်း ဗဟိဒ္ဓမှာရှိတဲ့ မြေဓာတ်အစုသို့ ပြေးဝင် လေတော့သည်၊ အဇ္ဈတ္တသန္တာန်မှာရှိသော ရေဓာတ်အစုသည်လည်း ဗဟိဒ္ဓ ရေဓာတ်အစုသို့ ပြေးဝင်လေတော့သည်၊ အဇ္ဈတ္တသန္တာန်မှာ ရှိရင်းစွဲဖြစ်သော မီးဓာတ်အစုသည်လည်း ဗဟိဒ္ဓမီးဓာတ်အစုသို့ ပြေးဝင်တော့လေသည်၊ ထို သတ္တဝါ ကိုယ်ခန္ဓာ အဇ္ဈတ္တသန္တာန်မှာ ရှိသော လေဓာတ်အစုသည်လည်း ဗဟိဒ္ဓသြကာသလောကမှာရှိတဲ့ လေဓာတ်အစုသို့ ပြေးဝင်တော့လေသည်၊

http://www.dhammadownload.com



ထိုသတ္တဝါမသေမီ ထင်ရှားရှိတဲ့ စက္ခု, သောတ,ဃာန,ဇိဝှါ,ကာယ ဆိုတဲ့ ဣန္ဒြေတို့သည် ကောင်းကင်ဟင်းလင်းအပြင်သို့ ပြောင်းရွှေ့သွားကြကုန်သည်၊

ဒါန ဟူ၍ မရှိ၊ ပေးလှူသမျှသော အလှူဒါန, ဆောက်လုပ်သမျှသော ဘုရား,တန်ဆောင်း,ကျောင်း, ကန် အစရှိသော ထိုထိုဒါန လှူဘွယ်ဟူသမျှတို့ သည် ပြာ သာလျှင် အဆုံးရှိချေသည်၊ တစုံတခု အကျိုးတရားဟူ၍ မရရှိနိုင်ပါ၊

ဒါန ဆိုသည်မှာ ဉာဏ်ပညာမဲ့သော ပုဂ္ဂိုလ်တို့ တည်ထားတဲ့ တရားမျိုး ဖြစ်ပါသည်၊

ပညာရှိဖြစ်စေ သူမိုက်ဖြစ်စေ စုတိပြတ်ကြွေ သေလွန်သည်မှ နောက် ကာလဝယ် ဘဝသံသရာ ချုပ်တော့သည်, ပြတ်တော့သည်, ပျက်တော့သည် ဖြစ်ပါသည် ဤသို့ ဖြေကြားပါသည်၊

ဤသို့လျှင် မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်း တရားအား အဇိတကေသကမ္ဗလအမည်ရှိသော တိတ္ထိဆရာကြီးသည် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ခံစံရသော ရဟန်းပြုရခြင်း၏ အကျိုးတရားကို မေးမြန်း အပ်သည်ဖြစ်ပါလျက် သရက်သီးကို မေးမြန်းသောသူသည် တောင်ပိန္နဲသီးကို ဖြေကြားဘိသကဲ့သို့ မိမိအယူရှိရင်း **ဥစ္ဆေဒ ရုပ်ဝါဒ** ကိုပင်လျှင် အဇာတသတ် မင်းတရားအား ဖြေကြားပြောဆိုလိုက်ပါသည် အရှင်ဘုရား။

## အဇိတကေသကမ္ဗလ၏ ကြောက်စရာ့ ရုပ်ဝါဒကြီး

အယမ္ပိ ခေါ အာဝုသော နိဃဏ္ဍိကောယေဝ၊ အနတ္ထသံဟိတော ဇိဂုစ္ဆနီယော အတိ ဝိယ ဘယာနကော၊ ယေ တဿ ဝစနံ သောတဗ္ဗံ သဒ္ဒါတဗ္ဗံ မညေယျုံ၊ တေသံ တံ အဿ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ။

ဤအဇိတ ကေသကမ္ဗလ တိတ္ထိဆရာကြီး၏ ဝါဒသည်လည်း မဟာဘုတ် ရုပ်လေးပါးဖြင့် ပြီးသော **ရုပ်ဝါဒ**, ဥစ္ဆေဒဝါဒဖြစ်၍ တမလွန်လောက မရှိ၊ တမလွန်လောကမှ မျက်မှောက် ပစ္စုပ္ပန်သို့ ရောက်နိုင်သော ပုဂ္ဂိုလ်မရှိ၊ ကုသိုလ်ကံမရှိ၊ အကုသိုလ်ကံမရှိ၊ ကုသိုလ်ကံ, အကုသိုလ်ကံ၏ အကျိုးမရှိ စသည်ဖြင့် အလုံးစုံသော ကုသိုလ်, အကုသိုလ် စသော တရားတို့ကို ပယ်မြစ်၍

http://www.dhammadownload.com



ဆိုသော ဝါဒဖြစ်သောကြောင့် အလွန် ကြက်သရေမရှိသော ဝါဒသာလျှင် ဖြစ်ချေ၏တကား၊ ဤအဇိတကေသကမ္ဗလ ဆရာကြီး၏ ဝါဒသည်လည်း အကျိုးမဲ့ကို ညွှန်ကြား ဖော်ပြသော ဝါဒသာလျှင် ဖြစ်ချေ၏တကား၊ ဤအဇိတဆရာကြီး၏ ဝါဒသည်လည်း စက်ဆုပ်ဘွယ် ကောင်းသော အလွန် ကြောက်မက်ဘွယ်ကောင်းသော ဝါဒသာလျှင် ဖြစ်ချေ၏ ငါ့ရှင်။

အကြင်ပုဂ္ဂိုလ်တို့သည် ဤအဇိတ ဆရာကြီး၏ ဝါဒကို မိမိတို့ကိုယ်ပိုင် မသိနိုင်သော ဉာဏ်ပညာနှင့် နှိုင်းစာ ထောက်ဆ၍ "ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်" ဟု ယုံကြည်လျက် လိုက်နာ ကျင့်သုံးကြလေကုန်ရာ၏၊ ထိုသို့ လိုက်နာကျင့်သုံးသော ပုဂ္ဂိုလ်တို့အား ရှည်မြင့်စွာသော ကာလပတ်လုံး အပါယ်လေးပါး စသည်၌ ကျရောက်၍ အကျိုးမဲ့ဖြစ်ခြင်း အလို့ငှါသာလျှင် ဆင်းရဲဒုက္ခ များစွာတို့နှင့် တွေ့ကြုံခံစား၍ သွားရခြင်း အကျိုးငှါသာလျှင် ဖြစ်ချေ၏ ငါ့ရှင်။

အဇိတကေသကမ္ဗလ၏ ကြေက်စရာ ရုပ်ဝါဒကြီး ပြီး၏

---

## ပကုဓကစ္စာယန ဝါဒပြခဏ်း

ပုစ္ဆာ။ ။အထာပရမ္ပိ ပုစ္ဆာမိ၊ ပကုဓော ပန အာဝုသော ကစ္စာယနော ရညာ မာဂဓေန အဇာတသတ္တုနာ ဝေဒေဟိပုတ္တေန သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော ကထံ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ကေမိဒံ ဘန္တေ သမယံ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန ပကုဓော ကစ္စာယနော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပကုဓံ ကစ္စာယနံ သန္ဒိဋ္ဌိကံ သာမညဖလံ ပုစ္ဆိ၊ အထခေါ ဘန္တေ ပကုဓော ကစ္စာယနော ရာဇာနံ မာဂဓံ အဇာသတ္တုံ ဝေဒေဟိပုတ္တံ ဧတဒဝေါစ "သတ္တိမေ မဟာရာဇ ကာယာ အကဋာ အကဋဝိဓာ အနိမ္မိတာ အနိမ္မာတာ ဝဇ္ဈာ ကူဋဋ္ဌာ ဧသိကဋ္ဌာယိဋ္ဌိတာ၊ တေ န ဣဉ္ဇန္တိ၊ န ဝိပရိဏာမေန္တိ၊ န အညမညံ ဗျာဗာဓေန္တိ၊ နာလံ အညမညဿ သုခါယ ဝါ ဒုက္ခာယ ဝါ သုခဒုက္ခာယ ဝါ။ ကတမေ သတ္တ၊ ပထဝီကာယော၊ အာပေါကာယော၊ တေဇော-

http://www.dhammadownload.com



ကာယော၊ ဝါယောကာယော၊ သုခေါ၊ ဒုက္ခေါ၊ ဇီဝေ သတ္တမေ။ ဣမေ သတ္တကာယာ အကဋာ အကဋဝိဓာ အနိမ္မိတာ အနိမ္မာတာ ဝဥ္စျာ ကူဋဋ္ဌာ ဧသိကဋ္ဌာယိတာ၊ တေ န ဣဥ္ဇန္တိ၊ န ဝိပရိဏာမေန္တိ၊ န အညမညံ ဗျာဗာဓေန္တိ၊ နာလံ အည-မညဿ သုခါယ ဝါ ဒုက္ခာယ ဝါ သုခဒုက္ခာယ ဝါ။ တတ္ထ နတ္ထိ ဟန္တာ ဝါ ဃာတေတာ ဝါ၊ သောတာ ဝါ သာဝေတာ ဝါ၊ ဝိညာတာ ဝါ ဝိညာပေတာ ဝါ၊ ယော ပိ တိဏှေန သတ္ထေန သီသံ ဆိန္ဒတိ၊ န ကောစိ ကိဉ္စိ ဇီဝိတာ ဝေါရောပေတိ၊ သတ္တန္နံတွေဝ ကာယာနမန္တရေန သတ္ထံ ဝိဝရမနုပတတီ”တိ။ ဣတ္ထံ ခေါ ဘန္တေ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ပကုဓော ကစ္စာယနော သန္ဒိဋ္ဌိကံ သာမည-ဖလံ ပုဋ္ဌော သမာနော အညေန အညံ ဗျာကာသိ။

အမေး။ ။အဇိတကေသကမ္ဗလ၏ ဝါဒမှ အခြားတပါး ဖြစ်သော ဝါဒကိုလည်း မေးမြန်းဦးအံ့၊ **ပကုဓကစ္စာယန** မည်သော ဆရာကြီးသည်ကား သန္ဒိဋ္ဌိက သာမညဖလကို မေးမြန်းသောအခါ အဘယ်သို့လျှင် ဖြေကြားလိုက် ပါသနည်း ငါ့ရှင်။

အဖြေ။ ။အခါတပါးဝယ် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုယား၏သား အဇာတသတ် မင်းတရားသည် ကစ္စာယန အနွယ်၌ ဖြစ် သော **ပကုဓ** တိတ္ထိဆရာကြီး၏ အထံသို့ ချဉ်းကပ်ပြီးလျှင် မျက်မှောက်ပစ္စုပ္ပန် ဘဝ၌ ခံ စံရသည့် ရဟန်းပြုရခြင်း၏ အကျိုးတရားကို မေးလျှောက်ပါသည်၊ ထိုအခါ ကစ္စာယန အနွယ်၌ဖြစ်သော ပကုဓ တိတ္ထိဆရာကြီးသည် မဂဓတိုင်း ရှင် ဝေဒေဟီ မိဖုယား၏သား အဇာတသတ် မင်းတရားကို ဤသို့ ပြန်ကြား ဖြေဆိုပါသည်၊

“မြတ်သော မင်းကြီး တစုံတဦးမျှ ပြုလုပ်အပ်သည်မဟုတ်၊ တစုံတ ယောက်သော သူတို့သည် စီမံပိုင်သည်မဟုတ်၊ တစုံတယောက်သော သူသည် ဖန်ဆင်းအပ်သည် မဟုတ်၊ တစုံတခုကိုမျှလည်း မဖန်ဆင်းနိုင်တတ်၊ အခြား တပါးသော တရားတို့ကိုလည်း မပေါက်ဖွားစေတတ်၊ တောင်ထွဋ်ကဲ့သို့ အခါ ခပ်သိမ်း တည်တတ် တံခါးခုံ, တံခါးတိုင်ကဲ့သို့ အမြဲတစေ တည်တတ်၍ မတုန်မလှုပ် မဖောက်မပြန် အချင်းချင်း မညှဉ်းပန်းကြဘဲ အချင်းချင်းအား

http://www.dhammadownload.com



လည်း ချမ်းသာဘို့, ဆင်းရဲဘို့ကို မပြုပြင် မဖန်ဆင်းပေးနိုင်တဲ့ **ကာယ** ခေါ်သော **ကိုယ်** ခုနစ်ပါး ရှိကြပါသည်၊

ထို ကိုယ် ခေါ်သော ခုနစ်ပါးတို့မှာ....

(၁) ပထဝီ ခေါ်သော မြေဓာတ်ကိုယ်တပါး၊
(၂) အာပေါ ခေါ်သော ရေကိုယ်တပါး၊
(၃) တေဇော ခေါ်သော မီးကိုယ်တပါး၊
(၄) ဝါယော ခေါ်သော လေကိုယ်တပါး၊
(၅) ချမ်းသာခြင်း တည်းဟူသော ကိုယ်ကာယတပါး၊
(၆) ဆင်းရဲခြင်း တည်းဟူသော ကိုယ်ကာယတပါး၊
(၇) ခုနစ်ခုမြောက် အသက် ဝိညာဉ် တည်းဟူသော ကိုယ်ကာယ တပါး၊

ဤခုနစ်ပါးတို့ ဖြစ်ပါသည်၊ ထို ကိုယ်ကာယ ခုနစ်ပါးဝယ် ကိုယ်တိုင်သတ်ဖြတ်သော သူဟူ၍ရင်း သူတပါးတို့အား သတ်စေတတ်သော သူဟူ၍ရင်း ကိုယ်တိုင် နားထောင်သောသူ, သူတပါးတို့အား နားထောင် စေတတ်သော သူဟူ၍ရင်း ကိုယ်တိုင်သိ, သူတပါးတို့ကို သိစေသော သူဟူ၍ရင်း မရှိနိုင်၊

အကြင် ပုဂ္ဂိုလ်သည် ထက်လှစွာသော ဓားလက်နက်ဖြင့် သူတဦးတယောက်၏ ဦးခေါင်းကို ဖြတ်စေကာမူ တစုံတယောက်သော သူသည် တစုံတယောက်သော သူကို ဇီဝိတိန္ဒြေမှ ချသည်,သတ်ဖြတ်သည်, ပါဏာတိပါတ အမှုကို ပြုသည် မမည်ပါ၊ စင်စစ်မှာမူ ပဲစေ့ နှမ်းစေ့တို့၏ အကြားဝယ် တစုံတခုသော ဓားလက်နက်ကို ချလိုက်သောအခါ ထိုပဲစေ့ နှမ်းစေ့တို့၏ အကြား အပေါက်မှပင်လျှင် ဓားလက်နက်သည် ဆင်းသက်၍ သွားဘိသကဲ့သို့ ထို့အတူ ပထဝီကာယ,အာပေါကာယ,တေဇောကာယ, ဝါယောကာယ, သုခ, ဒုက္ခ, ဇီဝ တည်းဟူသော မတုန်မလှုပ် မပျက်စီးကောင်းတဲ့ ကာယ ခုနစ်ပါးတို့၏ အကြား အပေါက်မှသာလျှင် ခုတ်ဖြတ် ပစ်လွှတ် လိုက်အပ်သော ဓားလက်နက်သည် ဝင်၍ သွားခြင်း ဖြစ်ပါသည်” ဤသို့ ဖြေကြားခဲ့ပါသည်၊

ဤသို့လျှင် မဂဓတိုင်းရှင် ဝေဒေဟီ မိဖုယားမြ်သား အဇာတသတ်မင်းတရားအား ပကုဓကစ္စာယန အမည်ရသော တိတ္ထိဆရာကြီးသည် သရက်သီးကို

http://www.dhammadownload.com



မေးအပ်ပါလျက် တောင်ပိန္နဲကို ဖြေသောသူနှင့် အလားတူစွာ မျက်မှောက်ဘဝ ပစ္စုပ္ပန်ဝယ် ခံ စံရသော ရဟန်းပြုရခြင်း၏ အကျိုးတရားကို မေးမြန်းအပ်သည် ဖြစ်ပါလျက် အမေးတခြား အဖြေတပါး အဖျင်းဖျင်း စကားကိုသာလျှင် ဖြေကြား ပြောဆိုလိုက်ပါသည် အရှင်ဘုရား။

ပကုဓကစ္စာယန ဝါဒပြခဏ်း ပြီး၏

---

## ပကုဓကစ္စာယနဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး

အယမ္ပိ ခေါ အာဝုသော ဝါဒေါ ပုရိမဝါဒေါဝိယ နိဿိရိကောယေဝ အနတ္ထသံဟိတော ဇိဂုစ္ဆနီယော အတိဝိယ ဘယာနကော။

ဤ ပကုဓ ဆရာကြီး၏ ဝါဒသည်လည်း ရှေးရှေးသော ဆရာကြီးများ၏ ဝါဒများနှင့် အလားတူပင်လျှင် ကြက်သရေမဲ့သော ဝါဒသာလျှင် ဖြစ်ချေ၏ ငါ့ရှင်၊ ဤပကုဓ ဆရာကြီး၏ ဝါဒသည်လည်း စက်ဆုပ်ရွံရှာဘွယ် ကောင်းသော, အကျိုးမဲ့တွေကို ညွှန်ပြထားသော, အလွန်တရာ ကြောက်မက်ဘွယ် ကောင်းသော ဝါဒသာလျှင် ဖြစ်ချေသည် ငါ့ရှင်။

ပကုဓကစ္စာယနဝါဒ၏ ကြောက်စရာ့ အပြစ်ကြီး ပြီး၏

---

## နိဂဏ္ဌနာဋပုတ္တ ဝါဒပြခဏ်း

ပုစ္ဆာ။ ။အထာပရမ္ပိ ပုစ္ဆာမိ၊ နိဂဏ္ဌော ပနာဝုသော နာဋပုတ္တော ရညာ မာဂဓေန အဇာတသတ္တုနာ ဝေဒေဟိပုတ္တေန သန္ဒိဋ္ဌိကံ သာမည ဖလံ ပုဋ္ဌော ကထံ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ကေမိဒံ ဘန္တေ သမယံ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန နိဂဏ္ဌော နာဋပုတ္တော တေ နုပသံကမိ၊ ဥပသံကမိတွာ နိဂဏ္ဌံ နာဋပုတ္တံ သန္ဒိဋ္ဌိကံ သာမညဖလံ ပုစ္ဆိ၊ အထ ခေါ နိဂဏ္ဌော နာဋပုတ္တော ရာဇာနံ မာဂဓံ အဇာတသတ္တုံ ဝေဒေဟိပုတ္တံ တေဒဝေါစ၊ "ဣဓ မဟာရာဇ နိဂဏ္ဌော စာတုယာမသံဝရသံဝုတော ဟောတိ၊ ကထဉ္စ မဟာရာဇ

http://www.dhammadownload.com



နိဂဏ္ဌော စာတုယာမသံဝရသံဝုတော ဟောတိ၊ ကထဉ္စ မဟာရာဇ နိဂဏ္ဌော သဗ္ဗဝါရိဝါရိတော စ ဟောတိ၊ သဗ္ဗဝါရိယုတ္တော စ၊ သဗ္ဗဝါရိဓုတော စ၊ သဗ္ဗဝါရိဖုဋ္ဌော စ။ ဧဝံ ခေါ မဟာရာဇ နိဂဏ္ဌော စာတုယာမသံဝရသံဝုတော ဟောတိ၊ ယတော ခေါ မဟာရာဇ နိဂဏ္ဌော ဧဝံ စာတုယာမသံဝရသံဝုတော ဟောတိ။ အယံ ဝုစ္စတိ မဟာရာဇ နိဂဏ္ဌော ဂတတ္တော စ ယတတ္တော စ ဌိတတ္တော စာ”တိ။ ဣတ္ထံ ခေါ ဘန္တေ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ နိဂဏ္ဌော နာဋပုတ္တော သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော စာတုယာမသံဝရံ ဗျာကာသိ။

အမေး။ ။ပကုဓ ကစ္စာယန ဆရာကြီး၏ ဝါဒမှတပါး နာဋပုတ္တ အမည်ရှိသော နိဂဏ္ဌဆရာကြီး၏ ဝါဒကိုလည်း မေးမြန်းဦးအံ့၊ နာဋပုတ္တ အမည်ရှိသော နိဂဏ္ဌဆရာကြီးသည်ကား မျက်မှောက်ပစ္စုပ္ပန်၌ တွေ့ကြုံခံစားရသော ရဟန်းပြုရခြင်းအကျိုး သန္ဒိဋ္ဌိက သာမညဖလ ကို မေးသောအခါ အဘယ်သို့လျှင် ဖြေကြားလိုက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အခါတပါး မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းတရားသည် နာဋပုတ္တ အမည်ရှိသော အဝတ်မဆီး တိတ္ထိဆရာကြီး၏အထံသို့ သွားရောက်၍ မျက်မှောက်ပစ္စုပ္ပန်ဘဝဝယ် ခံစံရသော ရဟန်းပြုရခြင်း၏ အကျိုးကို မေးမြန်းပါသည်၊ ထိုအခါ နာဋပုတ္တ အမည်ရသော အဝတ်မဆီး တိတ္ထိဆရာကြီးက—

မြတ်သော မင်းကြီး....ဤလောကဝယ် အဝတ်မဆီး တိတ္ထိဂိုဏ်းဝင် ပုဂ္ဂိုလ်ဟူသမျှသည် လေးပါးသော အဘို့ အစုရှိသော စောင့်စည်းခြင်းဖြင့် စောင့်စည်းသည်ဖြစ်အံ့၊ ဘယ်ပုံ ဘယ်ပန်း စောင့်စည်းရသနည်းဟူမူကား—

(က) အလုံးစုံသော ရေအေးတို့ကို ကြဉ်ရှောင်ခြင်း၊

(ခ) အလုံးစုံသော မကောင်းမှုတို့ကို တားမြစ်ခြင်းနှင့်ယှဉ်ခြင်း၊

(ဂ) မကောင်းမှုတို့ကို တားမြစ်သောအားဖြင့် ခါတွက်ခြင်း၊

(ဃ) မကောင်းမှုတို့ကို တားမြစ်ခြင်းအားဖြင့် ပျံ့နှံ့ခြင်း၊

http://www.dhammadownload.com



ဤလေးပါးသော အဘို့အစုရှိသော စောင့်စည်းခြင်းနှင့် ပြည့်စုံ၏၊

မြတ်သော မင်းကြီး၊ အကြင် နိဂဏ္ဌခေါ်သော အဝတ်မဆီး တက္ကဒ္ဒန်း သည် ဆိုခဲ့ပြီးသော လေးပါးအဘို့ အစုရှိသော စောင့်စည်းခြင်းနှင့် ပြည့်စုံ၏၊ ဤနိဂဏ္ဌတက္ကဒ္ဒန်းကို အထွဋ်အထိပ်သို့ရောက်သော စိတ်နှလုံးရှိသူ, စောင့် စည်းအပ်သော စိတ်နှလုံးရှိသူ, ခိုင်ခံ့တည်တံ့သော စိတ်နှလုံးရှိသူဟူ၍ ပြောဆိုအပ်ပါသည် ဤသို့ဖြေကြားခဲ့ပါသည်၊

ဤသို့လျှင် မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်း တရားအား နာဋပုတ္တ အမည်ရသော အဝတ်မဆီး တိတ္ထိတက္ကဒ္ဒန်းဆရာကြီး သည် သရက်သီးကို မေးပါလျက် တောင်ပိန္နဲသီးကို ဖြေသောသူပမာ မျက် မှောက်ပစ္စုပ္ပန်ဘဝဝယ် ရဟန်းပြုရခြင်း အတွက် ခံစံရသော အကျိုးတရားကို မေးမြန်းအပ်သည်ဖြစ်ပါလျက် **စာတုယာမသံဝရ** ခေါ်သော သူ၏ **မိစ္ဆာ ပဋိပဒါ** အကျင့်စကားကိုသာလျှင် ဖြေကြားပြောဆိုလိုက်ပါသည် အရှင် ဘုရား။

နိဂဏ္ဌနာဋပုတ္တ ဝါဒပြခန်း ပြီး၏

---

## နိဂဏ္ဌဝါဒ စီစစ်ခြင်း

တေသာ ပနာဝုသော ဝါဒေ ကောစိ သာသနာနုလောမဝါဒေါ အတ္ထိ၊ အသုဒ္ဓလဒ္ဓိတာယ ပန သော ပိ ဝါဒေါ ဇိဂုစ္ဆနီယောယေဝ၊ သေယျထာပိ ဘောဇနံ ဂူထမိဿံ ဂါရယှောယေဝ အာရကာ ပရိဝဇ္ဇိ- တဗ္ဗော ယေဝ၊ သေယျထာပိ ဝိသသံသဋ္ဌော အာပါနီယကံသော။

ဤနိဂဏ္ဌနာဋပုတ္တ ဆရာကြီး၏ ဝါဒ၌ကား သာသနာတော်နှင့် သင့် လျော်သော, သာသနာတော်၌ သုံးစွဲသော ဝေါဟာရစကား အနည်းငယ် ပါရှိပေ၏၊ မကောင်းမှုဟူသော ဝေါဟာရ, မကောင်းမှုကို ပယ်ရမည် ဟူသော ဝေါဟာရစကား ပါရှိပေ၏၊ သို့သော်လည်း ထိုနိဂဏ္ဌဆရာကြီး၏ ဝါဒ၌ မကောင်းမှု ဟူသည်မှာ **ဗုဒ္ဓသာသနာ ဝါဒ**၌ မကောင်းမှုမျိုးချည်းမဟုတ်ချေ၊

(က) ရေအေးကိုပင် သတ္တဝါ ဟု အမှတ်ရှိ၍ ထိုရေအေးကို သုံးဆောင် လျှင်ပင် အကုသိုလ်ကံ, မကောင်းမှုဖြစ်၏ ဟု ယူဆလျက်ရှိ၏၊

http://www.dhammadownload.com



( ခ ) ထိုပြင် မကောင်းမှုကို ပယ်ရန် ဗုဒ္ဓသာသနာတော်၌ကဲ့သို့ **သီလ သမာဓိ** စသည်ဖြင့် ပယ်ရသည် မဟုတ်ဘဲ **အတ္တကိလမထာနုယောဂ** မိမိကိုယ်ကို ပင်ပန်းအောင် ပြုလုပ်ခြင်း, ကျင့်ခြင်းဖြင့် ပယ်ရမည် ဟု ဟောပြောလျက်ရှိ၏၊

ထိုသို့ မစင်ကြယ်သော အယူဝါဒဖြစ်သောကြောင့် ဤနိဂဏ္ဌဆရာကြီး၏ ဝါဒသည်လည်း ကြက်သရေမရှိသော, စက်ဆုပ်ရွံရှာဘွယ်ရှိသော, ကြောက်မက်ဘွယ်ကောင်းသော ဝါဒဆိုးကြီးသာလျှင် ဖြစ်ချေ၏၊ သည်ဝါဒသည် မစင်နှင့်ရောသော စားဖွယ်သောက်ဖွယ်ကဲ့သို့ စက်ဆုပ်ဘွယ်ကောင်းလှချေ၏၊ သည်ဝါဒသည် အဆိပ်နှင့်ရောသော ဖျော်ရည်ကဲ့သို့ မသောက် မသုံးထိုက်, ကဲ့ရဲ့ထိုက်သော, ဝေးဝေးမှ ရှောင်ကြဉ်ထိုက်, စွန့်ပစ်ထိုက်သော ဝါဒသာလျှင် ဖြစ်ချေ၏ ငါ့ရှင်။

နိဂဏ္ဌဝါဒ စိစစ်ခြင်း ပြီး၏

---

## သိဉ္စည်း ဝါဒပြဿနာ

ပုစ္ဆာ။ ။အထာပရမ္ပိ ပုစ္ဆာမိ၊ သဉ္စယော ပနာဝုသော ဗေလဋ္ဌပုတ္တော သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော ကထံ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ကေမိဒံ ဘန္တေ သမယံ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန သဉ္စယော ဗေလဋ္ဌပုတ္တော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ သဉ္စယံ ဗေလဋ္ဌပုတ္တံ ဧတဒဝေါစ၊ "ယထာ နု ခေါ ဣမာနိ ဘော သဉ္စယ ပုထုသိပ္ပါယတနာနိ၊ သေယျထိဒံ၊ ဟတ္ထာရောဟာ အဿာရောဟာ။ပ။ သက္ကာ နု ခေါ ဘော သဉ္စယ ဧဝမေဝ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညပေတု"န္တိ၊ ဧဝံ ဝုတ္တေ ဘန္တေ သဉ္စယော ဗေလဋ္ဌပုတ္တော ရာဇာနံ မာဂဓံ အဇာတသတ္တုံ ဝေဒေဟိပုတ္တံ ဧတဒဝေါစ၊

"အတ္ထိ ပရောလောကောတိ ဣတိ စေ မံ ပုစ္ဆသိ၊ အတ္ထိ ပရော လောကောတိ ဣတိ စေ မေ အဿ၊ အတ္ထိ ပရော-

http://www.dhammadownload.com



လောကောတိ ဣတိ တေ နံ ဗျာကရေယျံ၊ ဧဝန္တိ ပိ မေ နော၊ တထာတိ ပိ မေ နော၊ အညထာတိ ပိ မေ နော၊ နောတိ ပိ မေ နော၊ နော နောတိ ပိ မေ နော ။ပ။ နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာတိ ဣတိ စေ မံ ပုစ္ဆသိ၊ နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာတိ ဣတိ စေ မေ အဿ၊ နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာတိ ဣတိ တေ နံ ဗျာကရေယျံ၊ ဧဝန္တိ ပိ မေ နော၊ တထာတိ ပိ မေ နော၊ အညထာတိ ပိ မေ နော၊ နောတိ ပိ မေ နော၊ နော နောတိ ပိ မေ နော"တိ။ ဣတ္ထံ ခေါ ဘန္တေ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ သဉ္စယော ဗေလဋ္ဌ-ပုတ္တော သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော ဝိက္ခေပံ ဗျာကာသိ။

အမေး။ ။နိဂဏ္ဌ နာဋပုတ္တ ဆရာကြီး၏ ဝါဒမှ တခြားတပါးသော ဝါဒကိုလည်း မေးမြန်းဦးအံ့၊ သဥ္စယ **သိဥ္စည်း** ဆရာကြီးသည်ကား အဇာတသတ်မင်းက သန္ဒိဋ္ဌိက သာမညဖလကို မေးသောအခါ အဘယ်သို့လျှင် ဖြေကြားလိုက်ပါသနည်း ငါ့ရှင်။

အဖြေ။ ။အခါတပါး၌ အဇာတသတ် မင်းတရားသည် ဗေလဋ္ဌပုတ္တ ဖြစ်သော သိဥ္စည်းဆရာကြီးထံသို့ သွားရောက်၍ မျက်မှောက်ပစ္စုပ္ပန်ဘဝဝယ် ခံစံရသော ရဟန်းပြုခြင်း၏အကျိုးတရားကို မေးမြန်း လျှောက်ထားခဲ့ပါသည်၊

ထိုအခါ သိဥ္စည်းဆရာကြီးသည် "တမလွန်လောက ရှိသလား ဟု အကယ်၍ ငါ့ကို မေးသည်ဖြစ်အံ့၊ တမလွန်လောက ရှိသည်ဟူ၍ ငါအယူရှိပါမူ တမလွန်လောက ရှိသည်ဟူ၍ပင် ဖြေကြားပါအံ့၊ ဤသို့ ရှိသည် ဟူ၍လည်း ငါ့မှာ အယူမရှိ၊

ထိုသို့သော အခြင်းအရာအားဖြင့် မြဲ၏ ဟူ၍လည်း ငါ့မှာ အယူမရှိ၊

တချို့မြဲ, တချို့မမြဲ ဟူ၍လည်း ငါ၏ အယူမရှိ၊

ပြတ်သည် ဟူ၍လည်း ငါ၏ အယူမရှိ၊

http://www.dhammadownload.com



သတ္တဝါသည် စုတိမှ နောက်ကာလ၀ယ် ဖြစ်သည်လည်းရှိသည် မဖြစ်သည်လည်း ရှိသည် ဟု **တက္ကီ** အကြံသမားတို့ ဝါဒမျိုးလည်း ငါ့ဝယ်မရှိ၊

ဤနည်းဖြင့်သာလျှင် မဂဓတိုင်းကို အစိုးရသော ဝေဒေဟီ မိဖုယား၏ သား အဇာတသတ် မင်းတရားအား သိဥ္စည်း ဆရာကြီးသည် မျက်မှောက် ပစ္စုပ္ပန်ဘဝ၀ယ် ရဟန်းပြုရခြင်း၏ အကျိုးတရားကို မေးမြန်းအပ်သည်ဖြစ်ပါ လျက် သာသနာတော် ပြင်ပဝယ် **အမရာဝိက္ခေပ** အမည်ရသော ငါးကဲ့သို့ ဖမ်း၍မရ, စမ်း၍မရသည့် **'ဝိက္ခေပ'** ဝါဒတည်းဟူသော မိမိ၏ မိစ္ဆာအယူဝါဒ စကားကိုသာလျှင် ပြောကြား ဖြေဆိုလိုက်ပါသည် အရှင်ဘုရား။

သိဥ္စည်း ဝါဒပြခဏ်း ပြီး၏

---

## တိတ္ထိအယူဝါဒ ခြောက်မျိုးလုံး အခြေအနေ

သမ္ဗေ ပိ အာဝုသော ဓေတေ ဆန္န သတ္ထာရာနံ ဝါဒါ နိဿိရိကာယေဝ ဇိဂုစ္ဆနီယာယေဝ အနတ္ထသံဟိတာယေဝ၊ ဗာလာနံ ဘိယျောသော မတ္တာယ သမ္မောဟာယ သံဝတ္တန္တိ အနတ္ထာယ။

ဤခြောက်ဦးသော တိတ္ထိဆရာကြီးတို့၏ ဝါဒ အားလုံးပင်လျှင် အကျိုး မဲ့ကို ညွှန်ပြသော ဝါဒကြီးများသာ ဖြစ်၍ ကြက်သရေ ကင်းမဲ့သော ဝါဒများ သာဖြစ်ချေသည် ငါ့ရှင်၊ ကြောက်မက်ဘွယ် ကောင်းသော ဝါဒများသာ ဖြစ် ချေသည်၊ သည်ဝါဒတို့ကို အကြောင်းပြု၍ မိမိပင်ကိုယ်ရင်းကပင် အသိ အလိမ်မာ မရှိကြသော သတ္တဝါအပေါင်းတို့သည် မိမိတို့ မသိသည့်အတိုင်းပင် မသိသော ဆရာကြီးတို့က ပြောသော ဝါဒကို ဟုတ်လိမ့်မည်ဟု ထင်မှတ်ကုန် ရာ၏၊

ဥပမာအားဖြင့် အမိဝမ်းတွင်းကပင် မျက်စိမမြင်ခဲ့သော လူတယောက် က အမိဝမ်းတွင်းကပင် မျက်စိမမြင်ခဲ့သော လူအများတို့အား "သင်တို့သည် ငါပြောသော စကားကို ယုံကြကုန်၊ ငါလည်း အဆင်းကို မမြင်ရ၊ ဖြူသည် နီသည် ဝါသည်ဟူ၍ ငါသည် အဆင်းကို မမြင်ရ၊ သင်တို့လည်းမမြင်ရ သူ တပါးတို့မြင်သည်ဆိုသည်မှာလည်း သင်တို့၏ကိုယ်တွေ့နှင့် ချင့်ချိန်ပြီး သကာ

http://www.dhammadownload.com



လ ယုံကြကုန်လော့” စသည်ဖြင့် ပြောခဲ့သည်ရှိသော် မျက်စိမမြင်သော ထိုပုဂ္ဂိုလ် အပေါင်းတို့က ဒိုဆရာကြီး ပြောသောစကား ဟုတ်ကောင်း ဟုတ် ပေလိမ့်မည် ဟု ယုံကြည်ကုန်လေရာ၏၊

ဤသို့လျှင် မသိမလိမ်မာရင်း ရှိနေပြီးသော လောကလူအများတို့အား မသိ မလိမ်မာသော ဆရာကြီးတို့က တီထွင်လိုက်သော ဝါဒသည် အလွန့် အလွန်တေဝေ မိုက်မဲရန် အလို့ငှါသာလျှင် ဖြစ်ကုန်၏၊ အကျိုးမဲ့ ဖြစ်ပွါး ရန်သာလျှင်ဖြစ်ချေ၏ ငါ့ရှင်။

အဇ္ဇ ပန အာဝုသော ကာလော အတိက္ကန္တော၊ သွေယေဝ ဘဂဝတာ ဝုတ္တံ ပဏီတံ ပသဋ္ဌံ သန္ဒိဋ္ဌိကဖလံ ပုစ္ဆာမ။

ယနေ့ အခါကာလသည်ကား အချိန်ကာလ ကုန်လွန်၍ သွားခဲ့ချေပြီ၊ နက်ဖြန်ခါ အချိန်ကျမှသာလျှင် မြတ်စွာဘုရား ဟောကြား အပ်သော မွန် မြတ်သော, ခြီးမွမ်းဘွယ် ကောင်းသော, အကျိုးများစွာ ဖြစ်ထွန်းနိုင်သော, ရဟန်း ပြုရခြင်း၏ မျက်မှောက် ကိုယ်တွေ့ သိနိုင်သော ရဟန်းပြုရခြင်း၏ အကျိုးများကို မေးမြန်းပေအံ့။

တိတ္ထိအယူဝါဒ ခြောက်မျိုးလုံး အခြေအနေ ပြီး၏

---

## မျက်မှောက် ရဟန်းပြုကျိုးများကို ဟောကြားတော်မူခြင်း

ပုစ္ဆာ။ ။ပုရိမဒိဝသေသု အာဝုသော သာမညဖလသုတ္တဿ ပုဗ္ဗဘာဂေ ယာဝ ဆသတ္ထာရမိစ္ဆာဝါဒပရိယောသာနံ ပုစ္ဆနဝိဿဇ္ဇနံ အမှေဟိ ကတံ၊ အဇ္ဇ ပန ယထာနုပ္ပတ္တံ ဘဂဝတာ ဒေသိတသာမညဖလ- သုတ္တာဓိကာရေ ပုစ္ဆာဝိဿဇ္ဇနံ ကရိဿာမ။ ဘဂဝါ ပန အာဝုသော ရညော မာဂဓေန အဇာတသတ္တုနာ ဝေဒေဟိပုတ္တေန သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော ကထံ ဗျာကာသိ။

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ တိဓာ ဝိဘဇိတွာ ရညော မာဂဓဿ အဇာတ- သတ္တုဿ ဝေဒေဟိပုတ္တဿ သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော ဗျာကာသိ။

http://www.dhammadownload.com



အမေး။ ။လွန်ခဲ့သော ဒုတိယ, တတိယ နေ့များက သာမညဖလ သုတ်၏ ရှေ့ပိုင်း၌ ခြောက်ဦးသော တိတ္ထိဆရာကြီးတို့၏ မိစ္ဆာဝါဒ ပြီးဆုံးသည် တိုင်အောင် မေးခြင်း ဖြေခြင်း, အမှုကို ငါတို့ ပြုခဲ့ကြပြီ၊ ယနေ့အဘို့၌ကား အစဉ်ရောက်သည် အားလျော်စွာ မြတ်စွာဘုရားသခင် ဟောကြားတော် မူအပ်သော **သာမညဖလ** အရာဌာန၌ မေးခြင်း ဖြေခြင်း အမှုကို ပြုကုန်အံ့။

ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညုဘုရားရှင်သည်ကား မဂဓတိုင်းရှင် ဝေဒေဟီ မိဖုယား၏သား အဇာတသတ်မင်းအား မျက်မှောက်ဒိဋ္ဌ ကိုယ်တိုင် တွေ့ကြုံရသော ရဟန်းပြုရခြင်း၏ အကျိုး 'သာမညဖလ'ကို မေးသောအခါ အဘယ်သို့လျှင် ဖြေကြားတော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပဌမ ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရရှိပုံ၊ ဒုတိယ ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံ၊ တတိယမြောက်၌ ထို့ထက်အလွန်တရာ နှစ်သက်ဘွယ်လည်း ရှိသော, အလွန်တရာ မွန်မြတ်လှ သည်လည်း ဖြစ်သော ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံ၊ ဤသို့ အစုအပုံအားဖြင့် သုံးပုံ သုံးစု ပြတော်မူလျက် မဂဓတိုင်းရှင် ဘုရင် အဇာ တသတ်မင်းတရားအား မျက်မှောက်ဘဝ ရဟန်းပြုရခြင်း၏ အကျိုးရပုံကို ထင်ရှားစွာ ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

---

## ပဌမ ရဟန်းပြုကျိုး
## (ကျွန်ယောကျ်ား ဥပမာ)

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုနော၊ ဝေဒေဟိပုတ္တဿ ပဌမံ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။ဒါသံ ဘန္တေ ပဗ္ဗဇိတံ ဥပမာဘာဝေန နိဒ္ဒိသိတွာ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ဘဂဝါ ပဌမံ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ။

အမေး။ ။ဘုန်းတော် ခြောက်ပါးသခင် မြတ်စွာဘုရားရှင်သည်အဇာ တသတ် မင်းတရားက ရဟန်းပြုရခြင်း၏ မျက်မှောက် တွေ့ကြုံရသော သန္ဒိဋ္ဌိက

http://www.dhammadownload.com



သာမညဖလ အကျိုးကို မေးသောအခါ သုံးပါးသော အဘိုအားဖြင့် ဝေဘန်၍ ဖြေကြားသည်ဟု ငါ့ရှင်ဆို၏၊ ထိုသုံးပါးသောအဘို အစုတို့တွင် ပဌမ ရှေးဦး စွာသော သန္ဒိဋ္ဌိက သာမညဖလကို အဘယ်သို့လျှင် ဟောကြားတော် မူပါ သနည်း ငါ့ရှင်။

အဖြေ။ ။ပဌမ ရှေးဦးစွာသော သန္ဒိဋ္ဌိက သာမညဖလကို ရဟန်း ပြုသော ကျွန်ယောကျ်ား ဥပမာဖြင့် သဗ္ဗညုမြတ်စွာဘုရားဟောကြားတော် မူအပ်ပါသည်၊ အနည်းငယ်မျှ လျှောက်ထားပါရစေဘုရား၊

အဇာတသတ် မင်းတရားသည် ရှေးနေ့မျှားက လျှောက်ထားခဲ့သည့် အတိုင်း တိတ္ထိဆရာကြီးတို့အထံ မိမိ၏ မေးခဲ့ရင်း, တိတ္ထိဆရာကြီးတို့က ဖြေခဲ့ရင်းတို့ကို ပြည့်စုံစွာ လျှောက်ကြားပြီးသည်၏ အဆုံး၌—

သောဟံ ဘန္တေ ဘဂဝန္တမ္ပိ ပုစ္ဆာမိ၊ ယထာ နု ခေါ ဣမာနိ ဘန္တေ ပုထုသိပ္ပါယတနာနိ သေယျထိဒံ ။ပ။ သက္ကာ နု ခေါ ဘန္တေ ဧဝ မေဝ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညပေတုံ အစရှိသည်ဖြင့်—

မြတ်စွာဘုရား.... တပည့်တော်သည် ဘုန်းတော် ခြောက်ပါး သခင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကိုလည်း မျက်မှောက် ပစ္စုပ္ပန်ဘဝဝယ် ရဟန်းပြုရခြင်း၏ အကျိုးတရားကို မေးလျှောက်ပါသည်၊

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ဤလောကဝယ် ဆင်အတတ်, မြင်းအတတ်, ရထားအတတ် စသည်ကို တတ် ကျွမ်းသော သူတို့သည် ထိုမိမိတို့ တတ်ကျွမ်းသော ဆင်အတတ်, မြင်းအတတ်, ရထားအတတ် စသည်၏ မျက်မှောက်ဘဝ အကျိုးရပုံကို ဒိဋ္ဌထင်ထင် တွေ့မြင် ရဘိသကဲ့သို့ ထို့အတူ ရှင်တော်ဘုရား၏ သာသနာတော်ဝယ် ရဟန်းပြုကြ သော အမျိုးကောင်းသားတို့၏ ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးရပုံကို ရှင်တော်ဘုရားသည် ထင်ရှားစွာ ဟောကြားပြသနိုင်ပါသလော? ဟု မေး လျှောက်ပါသည်၊

ထိုအခါ မြတ်စွာဘုရားက 'သက္ကာ မဟာရာဇ တေန ဟိ မဟာရာဇ တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ' အစရှိသည်ဖြင့်—

http://www.dhammadownload.com



စွမ်းနိုင်ပါသည် မဟာရာဇာ၊ သို့တပြီးကား မဟာရာဇာ သင့်အားပင် ဤနေရာ၌ ပြန်လည်၍ မေးမြန်းပါမည်၊ အသင် နှစ်သက်သလို ဖြေဆိုနိုင်ခွင့် ရှိပါသည်၊

ဤလောကဝယ် သင် မင်းတရား၏ ကျွန်ယောကျာ်းတယောက်သည် ရှိသည်ဆိုကြပါစို့.... ထိုကျွန်ယောကျာ်းသည် အသင် မင်းတရား၏ အမှုကြီးငယ် ခပ်သိမ်းကိုလည်း ပြုလုပ်တတ်ပါပေ၏၊ အရှင်မလာမီ ရှေးဦးစွာ ထ-လေ့ရှိခြင်းအရှင်၏နောက်မှ အိပ်လေ့ရှိခြင်း အဘယ်အမှုကို ပြုရအံ့နည်း ဟု အမြဲတစေ ငံ့လင့်နေခြင်း အသင်မင်းတရား နှစ်သက်သည်ကို ပြောကြားလေ့ရှိခြင်း အမြဲတစေ အသင်မင်းတရား၏ မျက်နှာကိုသာ မော်၍ ကြည့်လေ့ရှိခြင်း ဤသို့ စသည့် များစွာသော ကျွန်၏အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံသည် ဆိုပါစို့....၊

ထိုကျွန်ယောကျာ်းအား ဤသို့သော အကြံအစည်သည် ဖြစ်လေရာ၏၊ အဘယ်သို့ ဖြစ်ရာသနည်းဟူမူကား "မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား ဤအဇာတသတ်မင်းတရားသည်လည်း လူသားစင်စစ်ပါပေတည်း၊ ငါသည်လည်း လူသား စင်စစ်ပါပေ၊ သို့ပင်တစေ လူသားချင်းပင် တူကြချေသော်လည်း မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား ဤအဇာတသတ်မင်းတရားမှာမူ နတ်မင်းပမာ အာရုံငါးဖြာတို့ဖြင့် တင့်တယ်စံပယ်စွာ နေနိုင်ပါပေ၏၊ ငါတမူကား အမြဲတစေ မဂဓမင်းတရား၏ ခပ်သိမ်းသော အမှုတို့ကို ပြုလုပ်ရ, ရှေးဦးစွာထရ,နောက်မှအိပ်ရ,မျက်နှာကို အမြဲတစေမော်၍ကြည့်ရသည့် **ဒါသစာရင်းဝင်** ကျွန်တယောက် ဖြစ်၍ နေပါချေသည်၊ ကောင်းမှု ကုသိုလ်တို့၏ ဖြစ်ပုံ,ကောင်းမှု ကုသိုလ်တို့၏ အကျိုးတရားကား အံ့ဩဘွယ်ရှိပါပေစွ....၊ ငါသည်လည်း ကောင်းမှုကုသိုလ်ကို ပြုပါမူ ထိုအဇာတသတ်မင်းတရားကဲ့သို့ပင် ဖြစ်လေရာသည်၊ ငါ့မှာမူ **မဟာဒါန** ပြုလုပ်ရန် စည်းစိမ်ဥစ္စာဟူ၍ မှုံမျှမရှိခဲ့ချေ၊ ထိုငါသည် ဖန့်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံ၍ ဆံမုတ်ဆိတ်တို့ကို ပယ်ရှားပြီးလျှင် ရဟန်းပြုရမူ ကောင်းလေစွ" ဟု အကြံဖြစ်ပါသည်၊

ထိုကျွန်ယောကျာ်းသည် တပါးသော အခါ၌ ဆံမုတ်ဆိတ်ကိုပယ်၍ ဖန့်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံဆင်မြန်းပြီးလျှင် ရဟန်းပြုလေရာ၏၊ ထိုရဟန်းသည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ တည်းဟူသော သုံးဒွါရတို့ဝယ် အကုသိုလ်တရားတို့ မဝင်ရောက် မနှိပ်စက် မဖျက်ဆီးနိုင်အောင် သတိနှင့်

http://www.dhammadownload.com



စောင့်ဆောင်လေ့ရှိပါပေ၏၊ စားလောက်ရုံ, ဝတ်ရုံလောက်မျှသော အဝတ် အစား အတိုင်းအရှည်ရှိ၍ ရောင့်ရဲတင်းတိမ်ခြင်းနှင့်လည်း ပြည့်စုံပေ၏၊ အာရုံငါးပါး၏ ဆိတ်ရာတည်းဟူသော ကာယဝိဝေက, စိတ်၏ နီဝရဏ တို့ ဆိတ်ခြင်းတည်းဟူသော စိတ္တဝိဝေက, ဥပဓိ လေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေက ဤဝိဝေကတရား သုံးပါး၌ မွေ့လျော် သည် ဖြစ်ရာ၏၊

ထိုကဲ့သို့ ကျွန်ယောကျ်ား ရဟန်းပြုသည်ကို အသင် မင်းတရား၏ မင်း ချင်း ယောကျ်ားတို့သည် အသင် မင်းတရားအား "အရှင်မင်းကြီး စဉ်းစား တော်မူပါ၊ ဤမည် ဤမည်သော ယောကျ်ားသည် သာသနာ့ဝန်ထမ်း ရဟန်း ပြု၍ နေပြီးလျှင် ကာယကံ, ဝစီကံ, မနောကံတို့ကို သုတ်သင် စင်ကြယ်စေ၍ နေပါသည်၊ စားလောက်ရုံ, ဝတ်လောက်ရုံ ပမာဏရှိသော အဝတ် အစားတို့ ဖြင့် တင်းတိမ် ရောင့်ရဲ၍ နေပါပေသည်၊ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိ ဝိဝေက တည်းဟူသော ဝိဝေက တရားသုံးပါး၌ မွေ့လျော်ပျော်ပါး၍ နေပါပေ သည် အရှင်မင်းကြီး.... ထိုကျွန်ယောကျ်ားကို စဉ်းစားတော် မူပါ" ဟု လျှောက်ထားခဲ့သည် ရှိသော်....

အသင်မင်းကြီးသည် ထိုရဟန်းပြုသော ကျွန်ယောကျ်ားကို "အိုအချင်း တို့၊ ထိုရဟန်းသည် တဖန်နောက်ထပ် ငါ့ထံသို့ ပြန်လာချေ၊ ရှေးနည်းအတူ ကျွန်အမှုကို ထမ်းစေ" ဟု အရှင်မင်းကြီးသည် ပြောကြားဦးမှာလား? ဟု မေးမြန်းတော် မူပါသည်၊

ထိုအခါ အဇာတသတ် မင်းတရားက "ထိုသို့ ကျွန်ယောကျ်ား တဖန် ဖြစ်ဘို့ရန် တပည့်တော် မိန့်ကြားမည် မဟုတ်ပါ၊ စင်စစ်မှာမူ တပည့်တော်တို့ ကပင် ထိုကျွန်ဘဝမှ ရဟန်းပြုသော ရဟန်းတော်ကို ရှိလည်းခိုးရပါမည်၊ ခရီး ဦးကြိုဆိုလည်း ကြိုဆိုရပါမည်၊ နေရာထိုင်ခင်းဖြင့်လည်း ဘိတ်ကြားရပါမည်၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့်လည်း ဘိတ်ကြားရ ပါမည်" ဤသို့ လျှောက်ထားပါသည်၊

ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် မဟာရာဇ.... ယခုငါဘုရား မေး လတ္တံ့သော စကားကို သင် ဘယ်သို့ အောက်မေ့ မှတ်ထင်သနည်း ထိုသို့ဖြစ် လျှင် ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးရပုံသည် ရှိသည်လော ? မရှိသည် လော....?

http://www.dhammadownload.com



မြတ်စွာဘုရား.... စင်စစ်လျှင် ထိုသို့ ဖြစ်ပါမူကား ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးတရားသည် ဖြစ်နိုင်ပါသည် ဟု လျှောက်ထားပါသည်၊

ဤသို့လျှင် ရဟန်းပြုသော ကျွန်ယောကျ်ား ဥပမာဖြင့် သဗ္ဗညုမြတ်စွာ ဘုရားသည် ဝေဒေဟီ မိဖုယား၏သား မဂဓတိုင်းရှင် ဘုရင် အဇာတသတ် မင်းတရားအား ရှေးဦးစွာ ရဟန်းပြုရခြင်း၏ "ဒိဋ္ဌဓမ္မ" အကျိုးရပုံကို ဖြေကြား တော် မူခဲ့ပါသည် အရှင်ဘုရား။

ပဌမ ရဟန်းပြုကျိုး ကျွန်ယောကျ်ားဥပမာဖြင့်ပြခြင်း ပြီး၏

---

## ပဌမ ရဟန်းပြုကျိုးကို ကောင်းခြီးထောမနာ ပြုခြင်း

အစ္ဆရိယံ အာဝုသော အဗ္ဘုတံ အာဝုသော၊ ယာဝ သွာခါတာယ ဗုဒ္ဓသာသနဿ မဟိဒ္ဓိကတာ မဟာနုဘာဝတာ၊ ယတြဟိ နာမ ဒါသော ပိ နိဟီနဇစ္စော ဇဝံ သွာခါတေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ အတ္တာနော ဣဿရဘူတေန ရညာ ပိ ဝန္ဒနီယတ္တံ ဂရုကရဏီယတ္တံ ပါပုဏိဿတိ၊ သုပညတ္တမေတံ ဘဂဝတာ ပဌမံ သန္ဒိဋ္ဌိကဖလံ။

အံ့ဩဘွယ် ကောင်းပါပေစွ ငါ့ရှင်၊ မဖြစ်စဘူး ထူးကဲလှပါပေစွငါ့ရှင်၊ ကောင်းမွန်စွာ ဟောကြားအပ်သော မြတ်စွာဘုရား၏ သာသနာတော် တန်ခိုး အာနုဘော် ကြီးမားသည့်အဖြစ်သည် အံ့ဩဘွယ် ရှိပါပေစွ ငါ့ရှင်၊ အဘယ်ကြောင့်ဆိုသော် အင်မတန် အမျိုးဇာတ် နိမ့်ကျလျက်ရှိသော ကျွန် ယောကျ်ားဖြစ်သော သူပင်သော်လည်း ဤသို့ သွာခါတ ဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်၍ ရဟန်း ပြုခဲ့သည်ရှိသော် မိမိ၏ အရှင်သခင်ဖြစ်သော **သက်ဦးဆံပိုင်** ဘုရင်မင်းမြတ်က သော်မှလည်း ရှိခိုးအပ်သည်အဖြစ် ရှိခိုးထိုက်သည် အဖြစ်သို့ ရောက်တုံလေ၏၊ အရိုအသေ အလေးအမြတ် ပြုအပ်သည် အဖြစ်သို့ ရောက်တုံလေ၏၊ သို့ဖြစ်၍ အံ့ဩဘွယ် ရှိပါပေစွ၊ သို့ဖြစ်၍ မြတ်စွာဘုရားသခင်သည် ရဟန်းပြုရခြင်း၏ မျက်မှောက် ဘဝ၌ ကိုယ်တိုင် တွေ့ကြုံရသော ဤ "ပဌမသန္ဒိဋ္ဌိကဖလ" ကို ပညတ် ဟော ကြားတော် မူသည်မှာ ကောင်းစွာ ပညတ် ဟောကြားခြင်း ဖြစ်ပါပေသည် ငါ့ရှင်။

ပဌမ ရဟန်းပြုကျိုးကို ကောင်းခြီးထောမနာပြုခြင်း ပြီး၏

http://www.dhammadownload.com



## ဒုတိယ ရဟန်းပြုကျိုး
## (လယ်သမား ဥပမာ)

ပုစ္ဆာ॥ ॥ကထံ ပနာဝုသော ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုနော ဝေဒေဟိပုတ္တဿ ဒုတိယံ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ॥

ဝိဿဇ္ဇနာ॥ ॥ကဿကံ ဘန္တေ ပဗ္ဗဇိတံ ဥပမာဘာဝေန ဒဿေတွာ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ॥

အမေး॥ ॥ဒုတိယ ဖြစ်သော သန္ဒိဋ္ဌိက သာမညဖလ အကျိုးကိုကား မြတ်စွာဘုရားသည် အဇာတသတ် မင်းတရားအား အဘယ်ကဲ့သို့ ဟောကြားတော် မူပါသနည်း ငါ့ရှင်॥

အဖြေ॥ ॥ဒုတိယ ဖြစ်သော သန္ဒိဋ္ဌိက သာမညဖလ အကျိုးတရားကို ရဟန်းပြုသော လယ်သမား ဥပမာဖြင့် သဗ္ဗညု မြတ်စွာဘုရားသည် အဇာတသတ် မင်းတရားအား ဟောကြားတော် မူခဲ့ပါသည်၊ အနည်းငယ်မျှ ဖွင့်ပြလျှောက်ထား ပါရစေဘုရား॥

သဗ္ဗညုမြတ်စွာဘုရားသည် အဇာတသတ်မင်းတရားကို ဤသို့ မိန့်ကြားတော်မူပါသည်၊

မြတ်သောမင်းကြီး.... ဤလောကဝယ် သင်၏လယ်သမားတယောက် ရှိသည်ဆိုပါစို့.... ထိုလယ်သမားသည် သင်၏အခွန်အထုပ်ကို နှစ်စဉ်နှစ်တိုင်း တိုးပွါးစေတတ်သည်ဆိုပါစို့.... ထိုလယ်သမားအား ဤသို့အကြံဖြစ်သည် ဆိုပါစို့၊ အဘယ်သို့အကြံဖြစ်သနည်းဟူမူကား "မဂဓတိုင်းရှင်ဝေဒေဟီမိဖုယား၏သား ဤအဇာတသတ်မင်းတရားသည်လည်း လူသားစင်စစ်ပါပေ၊ ငါသည်လည်း လူသားစင်စစ်ပါပေ၊ အထူးအားဖြင့် ကောင်းမှုကုသိုလ်တို့၏ ဖြစ်ပုံအကျိုးဆက် ကောင်းမှုကုသိုလ်တို့၏ ဖြစ်ပုံအလားကား ဆန်းပြားအံ့ဩဘွယ် ရှိပါပေစွ၊

မဂဓတိုင်းရှင် ဝေဒေဟီမိဖုယား၏သား အဇာတသတ်မင်းတရားသည် နတ်သားတမျှ ငါးဝအာရုံ ကာမဂုဏ်တို့နှင့် တင့်တယ်ပြည့်စုံစွာ စံပယ်၍ နေနိုင်ပါပေ၏၊ ငါတမူကား ထိုအဇာတသတ်မင်းတရား၏ အစီးအပွါးကို တိုး

http://www.dhammadownload.com



ပွါးအောင် ရှက်ဆောင်အားထုတ် ကြိုးကုတ်ရသည့် လယ်သမားတယောက် သာလျှင် ဖြစ်၍နေပါသည်၊ ငါတမူလည်း ကောင်းမှုကုသိုလ်ကို ပြုလုပ်ပါမူ ထိုအဇာတသတ်မင်းတရားကဲ့သို့ပင် ငါးပါးအာရုံ ကာမဂုဏ်တို့နှင့် ပြည့်စုံနိုင်သည် ဖြစ်ရာလေ၏၊ ငါ့မှာမူ **မဟာဒါန** ပြုလုပ်ရန် စီးပွါးဥစ္စာ မရှိဖြစ်ချေသည်၊ ထိုငါသည် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် ဖန်ရည်ဆင်မြန်း ရဟန်းပြုရပါမူ ကောင်းလေစွဟု အကြံဖြစ်ပါသည်၊

ထိုလယ်သမားသည် နောက်အခါဝယ် အနည်းငယ်မျှသော စည်းစိမ်ချမ်းသာကိုင်း များစွာသော စည်းစိမ်ချမ်းသာကိုင်း အနည်းငယ်သော ဆွေဝန်း မျိုးဝန်းကိုင်း များစွာသော ဆွေဝန်း မျိုးဝန်းကိုင်း စွန့်ပယ်ပြီးလျှင် ဆံမုတ်ဆိတ်ကိုပယ်ချ၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် ရဟန်းပြုသည်ဆိုပါစို့....၊

သို့ရဟန်းပြုပြီးသောအခါ ထိုလယ်သမားရဟန်းတော် အရှင်သူမြတ်သည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ တည်းဟူသော သုံးဒွါရဝယ် အကုသိုလ်ခိုးသားတို့ ဝင်ရောက် နှိပ်စက်မဖျက်စီးနိုင်ရန် သတိနှင့် စောင့်စည်းလျက်နေသည်ဖြစ်ပါ၏၊ စားလောက်ရုံ, ဝတ်လောက်ရုံအဝတ်အစားတို့ဖြင့် ရောင့်ရဲတင်းတိမ်၍ နေပါပေ၏၊ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက တည်းဟူသော ဝိဝေကသုံးပါး၌ ရဟန်းတို့၏ ချမ်းသာတရားဖြင့် မွေ့လျော်ပျော်ပိုက်၍ နေပါပေ၏၊

ထိုလယ်သမားရဟန်းကို သင်၏မင်းချင်းယောကျ်ားတို့သည် တွေ့မြင်သောအခါ သင်မင်းတရားအား "အရှင်မင်းကြီးစဉ်းစားတော်မူပါ ဤမည်ဤမည်သော လယ်သမားသည်၊ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံပြီးလျှင် ရဟန်းပြု၍ နေပါသည်၊ ထိုရဟန်းသည် ကာယ, ဝစီ, မနော တည်းဟူသော သုံးဒွါရဝယ် စောင့်စည်း၍ နေပါသည်၊ မွန်မြတ်သော သန္တုဋ္ဌိတရားဖြင့်လည်း ရောင့်ရဲ၍ နေပါသည် သုံးပါးသော ဝိဝေက၌လည်း မွေ့လျော်၍ နေပါပေသည်" ဟု လျှောက်ထားသည်ရှိသော် အသင်မင်းတရားသည် "အိုအချင်းတို့၊ ထိုလယ်သမားသည် တဖန်ငါ့ထံမှောက်သို့ ပြန်ရောက်လာပစေ၊ ရှေးနည်းအတူပင် ငါ၏ အစီးအပွါး တိုးပွါးရာ တိုးပွါးကြောင်း ရှက်ဆောင်သည့် လယ်သမားပင် ဖြစ်စေ" ဟု အသင်မင်းတရား အမိန့်တော်များမှတ်သားမှာလား ? ဟု မေးမြန်းတော်မူပါသည်၊

http://www.dhammadownload.com



ထိုအခါ အဇာတသတ် မင်းတရားသည် "နေ့ာပေဟတံဘန္တေ" ထိုသို့ အမိန့်တော်မှတ်ပါဘုရား၊ စင်စစ်မှာမူ တပည့်တော်တို့ပင် ထိုလယ်သမားရဟန်းတော် အရှင်သူမြတ်ကို ရှိလည်းခိုးကြရပါမည်ဘုရား၊ ခရီးဦးကြိုဆိုလည်း ကြိုဆိုကြရပါမည်ဘုရား၊ နေရာဖြင့်လည်း ပင့်ဘိတ်ကြရပါမည်ဘုရား၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ဖြင့် နှုတ်ဖြင့်ရင်း ကိုယ်ဖြင့်ရင်း ဘိတ်ကြားရပါမည်ဘုရား " ဟု လျှောက်ကြားပါသည်၊

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက "အသင်မင်းတရား....ယခုငါဘုရား မေးမြန်းမည့်စကားကို အသင်မင်းတရား မည်သို့သဘောကျသနည်း၊ ထိုသို့ ဖြစ်ပါမူ ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ ခံစားရသော အကျိုးတရားသည် ရှိပါသလော? မရှိပါသလော? ဟု မေးမြန်းတော်မူပါသည်၊

"ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ထိုသို့ ဖြစ်သည် စင်စစ်မှန်သောကြောင့် ရဟန်းပြုရခြင်း၏ ပစ္စက္ခဘဝအကျိုးတရားသည် ထင်ရှားရှိပါသည်ဘုရား" ဟု အဇာတသတ်မင်းတရား လျှောက်ထားခဲ့ပါသည်ဘုရား၊

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် မာဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းတရားအား လယ်သမား ရဟန်းတော်၏ ဥပမာဖြင့် နှစ်ခုမြောက် ဒုတိယ သန္ဒိဋ္ဌိက သာမညဖလ အကျိုးတရားကို ဟောကြားသိစေတော်မူခဲ့ပါသည် အရှင်ဘုရား။

ဒုတိယ ရဟန်းပြုကျိုး လယ်သမားဥပမာဖြင့်ပြခြင်း ပြီး၏

---

## ဒုတိယ ရဟန်းပြုကျိုးကို ကောင်းခြီးထောမနာ ပြုခြင်း

အစ္ဆရိယံ အာဝုသော အဗ္ဘုတံ အာဝုသော၊ ယာဝ ဗုဒ္ဓသာသနဿ သွာခါတတာ မဟိဒ္ဓိကတာ မဟာနုဘာဝတာ၊ ယတြဟိ နာမ ကဿကော ပိ ဂဟပတိကော ဝံ သွာခါတေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ ရဋ္ဌာဓိပတိနာ မနုဿလောကေ ဒေဝဘူတေန ရညာ ပိ ဂရုကရဏီယတံ ဝန္ဒနီယတံ ပါပုဏိဿတိ၊ သုပညတ္တမေတံ အာဝုသော ဘဂဝတာ ဒုတိယံ သန္ဒိဋ္ဌိကဖလံ။

http://www.dhammadownload.com



ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ ကောင်းမွန် မှန်ကန်စွာဟောအပ်သော **သွာခါတ** ဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်သည်ငှါး တန်ခိုးဣဒ္ဓိပတ် တန်ခိုးအာနုဘော် ကြီးမားသည့် အဖြစ်သည်ငှါး အံ့သြဘွယ်ရှိပါပေစွငါ့ရှင်၊ မဖြစ်စဘူးထူးကဲလှပါပေစွ ငါ့ရှင်၊

အဘယ်ကြောင့်ဆိုသော် ဂုဏ်ထူးမှကင်းမဲ့သော လယ်သမားတယောက်ပင်ဖြစ်သော်လည်း ဤသို့ သွာခါတ ဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုခဲ့သည်ရှိသော် တိုင်းပြည့်ရှင်ဖြစ်၍ လူ့ပြည်လောက၌ **သမုတိ** နတ် ဟု ဆိုအပ်သော ဘုရင်မင်းမြတ်ကသော်လည်း ရှိခိုးအပ်သည်အဖြစ်, ရှိခိုးထိုက်သည်အဖြစ်သို့ ရောက်တုံလေ၏၊ အရိုအသေ အလေးအမြတ်ပြုအပ်သော အဖြစ်သို့ ရောက်တုံလေ၏၊ ထို့ကြောင့် မြတ်စွာဘုရား သာသနာတော် တန်းခိုးကြီးမားသည့်အဖြစ်သည် အံ့သြဘွယ်ရှိပါပေစွ ငါ့ရှင်၊ သို့ဖြစ်၍ ဤလယ်သမား ဥပမာဖြင့် ပြအပ်သော ဒုတိယ သန္ဒိဋ္ဌိကဖလကိုလည်း မြတ်စွာဘုရား ပညတ်ဟောကြားတော်မူသည်မှာ ကောင်းစွာဟောကြားခြင်း ဖြစ်ပါပေသည် ငါ့ရှင်။

ဒုတိယ ရဟန်းပြုကျိုး ပြီး၏

---

## လွန်ကဲ့မြင့်မြတ်သော ရဟန်းပြုကျိုးများ

ပုစ္ဆာ။ ။ကထဥ္စာ ပနာဝုသော ဘဂဝါ ပုရိမေဟိ သန္ဒိဋ္ဌိကသာမညဖလေဟိ အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ သန္ဒိဋ္ဌိကံ သာမညဖလံ ရညော ဒေသေသိ၊

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ ဗုဒ္ဓုပ္ပါဒတော ပဋ္ဌာယ ကုလပုတ္တဿ ပဗ္ဗဇိတဘာဝံ၊ တဿ စ သီလသမ္ပဒံ၊ တဿ စ ဣန္ဒြိယေသု ဂုတ္တဒွါရတံ၊ အရိယဥ္စသတိသမ္ပဇညံ၊ အရိယဥ္စ သန္တုဋ္ဌိံ၊ ပဥ္စန္နဥ္စ နီဝရဏာနံ ပဟာနံ၊ စတ္တာရိ စ စျာနာနိ၊ အဋ္ဌ စ ဝိဇ္ဇာယော၊ တာဟိ တာဟိ ဥပမာဟိ ဝိတ္ထာရတော ဝိဘဇိတွာ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ ဒေသေသိ။

http://www.dhammadownload.com



အမေး။ ။ရှေးကပြခဲ့ပြီးသော ကျွန်ဥပမာ, လယ်သမားဥပမာ သန္ဒိဋ္ဌိကဖလ တို့ထက် အထူးသဖြင့် နှစ်သက်ဘွယ်ဖြစ်သော လွန်ကဲထူးမြတ်သော ရဟန်းပြုရခြင်း၏ မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ တွေ့ကြုံရသော သန္ဒိဋ္ဌိက သာမညဖလ အကျိုးကို မြတ်စွာဘုရားသည် အဇာတသတ်မင်းတရားအား အဘယ်ကဲ့သို့ ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရားသည် ကျွန်ယောကျ်ားရဟန်းပြုသောဥပမာ, လယ်သမား ရဟန်းပြုသောဥပမာတို့ဖြင့် ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုး ရပုံကို ဟောကြားတော်မူသောအခါ အဇာတသတ် မင်းတရားသည် ထိုမှတပါးသော ပုဏ္ဏား ဥပမာ,မင်းသားဥပမာအစရှိသော ထိုထိုဥပမာအမျိုးမျိုးတို့ဖြင့် မြတ်စွာဘုရားသည် ရက်ပေါင်းများစွာ, လပေါင်းများစွာ နှစ်ပေါင်းများစွာ ရဟန်းပြုရခြင်း၏ အကျိုးကို ဟောဆိုသော်လည်း ကုန်နိုင်မည် မရှိသည်၏ အဖြစ်ကို သိမြင်တော်မူသဖြင့်—

သက္ကာ ပန ဘန္တေ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ပညပေတုံ၊

"ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....၊ ရှေးဖော်ပြရာပါ ကျွန်ယောကျ်ား ဥပမာ, လယ်သမားဥပမာတို့ထက် လွန်ကဲလှသော အထူးသဖြင့် မြတ်မွန်လှသော ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုး ရပုံကို ပညတ်ဟောကြားခြင်းငှါ စွမ်းနိုင်တော်မူပါသလား ဘုရား" ဟု လျှောက်ပါသည်၊

ထိုအခါ မြတ်စွာဘုရားသည်....

သက္ကာ မဟာရာဇ၊ တေန ဟိ မဟာရာဇ သုဏောဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမိ၊

"စွမ်းနိုင်ပါသည် မဟာရာဇာ.... သို့တပြီးကား သင်မဟာရာဇာသည် နားထောင်ပါ၊ ကောင်းစွာနှလုံးသွင်းပါ၊ ငါဘုရားသည် အကျယ်အားဖြင့် ဟောကြားပါမည်" ဟု တိုက်တွန်းတော်မူပြီးလျှင်—

(က) သဗ္ဗညုမြတ်စွာဘုရား ပွင့်တော်မူသည်မှစ၍ သာသနာတော်ဝယ် အမျိုးကောင်းသား၏ သဒ္ဓါပဗ္ဗဇိတ ရဟန်းပြုပုံကိုဒင်း

http://www.dhammadownload.com



(ခ) ထို သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား၏ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ သုံးပါးတို့နှင့် ပြည့်စုံပုံကိုရှင်း

(ဂ) ထို သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား၏ ဣန္ဒြေခြောက်ပါး တံခါးကြီးခြောက်ပေါက်တို့၌ အကုသိုလ် ခိုးသားတို့ မဝင်ရောက်အောင် စောင့်ရှောက်နိုင်ပုံကိုရှင်း

(ဃ) ထို သဒ္ဓါ ပဗ္ဗဇိတ အမျိုးကောင်းသား၏ ဣရိယာပုထ်လေးပါး ပြုပြုသမျှသော ခပ်သိမ်းသော အမှုကိစ္စတို့ဝယ် သတိ သမ္ပဇဉ်တရားနှင့် ပြည့်စုံပုံကိုရှင်း

(င) ထို သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား၏ မှန်မြတ်သော အရိယာတို့၏ ဥစ္စာဖြစ်သော **သန္တုဋ္ဌိ** တရားနှင့် ပြည့်စုံပုံကိုရှင်း

(စ) ထို သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား၏ နီဝရဏ ငါးပါး အကုသိုလ် တရားတို့ကို ပယ်ရှားပုံကိုရှင်း

(ဆ) သို့ ပယ်ရှားသဖြင့် ပဌမစျာန်,ဒုတိယစျာန်,တတိယစျာန်,စတုတ္ထစျာန် တည်းဟူသော၊ စျာန်လေးပါးသို့ ရောက်ပုံကိုရှင်း

(ဇ) ထို စျာနသမာဓိ ကို အရင်းခံပြုသဖြင့် ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် အစရှိသော ရှစ်ပါးသော **ဝိဇ္ဇာ** တို့နှင့် ပြည့်စုံပုံကိုရှင်း၊

အသီးသီး အထူးထူး အပြားပြားသော ဥပမာတို့ဖြင့် အကျယ်တဝင့် ဖွင့်ပြတော်မူပြီးလျှင် ရှေးဆိုပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် အလွန့်အလွန် နှစ်သက်ဘွယ်လည်းရှိသော, အလွန့်အလွန် မွန်မြတ်သည်လည်းဖြစ်သော ရဟန်းပြုရခြင်း၏ ဒိဋ္ဌိမေ့ အကျိုးရပုံ **သန္ဒိဋ္ဌိက သာမညဖလ**ကို မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းတရားအား သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

## စူဠသီလကို နှစ်ဆယ့်ခြောက်စုပြု၍ ဝေဘန် ဟောကြားခြင်း

ပုစ္ဆာ။ ။ကထဉ္စ ပန ဝသော ဘိက္ခု သီလသမ္ပန္နော ဟောတိ၊ ကထဉ္စ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုနော ဝေဒေဟိပုတ္တဿ စူဠ သီလံ ဝိဘဇိတွာ ဒေသေသိ။

http://www.dhammadownload.com



ဝိသဇ္ဇနာ။ ။"ကထဉ္စ မဟာရာဇ ဘိက္ခု သီလသမ္ပန္နော ဟောတိ။ ဣဓ မဟာရာဇ ဘိက္ခု ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော၊ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ" ဧဝမာဒိနာ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ဆဗ္ဗီသတိယာ အာကာရေဟိ စူဠသီလံ ဝိဘဇိတွာ ဒေသေသိ။

အမေး။ ။အဘယ်သို့လျှင် သာသနာတော်၌ ရဟန်းပြုလျက်ရှိသော ရဟန်းသည် သီလနှင့် ပြည့်စုံသည် မည်ပါသနည်း၊ ထိုရဟန်း၏ ပြည့်စုံအပ်သော သီလသုံးမျိုးတို့တွင် **စူဠသီလ** မည်သော အငယ်စားဖြစ်သော သီလကို မြတ်စွာဘုရားသည် အဇာတသတ်မင်းတရားအား ဘယ်ကဲ့သို့ အကျယ် ဝေဘန်၍ ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသည် ကထဉ္စ မဟာရာဇ ဘိက္ခု သီလသမ္ပန္နော ဟောတိ အစရှိသည်ဖြင့် မဟာရာဇာ.... ရဟန်းတော်သည် ဘယ်ပုံ ဘယ်ပန်း ကျင့်ကြံလျှင် သီလနှင့် ပြည့်စုံသနည်း ဟု ကိုယ်တော်တိုင် ဖြေဆိုလိုသော အမေးပုစ္ဆာပြဿနာဖြင့် မေးမြန်းတော်မူပြီးလျှင်——

မဟာရာဇာ....ဤသာသနာတော်၌ ရဟန်းတော်သည် ပါဏာတိပါတကို ပယ်ရှား၍ ပါဏာတိပါတတရားမှ ရှောင်ကြဉ်၍ နေပါပေ၏၊ ပယ်ချအပ်သော တုတ်(ဒုတ်) နှင့်တံ, ပယ်ချအပ်သော လက်နက်ရှိသည်ဖြစ်၍ မကောင်းမှုမှ ရှက်လှသည် ကြောက်လှသည် ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါး ချမ်းသာကို လိုလားသည်ဖြစ်၍ နေပါပေ၏၊ ဤသို့ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း ရဟန်းတော်၏ သီလနှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသည်၊

ထို့အတူ အဒိန္နာဒါန်မှ ရှောင်ကြဉ်ခြင်း, အဗြဟ္မစရိယာမှ ရှောင်ကြဉ်ခြင်း, မုသာဝါဒမှ ရှောင်ကြဉ်ခြင်း, ပိသုဏဝါစာမှ ရှောင်ကြဉ်ခြင်း,ဖရုသဝါစာတည်းဟူသော ဆဲရေးတိုင်းထွာ ရိုင်းပြသော စကားတို့မှ ရှောင်ကြဉ်ခြင်း, သမ္ဖပ္ပလာပတည်းဟူသော ပြိန်ဖျင်းသည့် အကျိုးမရ အချည်းနှီး နိရတ္ထက စကားတို့မှ ရှောင်ကြဉ်ခြင်း, ဗီဇဂါမ် ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်

http://www.dhammadownload.com



ကြဉ်ခြင်း, နံနက်အခါ တထပ်သာ စားသုံးခြင်းနှင့် ယှဉ်ခြင်း, ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ခြင်း, မြတ်သော နေရာ မြင့်သောနေရာတို့မှ ရှောင်ကြဉ်ခြင်း, ရွှေ ငွေ ဒင်္ဂါး ပိုက်ဆံတို့ကို ကိုင်ခံခြင်းမှ ရှောင်ကြဉ်ခြင်း, စပါးစိမ်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း, အသားစိမ်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း, ဣတ္ထိ ကုမာရိကာ အမည်ရသော မိန်းမကြီး မိန်းမငယ် တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း, ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း, ဆိတ် သိုး အစရှိသော သတ္တဝါတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း, ကြက် ဝက် အစရှိသော သတ္တဝါတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း, ဆင် မြင်း နွား အစရှိသော သတ္တဝါတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း,လယ် ယာ မြေတို့ကို အကပ္ပိယ ဝေါဟာရဖြင့် ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း,သူတပါးတို့၏ အစေအပါး သွားလာခြင်းမှ ရှောင်ကြဉ်ခြင်း,ရောင်းမှု ဝယ်မှုမှ ရှောင်ကြဉ်ခြင်း,ချိန်စဉ်းလဲ ခြင်စဉ်းလဲတို့မှ ရှောင်ကြဉ်ခြင်း, စဉ်းလဲ လှည့်ပတ် ဖြားယောင်းခြင်း, **ဝဥ္စနာ** ကွေ့ကောက်ခြင်း တံစိုးစားခြင်း အစရှိသည်တို့မှ ရှောင်ကြဉ်ခြင်း, သူတပါးတို့အား သတ်ခြင်း, ဖြတ်ခြင်း လက်ခြေတို့ကို ဖြတ်ခြင်း, ဟိမဝိပရာမောသ တည်းဟူသော ဆီးနှင်းထူထပ်ရာမှ ပုန်းအောင်း၍ ခိုးဝှက် တိုက်ဖျက် လုယူခြင်း, ဂုမ္ဗဝိပရာမောသ တည်းဟူသော ချုံပိတ်ပေါင်း ထူထပ်ရာ အရပ်မှ ပုန်းဝှက်၍ လမ်းသွားလမ်းလာတို့ကို တိုက်ဖျက် လုယက်ခြင်း အစရှိသော ဒုစရိုက် အမှုမျိုးမှ ရှောင်ကြဉ်ခြင်းသည်လည်း ရဟန်းတော်၏ ငယ်ငေါင်းသော သီလနှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသည်၊

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် အဇာတသတ်မင်းတရားအား နှစ်ဆယ့်ခြောက်ပါးသော အဘို့ အစုတို့ဖြင့် **စူဠသီလ**ခေါ်သော ရဟန်းတော်တို့ ကျင့်ကြံ ဖြည့်သုံးရမည့် သီလတရားကို ခွဲခြားဝေဘန် ဟောညွှန်တော်မူခဲ့ပါသည် အရှင်ဘုရား။

## စူဠသီလ နှင့် ပြည့်စုံဘို့ တိုက်တွန်းခြင်း

သာဓု သာဓု အာဝုသော၊ သာဓု သာဓု အာဝုသော ယံ ဘိက္ခု ဧဝံ သဒ္ဓါဓိတေ ဗုဒ္ဓသာသနေ သဒ္ဓါပဗ္ဗာဇိတော ဣမိနာစ စူဠသီလေန သမန္နာ-ဂတော ဝိဟရေယျ။

http://www.dhammadownload.com



ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ဤသို့ အရဟတ္တမဂ် အရဟတ္တဖိုလ် တိုင်အောင် ရည်ရွယ်၍ ညွှန်ပြ၍ ကောင်းမွန်စွာ ဟောကြား၍ ထားသော မြတ်စွာဘုရားသခင်၏ သာသနာတော်၌ ဤသာသနာသို့ ဝင်၍ ရဟန်းပြုသည် သည် ရှိသော် အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးထူးတရားများကို ရပေ လိမ့်မည် ဟု ယုံကြည်မြဲလင့်နေသော သဒ္ဓါတရားအစစ်ဖြင့် ရဟန်းပြုသော ရဟန်းသည် ယခု သာမညဖလသုတ်၌ ဟောပြ၍ ထားသော ဤစူဠသီလနှင့် လည်း ပြည့်စုံလျက် နေထိုင်ရာ၏ နေထိုင်သင့်ပါပေ၏၊ ဤသို့ နေထိုင်ခြင်း သည် ကောင်းလှပါပေစွ ငါ့ရှင်။

ဣဒါနိ ပန ကာလော အတိက္ကန္တော။

ယခုအခါ ကာလ၌ အချိန်အခါ လွန်ခဲ့ပြီ။

သုဝေ ယထာနုပ္ပတ္တဋ္ဌာနတော ပဋ္ဌာယ ပုစ္ဆာဝိဿဇ္ဇနံ ကရိဿာမ။

နက်ဖြန်ခါကျတော့ ရောက်ရာအရပ်မှ စ၍ မေးခြင်း, ဖြေခြင်း အမှုကို ပြုကုန်အံ့။

စူဠသီလကို နှစ်ဆယ့်ခြောက်စုပြု၍ ဝေဘန်ဟောကြားခြင်း ပြီး၏

---

## မဇ္ဈိမသီလ နှင့် မဟာသီလကို ဝေဘန်ဟောကြားခြင်း

ပုစ္ဆာ။ ။ကထံ ပနာဝုသော ရညော မာဂဓဿ အဇာတသတ္တုနော ဝေဒေဟိပုတ္တဿ မဇ္ဈိမသီလံ စ မဟာသီလံ စ ဝိဘဇိတွာ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။"ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါ-ဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဗီဇဂါမဘူတဂါမ-သမာရမ္ဘံ အနုယုတ္တာ ဝိဟရန္တိ။ သေယျထိဒံ။ မူလဗီဇံ ခန္ဓဗီဇံ ဖဠုဗီဇံ အဂ္ဂဗီဇံ ဗီဇဗီဇမေဝ ပဉ္စမံ၊ ဣတိ ဧဝရူပါ ဗီဇဂါမ-ဘူတဂါမသမာရမ္ဘာ ပဋိဝိရတော ဟောတိ။ ဣဒမ္ပိဿ ဟောတိ သီလသ္မိံ" ဧဝမာဒိနာ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ မဇ္ဈိမသီလဉ္စ မဟာသီလဉ္စ ဝိတ္ထာရတော ဝိဘဇိတွာ ဒေသေသိ။

http://www.dhammadownload.com



အမေး။ ။ဘုန်းတော် ခြောက်ပါးသခင် သဗ္ဗညု မြတ်စွာဘုရားရှင်သည် မဂဓတိုင်းရှင် ဝေဒေဟီ မိဖုယား၏သား အဇာတသတ် မင်းတရားအား ရဟန်းတော်တို့ ကျင့်သုံးအပ်သော မဇ္ဈိမသီလကိုရင်း မဟာသီလကိုရင်း အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ယထာဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ အစရှိသည်ဖြင့်....

(၁) အဇာတသတ် မဟာရာဇာ....ဤလောကဝယ် သမဏ ဗြာဟ္မဏ အမည်ခံ သာသနာတော်မှ ပြင်ပ **ဗာဟိရက** ဖြစ်သော ရဟန်း ပုဏ္ဏားတို့သည် လှူဒါယကာ ဒါယိကာမတို့က ကံ, ကံ၏အကျိုး, ပစ္စုပ္ပန်လောက, တမလွန်လောက နှစ်ပါးကို ယုံကြည်သဖြင့် လှူဒါန်းအပ်သော ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး ပစ္စည်းလေးပါး တည်းဟူသော **သဒ္ဓါဒေယျ** ဘောဇဉ်တို့ကို သုံးဆောင်ခံစားကြပြီးလျှင် ထိုပစ္စည်း လေးပါးတို့ကို အလွဲသုံးစား ပြုလုပ်သည့်ပမာ အမြစ်မျိုးစေ့, ပင်စည်မျိုးစေ့, အဆစ်မျိုးစေ့, အညွန့်မျိုးစေ့, အစေ့မျိုးစေ့ တည်းဟူသော **ဗီဇဂါမ်**[၁] ငါးပါး **ဘူတဂါမ်**[၂]ငါးပါးတို့ကို ပကတိ လူဝတ်ကြောင်တို့ပမာ ကပ္ပိယဝေါဟာရ လုံးဝမပါရှိဘဲ ဖျက်စီးခြင်း အမှုကို ပြုလုပ် အားထုတ်၍ နေကြပါသည်၊

ထိုသို့ ပါစိတ်အာပတ် သင့်ကြောင်း ဝတ္ထု, ဒုက္ကဋ်အာပတ် သင့်ကြောင်း ဝတ္ထု ဖြစ်သော ဗီဇဂါမ်,ဘူတဂါမ်တို့မှ ငါဘုရား၏ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့သည် ရှောင်ကြဉ်လျက် ရှိပါကုန်သည်၊ ဤသို့ ဗီဇဂါမ်,ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်မှုသည်လည်း ဤသာသနာတော်ဝယ် သီလ၏ပြည့်စုံခြင်း တရားပင် ဖြစ်ပါပေသည်၊

---

၁။ **ဗီဇဂါမ်** = အမြစ်, ပင်စည်, အဆစ်, အညွန့်, အစေ့ ဟူသောမျိုးစေ့ငါးပါးကို ဗီဇဂါမ် ငါးပါးဟု ခေါ်သည်။

၂။ **ဘူတဂါမ်** = မျိုးစေ့ ငါးဖြာမှပေါက်ရောက်စည်ပင်လာ၍ မျိုးစေ့ ဗီဇဂါမ်သဘောမှ လွန်မြောက်ပြီး ကြီးပွါးဆဲနှင့် ကြီးပွါးစည်ပင်နေသောအခါ အထက်ပါငါးမျိုးကို ဘူတဂါမ် ဟု ခေါ်သည်၊ ကြီးပွါးဆဲ, ကြီးပွါးပြီးဝတ္ထု ဟု ဆိုလိုသည်။

ရဟန်းတော်များ ဗီဇဂါမ်ဝတ္ထုဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ်သင့်၍ ဘူတဂါမ်ဝတ္ထု ဖျက်ဆီးလျှင် ပါစိတ်အာပါတ် သင့်၏။

http://www.dhammadownload.com



(၂) မဟာရာဇာ....ထိုမှတပါး သာသနာပြင်ပ သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် သဒ္ဓါဒေယျ ပစ္စည်းလေးပါးတို့ကို သုံးဆောင် ခံစား ပြီးလျှင် **သန္နိဓိကာရပရိဘောဂ** တည်းဟူသော ထမင်း, အဖျော် စသည်တို့ကို သိုမှီးသိမ်းဆည်း၍ သုံးစွဲခြင်း အမှုကို ပြုလျက်ရှိကြပါကုန်သည်၊ လူတို့နှင့် မခြား ထိုထမင်း, အဖျော်, အဝတ်, ပုဆိုး နေရာအစရှိသည်တို့ကို သိုမှီး သိမ်းဆည်းလျက်သုံးစွဲခြင်းကို ပြုလုပ်ကြပါသည်၊

ထိုသို့ သိုမှီး သိမ်းဆည်းမှုကို ပြုအပ်သော ပစ္စည်းလေးရပ်ကို သုံးဆောင် ခြင်းမှ ငါဘုရား၏ တပည့်သား ရဟန်းတော်တို့သည် ရှောင်ကြဉ်လျက် ရှိကြ ပါသည်၊ သို့ရှောင်ကြဉ်ခြင်းသည်လည်း သီလသမ္ပဒါ တပါးပင် ဖြစ်ပေသည်၊

(၃) အဇာတသတ် မဟာရာဇာ....ဤလောကဝယ် သမဏ ဗြာဟ္မဏ အမည်ခံ သာသနာပြင်ပ ရဟန်းပုဏ္ဏားတို့သည် သာသနာတော်၏ ငြောင့် တံကျင်သဖွယ်ဖြစ်သော ကခြင်း,သီခြင်း, တီးမှုတ်ခြင်း,ဆင်တိုက်ပွဲ,မြင်းတိုက်ပွဲ အစရှိသော ထိုထိုပွဲလမ်း သဘင်တို့ကို ကြည့်ရှုနားထောင် လှေ့လာလျက်ရှိကြ ပါကုန်သည်၊

ငါဘုရား၏ တပည့်သား သကျပုတ္တိယ ရဟန်းတော်များသည် ထိုသာ သနာတော်၏ ငြောင့် တံကျင်သဖွယ် ဖြစ်သော ကခြင်း,သီခြင်း, တီးမှုတ်ခြင်း, ဆင်ပွဲ, မြင်းပွဲ, လက်ဝှေ့ပွဲ အစရှိသည်တို့ကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင် ကြဉ်ကြပါသည်၊ သို့ ရှောင်ကြဉ်သည်လည်း ဤသာသနာတော်ဝယ် သီလ၏ ပြည့်စုံခြင်း တရပ်ဖြစ်ပါပေသည်၊

(၄) အဇာတသတ် မဟာရာဇာ....ဤလောကဝယ် သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် ကြွေအန် လောင်းတမ်း ကစားခြင်းအမှုကို လေ့လာ ခြင်းအမှုကို ပြုကြပါသည်၊ ရှစ်ကွက်ကျား, ဆယ်ကွက်ကျား, ဇယ်ခတ်ခြင်းအစ ရှိသော ကြွေအန်အမှုကို လွှံလကြိုးကုတ် အားထုတ်လျက် ရှိကြပါသည်၊

ငါဘုရား၏ တပည့်သား သာဝကမူကား ထိုကြွေအန်တို့ဖြင့် မေ့လျော့ စွာ မြူးထူးပျော်ပါး ကစားခြင်းမှ ရှောင်ရှားလျက် ရှိပါသည်၊ သို့ ရှောင်ကြဉ် ခြင်းသည်လည်း ဤသာသနာတော်ဝယ် သီလ၏ပြည့်စုံခြင်းပင် ဖြစ်ပါပေ သည်၊

http://www.dhammadownload.com



(၅) မဟာရာဇာ....ဤသာသနာပြင်ပ သမဏ ဗြာဟ္မဏ အမည်ခံပုဂ္ဂိုလ်တို့သည် မြင့်သောနေရာ, မြတ်သော နေရာတို့ကို သုံးစွဲကြပါကုန်သည်၊ ရာဂ, ဒေါသ, မောဟ ပွါးကြောင်း ထိုမြင့်သောနေရာ, မြတ်သောနေရာတို့မှ ငါဘုရား၏ တပည့်သား သာဝကတို့သည် ရှောင်ရှား ကြပါကုန်သည်၊ ဤသို့ ရှောင်ကြဉ်ကြခြင်းသည်လည်း ဤသာသနာတော်ဝယ် သီလသမ္ပဒါ တရပ်ပင် ဖြစ်ပါပေသည်။

(၆) အဇာတသတ် မဟာရာဇာ.... သာသနာ အပြင်အပ သမဏ ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် မျက်နှာချေခြယ်ခြင်း, မှန်ကြည့်ခြင်း ဤသို့ စသည့်များလှစွာသော ကိုယ်အင်္ဂါကို တန်းဆာဆင်ခြင်းကို လေ့လာလျက် ရှိကြပါကုန်သည်၊ ငါဘုရား၏ တပည့်သား ရဟန်းတော်များမှာမူ ထိုသို့ ကိုယ်အင်္ဂါကိုတန်းဆာဆင်ခြင်းမှ ရှောင်ကြဉ် ကြပါကုန်သည်၊ သို့ ရှောင်ကြဉ်ခြင်းသည်လည်း သီလသမ္ပဒါ တပါးပင် ဖြစ်ပါပေသည်၊

(၇) မဟာရာဇာ ဤသာသနာ အပြင်အပ သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် နတ်ရွာ, နိဗ္ဗာန်, မဂ်, ဖိုလ်၏ ဖီလာကန့်လန့်ဖြစ်သော မင်းစကား, စိုးစကား, အမတ်စကား အစရှိသော **တိရစ္ဆာနကထာ**[၁] ဗာဟိရစကားကို ပြောကြားလျက် လူဒါယကာတို့ လှူဒါန်းအပ်သော ပစ္စည်းလေးပါးကို အလွဲသုံးစား ပြုလုပ်ကြပါသည်၊ ငါဘုရား၏ တပည့်သား သာဝကတို့မှာမူ ထိုဆိုအပ်ပြီးသော မင်းစကား,စိုးစကား,ခိုးသူစကား, အမတ်ကြီးစကား, စစ်စကား အစရှိသည်ကို **သံဝေဂကထာ**[၂]ကို ဖယ်ရှား အလွတ်အားဖြင့် ပြောကြားလေ့ မရှိပါ၊ ရှောင်ကြဉ်ကြပါသည်၊

၁။ **တိရစ္ဆာနကထာ** = ဝဋ္ဋဒုက္ခမှ ထွက်မြောက်မှုနှင့် လားလားမျှ မဆိုင်ဘဲ သာသနာတော်လုပ်ငန်း ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ရပ်နှင့် မပတ်သက်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရာရကြောင်းလမ်းစဉ်များမဟုတ်၍ ဖီလာကန့်လန့်ဖြစ်သော စကားရပ်များကို တိရစ္ဆာနကထာဟု ခေါ်သည်။တိရစ္ဆာန = ဖီလာ။ကထာ = စကား။မဂ်ဖိုလ်၏ဖီလာကန့်လန့်ဆန့်ကျင်ဘက်စကား ဟု ဆိုလိုသည်။ ထိုစကားမျိုးကား မင်းရေးမင်းရာနှင့် ပတ်သက်သော ရာဇဝင်စကားစသောအားဖြင့် ကျမ်းဂန်၌တိုက်ရိုက် ၂၇ မျိုးအမည်တပ်ထားသည်။

၂။ **သံဝေဂကထာ** = အထက်ပါစကားများကို သံဝေဂနှင့်စပ်ယှဉ်၍ လက္ခဏာတင်ပြောဆိုသော စကားဖြစ်လျှင်မူ ပြောကောင်းပါ၏ ဟု ဆိုလိုသည်။

http://www.dhammadownload.com



ဤသို့ တိရစ္ဆာနကထာမှ ရှောင်ကြဉ်ခြင်းသည်လည်း ဤသာသနာတော်ဝယ် သီလ၏ ပြည့်စုံခြင်းပင် ဖြစ်ပါပေသည်၊

(၈) အဇာတသတ် မဟာရာဇာ....သာသနာပြင်ပ သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် သဒ္ဓါဒေယျ ပစ္စည်းလေးပါးတို့ကို သုံးစားကြကုန်လျက် ထိုပစ္စည်းလေးပါးတို့ကို အလှူသုံးစားပြုသည့် ပမာ အချင်းချင်း ဝါဒပြိုင်ကာ ဆန့်ကျင်ဘက် စကားကို ပြောကြားကြပါသည်၊ "သင်သည် ဤဓမ္မဝိနည်းကို မသိ၊ ငါသာလျှင် သိသည်၊ သင်၏ စကားသည် ရှေ့နောက် မစပ် သင်၏ ဝါဒသည် ရှုံးလေပြီ" ဤသို့ စသည်ဖြင့် ဆန့်ကျင်ဘက်စကား ပြောကြားကြပါသည်။ ငါဘုရား၏ တပည့်သား သာဝကတို့မှာမူ ထိုဆန့်ကျင်ဘက်စကား **ဝိဂ္ဂါဟိကကထာ** ကို ပြောကြားခြင်းမှ ရှောင်ရှားကြပါသည်၊ ဤသို့ ရှောင်ကြဉ်ခြင်းသည်လည်း သီလ၏ ပြည့်စုံခြင်းပင် ဖြစ်ပါသည်၊

(၉) မဟာရာဇာ....ဤသာသာနာပြင်ပ သမဏဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် သဒ္ဓါဒေယျ ပစ္စည်းလေးပါးတို့ကို သုံးစားကြကုန်လျက် လူတို့က စေပါးတိုင်း အရပ်လေးမျက်နှာ လွှတ်ရာသို့ **သဝဏ်လွှာပို့ရောက် သတင်းစကားပို့ရောက်** သွားကြပါကုန်သည်၊ ငါ ဘုရား၏ သာဝက တပည့်သား စစ်စစ်တို့မှာမူ ထိုသို့ သဝဏ်လွှာပို့ရောက်ခြင်း အစေအပါးခံခြင်းမှ ရှောင်ကြဉ်ကြပါသည်၊ သို့ ရှောင်ကြဉ်ခြင်းသည်လည်း ဤသာသနာတော်ဝယ် သီလ၏ ပြည့်စုံခြင်းပင် ဖြစ်ပါပေသည်၊

(၁၀) အဇာတသတ် မဟာရာဇာ....ဤသာသနာပြင်ပ သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို လူတို့ အထင်ကြီးအောင် အံ့အားဘွယ်ကို ပြုကြပါကုန်သည်၊ ဈာန် မဂ်ဖိုလ်တရားကို မရသော်လည်း ရသယောင်, ဘုရားမဟုတ်သော်လည်း ဟုတ်သယောင် ဝါကြွား ပ-လွှား ပြောကြားကြပါကုန်သည်၊ ငါဘုရား၏ သာသနာဝန်ထမ်း ရဟန်းတော်မှာမူ ထိုကဲ့သို့ ပြောကြားလေ့

http://www.dhammadownload.com



မရှိပါ၊ ထိုသို့ ဝါကြွား ပ-လွှားပြောကြားခြင်းမှ ရှောင်ကြဉ်ပါသည်၊ သို့ ရှောင်ကြဉ်ခြင်းသည်လည်း ဤသာသနာတော်ဝယ် သီလ၏ ပြည့်စုံခြင်း ဖြစ်ပါသည်၊

ဤသို့လျှင် **မဇ္ဈိမ**သီလကို ဆယ်ပုံ ဆယ်စုပြု၍ ဝေဘန် ခွဲခြမ်းစိတ်ဖြာ၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည်။

**မဇ္ဈိမသီလကို ဆယ်စုပြု၍ ဝေဘန်ဟောကြားခဏ်း ပြီး၏**

---

**မဟာသီလကို ခုနစ်စုပြု၍ ဝေဘန်ဟောကြားခဏ်း**

(၁) မဟာသီလကိုကား အဇာတသတ် မဟာရာဇာ... ဤသာသနာပြင်ပ သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် အင်္ဂါကျမ်း, လက္ခဏာကျမ်း အစရှိသော **တိရစ္ဆာနဝိဇ္ဇာ** ဖြင့် ဒါယကာတို့အား ဟောကြားလျက် အသက်မွေးမှု ပြုကြပါသည်၊

(၂) ထိုမှတပါး မဏိလက္ခဏာကျမ်း, ဒဏ္ဍလက္ခဏာကျမ်း အစရှိသည်ဖြင့် ဒါယကာတို့အား ပြောကြား, ဗေဒင်ဟော၍ အသက်မွေးမှု ပြုလုပ်ကြပါသည်၊

(၃) ထိုမှတပါးလည်း ငါတို့၏ ဤမှာဘက် ရှင်ဘုရင်သည် စစ်ထွက်လတ္တံ့၊ ထိုမှာဘက် ရှင်ဘုရင်သည် စစ်ထွက်လတ္တံ၊ ဤမှာဘက် ရှင်ဘုရင်သည် ထိုးစစ်ဆင်လတ္တံ့၊ ထိုမှာဘက် တဖက် စစ်သည်တော်တို့က ခံစစ်ဆင်လတ္တံ့၊ ဤဘက်စစ်သည်တော်က ခံစစ်ဆင်၍ ထိုဘက်စစ်သည်တော်က ထိုးစစ်ဆင်လတ္တံ့ အစရှိသည်ဖြင့် စစ်နှင့်စပ်၍ တဖက်မှ ရှုံးမည် တဖက်မှ နိုင်မည် စသည် ဟောကြား၍ အသက်မွေးမှု ပြုလုပ်ကြပါသည်၊

(၄) ထိုမှတပါးလည်း ဤသာသာနာပြင်ပ သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် ဒကာ ဒကာမတို့လှူအပ်သော ပစ္စည်းလေးပါး သဒ္ဓါဒေယျ ပစ္စည်းလေးပါးတို့ကို သုံးစားကြပြီးလျှင် အလွဲသုံးစားပြုလုပ်သည့်ပမာ ဤမည် ဤမည်သော နေ့အခါဝယ် ဤမည်ဤမည်သော အချိန်၌ လကြတ်ခြင်း ဖြစ်လိမ့်မည်၊

http://www.dhammadownload.com



သို့ လကြွတ်လျှင် ဤသို့သော အကျိုးအပြစ် ဖြစ်လိမ့်မည်၊ နေကြွတ်ခြင်းဖြစ်လိမ့်မည်၊ ဤသို့ ဤသို့သော အကျိုး အပြစ် ဖြစ်လိမ့်မည်စသည်ဖြင့် ဗေဒင်ဟောကြား သုံးစားကြပါကုန်သည်၊

(၅) ထိုမှတပါးလည်း ဤသာသနာပြင်ပ သမဏဗြာဟ္မဏအမည်ခံ ရဟန်းပုဏ္ဏားတို့သည် သဒ္ဓါဒေယျ ပစ္စည်းလေးပါးတို့ကို သုံးစားကြပြီးလျှင် ထိုပစ္စည်းလေးပါးတို့ကို အလှဲသုံးစား ပြုလုပ်သည့် ပမာ မိုးခေါင်ခြင်း ဖြစ်လတ္တံ့၊ မိုးရွာခြင်း ဖြစ်လတ္တံ့၊ ဝပြောခြင်း ဖြစ်လတ္တံ့၊ ခေါင်းပါးခြင်း ဖြစ်လတ္တံ့၊ ဘေးကင်းခြင်း ဖြစ်လတ္တံ့၊ ဘေးရန်ဖြစ်လတ္တံ့ အစရှိသည်ဖြင့် ဗေဒင်ကျမ်းလာ စကားတို့ဖြင့် ညှိနှိုင်း၍ ဟောကြားပြီး အသက်မွေးမှု ပြုလုပ်ကြပါသည်၊

(၆) ထိုမှတပါးလည်း **အာဝါဟန** ခေါ်သော သမီးယူခြင်း, **ဝိဝါဟန** ခေါ်သော သမီးဆောင်ခြင်း ဤသို့ စသည်အားဖြင့် များစွာသော သာသနာပြင်ပ မိစ္ဆာဇီဝတို့ကို ဟောကြား၍ အသက်မွေးမှု ပြုလုပ်ကြပါသည်၊

(၇) ထိုမှတပါးလည်း နတ်ကွန်း အရပ်သို့ သွားရောက်ပြီးလျှင် ဤမည် ဤမည်သော မိမိတို့ အမှု ပြည့်စုံလျှင် ဤမည် ဤမည်သော ပူဇော်သက္ကာရ အမှု ပြုပါမည် စသည်ဖြင့် ဝန်ခံခြင်း "သန္တိကမ္မ" သျှန္တိမှု ပြုခြင်း အစရှိသည်ဖြင့် များစွာသော တိရစ္ဆာနဝိဇ္ဇာတို့ဖြင့် အသက်မွေးမှု ပြုကြပါသည်၊

ဤဆိုအပ်ပြီးသော တိရစ္ဆာနဝိဇ္ဇာ ခုနစ်ဖြာတို့ဖြင့် အသက်မွေးမှုပြုခြင်းမှ ငါဘုရား၏ တပည့်သား သာဝကဖြစ်သော ရဟန်းတော်သည် ရှောင်ကြဉ်လျက် ရှိပါသည်၊ ဤသို့ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာအာဇီဝခုနစ်ပါးမှ ရှောင်ရှားခြင်းသည်လည်း သီလသမ္ပဒါ ခုနစ်ပါးပင် ဖြစ်ပါသည်၊

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် ဝေဒေဟီ မိဖုရား၏သား မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းတရားအား ဆယ်ပါး အဘို့အစုရှိသော မဇ္ဈိမသီလ, ခုနစ်ပါးအဘို့ အစုရှိသော မဟာသီလတို့ကို ခွဲခြမ်းစိတ်ဖြာ၍ အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မဟာသီလကို ခုနစ်စုပြု၍ ဝေဘန်ဟောကြားခဏ်း ပြီး၏

http://www.dhammadownload.com



## သီလသုံးပါးနှင့် ပြည့်စုံရန် တိုက်တွန်းခြင်း

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ဘိက္ခု ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ သဒ္ဓါပဗ္ဗဇိတော ဧဝံ အရိယေန သီလေန သမန္နာဂတော ဝိဟရေယျ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ကောင်းမွန်စွာ ဟောကြား၍ ထားအပ်သော သွာခါတ ဂုဏ်နှင့်ပြည့်စုံသော ဤမြတ်စွာဘုရားသခင်၏ သာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုသည်ရှိသော် **အိုခြင်း နာခြင်း သေခြင်းအစရှိသော သံသရာဝဋ်ဆင်းရဲ၏ ကုန်ဆုံးရာ အရဟတ္တဖိုလ် နိဗ္ဗာန်ကို တွေ့ရပေလတ္တံ့** ဟု ရည်ရွယ်ယုံကြယ်၍ ရည်ရွယ်ယုံကြည်သော သဒ္ဓါတရားဖြင့် ရဟန်းပြု၍ လာသော ပုဂ္ဂိုလ်သည် ဤဆိုအပ်ပြီးသော မြင့်မြတ်သော စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ ဟု ဆိုအပ်သော မွန်မြတ်သော သီလနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏၊ နေသင့်ပါပေ၏၊ ဤသို့ မြင့်မြတ်သော သီလနှင့် ပြည့်စုံလျက်နေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

သီလသုံးပါးနှင့် ပြည့်စုံရန် တိုက်တွန်းခြင်း ပြီး၏။

---

## ဣန္ဒြိယသံဝရ စသော သုံးပါးကို အကျယ်ဟောခြင်း

ပုစ္ဆာ။ ။ကထံ ပနာဝုသော အရိယံ ဣန္ဒြိယသံဝရံ စ အရိယံ သတိသမ္ပဇညံ စ အရိယံ သန္တောသံ စ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝိဘဇိတွာ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။ဣဓ မဟာရာဇ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ၊ ယတွာဓိကရဏမေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ၊ တဿ သံဝရာယ ပဋိပဇ္ဇတိ၊ ရက္ခတိ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ၊ ဝေမာဒိနာ စ။

ဣဓ မဟာရာဇ ဘိက္ခု သတိသမ္ပဇညေန သမန္နာဂတော ဟောတိ၊ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊

http://www.dhammadownload.com



အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ၊ ဧဝံ ခေါ မဟာရာဇ ဘိက္ခု သတိသမ္ပဇညေန သမန္နာဂတော ဟောတိ။

ကထဉ္စ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ၊ ဣဓ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန။

ဧဝမာဒိနာ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အရိယဉ္စ ဣန္ဒြိယသံဝရဂုတ္တဒွါရတံ အရိယဉ္စ သတိသမ္ပဇညံ အရိယဉ္စ သန္တောသံ ဝိဘဇိတွာ ဒေသေသိ။

အမေး။ ။မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းအား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် မွန်မြတ်သော **ဣန္ဒြိယသံဝရ** ဣန္ဒြေခြောက်ပါး ခြောက်တံခါးတို့၌ အဘိဇ္ဈာ ဒေါမနဿ စသော ကိလေသာ အကုသိုလ်တရားတို့ကို မဖြစ်ပွါးစေနိုင်ရန် စောင့်စည်းပုံကိုရင်း မွန်မြတ်သော **သတိသမ္ပဇဉ်**နှင့် ပြည့်စုံပုံကိုရင်း မွန်မြတ်သော ရောင့်ရဲခြင်းနှင့် ပြည့်စုံပုံကိုရင်း အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဣဓ မဟာရာဇ ဘိက္ခု စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ အစရှိသည်ဖြင့် အဇာတသတ်မင်းတရားအား—

## ဣန္ဒြိယသံဝရ

အဇာတသတ် မဟာရာဇာ....ဤငါဘုရား၏ သာသနာတော်၌ သဒ္ဓါ ပဗ္ဗဇိတ ရဟန်းသူမြတ်သည် စက္ခုဒွါရဖြင့် ရူပါရုံကို မြင်၍ ၎င်း သောတဒွါရ

http://www.dhammadownload.com



ဖြင့် သဒ္ဒါရုံကိုကြား၍၎င်း ဃာနဒွါရဖြင့် ဂန္ဓာရုံကို နမ်းရှုပ်မိ၍၎င်း ဇိဝှါ ဒွါရဖြင့် ရသာရုံကို လျက်၍၎င်း ကာယဒွါရဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍၎င်း မနောဒွါရဖြင့် ဓမ္မာရုံကို သိရှိ၍၎င်း ထိုသို့ မြင်အပ်, ကြားအပ်, နမ်းအပ် လျက်အပ်, တွေ့ထိအပ်, သိရှိအပ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ တည်းဟူသော အာရုံခြောက်ပါးတို့၌ သုဘနိမိတ် စသည် ကိုလည်းမယူ လက် ခြေ အစရှိသော အင်္ဂါကြီးငယ်ကိုလည်း မမှတ်မသား ဒွါရခြောက်ပါး ဣန္ဒြေခြောက်ပါးကို မစောင့်စည်းခြင်း ဟူသော အကြောင်း ကြောင့် ရောက်ရှိလာမည့် အဘိဇ္ဈာ, ဒေါမနဿ အစရှိသော အကုသိုလ် တရားတို့ကို မဖြစ်ပွါးအောင် စောင့်ရှောက်ပါသည်၊

အဇာတသတ် မဟာရာဇာ....ဤသို့လျှင် သဒ္ဓါပဗ္ဗဇိတဖြစ်သော ရဟန်း တော် အရှင်သူမြတ်သည် ဒွါရခြောက်ပါးဝယ် အာရုံခြောက်ပါး ခိုးသားတို့ ဝင်ရောက်ပြီးလျှင် မိမိ အတွင်း အဇ္ဈတ္တသန္တာန်၌ရှိသော သူတော်ကောင်း တရားတို့ကို မလုယက် မတိုက်ဖျက် မခိုးယူ နိုင်စိမ့်သောငှါ သတိ တည်းဟူ သော တံခါးဗိုလ် တံခါးမှူး ခန့်အပ်၍ စောင့်ရှောက်ခြင်း **ဣန္ဒြိယေသုဂုတ္တဒွါရတာ** တရားဖြစ်ပါသည်။

ဣန္ဒြိယသံဝရ ပြီး၏

---

## သတိသမ္ပဇည

အဇာတသတ် မဟာရာဇာ....သတိသမ္ပဇညနှင့် ပြည့်စုံလုံရန် ဤ ငါဘုရား သာသနာတော်ဝယ် သဒ္ဓါပဗ္ဗဇိတဖြစ်သော အမျိုးကောင်းသား ရဟန်းတော် သူမြတ်သည် ရှေ့သို့တက်သော အခါ၌၎င်း နောက်သို ဆုတ်သော အခါ၌၎င်း တူရူ (တည့်တည့်) ကြည့်သော အခါ၌၎င်း တစောင်း ကြည့်သော အခါ၌၎င်း လက်ခြေတို့ကို ကွေးသောအခါ ဆန့်သောအခါ၌၎င်း စားသော အခါ, သောက်သောအခါ, ခဲသောအခါ, လျက်သော အခါ၌၎င်း အယုတ် သဖြင့် ကျင်ကြီး ကျင်ငယ်တို့ကို စွန့်သောအခါ၌၎င်း သွားသောအခါ, ရပ်သောအခါ, ထိုင်သောအခါ, အိပ်သောအခါ, နိုးကြားသောအခါ၌၎င်း ဤဆိုအပ်ပြီးသော အမူအရာ ကိစ္စအဝဝတို့၌ အကျိုးရှိသည် မရှိသည်ကို

http://www.dhammadownload.com



ဆင်ခြင်၍ အကျိုးရှိမှသာလျှင် ဆိုအပ်ပြီးသော ကိစ္စအဝဝတို့ကို ပြုလုပ်ခြင်း တည်းဟူသော **သတ္ထက သမ္ပဇဉ်**၊

အကျိုးပင် ရှိငြားသော်လည်း မိမိနှင့် သပ္ပါယ—လျော်ကပ်သည်, အသပ္ပါယ—မလျော်ကပ်သည်ကို ဆင်ခြင် စဉ်းစားပြီးမှ လျော်ကပ်သည်ကိုသာလျှင် ပြုလုပ်လေ့ ရှိခြင်း တည်းဟူသော **သပ္ပါယသမ္ပဇဉ်**၊

အမှုကိစ္စ အဝဝတို့ဝယ် မိမိနှလုံးသွင်းရင်း ဖြစ်သော ကမ္မဋ္ဌာန်းအာရုံကို မစွန့်မူ၍ ဆိုအပ်ပြီးသော သွားခြင်း, လာခြင်း, ထိုင်ခြင်း, ရပ်ခြင်း, လျောင်းခြင်းအစရှိသော ထိုထိုအမှုကိစ္စတို့ကို ပြုလုပ်ခြင်း တည်းဟူသော **ဂေါစရသမ္ပဇဉ်**၊

ထိုထိုအမှုကိစ္စ ပြုလုပ်ရာဝယ် ပုဂ္ဂိုလ်သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ ပြုသည်မဟုတ် သွားလို, ရပ်လို, ထိုင်လို, အိပ်လို, နေလို, စားလို, သောက်လိုလျှင် သွားလို, ရပ်လို, ထိုင်လို, အိပ်လို, နေလို, စားလို, သောက်လိုသော စိတ်ဖြစ်သည်၊ စိတ်ကြောင့် စိတ္တဇဝါယောဓာတ်ဖြစ်သည်၊ စိတ္တဇဝါယောဓာတ်ပြည့်သော ဤကိုယ်ဝယ် ဝိညာဏ်ပျံ့နှံ့၍ တည်ပါသည်၊ ဤသို့လျှင် စိတ္တဇဝါယော ဓာတ်၏ လှုံ့ဆော်ချက်ဖြင့် ထိုထိုသွားမှု, ရပ်မှု, နေမှု, ထိုင်မှု, လျောင်းမှု အစရှိသော ထိုထိုအမှုကိစ္စတို့ဖြစ်သည်၊ စင်စစ်မှာမူ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် ဣရိယာပုထ်လေးပါး ထိုထိုအမှု ကိစ္စများ ဖြစ်သည်ကို သတိဖြင့် အမြဲတစေ ကြည့်ရှု ဆင်ခြင်၍ နေပါပေသည်၊ ဤသို့လျှင် ငါဘုရား၏ တပည့်သားသာဝကသည် သတိသမ္ပဇညနှင့် ပြည့်စုံသူဖြစ်ပါပေသည်။

သတိသမ္ပဇည ပြီး၏

---

## သန္တောသ

အဇာတသတ် မဟာရာဇာ.... အဘယ်သို့လျှင် ငါဘုရား၏ တပည့်သားသာဝကသည် **ပရမသန္တောသ** ခေါ် မြတ်သော ရောင့်ရဲခြင်းတရားနှင့် ပြည့်စုံသနည်းဟူမူ....

http://www.dhammadownload.com



ဤသာသနာတော်ဝယ် သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား ရဟန်း သူမြတ်သည် မိမိကိုယ်ကို ဆောင်လောက်ရုံ သိမ်းဆည်း နိုင်ရုံမျှသော အဝတ်သင်္ကန်း, မိမိဝမ်းကို စောင့်ရှောက် နိုင်ရုံမျှသော ဆွမ်းဖြင့် မျှတလေ့ ရှိပါပေသည်၊ သို့ မျှတလေ့ရှိသော ရဟန်း သူမြတ်သည် အကြင်အကြင် အလိုရှိရာ အရပ်သို့ မငဲ့မကွက်ဘဲ သွားနိုင်ပါသည်၊ လောကူပမာအားဖြင့် အတောင်ရှိသော ငှက်သည် မိမိအလိုရှိရာ သစ်ပင်တို့မှာ အစားအစာတို့ကို စားသုံးပြီးလျှင် မိမိ၏ အတောင်တည်းဟူသော ဝန်ဖြင့်သာလျှင် အလိုရှိရာ အရပ်လေးမျက်နှာသို့ မငဲ့မကွက်ဘဲ သွားသကဲ့သို့ ထို့အတူ ရဟန်းသူမြတ်သည်လည်း ကိုယ်ကို စောင့်ရှောက်ရုံ ဆောင်နိုင်ရုံမျှသော အဝတ်သင်္ကန်း, ဝမ်းကို စောင့်ရှောက်ရုံ ဆောင်နိုင်ရုံမျှသော ဆွမ်းတို့ဖြင့် ရောင့်ရဲ တင်းတိမ် အားရခြင်း ရှိပါပေ၏၊ အချုပ်အားဖြင့် ဆွမ်း သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့၌ ရသမျှနှင့် တင်းတိမ် ရောင့်ရဲ အားရခြင်းတည်းဟူသော **ယထာလာဘသန္တောသ** မိမိနှင့် သင့်လျော်လျောက်ပတ်သည်နှင့် ရောင့်ရဲခြင်းတည်းယူသော **ယထာသာရုပ္ပသန္တောသ** မိမိခွန်အားနှင့် အမျှ တင်းတိမ် ရောင့်ရဲခြင်းတည်းဟူသော **ယထာဗလသန္တောသ** ဤသို့လျှင် ပစ္စည်းလေးပါးဝယ် တဆယ့်နှစ်ပါးသောသန္တောသတရားနှင့် ပြည့်စုံ၍ နေနိုင်ပါသည်၊

ဤသို့လျှင် သဗ္ဗညု မြတ်စွာဘုရားသည် ဝေဒေဟီ မိဖုယား၏သား မဂဓတိုင်းရှင် ဘုရင် အဇာတသတ် မင်းတရားအား မြတ်သော ဣန္ဒြိယသံဝရသီလကိုရင်း မြတ်သော သတိ သမ္ပဇဉ်ကိုရင်း စျာန် မဂ်ဖိုလ်တရားတို့၏ အခြေပါဒဖြစ်သည့် မြတ်သော သန္တောသ တရားကိုရင်း ဤသို့လျှင် စိတ်ဖြာခွဲခြား၍ ဟောကြားတော် မူခဲ့ပါသည် အရှင်ဘုရား။

သန္တောသ ပြီး၏

---

## ဣန္ဒြိယသံဝရ စသည်နှင့် ပြည့်စုံရန် တိုက်တွန်းခြင်း

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ဘိက္ခု ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ သဒ္ဓါပဗ္ဗဇိတော ဣမိနာ စ အရိယေန ဣန္ဒြိယ-သံဝရေန သမန္နာဂတော၊ ဣမိနာ စ အရိယေန သတိသမ္ပဇညေန

http://www.dhammadownload.com



သမန္နာဂတော၊ ဣမာယ စ အရိယာယ သန္တုဋ္ဌိယာ သမန္နာဂတော ဝိဟရေယျ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ဤသို့ ကောင်းမွန်စွာ ဟော ကြား၍ ထားအပ်သော သွာခါတ ဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားသခင်၏ သာသနာတော်၌ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်သည်ဟူ သော သဒ္ဓါတရားဖြင့် ရဟန်းပြု၍ လာသော ရဟန်းမြတ်သည် ဤသာမည ဖလ သုတ်၌ ဟောပြတော် မူအပ်သည့်အတိုင်း မွန်မြတ်သော ဣန္ဒြေခြောက် ပါးတို့၌ စောင့်စည်းခြင်း ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံသည် ဖြစ်၍ရှင်း မွန် မြတ်သော သတိသမ္ပဇဉ်လေးပါးနှင့် ပြည့်စုံသည် ဖြစ်၍ရှင်း မွန်မြတ်သော ရောင့်ရဲခြင်း သန္တောသ တရားနှင့် ပြည့်စုံသည်ဖြစ်၍ရှင်း နေရာ၏ နေသင့်ပါ ပေ၏၊ ဤသို့ နေခြင်းသည် ကောင်းလှ ပါပေ၏ ငါ့ရှင်။

ဣန္ဒြိယသံဝရ စသည်နှင့်ပြည့်စုံရန် တိုက်တွန်းခြင်း ပြီး၏

---

## နိဝရဏ ငါးပါး ပယ်ပုံများ

ပုစ္ဆာ။ ။ကထံ ပနာဝုသော ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ နီဝရဏပဟာနံ ဝိဘဇိတွာ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။သော ဇဝံ အရိယေန သီလက္ခန္ဓေန သမန္နာဂတော၊ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော၊ အရိယေန သတိသမ္ပဇညေန သမန္နာဂတော၊ အရိယာယ သန္တုဋ္ဌိယာ သမန္နာဂတော၊ ဝိဝိတ္တံ သေနာသနံ ဘဇတိ အရညံ ရုက္ခမူလံ ပဗ္ဗတံ ကန္ဒရံ ဂိရိဂုဟံ သုသာနံ ဝနပတ္ထံ အဗ္ဘောကာသံ ပလာလပုဉ္ဇံ။ သော ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တော နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေ- တွာ။ သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ ။ပ။ တဿိမေ ပဉ္စ နီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတော ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓ-

http://www.dhammadownload.com



ကာယော သုခံ ဝေဒေတိ၊ သုခိနော စိတ္တံ သမာဓိယတိ။ ဧဝံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ နီဝရဏပ္ပဟာနံ ဝိဘဇိတွာ ဝိတ္ထာရတော ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် မာဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတ သတ်မင်းတရားအား ရဟန်းတော်တို့သည် မိမိတို့၏ သန္တာန်၌ အညစ်အကြေး ကို ဖြစ်စေတတ်သော မိမိတို့၏ စိတ်ဓာတ်ကို ညစ်နွမ်းစေတတ်သော နီဝရဏ တရားတို့ကို ဖယ်ရှားခြင်း အမှုကို အဘယ်သို့လျှင် ဝေဘန်၍ ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် သော ဧဝံ အရိယေန သီလက္ခန္ဓေန သမန္နာဂတော အစ ရှိသည်ဖြင့်——

အဇာတသတ် မဟာရာဇာ....ဤဆိုအပ်ပြီးသော နည်းအတိုင်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ တည်းဟူသော အရိယသီလ အစုနှင့် ပြည့်စုံသော အရိယဣန္ဒြိယသံဝရနှင့်ပြည့်စုံသော မြတ်သော သတိသမ္ပဇညတရားနှင့်လည်း ပြည့်စုံသော မြတ်သော သန္တောသ တရားနှင့်လည်း ပြည့်စုံသော သဒ္ဓါပဗ္ဗ-ဇိတ အမျိုးကောင်းသား ရဟန်း သူမြတ်သည် ဆိတ်ငြိမ်ရာ ဥမင်လိုဏ်ခေါင်း တောကျောင်း အစရှိသော ထိုထိုကိုးပါးသော အရပ်ဌာနသို့ ကပ်ရမည်၊

ထိုသို့ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်ပြီးလျှင် ဆွမ်းခံရာမှ အပြန်ဝယ် ဆိတ်ငြိမ်ရာ အရပ်၌ပင် ကမ္မဋ္ဌာန်းအာရုံသို့ ရှေး ရှု၍ ထက်ဝယ်ဖွဲ့ခွေ နေပြီးလျှင် မိမိ၏ သုံးစွဲရင်းဖြစ်သော ပထဝီ ကသိုဏ်း အစရှိသော သမထ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း ပွါးများ အားထုတ်ရမည်၊

သို့ ပွါးများ အားထုတ်သောအခါ ထိုယောဂါဝစရ ပုဂ္ဂိုလ်သူမြတ်၏ သန္တာန်ဝယ် ဤလောက၌ တပ်မက်တတ်သော အဘိဇ္ဈာတည်းဟူသော ကာမစ္ဆန္ဒ တရားကို ပယ်ရှားပြီးလျှင် အဘိဇ္ဈာ ကာမစ္ဆန္ဒတရားမှ ကင်းသော, ကာမစ္ဆန္ဒ နီဝရဏမှ စင်ကြယ်သော စိတ်နှလုံးဖြင့် နေနိုင်ပါသည်၊

http://www.dhammadownload.com



ထို့အတူ ဗျာပါဒနီဝရဏ,ထိနမိဒ္ဓ နီဝရဏ,ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ,ဝိစိကိစ္ဆာ နီဝရဏ တရားတို့ကို ပယ်ရှားပြီးလျှင် ကင်းသောယုံမှားသံသယရှိသည်ဖြစ်၍ နေနိုင်ပေသည်။

## ကာမစ္ဆန္ဒကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ

ဤသို့ ဥပစာရဘာဝနာ- အပ္ပနာဘာဝနာ, ဥပစာရသမာဓိ- အပ္ပနာ သမာဓိသို့ ရောက်သဖြင့် နီဝရဏ တရား ငါးပါးတို့ကို ခွါအပ်ပြီးသောအခါ ထို ယောဂါဝစရပုဂ္ဂိုလ် သဒ္ဓါပဗ္ဗဇိတ ရဟန်းသူမြတ် အမျိုးကောင်းသား သည် ကာမစ္ဆန္ဒနီဝရဏ ထင်ရှားရှိစဉ် ရှေးယခင်အခါကအတွက် ကြွေးယူ၍ သုံးစွဲထားသော ပုဂ္ဂိုလ်သည် ထိုကြွေးအတွက် မလွတ်လပ်ဘိသကဲ့သို့ အောက် မေ့ မှတ်ထင်ပေသည်၊

ယခုအခါ ဥပစာရ, အပ္ပနာသမာဓိသို့ ရောက်သဖြင့် ကာမစ္ဆန္ဒနီဝရဏ ကို ပယ်ရသောအခါ ထို ကြွေးယူသုံးစားသော လယ်သမားသည် ထို ကြွေးမြီမှ ကင်းရှင်းသောအခါ နှစ်သက်အားရမ်းဝမ်းမြောက်ခြင်း ဖြစ်ဘိသကဲ့သို့ ကာမစ္ဆန္ဒနီဝရဏ တည်းဟူသော ကြွေးမြီမှကင်းသဖြင့် အလွန်အမင်း ဝမ်းမြောက်ခြင်း ဖြစ်ရပါသည်။

ကာမစ္ဆန္ဒကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ ပြီး၏

---

## ဗျာပါဒကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ

ဗျာပါဒ နီဝရဏနှင့် စပ်၍လည်း ရှေးအခါ သူတော်တရား အားမထုတ်မီ ရှေ့အတ္တဝယ် ဗျာပါဒနီဝရဏ မကင်းမီ မငြိမ်းမီက ဒေါသ တည်းဟူသော အနာ ရောဂါကြီး စွဲသဖြင့် အစခပ်သိမ်း သူတော်ကောင်းတို့၏ တရားကို သူတော် ကောင်းတို့၏ ဓမ္မအရသာကို မသုံးစွဲနိုင်ပုံကိုလည်း ဆင်ခြင် မိပါသည်၊ ယခု အခါ ဥပစာရသမာဓိ, အပ္ပနာသမာဓိသို့ရောက်သဖြင့် ဗျာပါဒနီဝရဏငြိမ်း သောအခါ ရှေးအခါကနှင့်မတူ သူတော်ကောင်း တရား တည်းဟူသော ဓမ္မ အရသာကို မြိန်ရှက်စွာ သုံးစွဲနိုင်သည်၏ အဖြစ်ကို ဆင်ခြင်မိသောအခါ နှစ်လို အားရမ်း ဝမ်းမြောက်လျက် ရှိလှပါသည်။

ဗျာပါဒကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ ပြီး၏

http://www.dhammadownload.com



## ထိနမိဒ္ဓကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ

ထိနမိဒ္ဓနီဝရဏ နှင့် စပ်၍လည်း ရှေးစဉ်အခါ သူတော်တရားအားမထုတ်မီက ထိနမိဒ္ဓတရား လွှမ်းမိုးသဖြင့် သူတော်ကောင်း တရားဆိုလျှင် မည်သို့မျှမကြားရ မသိရသည်၏အဖြစ်ကို သိမြင်ပါသည်၊ ယခုအခါမှာမူ ထိနမိဒ္ဓ နီဝရဏကင်းစင်သဖြင့် သူတော်ကောင်းတို့ ဟောကြား အပ်သော သဗ္ဗညုမြတ်စွာဘုရား၏ တရားတော် တည်းဟူသော ဓမ္မသဘင်ကို ပျော်ရွှင်စွာ ဝင်စံနိုင်သော အဖြစ်ကို စဉ်းစားမိသောအခါ လွန်စွာအားရမ်း ဝမ်းမြောက်ခြင်းဖြစ်ရပါသည်။

ထိနမိဒ္ဓကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ ပြီး၏

---

## ဥဒ္ဓစ္စကုက္ကုစ္စကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ

ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏနှင့် စပ်လျဉ်း၍ ရှေးအခါကမူ သူတပါး၏ ကျွန်အဖြစ်သို့ ရောက်ရှိသောသူကဲ့သို့ ဥဒ္ဓစ္စ ကုက္ကုစ္စ လွှမ်းမိုးသဖြင့် နေရာတကာမှာဖင် မိမိကိုယ်ကို မိမိ မစိုးမပိုင်သည်၏ အဖြစ် အပြစ်ဒေါသကို မြင်ရှိရပါသည်၊ ယခုအခါမှာမူ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ တည်းဟူသော ကျွန်အဖြစ်မှ ကင်းလွတ်ပြီးဖြစ်၍ မိမိကိုယ်ကို မိမိ စိုးပိုင်စွာ ချမ်းသာစွာ နေနိုင်သည်၏ အဖြစ်ကို နှစ်နှစ် . ၁ာကာ တွေးတောဝမ်းမြောက် နှစ်လိုအားရမ်း ဖြစ်ရပါသည်။

ဥဒ္ဓစ္စကုက္ကုစ္စကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ ပြီး၏

---

## ဝိစိကိစ္ဆာကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ

ဝိစိကိစ္ဆာ နီဝရဏနှင့် စပ်လျဉ်း၍လည်း ရှေးအခါ သူတော်တရား အားမထုတ်မီ ဝိစိကိစ္ဆာနီဝရဏ မကင်းစဲမီ အခါက စီးပွါးဥစ္စာနှင့် တကွသော အမျိုးကောင်းသား ယောကျ်ားသည် ခိုးသူထူထပ် ဘေးရန်ပေါများလှသော ကန္တာရခရီးကြမ်းသို့ သွားသောအခါ အမြဲတစေ ရွံ့ကြောက် လန့်ထိတ်၍ နေရသကဲ့သို့ ဝိစိကိစ္ဆာ နီဝရဏကို မပယ်ရှားရသေးမီ ရှေးအခါက ဘုရားကိုလည်း ကေန် ကေ မယုံကြည်နိုင်၊ တရားတော်ကိုလည်း ကေန် ကေ မယုံကြည်နိုင်၊ သံဃာတော်ကိုလည်း ကေန် ကေ မယုံကြည်နိုင်၊ သိက္ခာသုံးပါးကိုလည်း ကေန် ကေ မယုံကြည်နိုင်၊ နှစ်ဘက်နင်းရဲ့သို့ ဖြစ်ပြီးလျှင် မိမိစိတ်

http://www.dhammadownload.com



ဆင်းရဲမှုကို တွေးတောမိပါသည်၊ ယခုအခါမှာမူ နီဝရဏကင်းစင်သဖြင့် ထိုသို့ ဘုရား, တရား, သံဃာ, သိက္ခာသုံးပါး, ပုဗ္ဗန္တ, အပရန္တ, ပုဗ္ဗန္တာပရန္တ,ဣဒ ပစ္စယတာ ပဋိစ္စသမုပ္ပါဒတည်းဟူသော ဤရှစ်ပါးသော ဌာနတို့၌ ယုံမှားခြင်း ကင်းစင်သဖြင့် အလုံးစုံ သက်ဝင်ယုံကြည်မှုကို စဉ်းစားမိသောအခါ လွန်စွာ အားရမ်း ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။

ဝိစိကိစ္ဆာကင်းသော ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပုံ ပြီး၏

---

## ပီတိပါမောဇ္ဇစသည် အဆင့်ဆင့် ဖြစ်ပွါးပုံ

ဤသို့လျှင် ယောဂါဝစရ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားသည် နီဝရဏ တရားတို့ မိမိကိုယ်မှ ခွါသွားသည်ကို ဆင်ခြင်စဉ်းစားမိသောအခါ နုသော **ပါမောဇ္ဇ** တရားဖြစ်ပါသည်၊ ထိုပါမောဇ္ဇကို အရင်းခံ၍ ရင့်ကျက်သော **ပီတိ** တရားဖြစ်ပါသည်၊ နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်း ပီတိတရားကြောင့် ကိုယ် စိတ်တို့၏ ငြိမ်းအေးခြင်း တည်းဟူသော **ပဿဒ္ဓိ** တရားဖြစ်ရသည်၊ သို့ ကိုယ် စိတ်တို့၏ ငြိမ်းအေးခြင်း ဟူသော ပဿဒ္ဓိတရားကြောင့် ချမ်းသာမှု တည်းဟူ သော **သုခ**ကို ဒိဋ္ဌထင်ထင် တွေ့မြင်ရသည်၊ ချမ်းသာမှု သုခဟူသော အ ကြောင်းကြောင့် **ဥပစာရသမာဓိ, အပ္ပနာသမာဓိ** အားဖြင့် စိတ်၏ တည် ကြည်ခြင်းသို့ ရောက်ရှိပါသည်၊

ဤသို့လျှင် အဇာတသတ် မဟာရာဇာအား သဗ္ဗညုမြတ်စွာဘုရားသည် သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား၏ တရားကို အားထုတ်ကာ ငါးဖြာသော နီဝရဏ တရားတို့မှ မိမိ၏စိတ်ကို စင်ကြယ်စေပုံ အခြင်းအရာကို ဝိတ္ထာရအားဖြင့် ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

နီဝရဏငါးပါး ပယ်ပုံများကို ဟောကြားခြင်း ပြီး၏

---

## စင်ကြယ်သော စိတ်နှင့်နေရန် တိုက်တွန်းခြင်း

သာဝု သာဝု အာဝုသော၊ သာဝု ခေါ အာဝုသော ယံ ဘိက္ခု ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ သဒ္ဓါပဗ္ဗဇိတော ဧဝံ ပဉ္စနီဝရဏေ ပဇဟိတွာ တေဟိ စိတ္တံ ဝိသောဓေတွာ ဝိဟရေယျ။

http://www.dhammadownload.com



ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်။ ကောင်းမွန်စွာ ဟောကြားအပ်သော သွာခါတဂုဏ်နှင့် ပြည့်စုံသော ဤမြတ်စွာဘုရားသခင်၏ သာသနာတော်၌ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် ရောက်လိမ့်မည် ဟု ယုံကြည်သော သဒ္ဓါတရားနှင့် ရဟန်းပြု၍ လာသော အမျိုးကောင်းသားသည် ဤသာမညဖလသုတ်၌ ဟောပြသည့် အတိုင်း ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာ တည်းဟူသော စိတ်၏ အနှောင့်အရှက် နီဝရဏတရား ငါးပါးတို့ကို ပယ်ရှား၍ ထိုစိတ်၏ အညစ်အကြေး,စိတ်၏ အနှောင့်အရှက်, စိတ်၏ အပိတ်အပင်ဖြစ်သော နီဝရဏတရားတို့မှ စိတ်ကို သန့်ရှင်းစင်ကြယ်စေလျက် နေရာ၏ နေသင့်ပါပေ၏၊ ဤသို့ နေခြင်းသည် ကောင်းလှပါပေ၏။။

အဘယ့်ကြောင့်နည်းဆိုသော် လောကီသာမန် ပုထုဇန်ပုဂ္ဂိုလ်တို့၏ စိတ်နှလုံးသည် ဤကာမစ္ဆန္ဒ အစရှိသော နီဝရဏတရားတို့ဖြင့် အခါခပ်သိမ်း ညစ်နွမ်းလျက် ရှိချေ၏၊ အခါခပ်သိမ်း ပူပန်လျက်ရှိချေ၏၊ အခါခပ်သိမ်း ပျံ့လွင့်လျက် ရှိချေ၏၊ ထိုသို့ ဆိုးသွမ်းသော စိတ်၏ အညစ်အကြေး နီဝရဏတရားတို့ကို ပယ်ရှား၍ ထိုစိတ်အညစ်အကြေးတရားတို့မှ ကင်းစေ၍ ဖြူစင်သောစိတ်ကို မိမိသန္တာန်၌ ဖြစ်စေ၍ ရဟန်းတော်၏နေထိုင်ခြင်းသည်ကောင်းမြတ်လှပါပေစွ ငါ့ရှင်။

စင်ကြယ်သော စိတ်နှင့်နေရန် တိုက်တွန်းခြင်း ပြီး၏

---

## အဆင့်ဆင့် မွန်မြတ်သော ရဟန်းပြုကျိုးများ ဟောကြားခြင်း

### ပဌမဈာန် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ပဌမံ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။သော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ

http://www.dhammadownload.com



ပဏီတတရဉ္စ။ ဇဝံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ပဌမံ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရှေးက ဟောပြခဲ့ဘူးသော ကျွန်ယောကျ်ားဘဝမှ ရဟန်းပြုလာသောသူ၏ မျက်မှောက်ဘဝ၌ ကိုယ်တိုင်တွေ့ရသော သန္ဒိဋ္ဌိက သာမညဖလတပါး, လယ်သမားဘဝမှ ရဟန်းပြု၍လာသောသူ၏ မျက်မှောက်ဘဝ၌ ကိုယ်တိုင်တွေ့ကြုံခံစားရသော သန္ဒိဋ္ဌိက သာမညဖလတပါးအားဖြင့် နှစ်ပါးသော သန္ဒိဋ္ဌိကဖလတို့ရှိရာ ထိုသန္ဒိဋ္ဌိကဖလနှစ်မျိုးတို့ထက် သာလွန်၍ နှစ်သက်အပ်သည်လည်းဖြစ်သော သာလွန်၍ မွန်မြတ်သည်လည်းဖြစ်သော ရှေးဦးစွာသော ရဟန်းတို့ မျက်မှောက်ဘဝ၌ တွေ့ကြုံခံစားရသော ရဟန်းပြုရခြင်း၏ အကျိုးဖြစ်သော သန္ဒိဋ္ဌိက သာမညဖလကို မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းတရားအား အဘယ်သို့လျှင် ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သော ဝိဝိစ္စေဝ ကာမေဟိ အစရှိသည်ဖြင့်——

အဇာတသတ် မဟာရာဇာ.... ရှေးဆိုအပ်ခဲ့ပြီးသော အရိယသီလက္ခန္ဓ, အရိယဣန္ဒြိယသံဝရ,အရိယသတိသမ္ပဇည,အရိယသန္တုဋ္ဌိ,နီဝရဏပ္ပဟာနတို့နှင့် ပြည့်စုံသော ဥပစာရသမာဓိသို့ ပေါက်ရောက်ပြီးသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော်အရှင်သူမြတ်သည် ထိုဥပစာရ သမာဓိ၏ အခြားမဲ့၌ ဝတ္ထုကာမ, ကိလေသာကာမတို့မှ ဆိတ်ပြီးလျှင် အကုသိုလ်တရားတို့မှ ဆိတ်ပြီးလျှင် ဝိတက် ဝိစာရနှင့် တကွဖြစ်သော ဝိဝေကကြောင့်ဖြစ်သော ပီတိနှင့် ယှဉ်ဘက်လျက် နှစ်သက်ခြင်းတွဲပါသည့် ချမ်းသာနှင့် ပြည့်စုံသော ပဌမစျာန်ကို ဝင်စား၍ နေပါသည်။

## ပဌမစျာန် ချမ်းသာပုံ ဥပမာ

လောကူပမာအားဖြင့် လိမ်မာရေးခြားလှစွာသော အဘိုးအခ ကြေးငွေကို ယူ၍ သူတပါးတို့အား ရေချိုး၍ ပေးတတ်သော အလုပ်သမားသည်

http://www.dhammadownload.com



ကြေးခွက် ကြေးဖလားအတွင်း၌ ကသည်မှုန့် (ကသယ်မှုန့်) ဆပ်ပြာမှုန့်တို့ကို လောင်းချပြီးလျှင် ကသည်မှုန့် ဆပ်ပြာမှုန့်တို့ကို ဖြန့်ခင်းပြီးလျှင် ရေစင်ဖြင့် ဖြန်းကာ ဖြန်းကာ ဆုပ်နယ်သောအခါ ထိုကသည်မှုန့် ဆပ်ပြာလုံးသည် ရေ၏ အဆီအစေးဖြင့် အလုံးစုံ နှံ့လေဘိသကဲ့သို့ အလုံးစုံ ပျံ့လေဘိသကဲ့သို့ ကသည်မှုန့် ရှိရှိသမျှဝယ် ရေ၏ အဆီအစေးဖြင့် မတွေ့ထိအပ်သော အရာဟူ၍ မရှိဘိသကဲ့သို့——

ထိုအတူ ပဌမစျာန်ကို ဝင်စားသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ ရဟန်းတော် အရှင်သူမြတ်သည်လည်း ဤ ကရဇဖြစ်သော ရူပကာယကို ထိုစျာန်အတွင်းဝယ် ပါရှိသော ဝိဝေကကြောင့် ဖြစ်သော နှစ်သက်ခြင်း ပီတိတရားတွဲဘက်ပါလျက်ရှိသော ပဌမစျာန် ချမ်းသာသုခဖြင့် နှံ့စေပါသည် တကိုယ်လုံး ပျံ့စေပါသည်၊ ထိုအရှင်သူမြတ်၏ ကိုယ်ခန္ဓာဝယ် ပဌမစျာန်ချမ်းသာဖြင့် မတွေ့ထိအပ်သော ကရဇကာယ, ရူပကာယ အစိတ် ဟူ၍ တစုံတရာမျှ မရှိဖြစ်ပါသည်၊

ဤသို့ ပဌမစျာန် ချမ်းသာဖြင့် တကိုယ်လုံး ပျံ့နှံ့တွေ့ထိကာ ချမ်းသာစွာ နေရခြင်းသည်လည်း ရှေးဆိုအပ်ပြီးသည့် ကျွန်ယောကျ်ား ဥပမာ, လယ်သမား ဥပမာပြ သာမညဖလ အကျိုးနှစ်ပါးတို့ထက် အလွန့်အလွန် နှစ်သက်ဖွယ်လည်း ဖြစ်သော အလွန့်အလွန် မြတ်မွန်လှသည်လည်း ဖြစ်သော ရဟန်းပြုရခြင်း၏ ပစ္စက္ခဘဝ အကျိုးရပုံ ဖြစ်ပါသည်၊

ဤသို့လျှင် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းတရားအား ရှေးဆိုအပ်ပြီးသော သာမညဖလနှစ်ပါးတို့ထက် အထူးသဖြင့် နှစ်သက်အပ် အထူးသဖြင့် မွန်မြတ်လှသည့် သန္ဒိဋ္ဌိက သာမညဖလကို ရှင်းပြဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပဌမစျာန် ချမ်းသာပုံ ဥပမာ ပြီး၏

---

## ပဌမစျာန် ချမ်းသာ၏ ဂုဏ်ကိုဘော်ပြလျက် ကောင်းခြီးပြုခြင်း

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ဘိက္ခု ဇဝံ သ္ဒာခါတေ ဗုဒ္ဓသာသနသန်ါတေ ဓမ္မဝိနယေ ပဗ္ဗဇိတ္ဒာ ဇဝံ ပဌမံ စျာနံ

http://www.dhammadownload.com



ဥပသမ္ပဇ္ဇ ဝိဝေကဇေန ပီတိသုခေန အတ္တနော ကာယံ အဘိသန္ဒေယျ ပရိသန္ဒေယျ ပရိပူရေယျ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ဤသို့ ကောင်းမွန်စွာ ဟောကြားအပ်သော မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော် တည်းဟူသော တရား, ဝိနည်းတော်၌ ဤ သာသနာတော်၌ ဝင်၍ ရဟန်းပြုခဲ့သည်ရှိသော် ပဌမစျာန် အစရှိသော လောကီ, လောကုတ္တရာ တရားထူးများကို ကေန်ရနိုင်ပေလိမ့်မည် ဟု ယုံကြည်သော သဒ္ဓါတရားဖြင့် မြတ်စွာဘုရား၏ သာသနာတော်ဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသော အမျိုးကောင်းသားရဟန်းတော်သည် ဤ သာမညဖလသုတ်၌ ဟောပြခဲ့သော ကျင့်စဉ် ပဋိပတ်ဖြင့် ပဌမစျာန်သို့ ဆိုက်ရောက်၍ ပဌမစျာန်ကို ဝင်စား၍ ထိုပဌမစျာန်၌ ပါဝင်သော နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပီတိသုခတည်းဟူသော ပဌမစျာန် ချမ်းသာဖြင့် မိမိ၏ ရူပကာယ, နာမကာယ တည်းဟူသော တကိုယ်လုံးကို စိုစွတ်ပျံ့နှံ့စေလျက် နေရာ၏၊ ဤသို့ နေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်၊

အဘယ့်ကြောင့်ဆိုသော် ဤသို့သော စျာန်ချမ်းသာမျိုးကို မရရှိကြသေးသော သာမန် ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မိမိတို့ တွေ့ရှိခံစားနိုင်သော ကာမဂုဏ်ငါးပါးကို အမှီပြု၍ဖြစ်သော ကာမချမ်းသာမျှဖြင့် ကောင်းလှပေပြီ ဟု အားရတင်းတိမ်လျက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြပေ၏၊

သို့ပင် ဖြစ်လင့်ကစား ထို ကာမချမ်းသာတို့သည် စင်စစ်အားဖြင့် ချမ်းသာစစ် မဟုတ်ကြကုန်၊ ထိုကာမချမ်းသာတို့ကို ခံစားရခြင်းသည် မိမိ၏ အလိုအတိုင်း ဖြစ်နိုင်သော အရာမဟုတ်၊ သူတပါးတို့ထံမှ ချေးငှါး၍ ယူအပ်သကဲ့သို့လည်း ဖြစ်၏၊ ထို့ပြင် ထိုကာမချမ်းသာတို့ကို အကြောင်းပြု၍ စိုးရိမ်ခြင်း, ပူပန်ခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း များစွာတို့သည်လည်း ဖြစ်နိုင်ကုန်သေး၏၊

ဤ ဝိဝေကကြောင့် ဖြစ်သော ဤ နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော ပဌမစျာန် ချမ်းသာသည်ကား ထိုစျာန်ကို ရရှိနေသော ပုဂ္ဂိုလ်အား အလိုရှိတိုင်းသော ခဏ၌ အလိုရှိတိုင်း အလိုရှိတိုင်း ခံစား သုံးဆောင်နိုင်ခွင့် ရှိပေ၏၊

http://www.dhammadownload.com



ထို့ပြင် ဤသို့သော ပဌမစျာန် ချမ်းသာကို ခံစားရသည့်အတွက် စိုးရိမ်ခြင်း, ပူပန်ခြင်း အစရှိသော ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတို့သည် လုံးဝမဖြစ်ပေါ်နိုင်သည့်ပြင် ထိုသို့ ဖြစ်ပေါ်လတ္တံ့သော ဆင်းရဲတို့ကိုလည်း ငြိမ်းစေနိုင်၏၊

ဤသို့လျှင် မွန်မြတ်လှစွာသော စျာန်ချမ်းသာဖြင့် မိမိရူပကာယ, နာမကာယတည်းဟူသော တကိုယ်လုံးကို စိုစွတ် ပျံ့နှံ့စေလျက် ရဟန်းတော်၏ နေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

ပဌမစျာန် ချမ်းသာ၏ ဂုဏ်ကိုဘော်ပြလျက် ကောင်းချီးပြုခြင်း ပြီး၏

---

## ဒုတိယ, တတိယ, စတုတ္ထစျာန် ရဟန်းပြုကျိုးများ

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ ဒုတိယဉ္စ တတိယဉ္စ စတုတ္ထဉ္စ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။ပုန စ ပရံ မဟာရာဇ ဘိက္ခု ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံစျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ဧဝမာဒိနာ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ဒုတိယဉ္စ တတိယဉ္စ စတုတ္ထဉ္စ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် ရှေးဆိုခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် လွန်ကဲ မြင့်မြတ်သော ဒုတိယ,တတိယ,စတုတ္ထမြောက် ဖြစ်သော မျက်မှောက်ဘဝ၌ ရဟန်းတို့ ကိုယ်တိုင် ခံစား တွေ့ကြုံရသော ရဟန်းပြုရခြင်း၏ သန္ဒိဋ္ဌိက သာမညဖလတို့ကို ဘယ်ပုံ ဘယ်နည်းဖြင့် ဟောကြားတော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ပုန စ ပရံ မဟာရာဇ ဘိက္ခု အစရှိသည်ဖြင့်....

http://www.dhammadownload.com



## ဒုတိယစျာန် ရဟန်းပြုကျိုး

အဇာတသတ် မဟာရာဇာ....ထိုမှတပါး သန္ဒိဋ္ဌိက သာမညဖလ အကျိုး ရပုံကား ရှေးဆိုအပ်ပြီးသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား သည် ထိုပဌမစျာန် အတွင်းဝယ် ပါရှိသော ဝိတက်, ဝိစာရ တည်းဟူသော စျာန်အင်္ဂါ နှစ်ပါးတို့ကို ငြီးငွေ့ပြီးလျှင် ဒုတိယစျာန်ကို ရဘို့ရန် အားထုတ် သောအခါ ဝိတက်, ဝိစာရတို့၏ ငြိမ်းအေးခြင်းတို့ကြောင့်ငင်း ဝိတက်, ဝိစာရ မှ ကင်းသော သမာဓိကြောင့်ဖြစ်သော ပီတိသုခ အမြဲတစေ လိုက်ပါ၍နေ သော ဒုတိယစျာန် ချမ်းသာကို ဝင်စား၍ နေပါသည်။

## ဒုတိယစျာန် ချမ်းသာပုံ ဥပမာ

လောက ဥပမာအားဖြင့် အရှေ့, အနောက်, တောင်,မြောက် အရပ်လေး မျက်နှာတို့မှလည်း ရေမဝင်, အထက် မိုဃ်းကောင်းကင်မှလည်း ရေမကျသော အလိုလို စမ်းရေ ယိုထွက်သော ရေအိုင်တခု ရှိသည်ဆိုပါစို့၊ ထိုရေအိုင်အတွင်း ဝယ် အောက်မှ, ဘေးမှ ပတ်ဝန်းကျင် စီးယိုထွက်သော စမ်းရေအစုသည် ထို ရေအိုင်အလုံးကို ပျံ့နှံ့လေရာ၏၊ ထိုရေအိုင်အတွင်းဝယ် ထိုစမ်းရေ မြေလှစွာ သော ရေကြည်ရေအေးဖြင့် မတွေ့ထိအပ်သော အစိတ်အပိုင်းဟူ၍ မရှိသကဲ့ သို ထို့အတူ ဒုတိယစျာန်ကို ဝင်စား၍နေသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုး ကောင်းသားသည်လည်း ထိုဒုတိယစျာန် အတွင်းဝယ် ပါရှိသော သမာဓိ ကြောင့်ဖြစ်သော ပီတိသုခချမ်းသာမျိုးဖြင့် ဤရူပကာယ အလုံးကို ပျံ့စေ နှံ့စေ၍ နေနိုင်ပါပေသည်၊

ဤသည်လည်း ရှေးဆိုအပ်ခဲ့ပြီးသော သာမညဖလတို့ထက် အလွန့်အ လွန် နှစ်သက်ဘွယ်ကောင်းလှ, အလွန့်အလွန် မွန်မြတ်လှစွာသော ရဟန်းပြုရ ခြင်း၏ ပစ္စက္ခဘာဝ အကျိုးရပုံ ဖြစ်ပေသည်။

ဒုတိယစျာန် ရဟန်းပြုကျိုး ပြီး၏

---

## တတိယစျာန် ရဟန်းပြုကျိုး

အဇာတသတ် မဟာရာဇာ.... ထိုမှတပါး သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုး ကောင်းသား ဖြစ်တော်မူသော ရဟန်းတော် အရှင်သူမြတ်သည် ဒုတိယစျာန်

http://www.dhammadownload.com



မှတဆင့် တက်ပြီးကာ ဤအရှင်သူမြတ်ကား ဥပေက္ခာနှင့် ပြည့်စုံသော သူမြတ်ပါပေတည်း၊ သတိနှင့် ပြည့်စုံသော သူမြတ်ပါပေတည်း၊ သုခနှင့်ချမ်းသာစွာ နေလေ့ရှိသော သူမြတ်ပါပေတည်း ဟု အရိယာသူမွန်တို့ ချီးမွမ်းယူလောက်အောင် တတိယစျာန်ကို ဝင်စား၍ နေပါသည်။

## တတိယစျာန် ချမ်းသာပုံ ဥပမာ

လောက ဥပမာအားဖြင့် ကြာညိုအိုင်၌သော်၎င်း ပဒုမ္မာကြာအိုင်၌သော်၎င်း ပုဏ္ဍရိက် ကြာအိုင်၌သော်၎င်း အကြင် အလုံးစုံသော ရေ၏အတွင်း ဝယ် ပေါက်ဖွား, ရေ၏အတွင်းဝယ် ကြီးပွါးသည့် ကြာညို, ပဒုမ္မာကြာ, ကြာ ပုဏ္ဍရိက်တို့သည် ရေ၏အတွင်းမှာပင် ကြီးပွါးကြ၍ အရင်းမှ အဖျားတိုင်အောင် အဖျားမှ အရင်းတိုင်အောင် အေးမြလှစွာသော ရေကြည် ရေအေးဖြင့် ပွံ့နှံ့ဘိသကဲ့သို့ ထို့အတူ တတိယစျာန်ကို ဝင်စားသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ ရဟန်းတော် အရှင်သူမြတ်သည်လည်း ထိုတတိယစျာန်အတွင်းဝယ် ပါရှိသော ပီတိနှင့် ကင်းကွာသည့် နိပ္ပီတိကသုခ ချမ်းသာဖြင့် ဤရူပကာယ အလုံးကို ပွံ့နှံ့စေ၍ နေပါသည်၊

ဤသည်လည်း ရှေးဆိုအပ်ပြီးသော သာမညဖလတို့ထက် ဆဆကဲချွန်မွန်မြတ်သော သာမညဖလဖြစ်ပါပေသည်။

တတိယစျာန် ရဟန်းပြုကျိုး ပြီး၏

---

## စတုတ္ထစျာန် ရဟန်းပြုကျိုး

အဇာတသတ် မဟာရာဇာ.... ထိုမှတပါး သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား, တတိယစျာန် ရပြီးသော အရှင်သူမြတ်သည် ထိုတတိယစျာန်မှ တဆင့်တက်ကာ သမထ ဘာဝနာကို ပွါးများတော်မူသဖြင့် ကာယိကသုခ စေတသိကသုခတို့ကို ပယ်ရှားပြီးလျှင် သောမနဿ ဒေါမနဿတို့၏လည်း အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့် အဒုက္ခ မသုခ တည်းဟူသော အလွန်အလွန် ချမ်းသာလှသည့် ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော စတုတ္ထစျာန်ကိုဝင်စား၍ နေပါသည်။

http://www.dhammadownload.com



## စတုတ္ထစျာန် ချမ်းသာပုံ ဥပမာ

ထိုသို့ စတုတ္ထစျာန်ကို ဝင်စား၍ နေသောအခါ လောကဥပမာအားဖြင့် ယောကျ်ားတယောက်သည် ဖြူစင်လှစွာသော အဝတ်ကို ခြုံ၍ ထိုင်နေသည် ဆိုပါစို့....၊ သို့ ထိုင်နေသော ယောကျ်ား၏ ခန္ဓာကိုယ်မှ အပူငွေ့သည် ဖြူစင်သော အဝတ်တခုလုံးကို ပျံ့နှံ့ဘိသကဲ့သို့ ထိုအတူ စတုတ္ထစျာန်ကို ဝင်စားဆဲ ရှိသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော် အရှင်သူမြတ်သည်လည်း အလွန့်အလွန် စင်ကြယ်လှစွာသော ကိလေသာ အညစ်အကြေးတို့မှ ဝေးစွာသော ပြိုးပြိုးပြက် တောက်ပြောင်၍ နေသော စိတ်ဖြင့် ဤ မိမိ၏ ရူပကာယကို ပျံ့စေ နှံ့စေ တွေ့ထိစေ၍ နေပါသည်၊

ဤသည်လည်း ဆိုအပ်ပြီးသော ကျွန်ယောကျ်ားဥပမာ, လယ်သမား ဥပမာပြ သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် အလွန့်အလွန်မြတ်မွန်လှသည့် ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံ ဖြစ်ပါသည်၊

ဤသို့လျှင် အဇာတသတ် မဟာရာဇာအား သဗ္ဗညုမြတ်စွာဘုရားသည် ရှေးဆိုအပ်ပြီးသော ကျွန်ယောကျ်ားဥပမာ, လယ်သမား ဥပမာပြ သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် မွန်မြတ်လှသည့် ဒုတိယစျာန်,တတိယစျာန်, စတုတ္ထစျာန် ချမ်းသာတည်းဟူသော သန္ဒိဋ္ဌိက သာမညဖလ အကျိုးတရားတို့ကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စတုတ္ထစျာန် ချမ်းသာပုံဥပမာ ပြီး၏

---

## ဒုတိယစျာန်စသည်၏ အကျိုးကိုပြ၍ ကောင်းခြီးပြုခြင်း

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ဘိက္ခု ဧဝံ သွာခါတေ ဗုဒ္ဓသာသနသဉ်္ခါတေ ဓမ္မဝိနယေ သဒ္ဓါပဗ္ဗဇိတော ဧဝံ ဒုတိယစျာနဉ္စ တတိယစျာနဉ္စ စတုတ္ထစျာနဉ္စ ဥပသမ္ပဇ္ဇ တေဟိ စျာနသုခေဟိ အတ္တနော ကာယံ အဘိသန္ဒေတွာ ပရိသန္ဒေတွာ ပရိပူရေတွာ ဝိဟရေယျ။

ကောင်းလှပါပေစွ ကောင်းလှပါပေစွ ငါ့ရှင်၊ ဤသို့ ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်သော ဗုဒ္ဓသာသနာ တည်းဟူသော တရားတော်, ဝိနည်း

http://www.dhammadownload.com



တော်မြတ်၌ ယုံကြည်သော သဒ္ဓါတရားဖြင့် ဝင်ရောက်၍ ရဟန်းပြုသော အမျိုးကောင်းသား ရဟန်းတော်သည် ဤသို့ ညွှန်ပြ၍ ထားသည့်အတိုင်း ဒုတိယစျာန်ကိုရင်း တတိယစျာန်ကိုရင်း စတုတ္ထစျာန်ကိုရင်း ဝင်ရောက်၍ ထိုစျာန်တို့၌ ပါဝင်သော စျာန်ချမ်းသာတို့ဖြင့် မိမိ၏ တကိုယ်လုံးကို စိုစွတ်စေ ပြည့်စုံစေလျက် စျာန်ချမ်းသာကို ခံစားလျက် နေရာ၏၊ ဤသို့ နေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

ဒုတိယစျာန်စသည်၏ အကျိုးကိုပြ၍ ကောင်းခြီးပြုခြင်း ပြီး၏

---

## ဝိပဿနာဉာဏ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထဉ္စ ပနာဝုသော ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဥ္စပ္ပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော ဧဝံ ပဇာနာတိ "အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒနကုမ္မာသူပစယော အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော၊ ဣဒဉ္စ ပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓန္တိ။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ ဧဝံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်း

http://www.dhammadownload.com



တရားအား လေးပါးသော စျာန်တည်းဟူသော ရဟန်းပြုရခြင်း၏ မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ တွေ့ကြုံခံစားရသော သန္ဒိဋ္ဌိက သာမညဖလ အကျိုးများကို ဟောတော်မူပြီးသည်နောက်၌ ရှေးကပြဆိုခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလ တို့ထက် သာလွန်၍ နှစ်သက်ဘွယ်ရှိသော သာလွန်၍ မွန်မြတ်သည်လည်း ဖြစ်သောအခြားတပါးသော သန္ဒိဋ္ဌိက သာမညဖလကို အဘယ်သို့လျှင်ထပ်မံ၍ ဟောကြားတော်မူခဲ့ပါသနည်းငါ့ရှင်။

အဖြေ။ ။ဘုန်းတော် ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အစရှိသည်ဖြင့်——

အဇာတသတ် မဟာရာဇာ....ဤဆိုအပ်ပြီးသော ပဌမ- ဒုတိယ- တတိယ- စတုတ္ထ တည်းဟူသော စျာန်လေးပါး, အပ္ပနာ သမာဓိတို့၏ အထက် ဖြစ်သော အရူပစျာန် လေးပါး တည်းဟူသော အပ္ပနာသမာဓိဖြင့် အလွန့် အလွန် စင်ကြယ်သောစိတ်နှလုံးရှိပြီးသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုး ကောင်းသား ရဟန်းတော် အရှင်သူမြတ်သည် ဝိပဿနာဘုံသို့ တဆင့်ကူး ရောက်အံ့ သောငှါ ဝိပဿနာဉာဏ်အမြင် မိမိသန္တာန် ဖြစ်ပေါ်ဘို့ရန် စိတ်ကိုညွတ်ပါလေသည်။

## ဝိပဿနာဉာဏ် ချမ်းသာပုံ ဥပမာ

ထိုသို့ ဝိပဿနာဘုံသို့ ကူးရောက်သောအခါ ထိုသဒ္ဓါပဗ္ဗဇိတ ရဟန်း တော် အရှင်သူမြတ်သည် လောက ဥပမာအားဖြင့် အလွန် စင်ကြယ်လှသော ပတ္တမြားရတနာ အတွင်းဝယ် ကြိုးဖြူ, ကြိုးနီ, ကြိုးဝါ, ကြိုးရွှေစသည် သွင်း၍ ထားသောအခါ မျက်စိ အမြင်ရှိသော ယောကျာ်း တယောက်သည် ထို ပတ္တမြားရတနာကို လက်ပေါ်သို့ တင်ပြီးလျှင် "ဤပတ္တမြား ရတနာသည် လွန်စွာ့လွန်စွာ ကြည်လင် တောက်ပပါပေစွ၊ ဤပတ္တမြား ရတနာ၌ ဤမည် သော ကြိုးအညိုကိုင်း အရွှေကိုင်း အဝါကိုင်း အဖြူကိုင်း သွင်း၍ထား အပ်ပါပေသည်" ဟု ပတ္တမြားရတနာနှင့်တကွ အတွင်းဝယ် တည်ရှိသောကြိုး ကို လင်းလင်းထင်ထင် သိမြင်သကဲ့သို့....

ထို့အတူ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော် အရှင်သူမြတ်သည်လည်း "ဤ ငါ၏ရူပကာယ ကိုယ်သည် ပထဝီ, အာပေါ,

http://www.dhammadownload.com



တေဇော, ဝါယော တည်းဟူသော မဟာဘုတ် လေးပါးဖြင့် ပြီး၍နေပါပေ၏၊ မိဘတို့၏ သွေးသားလျှင် အကြောင်းရင်း ရှိပါပေ၏၊ ပဝတ္တိအခါဝယ် ထမင်း မုယောတို့ဖြင့် ကြီးပွါးရခြင်း ရှိပါပေ၏၊ အမြဲတစေ ဖြစ်ပြီးလျှင် ပျက်ခြင်း သဘော ရှိသဖြင့် မမြဲခြင်းသဘော, ပွုပြင် ပြင်ဆင်၍ ပေးရခြင်းသဘော, ဆုပ်နယ်၍ပေးရခြင်းသဘော ရှိပါပေ၏၊သို့ပြင်ဆင် ဆုပ်နယ်၍ ပေးငြားသော်လည်း ပြင်ဆင် ဆုပ်နယ်၍ ပေးရကျိုးမနပ်၊ အမြဲတစေ ပျက်စီး ပြုန်းတီးခြင်း သဘော ရှိပါပေ၏" ဟု ရူပကာယဝယ် ရူပက္ခန္ဓာဝယ် ဝိပဿနာ ဉာဏ်အမြင်ဖြင့် ကြည့်ရှု၍ နေပါပေသည်၊

ထိုရူပက္ခန္ဓာအတွင်း စာရင်း အဝင်အပါဖြစ်သော ဟဒယဝတ္ထုဝယ် မှီ၍ နေသော ဝိညာဏက္ခန္ဓာ, ထို ဝိညာဏက္ခန္ဓာ ခေါင်းဆောင်သည့် ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဤနာမ် ခန္ဓာလေးပါးကိုကား ပတ္တမြားအတွင်းဝယ် ပါရှိသော ကြိုး၏ပုံပမာ ဟဒယဝတ္ထုပေါ်ဝယ် ဖြစ်ပေါ်၍ နေသည်ကို ဒိဋ္ဌ ထင်ထင်လင်းလင်း သိမြင်တော် မူပါသည်၊

သို့ သိမြင်တော်မူသောအခါ....

သုညာဂရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

ဟု ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ရောက်ပြီးလျှင် မဖောက်မပြန် ရုပ်နာမ်ဓမ္မကို ယထာဘူတ နေရာကျ အနိစ္စ, ဒုက္ခ, အနတ္တ ဟု သိမြင်သော ရဟန်းတော်အရှင်မြတ်အား ဤလူ့ပြည်လောကဝယ် တရံတခါမျှ မတွေ့ဘူး မကြုံဘူး မခံစားရဘူးသော မွေ့လျော် ချမ်းသာမှုမျိုး ဖြစ်ပါသည် ဟု မြတ်စွာဘုရားတို့သည် ခြီးမွမ်း ယူရသော ဝိပဿနာသုခ ဝိပဿနာ ချမ်းသာကို ရရှိပါသည်၊

ဤသည်လည်း ရှေးဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက ဒိဋ္ဌဓမ္မ ရဟန်းပြုရခြင်းအတွက် ရရှိအပ်သော သန္ဒိဋ္ဌိက သာမညဖလ ဖြစ်ပါသည် ဟု—

ဤသို့လျှင် ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အဇာတသတ် မဟာရာဇာအား ရှေးဆိုအပ်ပြီးသော သာမညဖလတို့

http://www.dhammadownload.com



ထက် ဆဆကဲချွန် သာလွန် မြင့်မြတ်လှသည့် ဝိပဿနာ ချမ်းသာတည်းဟူသော ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးရပုံကို ခွဲခြားစိတ်ဖြာ ဟောကြားတော် မူခဲ့ပါသည် အရှင်ဘုရား။

ဝိပဿနာဉာဏ် ချမ်းသာပုံဥပမာ ပြီး၏

---

## ဝိပဿနာဉာဏ်၏ အကျိုးကိုပြ၍ ကောင်းချီးပြုခြင်း

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ဘိက္ခု ဧဝံ သွာခါတေ ဗုဒ္ဓသာသနသခ်ါတေ ဓမ္မဝိနယေ သဒ္ဓါပဗ္ဗဇိတော ဧဝံ ဉာဏဒဿနံ ဥပ္ပါဒေတွာ ဧဝံ ဉာဏဒဿနေန သမန္နာဂတော ဟုတွာ ဝိဟရေယျ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ဤသို့ ကောင်းမွန်စွာ ဟောကြား၍ ထားအပ်သော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် မိမိသန္တာန်၌ရင်း တလောကလုံး၌ရင်း ရှိသော ရုပ်တရား,နာမ်တရားတို့၏ အဖြစ်, အပျက်,အနိစ္စ,ဒုက္ခ, အနတ္တ အစရှိသော သဘောမှန်တို့ကို ကိုယ်တိုင်ဉာဏ်ဖြင့် သိမြင်တော် မူပြီးလျှင် ထိုသို့ မိမိကဲ့သို့ပင် ထိုရုပ်တရား နာမ်တရားတို့ကို အမှန်အကန်အတိုင်း သိမြင်ကြစေရန် အလို့ငှါ ဟောထားသော တရားတော် ဖြစ်ခြင်းကြောင့် ကောင်းမွန် မှန်ကန်စွာ ဟောအပ်သော သွာခါတ ဂုဏ်နှင့် ပြည့်စုံသော ဘုရားသာသနာတော်တည်းဟူသော တရားတော်,ဝိနည်းတော်၌ ဤသာသနာတော်ဝယ် ဝင်ရောက်၍ရဟန်းပြုသည်ရှိသော် ဤ ရုပ်တရား,နာမ်တရား, အနိစ္စ, ဒုက္ခ, အနတ္တ အစရှိသော သဘောတရားတို့ကို အမှန်အတိုင်းသိမြင်၍ အပါယ်ဆင်းရဲမှုရင်း သံသရာဆင်းရဲမှုရင်း ကေန် လွတ်မြောက်ပေလိမ့်မည် ဟု ယုံကြည်သော သဒ္ဓါတရားဖြင့် သာသနာဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသော အမျိုးကောင်းသား ရဟန်းတော်သည် မိမိသန္တာန်၌ ရှိသော ရုပ်တရား နာမ်တရားတို့ကို အမှန်အတိုင်း သိမြင်သော **ယထာဘူတ ဝိပဿနာဉာဏ်**နှင့် ပြည့်စုံလျက်နေရာ၏၊ ဤသို့ ဝိပဿနာဉာဏ်နှင့် ပြည့်စုံ၍ ဝိပဿနာ ချမ်းသာကို ခံစား၍ နေခြင်းသည် ကောင်းလှ ပါပေစွ ငါ့ရှင်၊

http://www.dhammadownload.com



အဘယ့်ကြောင့်ဆိုသော် **သာမန် လူနတ်ဖြဟ္မာသတ္တဝါတို့သည် ဘယ်သောအခါ ကာလကမှ ဤသို့သော ချမ်းသာကို မခံစားရ မခံစားနိုင်ချေ၊** ထိုလူနတ် ဖြဟ္မာ သတ္တဝါတို့သည် ဘယ်သောအခါ ကာလကမှ မခံစားနိုင်ကောင်းသော အလွန်တရာ မွန်မြတ်သော ဤဝိပဿနာချမ်းသာကို ရဟန်းတော်များသည် မိမိသန္တာန်၌ ဖြစ်စေလျက် သန့်ရှင်း စင်ကြယ်သော စိတ်ဖြင့် ခံစား၍ နေပါပေ၏၊ ဤသို့ ခံစား၍ နေရခြင်း တည်းဟူသော အကြောင်းကြောင့် **အပါယ်ဆင်းရဲ သံသရာဆင်းရဲတို့မှ လွတ်မြောက်ခြင်း၏ အကြောင်းသည် ကောင်းစွာ ဖြစ်နိုင်ပါပေ၏၊**ထိုကြောင့် ဝိပဿနာချမ်းသာနှင့် ပြည့်စုံ၍ နေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

ဝိပဿနာဉာဏ်၏ အကျိုးကိုပြ၍ ကောင်းခြီးပြုခြင်း ပြီး၏

---

## မနောမယိဒ္ဓိဉာဏ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထဉ္စာဝုသော ဘဂဝါ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ မနောမယံ ကာယံ အဘိနိမ္မာနာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော ဣမမှာ ကာယာ အညံ ကာယံ အဘိနိမ္မိနာတိ ရူပိံ မနောမယံ သဗ္ဗင်္ဂပစ္စင်္ဂိံ အဟီနိန္ဒြိယံ ဧဝမာဒိနာ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ဝိပဿနာဉာဏ် တည်းဟူသော သန္ဒိဋ္ဌိက သာမညဖလကို ဟောပြတော်မူပြီးလျှင် ရှေး၌ညွှန်ပြခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက်

http://www.dhammadownload.com



အထူးသဖြင့် နှစ်သက်ဘွယ် ရှိသည်လည်း ဖြစ်သော အထူးသဖြင့် မွန်မြတ်သည်လည်း ဖြစ်သော အခြားတပါးသော သန္ဒိဋ္ဌိက သာမညဖလကိုလည်း ဘယ်ပုံ ဘယ်နည်းဖြင့် ထပ်ဆင့်၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးသခင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သော ဧဝံ သမာဟိတေ စိတ္တေ အစရှိသည်ဖြင့်—

အဇာတသတ် မဟာရာဇာ....ဤဆိုအပ်ပြီးသော နည်းအတိုင်း အပ္ပနာသမာဓိ တို့ဖြင့် တည်ကြည်သော စိတ်နှလုံးရှိသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော် အရှင်သူမြတ်သည် တဆယ့်လေးရပ်သော အခြင်းအရာတို့ဖြင့် မိမိစိတ်ကို ဆုံးမ၍ နိုင်နင်းသောအခါ ဤရူပကာယ အတွင်းမှ ဤရူပကာယနှင့် ထပ်မျှကိုယ်တူ ရုပ်တပါးကို ဖန်ဆင်းဘို့ရန် စိတ်ညွတ်စေပါသည်၊

သို့ ညွတ်စေပြီးသည်၏ အခြားမဲ့၌ပင် ပါဒကစျာန်ဝင်စား၊ ထိုစျာန်မှ ထ၊ ဤရူပကာယနှင့် ထပ်မျှထပ်တူ ရုပ်တပါးသည် ဖြစ်စေဟူ၍ အဓိဋ္ဌာန်၊ တဖန် ပါဒကစျာန်ကိုဝင်စား ထိုပါဒကစျာန်မှ ထသောအခါ အဘိညာဉ်စိတ်ဖြစ်ပါသည်၊ ထိုအဘိညာဉ်ဇော စောသည်နှင့် တပြိုင်နက် ဤရူပကာယမှ တပါးတခြားသော ဤရူပကာယနှင့် အဆင်း, အရောင်, အသွေး, သဏ္ဌာန် စသည်အားဖြင့် အလုံးစုံတူညီသော အင်္ဂါကြီးငယ် အလုံးစုံတို့နှင့် ပြည့်စုံသော စက္ခု,သောတ,ဃာန, ဇိဝှါ အစရှိသော ဣန္ဒြေတို့နှင့် ပြည့်စုံသော မနောမယ ရူပကာယရုပ်ကို ဖန်ဆင်းပါသည်၊

## မနောမယိဒ္ဓိ အဘိညာဉ် ဥပမာပြခြင်း

လောကဥပမာအားဖြင့် ဖြူဆန်မြက်အတွင်းမှ မြက်ညှောက်ကို ထုတ်လိုက်ဘိသကဲ့သို့ငှင်း သံလျက်အိမ်အတွင်းမှ သံလျက်ကို ထုတ်လိုက်ဘိသကဲ့သို့ငှင်း မြွေ၏အရေမှ မြွေကိုထုတ်လိုက်ဘိသကဲ့သို့ငှင်း ထိုအတူတန်ခိုးရှင် ဣဒ္ဓိရှင်နှင့် အလုံးစုံ တူညီမျှသော မနောမယ ရူပကာယကို ဖန်ဆင်းပါသည်၊

ဤသည်လည်း ဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲ့ချွန် မြတ်မွန်လှသည့် မျက်မှောက်ဘဝ ရဟန်းပြုရခြင်း၏ အကျိုးများပုံဖြစ်ပါသည် ဟု—

http://www.dhammadownload.com



ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အဇာတသတ် မဟာရာဇာအား ရှေးဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် မြတ်မွန်လှသည့် ရဟန်းပြုရခြင်း၏ သန္ဒိဋ္ဌိက သာမညဖလကို ရှင်းပြ မြွက်ဟ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

မနောမယိဒ္ဓိ အဘိညာဉ် ဥပမာပြခြင်း ပြီး၏

---

**မနောမယိဒ္ဓိ အဘိညာဉ်ကို ကောင်းချီးပြုခြင်း**

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ဘိက္ခု ဧဝံ သွာခါတေ ဗုဒ္ဓသာသနသခ်ါတေ ဓမ္မဝိနယေ သဒ္ဓါပဗ္ဗဇိတော ဧဝံ ဝိသေသေန မနောမယဉာဏေန သမန္နာဂတော ဝိဟရေယျ။

ကောင်းလှပါပေစွ ကောင်းလှပါပေစွ ငါ့ရှင်၊ ဤသို့ ကောင်းမွန်မှန်ကန်စွာ ဟောကြား၍ ထားအပ်သော ဤသို့ကျင့်လျှင် ဤသို့ပင် ဖြစ်နိုင်သည် ဟု မှန်ကန်စွာ ဟောကြား၍ ထားအပ်သော သွာခါတဂုဏ်နှင့်ပြည့်စုံသော ဘုရားသာသနာတော် တည်းဟူသော တရားတော်, ဝိနည်းတော်၌ ဤသာသနာတော်သို့ဝင်၍ ရဟန်းပြုသည်ရှိသော် ဤသို့ သော ဂုဏ်ကျေးဇူးများနှင့်လည်း ပြည့်စုံနိုင်ပေလိမ့်မည်ဟူ၍ ယုံကြည်သောသဒ္ဓါတရားဖြင့် ဝင်ရောက်၍ ရဟန်းပြုသော အမျိုးကောင်းသား ရဟန်းတော်သည် မိမိကိုယ်နှင့် **ပုံတူသွင်း** ထားသကဲ့သို့ အစစ အရာရာ တသွေမတိမ်း တူအောင် ဖန်ဆင်းနိုင်သော **မနောမယ** အဘိညာဉ်နှင့် ပြည့်စုံလျက်နေခြင်းသည် ကောင်းလှပေစွ ငါ့ရှင်၊

အဘယ့်ကြောင့်ဆိုသော် **ပကတိ နတ်တို့၏တန်းခိုးဖြင့်ရင်း ပကတိ ဗြဟ္မာတို့၏တန်းခိုးဖြင့်ရင်း သာမန် ဈာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်တို့၏ ဈာန်အဘိညာဉ်အစွမ်းသတ္တိဖြင့်ရင်း အစစအရာရာ တသွေမတိမ်း လုံးဝ တူအောင် မိမိကိုယ်နှင့် လုံးဝတူအောင် မဖန်ဆင်းနိုင်ကြကုန်၊ ထိုသို့ သာမန်ပုဂ္ဂိုလ်တို့ မဖန်ဆင်းနိုင်သော** မိမိကိုယ်နှင့် တသွေမတိမ်း လုံးဝ တူအောင် ဖန်ဆင်းနိုင်သော မနောမယ အဘိညာဉ်စွမ်းနှင့် ပြည့်စုံလျက် နေခြင်းသည် ကောင်းမြတ်လှပေစွ ငါ့ရှင်။

မနောမယိဒ္ဓိ အဘိညာဉ်ကို ကောင်းချီးပြုခြင်း ပြီး၏

http://www.dhammadownload.com



## ဣန္ဒိဝိမ အဘိညာဉ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ဘဂဝါ အာဝုသော ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ဈာနစတုက္ကသင်္ခါတဥ္စ ပဌမ ဒုတိယ ဝိဇ္ဇာသင်္ခါတဥ္စ သန္ဒိဋ္ဌိကံ သာမညဖလံ ဒဿေတွာ၊ အပရံ ကီဒိသံ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ၊

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနဉ္ဇပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ၊ဧကော ပိ ဟုတွာ ဗဟုဓာ ဟောတိ၊ ဗဟုဓာ ပိ ဟုတွာ ဧကော ဟောတိ။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဥ္စ ပဏီတ-တရဥ္စာတိ။ ဣတ္ထံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဥ္စ ပဏီတတရဥ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် မဂဓတိုင်းရှင် ဝေဒေဟီမိဖုရား၏သား အဇာတသတ်မင်းတရားအား ဈာန်လေးပါး ဟု ဆိုအပ်သော သန္ဒိဋ္ဌိကသာမညဖလကိုင်၎င်း ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် တည်းဟူသော ပဌမ, ဒုတိယ ဝိဇ္ဇာ ဟု ဆိုအပ်သော သန္ဒိဋ္ဌိက သာမညဖလကိုင်၎င်း ဤသို့အားဖြင့် ရှေးဒါသ ဉပမာ, ကဿကဉပမာဖြင့် ပြအပ်သော သန္ဒိဋ္ဌိက သာမညဖလတို့ထက် လွန်ကဲထူးမြတ်သော သန္ဒိဋ္ဌိက သာမညဖလ, မျက်မှောက်ဘဝ၌ ရဟန်းပြုရခြင်း၏ ကိုယ်တိုင်တွေ့ကြုံရသော အကျိုးခြောက်ပါးကို ဟောကြားတော်မူပြီးလျှင် ရှေးပြအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် အထူးသဖြင့် နှစ်သက်ဘွယ်လည်းဖြစ်သော အထူးသဖြင့် မွန်မြတ်သည်လည်း ဖြစ်သော သန္ဒိဋ္ဌိက သာမည

http://www.dhammadownload.com



ဖလ ဟု ခေါ်သော ရဟန်းပြုရခြင်း၏ မျက်မှောက် ကိုယ်တိုင် တွေ့ကြုံရသော အကျိုးတရားကို အဘယ်သို့လျှင် ဟောကြားတော်မူပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အစရှိသည်ဖြင့်——

အဇာတသတ် မဟာရာဇာ....ဤလောက၌ လိမ်မာလှသော အိုးထိန်း သည်သည် ကောင်းစွာ အပြေအပြစ် ပြုအပ်သော မြေညက်၌ အကြင် အကြင် အလိုရှိရာ အိုးခွက်အထူးကို ပြုသကဲ့သို့ရင်း၊ ဥပမာတနည်းသော်ကား လိမ်မာ လှသော ဆင်စွယ်ပွတ်သမား,ပန်းပုသမားသည် အကြင် အကြင် အပြေအပြစ် ပြုအပ်သော ဆင်စွယ်၌ အကြင် အကြင် အလိုရှိရာ ဆင်စွယ်ရုပ်ထု အမျိုးမျိုး ကို ပြုလုပ်သကဲ့သို့ရင်း၊ဥပမာ တနည်းသော်ကား လိမ်မာလှသော ရွှေပန်းထိမ် သည် သည် ကောင်းစွာ မိုက်ဖြင့် ကြည်အပ်ပြီးသောရွှေ၌ အကြင် အကြင် အလိုရှိရာ ရွှေ တန်းဆာ အထူးထူးတို့ကို ပြုလုပ်သကဲ့သို့ရင်း၊ ထို့အတူ တဆယ့်လေးရပ်သော အခြင်းအရာတို့ဖြင့် စိတ်ကို နှိပ်ကွပ်ဆုံးမ ယဥ်ကျေး စေပြီးသော သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော် သူမြတ်သည် ဣဒ္ဓိဝိဓ ဣဒ္ဓိအမျိုးမျိုး ဖန်ဆင်းဘို့ရန် အတွက် စိတ်ကို ညွတ်စေ ပါသည်၊

သို့ စိတ်ကို ညွတ်စေသောအခါ ပါဒကစျာန်, ထိုပါဒကစျာန်မှ ထပြီးတဲ့ နောက် အဓိဋ္ဌာန်, တဖန် ပါဒကစျာန်, ထိုမှနောက် စတုတ္ထမြောက်ဝယ် အဘိ ညာဉ် ဝီထိကျရောက်၍ ထိုအဘိညာဉ်ဇော ဖြစ်သည်နှင့် တပြိုင်နက်ပင်လျှင် တပါးမက များလှစွာသော တန်းခိုးအမျိုးမျိုးကို ဖန်ဆင်းသုံးဆောင် ပါသည်၊

**ဧကော ပိ ဟုတွာ ဗဟုဓာ ဟောတိ– တခုတည်းကနေ၍ အများကြီး ဖြစ်အောင် ဖန်ဆင်းပါသည်၊ ဗဟုဓာ ပိ ဟုတွာ ဧကော ဟောတိ– အများကြီးမှ နေ၍ တခုတည်းဖြစ်အောင် ဖန်ဆင်းပါသည်၊ အာဝိဘာဝံ တိရောဘာဝံ– ထင်စွာ ပေါ်ခြင်းတည်းဟူသော တန်းခိုး, ကွယ်ပျောက်ခြင်း တည်းဟူသောတန်းခိုး အမျိုးမျိုးကိုလည်း ဖန်ဆင်းပါသည်၊ နံရံတဘက်**

http://www.dhammadownload.com



**တံတိုင်းတဘက် တောင်တဘက်သို့လည်း မငြိမကပ်ဘဲ ပကတိ ကောင်းကင် အပြင်မှာကဲ့သို့ သွား၍ ပြပါသည်၊ မြေအပြင်၌လည်း ရေမှာကဲ့သို့ ငုတ်ချီ၊ ပေါ်ချီ သွား၍ ပြနိုင်ပါသည်၊ မကွဲမပျက်သော ရေအပြင်၌လည်း ပကတိ မြေအပြင်ပေါ်မှာကဲ့သို့ သွား၍ ပြနိုင်ပါသည်၊ ကောင်းကင်အပြင်၌လည်း ပကတိမြေမှာကဲ့သို့ ထက်ဝယ်ဖွဲ့ခွေ နေထိုင်၍ ပြနိုင်ပါသည်၊ တန်းခိုးတေဇော် ကြီးမြတ်လှစွာသော ဤ လ, နေတို့ကိုပင်သော်လည်း မိမိ၏ နေရာအရပ်မှ နေ၍ လက်ဖြင့် သုံးသပ်ဆုပ်ငင်နိုင်ပါသည်၊ ဗြဟ္မာ့ပြည်တိုင်အောင်ပင် သော်လည်း မိမိကိုယ်ဖြင့် အလိုသို့ လိုက်ပါစေနိုင်ပါသည်၊ ဤသို့ စသည့် များစွာသော တန်းခိုးဣဒ္ဓိပါဒ်ကို ဖန်ဆင်း၍ ပြနိုင်ပါသည်၊**

ဤသည်လည်း ရှေးဆိုအပ်ပြီးသော ကျွန်ယောကျ်ား ဥပမာ, လယ်သမား ဥပမာပြ သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် သာလွန် မြင့်မြတ်လှသည့် ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံ ဖြစ်ပါသည် ဟု ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းအား ရှေးဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် သာလွန်မြင့်မြတ်လှသည့် တပါးသော ရဟန်းပြုရခြင်း၏ ပစ္စက္ခဘဝ အကျိုးရပုံကို သဗ္ဗညု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ဣဒ္ဓိဝိဓ အဘိညာဉ် ရဟန်းပြုကျိုး ပြီး၏

---

## ဣဒ္ဓိဝိဓ အဘိညာဉ်ကို ကောင်းခြီးပြုခြင်း

အစ္ဆရိယံ အာဝုသော အဗ္ဘုတံ အာဝုသော၊ ယာဝ ဗုဒ္ဓသာသနဿ သွာခါတတာ၊ ယတြဟိ နာမ ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ သာဝကော ပိ သမ္မာပဋိပန္နော ဧဝံ မဟိဒ္ဓိကံ ဧဝံ မဟာနုဘာဝံ ဣဒ္ဓိဝိဓဉာဏမ္ပိ ပစ္စနုဘောသတိ။

အံ့သြဘွယ်ကောင်းလှပါပေစွ ငါ့ရှင် မဖြစ်စဘူး ထူးကဲလှပါပေစွငါ့ရှင်၊ အဘယ့်ကြောင့်ဆိုသော် ဤမြတ်စွာဘုရား၏သာသနာတော် ကောင်းမွန်စွာ ဟောကြားအပ်သည်၏ အဖြစ်သည် အံ့သြဘွယ်ကောင်းလှပါပေစွ၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ကောင်းစွာ ဟောကြားအပ်သော မြတ်စွာဘုရား၏

http://www.dhammadownload.com



သာသနာတော်၌ ရဟန်းပြုသော တပည့်သာဝကဖြစ်သော ပုဂ္ဂိုလ်ပင် သော်လည်း နည်းလမ်းမှန်ကန်စွာ, ကောင်းမွန်စွာ ကျင့်ခဲ့သည်ရှိသော် ဤသို့ တန်းခိုးအာနုဘော် ကြီးမားလှသော အမျိုးမျိုးအထွေထွေ တန်းခိုးဖန်ဆင်း ခြင်း၌ စွမ်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်ကိုသော်လည်း ရရှိသုံးဆောင်ခံစား ရပါပေ၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော် ကောင်းမွန်စွာ ဟောကြားတော်မူအပ်သည်၏ အဖြစ်, သွာခါတဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်သည် အံ့ဩဘွယ်ကောင်းလှပါပေစွ ငါ့ရှင်။

ဣဒ္ဓိဝိဓ အဘိညာဉ်ကို ကောင်းခြီးပြုခြင်း ပြီး၏

---

## ဒိဗ္ဗသောတ အဘိညာဉ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထံ ပနာဝုသော ဘဂဝါ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဒိဗ္ဗာယ သောတဓာတုယာ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော ဒိဗ္ဗာယ သောတဓာတုယာ ဝိသုဒ္ဓါယ အတိက္ကန္တ မာနုသိကာယ ဉဘော သဒ္ဒေ သုဏာတိ ဒိဗ္ဗေ စ မာနုသေ စ ယေ ဒူရေ သန္တိကေ စ။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ ဧဝံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် ဣဒ္ဓိဝိဓ အဘိညာဉ် တည်းဟူသော သာမညဖလကို ဟော ကြားတော်မူပြီးလျှင် ထိုမှတပါး တခြားဖြစ်သော ရှေးကပြခဲ့ပြီးသော ဒါသ

http://www.dhammadownload.com



ဥပမာ,ကဿက ဥပမာပြ သန္ဒိဋ္ဌိက သာမညဖလတို့ထက် လွန်ကဲမြင့်မြတ်သော သန္ဒိဋ္ဌိက သာမညဖလကို အဘယ်သို့လျှင် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည်

အဇာတသတ် မဟာရာဇာ.... ဤလောကဝယ် တစုံတယောက်သော ယောကျ်ားသည် အခွန့်ရှည်သောခရီးသို့ သွားရောက်သောအခါ လမ်းခရီး ဝယ် စည်သံ, ခရုသင်းသံ အစရှိသည်ကို ကြားလေရာ၏၊ သို့ ကြားသော ခရီး သွား ယောကျ်ားအား ဤကား စည်ကြီးသံတည်း၊ ဤကား ခရုသင်းသံ တည်း၊ ဤကား မုရိုးစည်သံတည်း၊ ဤကား ထက်စည်အသံတည်း ဟု ပိုင်းပိုင်း ခြားခြား ကြားသိလေရာသကဲ့သို့—

ထိုအတူ တဆယ့်လေးရပ်သော အခြင်းအရာတို့ဖြင့် စိတ်ကို ယဉ်ကျေး အောင် ဆုံးမပြီးသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား ရဟန်း တော်သူမြတ်သည်လည်း **ဒိဗ္ဗသောတ** အဘိညာဉ် အလို့ငှါ စိတ်ကိုညွတ်စေပါ သည်၊ ညွတ်စေပြီးသည်၏ အခြားမဲ့၌ ပင်လျှင် ဝီထိဝါရအားဖြင့် လေးကြိမ် မြောက်ဝယ် ဒိဗ္ဗသောတ အဘိညာဉ်ဝီထိကျ၍ အဘိညာဉ်ဇော စောသည် နှင့်တပြိုင်နက်ပင်လျှင် နတ်၌ဖြစ်သောအသံ, လူ၌ဖြစ်သောအသံ, ဝေးခြားလှ သောအသံ, နီးကပ်စွာသောအသံ, သိမ်မွေ့စွာသောအသံတို့ကို ပကတိနားဖြင့် ကြားသည်နှင့်ထပ်မျှ ကြားသိနိုင်ရပါသည်၊

ဤသည်လည်း ရှေးဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆ ကဲချွန် မြတ်လှသော သန္ဒိဋ္ဌိက သာမညဖလဖြစ်ပါသည် ဟု ဝေဒေဟီမိဖုရား၏ သား မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းတရားအား ရှေးဆိုပြီးသော သန္ဒိ- ဋ္ဌိက သာမညဖလတို့ထက် အလွန်နှစ်သက်ဘွယ်လည်းကောင်းသော အလွန် တရာ မွန်မြတ်သည်လည်းဖြစ်သော တပါးသော ရဟန်းပြုရခြင်း၏ ပစ္စက္ခ ဘဝအကျိုးရပုံကို ရှင်းပြထင်ရှား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ဒိဗ္ဗသောတ အဘိညာဉ် ရဟန်းပြုကျိုး ပြီး၏

မေး-ဖြေ ၃-၇

http://www.dhammadownload.com



## ဒိဗ္ဗသောတ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း

အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝ ဗုဒ္ဓသာသနဿ သွာခါတတာ၊ ယတြဟိ နာမ ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ သဒ္ဓါပဗ္ဗဇိတော သမ္မာပဋိပန္နော သာဝကော ပိ ဧဝံ ဝိသေသံ ဒိဗ္ဗသောတဉာဏံ ပဋိလဘိဿတိ။

မြတ်စွာဘုရား၏ သာသနာတော်ကြီး, မြတ်စွာဘုရားတရားတော်များကို မှန်ကန်ကောင်းမွန်စွာ ဟောထားသည်၏ အဖြစ်သည် အံ့သြဘွယ်ကောင်းလှပါပေစွ မဖြစ်စဘူး ထူးကဲလှပါပေစွ၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ ကောင်းမွန် မှန်ကန်စွာ ဟောထားအပ်သော သုတ်, ဝိနည်း, အဘိဓမ္မာ တရားတော် တည်းဟူသော မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုသော တပည့်သာဝကဖြစ်သော ပုဂ္ဂိုလ်ပင်သော်လည်း မှန်ကန်ကောင်းမွန်စွာ ကျင့်ခဲ့သည်ရှိသော် ဤသို့ **လူ့ပြည်လောကမှရင်း နတ်ပြည်လောကမှရင်း ဗြဟ္မာ့ပြည်လောကမှရင်း အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာ, အရပ်ဆယ်မျက်နှာတို့မှ အနီးအဝေး အကြီးအသေး အစရှိသော အမျိုးမျိုးအသံတို့ကို ပကတိနားဖြင့် မကြားနိုင်သော အသံဟူသမျှတို့ကို ကြားနိုင်စွမ်းရှိသော ဒိဗ္ဗသောတ အဘိညာဉ်ကိုလည်း ရရှိပါပေ၏။** ထို့ကြောင့် မြတ်စွာဘုရား၏ သာသနာတော် ကောင်းမွန်စွာ ဟောကြားအပ်သော သွာခါတဂုဏ်နှင့် ပြည့်စုံသည်၏ အဖြစ်သည် အံ့သြဘွယ်ရှိပါပေစွ ငါ့ရှင်။

ဒိဗ္ဗသောတ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း ပြီး၏

---

## စေတောပရိယ အဘိညာဉ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထံ ပနာဝုသော ဘဂဝါ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ။ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ

http://www.dhammadownload.com



အာနဉ္စပ္ပတ္တေ စေတောပရိယဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော ပရသတ္တာနံ ပရပုဂ္ဂလာနံ စေတသာ စေတော ပရိစ္စ ပဇာနာတိ၊ သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ ဝီတရာဂံ ဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာ-တိ။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ ဧဝံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် အဇာတသတ်မင်းတရားအား ဒိဗ္ဗသောတ အဘိညာဉ်တည်းဟူသော သန္ဒိဋ္ဌိက သာမညဖလကို ဟောကြားတော်မူပြီးလျှင် တခြားတပါးသော အဘယ်သို့သော သန္ဒိဋ္ဌိက သာမညဖလကို ဟောကြားတော်မူပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညူမြတ်စွာဘုရားသည် သော ဧဝံ သမာဟိတေ စိတ္တေ အစရှိသည်ဖြင့်—

အဇာတသတ် မဟာရာဇာ....လောကဥပမာအားဖြင့် နုနယ်ပျိုမြစ်တန်းဆာဆင်လေ့သဘောရှိသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် ပကတိ ကြည်လင်တောက်ပသော မှန်ရိပ်တွင် မိမိမျက်နှာရိပ်ကို ကြည့်သော်ငှင်း ကြည်လင်သန့်စင်သော ရေအပြင်ဝယ် မိမိ၏ မျက်နှာရိပ်ကို ကြည့်သော်ငှင်း မှဲ့မည်း ဝက်ခြံ အစရှိသော အပြစ်ဒေါသရှိသည်ကို အပြစ်ဒေါသရှိသောအနေ, အပြစ်ဒေါသကင်းစင်သည်ကို ကင်းစင် သန့်ရှင်းသော အနေသိမြင်လေသကဲ့သို့—

ထို့အတူ သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော်သူမြတ်သည်လည်း တဆယ့်လေးရပ်သော အခြင်းအရာတို့ဖြင့် စိတ်ကို ယဉ်ကျေးအောင် ဆုံးမပြီးသည်ရှိသော် သူတပါးတို့၏ စိတ်ကို သိစွမ်းနိုင်သော **စေတောပရိယ** အဘိညာဉ်အလို့ငှါ စိတ်ကိုညွှတ်စေပါသည်၊

http://www.dhammadownload.com



သို့ ညွှတ်စေသောအခါ ဝိထိဇောဝါရ လေးကြိမ်မြောက်၌ သူတပါးတို့၏စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိပါသည်၊ ရာဂနှင့်တကွ ဖြစ်သော သူတပါးတို့၏ စိတ်ကိုလည်း ရာဂနှင့်တကွဖြစ်သော စိတ်တည်း ဟု ပိုင်းပိုင်းခြားခြား သိပါသည်၊ ရာဂမရှိသော သူတပါးတို့၏ စိတ်ကိုလည်း ရာဂမရှိသော အနေ, ဒေါသနှင့်တကွဖြစ်သော သူတပါးတို့၏စိတ်,ဒေါသကင်းသော သူတပါးတို့၏စိတ်, မောဟနှင့်တကွဖြစ်သော သူတပါးတို့၏စိတ်, မောဟမပါသော သူတပါးတို့၏စိတ်,ပျံ့လွင့်သောသူတပါးတို့၏စိတ်,မပျံ့လွင့်သော သူတပါးတို့၏ စိတ်, မဟဂ္ဂုတ် အမျိုးအစားဖြစ်သော သူတပါးတို့၏စိတ်, မဟဂ္ဂုတ် အမျိုးအစား မဟုတ်သော သူတပါးတို့၏စိတ်, သဥတ္တရ အမျိုးအစား လောကီဂိုဏ်းဝင် သူတပါးတို့၏စိတ်,အနုတ္တရ အမျိုးအစား လောကုတ္တရာဂိုဏ်းဝင် သူတပါးတို့၏စိတ်, တည်ကြည်သော သူတပါးတို့၏စိတ်, မတည်ကြည်သော သူတပါးတို့၏စိတ်, ကိလေသာတို့မှ လွတ်သော သူတပါးတို့၏စိတ်, ကိလေသာတို့မှ မလွတ်သော သူတပါးတို့၏စိတ်ကို ကိလေသာတို့မှ မလွတ်သော စိတ်ပင်တည်း ဟု ယထာဘူတ နေရာကျ သိမြင်ပါသည်၊

ဤသည်လည်း ရှေးဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် သာလွန်မြင့်မြတ်သော သန္ဒိဋ္ဌိက သာမညဖလဖြစ်ပါသည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် အဇာတသတ် မင်းတရားအား ရှေးဆိုအပ်ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆကဲချွန် သာလွန်မြင့်မြတ်သော တပါးလည်းဖြစ်သော ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံကို ရှင်းပြထင်ရှား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စေတောပရိယ အဘိညာဉ် ရဟန်းပြုကျိုး ပြီး၏

---

## စေတောပရိယ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း

အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝ ဗုဒ္ဓသာသနဿ သွာခါတတာ၊ ယတြဟိ နာမ ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတော သမ္မာပဋိပန္နော သာဝကော ပိ ဧဝံ ဝိသေသံ စေတောပရိယဉာဏံ ပဋိလဘိဿတိ။

http://www.dhammadownload.com



မြတ်စွာဘုရား၏ သာသနာတော်, မြတ်စွာဘုရား၏ တရားတော်များကို နည်းလမ်းမှန်ကန်စွာ ကောင်းမွန်စွာ ဟောကြားအပ်သည်၏ အဖြစ်သည် အံ့ဩဘွယ် ကောင်းပါပေစွ ငါ့ရှင်၊ မဖြစ်စဘူး ထူးကဲလှပါပေစွ ငါ့ရှင်၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ ကောင်းမွန်မှန်ကန်စွာ ဟောကြား၍ထားသော မြတ်စွာဘုရား၏ သာသနာတော်၌ ဝင်ရောက်၍ ရဟန်းပြုသော တပည့်သာဝကဖြစ်သော ပုဂ္ဂိုလ်ပင်သော်လည်း နည်းလမ်းမှန်ကန်စွာ ကျင့်ခဲ့သည်ရှိသော် ဤသို့ **သူတပါးတို့ ကြံစည်စိတ်ကူးနေသော စိတ်ကူးအမျိုးမျိုး စိတ်အမျိုးမျိုးကို မှန်မှန်ကန်ကန် ပိုင်းခြား၍ သိခြင်းငှါစွမ်းနိုင်သော စေတောပရိယဉာဏ်ကို ရပါပေ၏၊** သို့ဖြစ်၍ မှန်ကန်ကောင်းမွန်စွာ ဟောကြားထားသော မြတ်စွာဘုရား၏ သာသနာတော်သည် အံ့ဩဘွယ် ကောင်းလှပါပေစွ ငါ့ရှင်။

စေတောပရိယ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း ပြီး၏

---

## ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထံ ပနာဝုသော ဘဂဝါ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ပုဗ္ဗေနိဝါသာနုဿတိဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ၊ သေယျထိဒံ၊ ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ ဧဝံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

http://www.dhammadownload.com



အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် စေတောပရိယ အဘိညာဉ်တည်းဟူသော သန္ဒိဋ္ဌိက သာမညဖလကို ဟောပြတော်မူပြီးလျှင် အဘယ်သို့သော တခြား တပါးဖြစ်သော သန္ဒိဋ္ဌိက သာမညဖလကို ဟောကြားတော်မူပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် သော ဇေ သမာဟိတေ စိတ္တေ အစရှိသည်ဖြင့်——

အဇာတသတ် မဟာရာဇာ....လောကဉပမာအားဖြင့် တစုံတယောက် သော ယောကျ်ားသည် မိမိနေသော ရွာမှ တပါးသော ရွာသို့ သွားလေရာ၏၊ ထိုရွာ၌ ပြုဘွယ်ကိစ္စအဝဝတို့ကို ပြုလုပ်ပြီးလျှင် တခြားသောရွာသို့ သွားလေ ရာ၏၊ ထိုရွာ၌ ပြုဘွယ်ကိစ္စအဝဝတို့ကို ပြုလုပ်ပြီးလျှင် မိမိရွာသို့ပြန်လာလေ ရာ၏၊ ထိုယောကျ်ား၏ စိတ်အကြံသည် ဤသို့ ဖြစ်လေရာ၏၊

"ငါတမူကား ယနေ့အခါ မိမိနေရာရွာမှ ဤမည်သော ရွာတပါးသို့ ပဌမ ငါသွားခဲ့ချေပြီ၊ ထိုရွာ၌ ငါသည် ဤသို့ ရပ်ခဲ့လေပြီ၊ ဤသို့ ထိုင်ခဲ့လေပြီ၊ ဤသို့ သွားခဲ့လေပြီ၊ ဤသို့ စကားပြောခဲ့လေပြီ၊ ဤမည် ဤမည်သောအမှုကို ပြုခဲ့လေပြီ၊ ထိုရွာမှလည်း ဤမည်သောရွာသို့ ငါသွားခဲ့လေပြီ၊ ထိုတတိယရွာ ၌လည်း ငါသည် ဤသို့ ရပ်တည်ခဲ့လေပြီ၊ ဤသို့ ထိုင်ခဲ့လေပြီ၊ ဤသို့ စကား ပြောခဲ့လေပြီ၊ ဤသို့ စကားမပြော တုဏှီဘော နေခဲ့လေပြီ၊ ဤမည် ဤမည် သော ကာယကံမှု, ဝစီကံမှုကို ပြုခဲ့လေပြီ၊ ထိုငါသည် ထိုတတိယရွ ာ၌ ပြုဘွယ် ကိစ္စအဝဝတို့ကို ပြုလုပ်ပြောကြား၍ မိမိရွာသို့ ပြန်ခဲ့ပေသည်"ဟု မိမိသွားရာ ရွာအပြင်၌ မိမိပြုခဲ့သမျှသော ကာယကံမှု, ဝစီကံမှု အဝဝတို့ကို အပ်ချ မတ်ချ သိမြင်နိုင်သကဲ့သို့၊

ထို့အတူ သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသားသည်လည်း တဆဲ့ လေးပါးသော အခြင်းအရာဖြင့် မိမိစိတ်ကို ဆုံးမပြီးသောအခါ ရှေးဘဝ၌ ဖြစ်ဘူး နေခဲ့ဘူးသော ခန္ဓာငါးပါးတို့ကို အောက်မေ့ ဆင်ခြင်နိုင်သော **ပုဗ္ဗေနိဝါသ** ဉာဏ်အလို့ငှါ စိတ်ကိုညွှတ်စေပါသည်၊

http://www.dhammadownload.com



သို့ ညွတ်စေသောအခါ ဝီထိဇောဝါရ လေးကြိမ်မြောက်ဝယ် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ဇော စောသဖြင့် ထိုဇော စောသည်နှင့်တပြိုင်နက် ပင်လျှင် တပါးမက များလှစွာသော ရှေးရှေးဘဝတို့ကို ပိုင်းခြား၍ သိပါသည်၊

တခုသော ဘဝကိုငင်း နှစ်ခုသောဘဝ,သုံးခုသောဘဝ,လေးခုသောဘဝ, ငါးခုသောဘဝ,ဆယ်ခုသောဘဝ, ဘဝနှစ်ဆယ်, ဘဝသုံးဆယ်,ဘဝလေးဆယ်, ဘဝငါးဆယ်,ဘဝတရာ,ဘဝတထောင်, ဘဝတသိန်း,သံဝဋ္ဋကပ်ပေါင်းများစွာ, သံဝဋ္ဋကပ် အရာပေါင်းများစွာ, သံဝဋ္ဋကပ် အသိန်းပေါင်းများစွာတို့ကို သိမြင်နိုင်ပါသည်၊

ဤမည် ဤမည်သောဘဝ၌ ငါသည် ဖြစ်ခဲ့လေပြီ၊ ထိုဖြစ်ရာဘဝ၌ ဤသို့သော အမည်ရှိသည်၊ ဤသို့သော ဇာတ်ရှိသည်၊ ဤသို့သော အဆင်းရှိသည်၊ ဤသို့သော အစာအာဟာရရှိသည်၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားရခဲ့လေသည်၊ ထိုမည်သော ဘဝမှ ထိုမည်သော ဘဝတပါးသို့ ဘဝပဋိသန္ဓေကူးပြောင်း၍ နေရပါပေပြီ၊ ထိုဘဝ၌လည်း ငါသည် ဤသို့သော အမည်ရှိသည်၊ ဤသို့သော ဇာတ်ရှိသည်၊ ဤသို့သော အဆင်းရှိသည်၊ ဤသို့သော အစာအာဟာရရှိသည်၊ ဤမည် ဤမည်သော ချမ်းသာဆင်းရဲကို ခံစားခဲ့ရလေပြီ၊ ထိုငါသည် ထိုမည်သော ဘဝမှ ဤယခုဘဝသို့ ရောက်လာခဲ့ရပေသည်ဟု မိမိကျင်လည်ကျက်စားခဲ့ရသမျှသော အတိတ်ဘဝ, ဖြစ်ခဲ့ရသမျှသော အမျိုးအမည်, ဇာတ်, သုခ, ဒုက္ခ, ရုပ်ရွာ ဌာန အစရှိသည်ကို အကြွင်းမဲ့ သိမြင်ပါသည်၊

အဇာတသတ် မဟာရာဇာ....ဤသည်လည်း ဆိုအပ်ခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆ ဆ-ကဲချွန် သာလွန်မြင့်မြတ်သော သန္ဒိဋ္ဌိက သာမညဖလဖြစ်ပါသည် ဟု သဗ္ဗညု မြတ်စွာဘုရားသည် ဝေဒေဟီမိဖုရား၏သား အဇာတသတ် မင်းတရားအား ရှေးဆိုခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် အလွန်နှစ်သက်ဘွယ်လည်း ဖြစ်သော အလွန်တရာ မွန်မြတ်လှသည်လည်း ဖြစ်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်တည်းဟူသော ဤတပါးသော သန္ဒိဋ္ဌိက သာမညဖလကိုလည်း ရှင်းပြထင်ရှား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ရဟန်းပြုကျိုး ပြီး၏

http://www.dhammadownload.com



## ဗုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း

အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝ ဗုဒ္ဓသာသနဿ သွာခါတတာ၊ ယတြဟိ နာမ ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ သာဝကော ပိ သမ္မာပဋိပန္နော ဧဝံ ဝိသေသံ ပုဗ္ဗေနိဝါသဉာဏံ ပဋိလဘိဿတိ၊

မြတ်စွာဘုရား၏ သာသနာတော်, မြတ်စွာဘုရား၏ တရားတော်များကို ကောင်းမွန် မှန်ကန်စွာ ဟောကြားထားသည်အဖြစ်သည် အံ့သြဘွယ်ကောင်း လှပါပေစွ ငါ့ရှင်၊ မဖြစ်စဘူး ထူးကဲလှပါပေစွ ငါ့ရှင် အဘယ်ကြောင့်ဆိုသော် ဤသို့ ကောင်းမွန် မှန်ကန်စွာ ဟောထားသော၊ မြတ်စွာဘုရား၏ သာသနာ တော် တရားတော်မြတ်၌ ဝင်ရောက်၍ ရဟန်းပြုသော ပုဂ္ဂိုလ်သည် ဆရာကို မဆိုထားဘိ တပည့်သာဝကပင် ဖြစ်ငြားသော်လည်း နည်းလမ်းမှန်ကန်စွာ ကျင့်ခဲ့သည်ရှိသော် ဤသို့ ထူးခြားလှစွာသော ရှေးရှေးသော ဘဝဟောင်း တို့ကို **ထောင်ပေါင်းများစွာ သောင်းပေါင်းများစွာ သိန်းပေါင်းများစွာ ကမ္ဘာပေါင်းများစွာတို့တိုင်အောင် မိမိဖြစ်ခဲ့ဘူးသော ရှေးရှေးဘဝဟောင်း တို့ကို ပြန်ပြောင်း၍အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ကို ရပါပေ၏။** သို့ဖြစ်၍ ဤမြတ်စွာဘုရား၏ သာသနာတော်ကြီးသည် အံ့သြဘွယ်ကောင်း လှပါပေစွ ငါ့ရှင်။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ဂုဏ်ပြုချီးကျူးခြင်း ပြီး၏

---

## စုတူပပါတ (ဒိဗ္ဗစက္ခု) အဘိညာဉ် ရဟန်းပြုကျိုး

ပုစ္ဆာ။ ။ကထဉ္စ ပနာဝုသော ဘဂဝါ သန္ဒိဋ္ဌိကံ သာမညဖလံ ဒေသေသိ၊ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတ-တရဉ္စ၊

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ သတ္တာနံ စုတူပပါတဉာဏာယ စိတ္တံ အဘိ-

http://www.dhammadownload.com



နီဟရတိ အဘိနိန္နာမေတိ၊ သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇ-မာနေ ဟီနေ ပဏီတေ သုဝဏ္ဏေ ဒုဗ္ဗဏ္ဏေ သုဂတေ ဒုဂ္ဂတေ ယထာကမ္မုပဂေ သတ္တေ ပဇာနာတိ ။ပ။ ဣဒမ္ပိ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ။ ဣတ္ထံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အပရမ္ပိ သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသခင်သည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် တည်းဟူသော သန္ဒိဋ္ဌိက သာမညဖလကို ဟောကြားတော် မူပြီးလျှင် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ကိုယ်တိုင်တွေ့ကြုံခံစားရသော ရဟန်းပြုခြင်း အကျိုးဖြစ်သော ရှေးရှေးကပြဆိုခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလထက် ထူးကဲလွန်မြတ်သော တပါးတခြားသော သန္ဒိဋ္ဌိက သာမညဖလကို အဘယ်သို့လျှင် ဟောကြား တော် မူပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် အဇာတသတ် မဟာရာဇာအား သော ဧဝံ သမာဟိတေ စိတ္တေ အစရှိသည်ဖြင့်——

အဇာတသတ် မဟာရာဇာ....လောက ဥပမာအားဖြင့် လမ်းလေးခွ ၏လည် တည်ဆောက်အပ်သော ပြာသာဒ်ထက်၌ မျက်စိအမြင်ရှိသော ကျားသည် တက်၍ အရပ်လေးမျက်နှာသို့ ကြည့်ရှုသောအခါ ထိုထို အိမ်သို့ ဝင်လာသော သူတို့ကိုရင်း ထိုထိုအိမ်မှ ထွက်သော သူတို့ကိုရင်း ခရီးတခုမှ ခရီးတခုသို့ ကူးပြောင်းသွားလာကြသော လူအမျိုးမျိုးတို့ကိုရင်း လမ်းခရီးအလည်၌ နေထိုင်ကြသော လူအမျိုးမျိုးတို့ကိုရင်း ဒိဋ္ဌထင်ထင် မြင်ရသကဲ့သို့၊

http://www.dhammadownload.com



ထိုအတူ သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား ရဟန်းတော် အရှင်သူမြတ်သည်လည်း တဆဲ့လေးရပ်သော အခြင်းအရာဖြင့် စိတ်ကို ဆုံးမပြီးသောအခါ စုတူပပါတဉာဏ်အလို့ငှါ မိမိစိတ်ကို ညွတ်စေပါသည်၊ သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို သိမြင်သော ဉာဏ်အလို့ငှါ မိမိစိတ်ကို ညွတ်စေပါသည်၊

သို့ ညွတ်စေသောအခါ ဝီထိဇောဝါရ လေးကြိမ်မြောက်၌ စုတူပပါတခေါ်သော အဘိညာဉ်ပေါက်ရောက်ပြီးလျှင် ဒိဗ္ဗစက္ခု အဘိညာဉ်အားဖြင့် ပဋိသန္ဓေနေသော သတ္တဝါ, စုတေသော သတ္တဝါ, ယုတ်ညံ့သော သတ္တဝါ မြတ်သော သတ္တဝါ, သုဂတိသို့လားသောသတ္တဝါ, ဒုဂ္ဂတိသို့လားသော သတ္တဝါတို့ကို သိမြင်ရပါသည်၊

ကံအားလျော်စွာ လားသောသတ္တဝါတို့ကိုလည်း ဤမည်သော သတ္တဝါသည် ဤမည်သောဘဝက ဤသို့ သဘောရှိသော ကာယဒုစရိုက်,ဝစီဒုစရိုက်, မနောဒုစရိုက်နှင့် ပြည့်စုံကြသည်ဖြစ်၍ မိစ္ဆာအယူရှိကြကုန်သည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိကံကို ဆောက်တည်ခဲ့ကြကုန်သည်ဖြစ်၍ စုတိမှ နောက်ကာလဝယ် နိရယဂတိဝယ် လားကြရကုန်သည်၊

ဤမည် ဤမည်သော သတ္တဝါတို့ကား ဤမည် ဤမည်သော ဘဝဝယ် ဤသို့ သဘောရှိသော ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက် တရားတို့ကို ပွါးများအားထုတ်ခဲ့ခြင်း, သမ္မာဒိဋ္ဌိအယူကို ယူခဲ့ခြင်း, သမ္မာဒိဋ္ဌိကံကို ဆောက်တည်ခဲ့ခြင်း ဟူသော အကြောင်းကြောင့် စုတေသည်မှ နောက်ကာလဝယ် ဤမည်သော သုဂတိ ဘုံဘဝသို့ လားရကုန်သည် ဟု ထိုထိုသတ္တဝါတို့ကံအားလျော်စွာ လားရပုံကို သိမြင်ရပါသည်။ **ဒိဗ္ဗစက္ခုအဘိညာဉ် ယထာကမ္မုပဂအဘိညာဉ်**တို့ကို ရရှိပါသည်၊

ဤသည်လည်း ရှေးဆိုအပ်ခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက် ဆဆက်ချွန် သာလွန်မြင့်မြတ်လှသည့် ရဟန်းပြုခြင်း၏ ဒိဋ္ဌဓမ္မ အကျိုးပေ ဖြစ်ပါသည် ဟု—

ဘုန်းတော်ခြောက်ပါး ရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် အဇာတသတ် မဟာရာဇာအား ရှေးဆိုခဲ့ပြီးသော သန္ဒိဋ္ဌိက သာမညဖလတို့ထက်

http://www.dhammadownload.com



အလွန်နှစ်သက်ဘွယ်လည်းရှိ၍ အလွန်တရာ မွန်မြတ်လှသည်လည်းဖြစ်သော **ဒိဗ္ဗစက္ခုအဘိညာဉ်** တည်းဟူသော အခြားတပါးသော သန္ဒိဋ္ဌိက သာမညဖလကို ရှင်းပြထင်ရှား ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

စုတူပပါတ(ဒိဗ္ဗစက္ခု)အဘိညာဉ် ရဟန်းပြုကျိုး ပြီး၏

---

## ဒိဗ္ဗစက္ခု အဘိညာဉ်၏ ဂုဏ်ကိုပြ၍ ချီးကျူးခြင်း

အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝ ဗုဒ္ဓသာသနဿ သွာခါတတာ၊ ယတြှိ နာမ ဧဝံ သွာခါတေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတော သာဝကော ပိ သမ္မာပဋိပန္နော ဧဝံ ဝိသေသံ ဒိဗ္ဗစက္ခုဉာဏံ ပဋိလဘိဿတိ။

မြတ်စွာဘုရား၏ သာသနာတော် မြတ်စွာဘုရား၏ တရားတော်များကို နည်းလမ်းမှန်ကန်စွာ ကောင်းမွန်စွာ ဟောကြားထားသည့် အဖြစ်သည် အံ့ဩဘွယ် ကောင်းလှပါပေစွ ငါ့ရှင်၊ မဖြစ်စဘူး ထူးကဲလှပါပေစွ ငါ့ရှင်၊ အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင်ပင် ဤဒိဗ္ဗစက္ခုအဘိညာဉ်အစရှိသော လောကီတရားထူး, လောကုတ္တရာ တရားထူးတို့ကို ကိုယ်တိုင် ရရှိတော်မူပြီးသည်ဖြစ်၍ အများသော သတ္တဝါ အပေါင်းတို့အားလည်း မိမိကဲ့သို့ပင် ဤဂုဏ်ထူးတရားတို့ကို ရစေခြင်းငှါ နည်းလမ်းမှန်ကန်စွာဟောကြား၍ ထားတော်မူခဲ့ပါပေသည်၊

ဤသို့နည်းလမ်း မှန်ကန်စွာ ဟောကြား၍ ထားသော သာသနာတော်မြတ်၌ သဒ္ဓါယုံကြည်ခြင်းရှိသော အမျိုးကောင်းသားသည် ဝင်ရောက်၍ ရဟန်းပြုသည်ရှိသော် ထိုသို့ ဝင်ရောက်၍ ရဟန်းပြုသော တပည့် ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ နည်းလမ်းမှန်စွာကျင့်သည် ရှိသော် **အလုံးစုံသော လောကဓာတ်၌ ရှိသော ပကတိမျက်စိဖြင့် မမြင်နိုင်သော အဆင်းဟူသမျှတို့ကို မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရနိုင်ပေ၏၊**

ထိုဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကုသိုလ်ကံနှင့်ပြည့်စုံသောသူတို့ကိုငင်း အကုသိုလ်ကံနှင့် ပြည့်စုံသော သူတို့ကိုငင်း ကုသိုလ်ကံနှင့် ပြည့်စုံ၍ လူ့ဘုံ နတ်ဘုံ သုဂတိဘုံများ၌ ဘဝအသစ်ဖြစ်နေသော ပုဂ္ဂိုလ်တို့ကိုငင်း အကုသိုလ်ကံနှင့်

http://www.dhammadownload.com



ပြည့်စုံ၍ အပါယ်လေးပါးသို့လားရောက်၍ ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကို ခံစား၍ နေရသော ပုဂ္ဂိုလ်တို့ကိုရင်း တွေ့မြင်နိုင်လေ၏၊

ဤသို့ တွေ့မြင်နိုင်အောင် ထူးခြားလှသော ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရရှိနိုင်ပါပေ၏၊ သို့ဖြစ်၍ ဤသို့ အဘိညာဉ် ဉာဏ်ထူးကြီးကို ရနိုင်အောင် ဟောကြား၍ထားသော မြတ်စွာဘုရား၏ သာသနာတော်ကြီးသည် အံ့သြဘွယ်ကောင်းလှပါပေစွ ငါ့ရှင်။

ဒိဗ္ဗစက္ခုအဘိညာဉ်၏ ဂုဏ်ကိုပြ၍ ချီးကျူးခြင်း ပြီး၏

---

**အာသဝက္ခယ အဘိညာဉ်**

**လောကုတ္တရာ ရဟန်းပြုကျိုး**

ပုစ္ဆာ။ ။ကထံ ပနာဝုသော ဘဂဝါ ပရိယာယေန ဥတ္တရိတရံ သာမည-ဖလံ ဒေသေသိ။

ဝိဿဇ္ဇနာ။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ အာသဝါနံ ခယဉာဏာယ စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ။ပ။ ဣဒံ ခေါ မဟာရာဇ သန္ဒိဋ္ဌိကံ သာမည-ဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တ-တရဉ္စ ပဏီတတရဉ္စ။ ဣမသ္မာ စ ပန မဟာရာဇ သန္ဒိဋ္ဌိကာ သာမညဖလာ အညံ သန္ဒိဋ္ဌိကံ သာမညဖလံ ဥတ္တရိတရံ ဝါ ပဏီတတရံ ဝါ နတ္ထီတိ။ ဣတ္ထံ ခေါ ဘန္တေ ဘဂဝါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ ပရိယာယေန သန္ဒိဋ္ဌိကံ သာမညဖလံ ပုရိမေဟိ သန္ဒိဋ္ဌိကေဟိ သာမည-ဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ ဒေသေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ချာန်လေးပါးအပေါင်း တည်းဟူသော သန္ဒိဋ္ဌိက သာမညဖလတို့မှစ၍ လောကီသန္ဒိဋ္ဌိက သာမညဖလတို့ကို ညွှန်ပြတော်မူပြီးလျှင် နောက်ဆုံး၌ **သူ့ထက်လွန်ကဲသော, ထူးခြားသော သန္ဒိဋ္ဌိက သာမညဖလဟူ၍ မရှိ**

http://www.dhammadownload.com



**နိုင်သော, အမွန်မြတ်ဆုံးသော လောကုတ္တရာ သန္ဒိဋ္ဌိက သာမညဖလကို** အဘယ်သို့လျှင် ဟောကြားတော်မူပါသနည်း ငါ့ရှင့်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် သော ဧဝံ သမာဟိတေ စိတ္တေ အစရှိသည်ဖြင့်—

အဇာတသတ် မဟာရာဇာ....လောကဥပမာအားဖြင့် တောင်ထိပ်အပြင် ဝယ် အလွန် ကြည်လင်သန့်စင်သော ရေအိုင်တခု ရှိရာပါသည်၊ ထိုရေအိုင် ၃ရကန်၏ကမ်းနားဝယ် မျက်စိအမြင်ရှိသော ယောကျ်ားသည် ရပ်တည်၍ ထိုရေအိုင် ရေကန်၏ အတွင်းဝယ် ထိုမှ ဤမှ ကူးလူး သွားလာကြသော ၄ါးအပေါင်း, လိပ်အပေါင်းကိုငှင်း ကျောက်စရစ် အိုးခြမ်းအပေါင်းကိုငှင်း မြင်သကဲ့သို့—

ထို့အတူ ဆိုအပ်ပြီးသော သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ အမျိုးကောင်းသား, ဝိပဿနာဉာဏ်ရင့်သန်သဖြင့် ဥပစာရ သမာဓိသို့ ရောက်ရှိပြီးသော အမျိုး ကောင်းသား ရဟန်းတော်သူမြတ်သည် အရဟတ္တမဂ် အလို့ငှါ စိတ်ကို ညွတ်စေ ပါသည်၊ သို့ စိတ်ကို ညွတ်စေသောအခါ ဤတရား ဤတရားစုကား ဒုက္ခသစ္စာ, ဤတရား ဤတရားစုကား ဒုက္ခဖြစ်ကြောင်း မကောင်းသော သမုဒယသစ္စာ, ဤမည်သော တရားသည်ကား ဒုက္ခ၏ချုပ်ရာ နိရောဓသစ္စာ, ဤတရားသည်, ကား ဒုက္ခ၏ချုပ်ရာ နိရောဓနိဗ္ဗာန်သို့ ရောက်ကြောင်း ကောင်းသောအကျင့် ပဋိပဒါ တည်းဟူသော မဂ္ဂသစ္စာတည်း ဟု သိပါသည်၊

ဤတရားတို့ကား အာသဝေါတရား, ဤကား အာသဝေါ၏ အကြောင်း ဖြစ်သော တရား, ဤကား အာသဝေါ၏ ချုပ်ရာတရား, ဤကား အာသဝေါ၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရားတည်း ဟု သိပါ သည်၊

ထိုသို့ သိ . . ၁ အဂ္ဂမဂ္ဂသမင်္ဂီ အရဟတ္တမဂ်နှင့် ပြည့်စုံသော အရိယာ သူမြတ်၏ သန္တာန်၌ စိတ်အစဉ်သည် ကာမာသဝမှလည်း လွတ်မြောက်ပါ တော့သည်၊ ဘဝါသဝ, အဝိဇ္ဇာသဝမှလည်း လွတ်မြောက်ပါတော့သည်၊ သို့ အာသဝတို့မှ လွတ်မြောက်သော အရဟတ္တမဂ် စိတ်၏ အခြားမဲ့၌ အာသဝေါ တရား လေးပါးတို့မှ လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်စိတ် နှစ်ကြိမ်, သုံး ကြိမ် ဖြစ်ပါသည်၊

http://www.dhammadownload.com



ထို့နောက် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိသည် အလုံးစုံသော အာသဝ တရားတို့မှ လွတ်မြောက်ပြီးအဖြစ်ကို ပိုင်းခြား၍ သိပါသည်၊ အဆက် အဆက် ဖြစ်သော ပရံပရ ပစ္စဝေက္ခဏာဖြင့်လည်း **ခီဏာဇာတိ– ငါ့မှာ ဘဝပဋိသန္ဓေ နောက်အနာဂတ် တည်နေရန်တွေ ကုန်ချေပြီ၊ ဝုသိတံ ဗြဟ္မစရိယံ– သာသနာ တော် တည်းဟူသော မြတ်သောအကျင့်ကို အရဟတ္တဖိုလ်ပေါက် ကျင့်သုံး၍ ပြီးလေပြီ၊ ကတံ ကရဏီယံ– ဤသာသနာတော်ဝယ် ပြုဘွယ်ကိစ္စ အဝဝတို့ကို အထွဋ်အထိပ်ရောက် ငါပြုအပ်ပြီးပြီ၊နာပရံ ဣတ္ထတ္တာယ–ဤယခု မျက်မှောက် ပစ္စုပ္ပန် ထင်ရှားရှိသော ခန္ဓာအစဉ်မှ ဒုတိယဘဝ, တတိယဘဝဝယ် တစ်စုံတစ်ခု သော ဂတိ, တစုံတခုသော ယောနိ, တစုံတခုသော ဝိညာဏဋ္ဌိတိ, တစုံ တခုသော သတ္တဝါသမှာမှ လားဘွယ်, ဖြစ်ဘွယ်, ခန္ဓာအသစ် ပဋိသန္ဓေ တည်နေဘွယ် ငါ့မှာ မရှိပြီ ဟု ပရံပရ ပစ္စဝေက္ခဏာဖြင့် ပိုင်းခြား၍ သိပါသည်၊**

အဇာတသတ် မဟာရာဇာ....ဤသို့ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်ခြင်းသည်လည်း ရှေးဆိုပြီးသော ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံ တို့ထက် ဆဆကဲချွန် သာလွန်မြင့်မြတ်လှသော မျက်မှောက်ဘဝ ရဟန်းပြုရခြင်း၏ အကျိုးရပုံဖြစ်ပါသည်၊ **ဤအရဟတ္တမဂ် အရဟတ္တဖိုလ်ထက် ကဲလွန်မြင့်မြတ်သောရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ အကျိုးရပုံ မည်သည် မရှိတော့ပြီ ဟူ၍ ဒေသနာအဆုံးသတ်လျက် နိဂုံးကမွတ် အုပ်တော်မူခဲ့ ပါသည် အရှင်ဘုရား။**

အာသဝက္ခယ အဘိညာဉ် လောကုတ္တရာ ရဟန်းပြုကျိုး ပြီး၏

---

## အာသဝက္ခယ (လောကုတ္တရာ) အဘိညာဉ်၏ ဂုဏ်ကိုပြ၍ ချီးကျူးခြင်း

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော၊ ယံ ဘိက္ခု ဗုဒ္ဓ- သာသနေ သဒ္ဓါပဗ္ဗဇိတော ဇဝံ သဒ္ဓါခါတေ ဓမ္မဝိ ... သမ္မာပဋိပန္နော အာသဝက္ခယဉာဏံ ပါပုဏိတွာ ဒုက္ခဿန္တံ ကရောပ၊၊

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ ဤသို့ မှန်ကန်ကောင်းမွန်စွာ ဟောကြား၍ ထားသဖြင့် သွာခါတဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရား၏ သာသနာတော်၌ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်သည် ရနိုင်သည် ဟု ယုံကြည်သော သဒ္ဓါတရားဖြင့် ဝင်ရောက်၍ ရဟန်းပြုသော

http://www.dhammadownload.com



သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားသည် ဤသို့ ကောင်းမွန်မှန်ကန်စွာ ဟောကြား၍ ထားသော သာသနာတော်၌ နည်းလမ်း မှန်ကန်စွာ ကျင့်ကြံ အားထုတ်သည်ဖြစ်၍ **သံသရာ ဘဝ အဆက်အဆက် အနမတဂ္ဂ သံသရာမှ မိမိ သန္တာန်၌ အစဉ်တစိုက် လိုက်ပါ၍ နေသော အာသဝေါတရား ကိလေသာ တရား အလုံးစုံတို့ကို ကုန်ငြိမ်းစေနိုင်သော အာသဝက္ခယဉာဏ် ဟု ခေါ် သော အရဟတ္တမဂ်ဉာဏ်သို့ ဆိုက်ရောက်၍ ကိလေသာကို မပယ်နိုင်သည်ရှိသော် ဖြစ်သင့် ဖြစ်ထိုက်သော ဆင်းရဲဟူသမျှ အလုံးစုံ၏ ကုန်ဆုံးခြင်းကို ပြုနိုင်ပါပေ ၏၊** ဤသို့ ဆင်းရဲ၏ကုန်ဆုံးခြင်း ဆင်းရဲ၏ကုန်ဆုံးရာကို ပြုနိုင်သော ရဟန်း၏ အကျင့်သည် ကောင်းလှပါပေစွ ငါ့ရှင်။

အာသဝက္ခယ (လောကုတ္တရာ) အဘိညာဉ်၏ဂုဏ်ကို ပြ၍ချီးကျူးခြင်း ပြီး၏

---

## အဇာတသတ်ဘုရင် သရဏဂုံတည်၍ အကျိုးထူးရခြင်း

ပုစ္ဆာ။ ။ကထံ ပနာဝုသော ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဣမိဿာ ဒေသနာယ ပရိယောသာနေ ဘဂဝတိ စ ဒေသနာယဉ္စ ပသန္နော ပသန္နာကာရံ အကာသိ၊ ကီဒိသံ စ အာနိသံသံ ပဋိလဘိ။

ဝိဿဇ္ဇနာ။ ။ဧဝံ ဝုတ္တေ ဘန္တေ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝန္တံ ဧတဒဝေါစ၊ အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ၊ သေယျထာ ပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ။ ပ။ အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ၊ အယံ ဟိ ဘန္တေ ရာဇာ ပိတုမာရိတကာလတော ပဋ္ဌာယ နေဝ ရတ္တိံ န ဒိဝါ နိဒ္ဒံ ပဋိလဘတိ၊ သတ္ထာရံ ပန ဥပသင်္ကမိတွာ ဣမာယ မဓုရာယ ဩဇဝန္တိယာ ဓမ္မဒေသနာယ သုတကာလတော ပဋ္ဌာယ နိဒ္ဒံ ပဋိလဘတိ၊ တိဏ္ဏံ ရတနာနံ မဟာသက္ကာရမကာသိ၊ ပုထုဇ္ဇနိကာယ သဒ္ဓါယ သမန္နာဂတော နာမ ဣမိနာ ရညာ သဒိသော နာဟောသိ၊ အနာဂတေ ပန ဝိဇိတာဝီ နာမ ပစ္စေကဗုဒ္ဓေါ ဟုတွာ ပရိနိဗ္ဗာယိဿတိ။ ဧဝံ ခေါ ဘန္တေ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိ-

http://www.dhammadownload.com



ပုတ္တော ဒေသနာပရိယောသာနေ ပသန္နော ပသန္နာကာရ-
မကာသိ၊ ဣဒိသဥ္စ ဘန္တေ မဟာနိသံသံ ပဋိလဘိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ဤသာမညဖလသုတ် ဒေသနာတော်ကို ဟောကြားပြီးသောအခါ ဒေသနာတော်၏အဆုံး၌ မဂဓတိုင်းရှင် ဝေဒေဟီမိဖုယား၏သားဖြစ်သော အဇာတသတ်မင်းတရားသည် မြတ်စွာဘုရားအပေါ်၌၎င်း ဟောကြားတော်မူအပ်သော တရားဒေသနာအပေါ်၌၎င်း ကြည်ညိုသဒ္ဓါရှိလှသည်ဖြစ်၍ ကြည်ညိုသော ပုဂ္ဂိုလ်တို့ ပြုမြဲဓမ္မတာဖြစ်သော ပူဇော်ဘွယ်ကို ပူဇော်ခြင်းကို အဘယ်သို့လျှင် ပြုခဲ့ပါသနည်း၊

ထို့ပြင် ထိုတရားတော်ကို နာကြားရသည့်အတွက် အဇာတသတ်မင်းတရားသည်လည်း အဘယ်သို့သော အကျိုးထူး အာနိသင်များကို ရရှိသွားပါသနည်း ငါ့ရှင်။

အဖြေ။ ။အဇာတသတ် မဟာရာဇာသည် ဤသာမညဖလသုတ္တန်ဒေသနာတော်ကို ကြားနာရပြီးသည်၏ အဆုံး၌၊

အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ၊ ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....လွန်စွာ နှစ်သက်ဘွယ် ရှိပါပေစွဘုရား၊ လောက ဥပမာအားဖြင့် မှောက်နှာ၀ အောက်သို့ပြု၍ ထားအပ်သော အိုး ခွက်စသည်ကို ဖွင့်လှန်၍ ပြ ဘိသကဲ့သို့၎င်း တစုံတခုတို့ဖြင့် ဖုံးအုပ်၍ ထားအပ်သော ပစ္စည်း ဝတ္ထုတို့ကို ဖွင့်လှစ်၍ ပြဘိသကဲ့သို့၎င်း လမ်းခရီးမှားသော ယောကျ်ားအား လမ်းမှန်သို့ ပို့ဆောင်ဘိသကဲ့သို့၎င်း မှောင်မိုက်အတွင်းဝယ် မျက်စိအမြင်ရှိသောသူတို့ မြင်ကြစေ ဟု ဆီမီးတန်းဆောင်ကို ထွန်းဆောင်ဘိသကဲ့သို့၎င်း ထို့အတူ များစွာသော အကြောင်းအရာတို့ဖြင့် ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မအကျိုးရပုံကို သဗ္ဗညုမြတ်စွာဘုရားသည် ဟောကြားတော်မူပါသည်၊

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်သည် ယနေ့မှစ၍ မြတ်စွာဘုရားကို၎င်း တရားတော်ကို၎င်း

http://www.dhammadownload.com



သံဃာတော်ကိုင်း ကိုးကွယ်ရာ, မှီခိုရာ, အားထားရာ, ဆည်းကပ်ရာ ဟူ၍ သိပါ၏၊ ဆည်းကပ်ပါ၏၊ ယနေ့မှစ၍ တပည့်တော်ကို **သရဏဂုံ** တည် ဥပါသကာ ဒါယကာရင်း တယောက် ဟူ၍ မှတ်ယူတော်မူပါ ဘုရား။

---

## ခမည်းတော် သတ်မိသည့်အပြစ်ကို ဝန်ချ ကန်တော့ခြင်း

ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဘုရား တပည့်တော်သည် တရားသဖြင့် တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်၍ နေပါသော ခမည်းတော်မင်းတရား (ဗိမ္ဗိသာရဘုရင်)ကို အစိုးရခြင်းတည်းဟူသော ဣဿရိယ ရာထူးဌာနန္တရ ရလိုသည့်အတွက် အပြစ်မရှိပါဘဲ သက်သက်မဲ့ ဇီဝိတိန္ဒြေမှ ချမိခဲ့ပါပြီ၊ မြတ်စွာဘုရားမှတပါး တပည့်တော်သည် ကန်တော့ ဘွယ်ရာမရှိပါ၊

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ ဘုရား တပည့်တော်သို့ မိုက်သည့်အလျောက် မလိမ္မာသည့်အလျောက် တွေဝေ သည့်အလျောက် **ပိတုဃာတက** ကံတည်းဟူသော အပြစ်ကြီးသည် ဘိစီးလွှမ်း မိုး၍ နေပါပြီ၊ ထိုအပြစ်ကို အရှင်ဘုရားသည် တပည့်တော်အား ကရုဏာ ရှေ့ထား သနားတော် မူသဖြင့် နောင်အခါဝယ် စောင့်ရှောက်ခြင်း အလို့ငှါ ခံယူတော်မူပါဘုရား ဟု မြတ်စွာဘုရားထံမှောက်၌ ကန်တော့ပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် တဂ္ဃ တွံ မဟာရာဇ အစ္စယော အစ္စာဂမာ အစရှိသည်ဖြင့် အပြစ်ရောက်ကြောင်း၊ သို့ရောက်သောအပြစ်ကို တရားအားလျော်စွာ ဝန်ခံ ကန်တော့ကြောင်း၊ သို့ ဝန်ခံခြင်း, ကန်တော့ ခြင်းသည် နောင်အခါဝယ် ကြီးပွါးခြင်း၏ အကြောင်းဖြစ်ကြောင်းကို မိန့် ကြားတော်မူခဲ့ပါသည်၊

## အကျိုးထူး ရပုံ

ထိုမှတပါး အကျိုးရပုံမှာ ဤအဇာတသတ်မင်းတရားသည် ခမည်း တော်ကို သတ်စေသောအခါကာလမှစ၍ နေ့အခါ၌ငှင်း ညအခါ၌ငှင်း တနေ့ မျှ, တညဉ့်မျှ အိပ်စက်ခွင့်မရရှိခဲ့ပါ၊ အိပ်မည်ဟူ၍ ကြံစည်ပြီးလျှင် လျောင်း လိုက်သောအခါဝယ် အရာမက အထောင်မကသော လှံမတို့ဖြင့် ထိုးဆွဘိ သကဲ့သို့ သည်းထန်စွာ နာကျင်လှသဖြင့် ဟစ်အော် ငိုယိုလျက်သာ ရှိပါသည်၊

http://www.dhammadownload.com



မြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်ပြီးလျှင် ဤသို့ ချီးမြှင့်ကောင်း မြတ်လှသော ဓမ္မဒေသနာ အရသာတို့နှင့်ပြည့်စုံလှစွာသော သာမညဖလသုတ္တန် ဒေသနာကို ကြားနာရပြီးသောအခါမှစ၍ ချမ်းသာစွာ နေ့ဥ်ရင်း ညဥ့်ရင်း အိပ်စက်ခွင့်ကို ရရှိပါသည်၊

ထိုမှတပါးလည်း အကယ်၍ သာမညဖလ သုတ္တန်ဒေသနာကို မကြားနာ ရလျှင် နှစ်ပရိစ္ဆေဒ ကာလရှည်လျားစွာ များပြားစွာ မရေမတွက်နိုင်အောင် များပြားလှသော နှစ်ပရိစ္ဆေဒတို့ ကာလပတ်လုံး **အဝီစိ** ငရဲ၌ ကျခံရပါမည်၊ ယခုမှာမူ သာမညဖလ သုတ္တန်ကို ကြားနာရခြင်းကြောင့် အနှစ်ခြောက် သောင်းမျှ ကာလသာလျှင် **လောဟကုမ္ဘီ** ငရဲ၌ ကျရောက်ခွင့်ရှိပါသည်၊

ဤမှတပါးလည်း သာမညဖလ သုတ္တန်ဒေသနာကို ကြားနာရခြင်းအ တွက် သရဏဂုံတည် ဥပါသကာ ဖြစ်ပြီးလျှင် ဤသာသနာတော်၌ ရတနာ သုံးပါးအား ကြီးစွာသော ပူဇော်သက္ကာရ အမှုကို ပြုခဲ့ပါသည်၊ ပုထုဇဉ် လောကဝယ် ပုထုဇဉ်တို့ သန္တာန်၌ ဖြစ်ပွါးသော သဒ္ဓါတရားနှင့် ပြည့်စုံသော ဤအဇာတသတ် မင်းတရားနှင့် တူသောသူမည်သည် ပုထုဇဉ် မည်သည် လောက၌ တစုံတယောက်မျှ မရှိဖြစ်ပါသည်၊

နောက်ဆုံး အကျိုးကို လျှောက်ထားလိုပါသည်၊ ဤအဇာတသတ် မင်းတရားသည် ဤသာမညဖလသုတ္တန်ကို ကြားနာရခြင်းတည်းဟူသော **ဓမ္မ သဝန** ကောင်းမှု ကုသိုလ်ကံကြောင့် ထိုလောဟကုမ္ဘီငရဲမှ ကျွတ်လွတ်သော အခါ **ဝိဇိတာဝီ** အမည်ရသော ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန် စံရပါလိမ့်မည်။

ဤသို့လျှင် အဇာတသတ် မင်းတရားသည် သာမညဖလ သုတ္တန်ကို ကြားနာပြီးသည်၏ အဆုံး၌ ဘုရား, တရား, သံဃာ ရတနာသုံးပါး၌ လွန်စွာ လွန်စွာ ကြည်ညိုလှပါသဖြင့် ထိုသို့လျှောက်ထားအပ်ပြီးသောအတိုင်း ကြည် ညိုသော အခြင်းအရာကိုလည်း ပြုခဲ့ပါသည်၊

ဤသို့ လျှောက်ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အဇာတသတ် မဟာရာဇာ သည် များစွာသောအကျိုး များစွာသော အာနိသင်တို့ကို ရရှိခဲ့ပါသည် အရှင်ဘုရား။

အကျိုးထူး ရပုံ ပြီး၏

**သာမညဖလ သုတ်တော် ပြီး၏**

http://www.dhammadownload.com


## အမ္ဗဋ္ဌ သုတ်တော်

### ဝိဇ္ဇာစရဏတို့ကို အကျယ်ပြရာ ဒေသနာတော်

ပုစ္ဆာ॥ ॥တေနာဝုသော ဘဂဝါ ဇာနတာ အရဟတာ ပဿတာ သမ္မာသမ္ဗု-
ဒ္ဓေန အမ္ဗဋ္ဌံ နာမ သုတ္တံ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ॥

ဝိဿဇ္ဇနာ॥ ॥ကောသလေသု ဘန္တေ ဇနပဒေ ဣစ္ဆာနင်္ဂလေ နာမ ကော-
သလာနံ ဗြာဟ္မဏဂါမေ အမ္ဗဋ္ဌံ နာမ မာဏဝံ ဗြာဟ္မဏဿ
ပေါက္ခရသာတိဿ အန္တေဝါသိံ အာရဗ္ဘ ဘာသိတံ॥

အမေး॥ ॥သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥဿျံခံတရားငါးပါး အလုံးစုံသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်သည် **ဝိဇ္ဇာစရဏ** တို့ကို အကျယ်ပြရာဖြစ်သော အမ္ဗဋ္ဌမည်သော သုတ္တန်တရား ဒေသနာတော်ကို ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါ သနည်း ငါ့ရှင်॥

အဖြေ॥ ॥ကောသလတိုင်း အဝင်အပါ ဣစ္ဆာနင်္ဂလ အမည်ရှိသော ပုဏ္ဏားရွာ၌ သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံး နေတော်မူသောအခါ သုံးရာ သော ဗြာဟ္မဏလုလင်တို့၏ဆရာ ပေါက္ခရသာတိ ပါမောက္ခ ပုဏ္ဏား တိုက်တွန်း ချက်အရ အမ္ဗဋ္ဌ လုလင်သည် ဘုရားရှိရာသို့ သွားရောက်၍ လက္ခဏာကြီး သုံးဆဲ့နှစ်ပါးကို စုံစမ်းမည့်ကိစ္စဝယ်——

လက္ခဏာတော်ကို မစုံစမ်းသေးမူဦးဘဲ ဘုရား ကျောင်းတော်သို့ ဝင် ရောက်၍ မြတ်စွာဘုရားအား မရိုမသေသော ဣရိယာပုထ်ဖြင့် နေသောအခါ သဗ္ဗညုမြတ်စွာဘုရားက **အဝုသိတ** သူတော်တရား မကျင့်သုံးရသေးခြင်းတည်း ဟူသော ဝါဒဖြင့် ပြောဆိုသည်ရှိသော် ဒေါသ အမျက် ပြင်းစွာထွက်သဖြင့် သကျသာကီဝင် မင်းတို့အပေါ်ဝယ် သုံးကြိမ်တိုင်အောင်ပင် သကျသာကီဝင် မင်းတို့သည် အလုပ်သမား ဆင်၏ဥပမာ ဗြာဟ္မဏပုဏ္ဏားတို့ ခိုင်းရာကိုသာ ပြုလုပ်ရမည့် အစေအပါး ဟူသော ဝါဒဖြင့် ဘိနိပ် လွှမ်းမိုးစကား ပြောကြား သောအခါ——

http://www.dhammadownload.com



## အမြတ် ပုဂ္ဂိုလ်

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဥက္ကာမုခမင်းဥပမာဖြင့် သကျသာကီဝင်မင်းတို့က အရှင်သခင်ဖြစ်၍ ကဏှာယန အနွယ်ဝင်ဖြစ်သော ဗြာဟ္မဏတို့က ကျွန်သာဖြစ်ကြောင်း ပြတော်မူပြီးလျှင် အဆုံး၌ ဗြာဟ္မဏ, ခတ္တိယ ရှိကြသည့် အနက် လူ့ဟောရအားဖြင့် ခတ္တိယဇာတ်ရှိသူသာလျှင် မြတ်သည့်အကြောင်း သဘာဝ စစ်စစ် ပရမတ္ထအားဖြင့်ပါမူ **ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတရား** တို့နှင့် ပြည့်စုံသော သူသည်သာလျှင် နတ်လူဗြဟ္မာ သတ္တဝါတို့၌ အမြတ်ဆုံး ဖြစ်ကြောင်း မိန့်ကြားတော်မူသောအခါ ထိုဝိဇ္ဇာစရဏတို့ကို သိလိုသဖြင့် အမ္ဗဋ္ဌလုလင် လျှောက်ထားသော ဝတ္ထုဝယ်....

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူသည်မှအစ အာသဝက္ခယဉာဏ်တိုင်အောင် သုံးတန်သောသီလ, လေးပါးသော ပဌမ- ဒုတိယ- တတိယ- စတုတ္ထစျာန် တည်းဟူသော စရဏတရား, ရှစ်ပါးသော ဝိပဿနာဉာဏ် အစ ရှိသော ဝိဇ္ဇာတရားတို့ကို ခွဲခြားပြဆိုရာ ဤအမ္ဗဋ္ဌသုတ် ဒေသနာကို ကောသလတိုင်း "ဣစ္ဆာနင်္ဂလ" ပုဏ္ဏားရွာ၌ ဖော်ပြရာပါ အမ္ဗဋ္ဌလုလင်ကို အကြောင်းပြု၍ သမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါသည် အရှင်ဘုရား။

အမ္ဗဋ္ဌ သုတ်တော် ပြီး၏

---

## သောဏဒဏ္ဍ သုတ်တော်

### သီလ နှင့် ပညာကို အကျယ်ဟောပြခြင်း

ပုစ္ဆာ။ ။သောဏဒဏ္ဍံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။အင်္ဂေသု ဘန္တေ ဇနပဒေ စမ္ပာယံ သောဏဒဏ္ဍံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။**သီလပညာ** အချင်းချင်း ကျေးဇူးများကြောင်း သီလပညာ အချင်းချင်း စင်ကြယ် စေနိုင်ကြောင်းမှစ၍ အာသဝက္ခယဉာဏ်တိုင်အောင် ဖော်ပြရာဖြစ်သော သောဏဒဏ္ဍ မည်သော သုတ္တန် တရားဒေသနာ

http://www.dhammadownload.com



တော်ကို ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်သည် အဘယ်အရပ်ဒေသ၌ အဘယ့် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အင်္ဂတိုင်း အဝင်အပါ စမ္ပာမြို့၌ စမ္ပာမြို့သား သောဏဒဏ္ဍ ပုဏ္ဏားသည် မြတ်စွာဘုရား သီတင်းသုံးရာ စမ္ပာပြည် ဂဂ္ဂရာ မည်သော ရေကန်သို့ သွားရောက်၍ အမေးပုစ္ဆာ ပြဿနာတို့ကို အချင်းချင်း မေးလျှောက်ပြီးသော အခါကာလဝယ် သီလနှင့် ပညာတို့ကို သီလဟူသော စကားမျှ, ပညာဟူသော စကားမျှသာ သူတို့၏ ပြာဟ္မဏဘာသာတွင် အဓိပ္ပါယ် ရှိကြောင်း၊ အကျယ်တဝင့် မသိပါကြောင်း၊ အကျယ်တဝင့် ဟောပြတော်မူပါမည့် အကြောင်း သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထား တောင်းပန်သောအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာသည် ဘုရားပွင့်တော် မူသည်မှအစ အာသဝက္ခယဉာဏ် တိုင်အောင် သာမညဖလ သုတ္တန်ဝယ် ဟောကြားတော် မူအပ်သည့် နည်းအတိုင်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ တည်းဟူသော သုံးပါးသောသီလ ပဌမ- ဒုတိယ- တတိယ- စတုတ္ထစျာန် တည်းဟူသော လေးပါးသောစျာန်, ဝိပဿနာဉာဏ် အစရှိသော ရှစ်ပါးသော ဝိဇ္ဇာတည်းဟူသော စျာန်လေးပါး, ဝိဇ္ဇာရှစ်ပါး တည်းဟူသော ပညာတရားတို့ကို ခွဲခြမ်းစိတ်ဖြာ ဟောညွှန်ရာဖြစ်သော ဤသောဏဒဏ္ဍသုတ္တန် တရား ဒေသနာတော်မြတ်ကို အင်္ဂတိုင်း စမ္ပာပြည် ဂဂ္ဂရာမည်သော ရေကန်၌ သောဏဒဏ္ဍပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

သောဏဒဏ္ဍ သုတ်တော် ပြီး၏

---

## ကူဋဒန္တ သုတ်တော်

### မဟာဒါနခေါ် အလှူကြီး

ပုစ္ဆာ။ ။ကူဋဒန္တံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။မဂဓေသု ဘန္တေ ခါဏုမတေ နာမ ဗြာဟ္မဏဂါမေ ကူဋဒန္တ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။အလှူအတန်း ပေးကမ်းသော ပုဂ္ဂိုလ်၏ အလှူအတန်းနှင့် စပ်လျဉ်း၍ စိတ်နှလုံးသုံးပါး, အရံအတား တဆဲ့ခြောက်ပါးနှင့် ပြည့်စုံသော

http://www.dhammadownload.com



**ယာဇ်** ဟု ခေါ်သော အလှူကြီး ပေးကမ်းပုံမှစ၍ အဆင့်ဆင့် မြင့်မြတ်သော အာသဝက္ခယဉာဏ် တိုင်အောင်သော တရားထူးတို့ကို ဖော်ပြရာဖြစ်သော ကူဋဒန္တမည်သော သုတ်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မဂဓတိုင်း အဝင်အပါ ခါဏုမတ အမည်ရှိသော ပုဏ္ဏားရွာ၌ ခါဏုမတရွာသား ကူဋဒန္တပုဏ္ဏားသည် သဗ္ဗညုမြတ်စွာဘုရားရှိရာ အမ္ဗလဋ္ဌိကာ ဉယျာဉ်သို့ သွားရောက်ပြီးလျှင် အလှူအတန်း ပြုလုပ်သောအခါ သုံးပါးသော စိတ်ထားပုံ, တဆဲ့ခြောက်ပါးသော အခြံအရံတို့နှင့် ပြည့်စုံသော **မဟာဒါနကို** သတင်းစကားမျှသာ ကြားဘူးကြောင်း အကျယ်တဝင့် ဖွင့်ပြတော်မူပါမည့်အကြောင်း တောင်းပန်သောအခါ—

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် မဟာဝိဇိတမင်း၏ အတိတ် ဥပမာကို ဆောင်တော်မူ၍ ပုဗ္ဗ, မုဥ္စ, ပရ တည်းဟူသော စေတနာသုံးဖြာ ကောင်းစွာ ထားခြင်းဖြင့် သုံးပါးသော စိတ်ထားနှင့် ပြည့်စုံပုံ၊ မိမိနောက်ပါ ပရိသတ်လေးပါးတို့ အလှူဒါနပေးသည်ကို ကျေနပ်ခွင့်ပြုပုံ တည်းဟူသော လေးပါး အလှူရှင်ကိုယ်တိုင်ကပင် ဇာတိ စင်ကြယ်ခြင်း အစရှိသော အင်္ဂါရှစ်ပါး၊ မဟာဒါနကို စီရင်သော ပုဂ္ဂိုလ်၏ မိဘက်, ဘဘက် နှစ်ဘက်မှ အမျိုးအနွယ် စင်ကြယ်ခြင်း အစရှိသော အင်္ဂါလေးပါး ဤတဆဲ့ခြောက်ပါးသော အခြံအရံ ပရိက္ခာရနှင့် ပြည့်စုံသော မဟာဒါနကို ဟောပြတော် မူသည်၏ အဆုံးဝယ်....

## မဟာဒါနထက် အကျိုးကြီးသော အလှူ

ထိုသုံးပါးသော ယညသမ္ပဒါ, တဆဲ့ခြောက်ပါးသော အခြံအရံနှင့် ပြည့်စုံသော မဟာဒါနထက် ကိစ္စလည်းနည်းပါး အကျိုးလည်း ဆဆများလှသော တပါးသော မဟာဒါန ရှိ,မရှိကို သဗ္ဗညုမြတ်စွာဘုရားအား မေးလျှောက်သော အခါ....

ထိုဆိုအပ်ပြီးသော မဟာဝိဇိတမင်းတို့၏ တိဝိဓ, သောဠသပရိက္ခာရ နှင့် ပြည့်စုံသော မဟာဒါနထက်ပင် သီလရှိသော ရဟန်းသူမြတ်တို့အား နိစ္စဗဒ်

http://www.dhammadownload.com



ဝတ်တည်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အစရှိသော ပစ္စည်းလေးပါးကို လှူဒါန်းရခြင်း တည်းဟူသော **အနုကူလနိဗဒ္ဓ** ဒါနသည် ကိစ္စလည်းနည်းပါး လွန်စွာလည်း အကျိုးများကြောင်း၊ ထို့ထက်လည်း စာတုဒ္ဒိသာ သံဃိက ကျောင်း, စရပ်ကို ဆောက်လုပ်၍ လှူဒါန်းခြင်းသည် ကိစ္စနည်းပါး ထို့ထက် အကျိုးများလှပါကြောင်း။

## ဒါနထက် အကျိုးကြီးသောတရား

ထို စာတုဒ္ဒိသာ သံဃိကကျောင်းကို လှူရခြင်းထက် သရဏဂုံယူခြင်း သည် ကိစ္စနည်းပါး ထို့ထက် အကျိုးများလှကြောင်း၊ ထို့ထက် သရဏဂုံ အထွဋ်တပ်သော **ပဉ္စင်္ဂသီလ**ကို ဆောက်တည်ရခြင်းသည် ကိစ္စလည်းနည်းပါး ထို့ထက်လည်း အကျိုးများလှသည့် မဟာဒါနဖြစ်ကြောင်း၊ ထို့ထက် သဗ္ဗညု မြတ်စွာဘုရား၏ သာသနာဝယ် သဒ္ဓါပဗ္ဗဇိတ, ကုလပုတ္တ ရဟန်းအဖြစ်ကို ခံယူ ၍ သုံးဆူသော သီလသမ္ပဒါ, လေးဖြာသောဈာန်, ရှစ်တန်သော ဝိဇ္ဇာတို့နှင့် တကွ အာသဝက္ခယဉာဏ် တိုင်အောင် ကျင့်သုံးခြင်းသည် ထို့ထက်လည်းကိစ္စ နည်းပါး ထို့ထက်လည်း အကျိုးများလှသည့် **မဟာဒါနယညသမ္ပဒါ ဖြစ် ကြောင်း အာသဝက္ခယ ဉာဏ်ထက် သာလွန်မြင့်မြတ်သော မဟာဒါနယည သမ္ပဒါမည်သည် မရှိကြောင်း** ထင်ရှားစွာ အကျယ်တဝင့် ဖော်ပြအပ်သည့် ဤ ကူဋဒန္တသုတ္တန် ဒေသနာတော်မြတ်ကို မဂဓတိုင်း အဝင်အပါ ခါဏုမတက ရွာ၌ ခါဏုမတကရွာသား ကူဋဒန္တပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာ ဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ကူဋဒန္တ သုတ်တော် ပြီး၏

---

## မဟာလိ သုတ်တော်

### ဈါန်, အဘိညာဉ်မျှကိုသာ ရည်ရွယ်ရင်း မဟုတ်

ပုစ္ဆာ။ ။မဟာလိံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဩဋ္ဌဒ္ဓံ နာမ လိစ္ဆဝိံ အာရဗ္ဘ ဘာသိတံ။

http://www.dhammadownload.com



အမေး။ ။ဒိဗ္ဗသောတ အဘိညာဉ် သမာဓိဘာဝနာကို ပွါးပုံ၊ ထို သမာဓိ ဘာဝနာ၏ အားအစွမ်းတို့နှင့်တကွ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ခြင်း၏အကြောင်း အရိယမဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့် ပဋိပတ်တို့ကို ဖော်ပြရာဖြစ်သော မဟာလိ သုတ္တန် တရားတော်မြတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည် အရပ်ဝယ် **သြဋ္ဌဒ္ဓ**အမည်ရသော မဟာလိ လိစ္ဆဝီကိုအကြောင်းပြု၍ ဟောတော်မူအပ်ပါသည်၊ မဟာလိ လိစ္ဆဝီသည် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေသာလီပြည် မဟာဝုန်တောသို့ သွားရောက်ပြီးလျှင် သုနက္ခတ္တသည် မိမိ၏ အထံသို့လာရောက်၍—

အဆွေတော် မဟာလိ....ငါသည် မြတ်စွာဘုရားသာသနာဝယ် သုံးနှစ်မျှ နေခဲ့ဘူးပါသည်၊ ထို သုံးနှစ်မျှ ကာလအတွင်း ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရ၍ နတ်၌ဖြစ်သော နှစ်သက်ဘွယ်သော ရူပါရုံတို့ကိုမြင်ရကြောင်း၊ နတ်၌ဖြစ် ကြောင်း သဒ္ဒါရုံတို့ကို မကြားရကြောင်းကို ပြောကြားပါသည်၊

နတ်၌ဖြစ်သော သဒ္ဒါရုံတို့သည် ထင်ရှားရှိလျက် သုနက္ခတ္တ မကြားခြင်း ဖြစ်ပါသလော၊ သို့မဟုတ် နတ်၌ဖြစ်သောအသံ သဒ္ဒရုပ်တို့မရှိ၍ သုနက္ခတ္တ မကြားခြင်း ဖြစ်ပါသလော ဟု— မြတ်စွာဘုရားအား မေးမြန်းလျှောက် ထားသောအခါ **ဝိဘဇ္ဇဝါဒီပီပီ** သဗ္ဗညုမြတ်စွာဘုရားသည်—

ဒိဗ္ဗစက္ခု တဘို့ အလို့ငှါသာလျှင် သမာဓိဘာဝနာကို ပွါးများရသည် ရှိသော် နတ်၌ဖြစ်သော ရူပါရုံတို့ကိုသာ မြင်နိုင်ကြောင်း၊

ဒိဗ္ဗသောတ တည်းဟူသော တဘက်အလို့ငှါသာလျှင် သမာဓိဘာဝနာ ကို ပွါးများသည်ရှိသော် နတ်၌ဖြစ်သော အသံတို့ကိုသာ ကြားနိုင်မည် ဖြစ်ကြောင်း၊

ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ နှစ်ပါးစုံ အလို့ငှါ သမာဓိဘာဝနာကို ပွါးများ သည်ရှိသော် နတ်၌ဖြစ်သော အဆင်း ရူပါရုံ,နတ်၌ဖြစ်သောအသံ သဒ္ဒါရုံတို့ကို မြင်လည်းမြင်, ကြားလည်းကြားနိုင်ကြောင်း မိန့်ကြားသောအခါ၊

http://www.dhammadownload.com



သာသနာ့ဝန်ထမ်း ရဟန်းတော် အရှင်သူမြတ်တို့သည် ဤဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ် အကျိုးကို မျှော်ကိုး၍ ရဟန်းပြုကြ၊ မြတ်သော အကျင့်ကို ကျင့်သုံးကြတာပါလားဘုရား ဟု မေးမြန်းလျှောက်ထားပြန်သောအခါ—

ဤသာသနာတော်ဝန်ထမ်း သဒ္ဓါပဗ္ဗဇိတ ရဟန်းတော် အရှင်သူမြတ်တို့သည် ထိုဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဉ်တို့ထက် ဆဆကဲချွန် သာလွန်မြင့်မြတ်လှသည့် သောတာပတ္တိမဂ်,သကဒါဂါမိမဂ်,အနာဂါမိမဂ်,အရဟတ္တမဂ် တည်းဟူသော မဂ်လေးပါး, ဖိုလ်လေးပါး, အနုပါဒါ ပရိနိဗ္ဗာန်အလို့ငှါ မြင့်သော အကျင့်ကို ကျင့်ကြံကြောင်း၊ ထိုအနုပါဒါ ပရိနိဗ္ဗာန်တိုင်အောင် အကျိုးပေးခြင်းငှါ စွမ်းနိုင်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး **မဇ္ဈိမပဋိပဒါ** တရားတို့သည် ဤဘုရားသာသနာ၌ ထင်ရှားစွာ ရှိပါကြောင်း ဖွင့်ပြဟောကြားရာဖြစ်သည့် ဤမဟာလိ သုတ္တန်ဒေသနာတော်မြတ်ကို ဝေသာလီပြည် အရပ်ဝယ် ဩဋ္ဌဒ္ဒ လိစ္ဆဝီမင်းကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာလိ သုတ်တော် ပြီး၏

---

## ဇာလိယ သုတ်တော်

### အသက်ဇီဝ နှင့် ခန္ဓာကိုယ် တခြားစီလော? တခုတည်းလော?

ပုစ္ဆာ။ ။ဇာလိယံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသမ္ဗိယံ ဘန္တေ ဒွေ ပဗ္ဗဇိတေ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဤရုပ်ကိုယ်သည်ပင်လျှင် အသက်ကောင်ဖြစ်သည်၊ အသက်ကောင်သည်ပင်လျှင် ရုပ်ကိုယ်ဖြစ်သည် ဟု ယူဆသော **အတ္တဝါဒဒိဋ္ဌိ**ဖြစ်နိုင်သော ပုဂ္ဂိုလ်နှင့် မဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကို ဝေဘန်ဖွင့်ပြရာဖြစ်သော ဇာလိယသုတ္တန် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံး နေတော်မူသောအခါ မုဏ္ဍိယ အမည်ရှိသော ပရိဗိုဇ်နှင့် ဇာလိယ အမည်ရှိသော ပရိဗိုဇ် နှစ်ဦးတို့ သဗ္ဗညုဘုရားထံ လာရောက်၍——

ရဟန်းကြီး ဂေါတမ....အသက် **ဇီဝ** လိပ်ပြာနှင့် ကိုယ်ခန္ဓာ အတ္တဘောဟူသည် အတူတူပင် ဖြစ်လေသလား အသက်ဇီဝ လိပ်ပြာနှင့် ဤခန္ဓာကိုယ်သည် တခြားစီပင် လေလား ဟု——

မေးမြန်းသော ပုစ္ဆာ စကားရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားပွင့်တော်မူသည်မှအစ သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသား ရဟန်းပြုပုံ ထိုမှ သုံးဝသော သီလနှင့် ပြည့်စုံပုံ ဈာန်လေးပါး အာသဝက္ခယဉာဏ်တိုင်အောင်သော ဝိဇ္ဇာစရဏ တရားတို့နှင့် ပြည့်စုံပုံ ထိုသို့ သီလသမ္ပဒါ ဈာန်လေးပါး အာသဝက္ခယဉာဏ် တိုင်အောင်သော ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အဘို့မှာ **အသက်လိပ်ပြာနှင့် ခန္ဓာကိုယ် အတ္တဘောဟူသည် တခြားစီလော တခုတည်းလော ဟု ယုံမှားဘွယ် ယူဆဘွယ်ပင် မရှိကြောင်း** စိတ်ဖြာခွဲခြမ်း ဟောပြရာဖြစ်သော ဇာလိယသုတ္တန် တရားဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းအရပ်ဝယ် ဇာလိယ, မုဏ္ဍိယ တည်းဟူသော ပဗ္ဗဇိတ အမည်ခံ ပရိဗိုဇ်နှစ်ဦးတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဇာလိယ သုတ်တော် ပြီး၏

---

## မဟာသီဟနာဒ သုတ်တော်

### သမဏအစစ်, ဗြာဟ္မဏအစစ် ပြဆိုခဏ်း

ပုစ္ဆာ။ ။မဟာသီဟနာဒံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ဥရုညာယံ ဘန္တေ ကဏ္ဏကထလေ အစေလံ ကဿပံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။**သမဏအစစ်** ဗြာဟ္မဏအစစ် ဖြစ်ကြောင်း အကျင့်ပဋိပတ်တို့ကို ဖွင့်ပြရာဖြစ်သော **မဟာသီဟနာဒမည်သော** သုတ္တန်ဒေသနာတော်ကို

http://www.dhammadownload.com



မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သဗ္ဗညုမြတ်စွာဘုရားသည် ဥရုညမြို့၏အနီး **ကဏ္ဏကထလ** အမည်ရသော သားတို့အား ဘေးမဲ့ပေးရာ ကုန်းမြေပြင်၌ သီတင်းသုံး စံနေတော်မူသောအခါ အဝတ်မလွှမ်းသည့် အချည်းနှီးသော ကဿပ တက္ကဒွန်းသည် ဘုရားရှိရာသို့ လာရောက်၍—

ရဟန်းကြီးဂေါတမ....အကျွန်ုပ်မှတပါး သာသနာပြင်ပ ရဟန်းပုဏ္ဏားတို့က ရဟန်းကြီးဂေါတမကို "ရဟန်းကြီးဂေါတမသည် မိမိအယူကိုသာ ခြီးမွမ်းကြောင်း သူတပါးတို့၏ အယူကို မည်သည့်အယူကိုမဆို ကဲ့ရဲ့ရှုတ်ချအပြစ်တင်ကြောင်း တပါးသော အကျင့်ရှိသော ပုဂ္ဂိုလ်တို့ကို အမြဲတစေ တစုတည်းသော အဘို့အားဖြင့် ကဲ့ရဲ့ရှုတ်ချ၍နေကြောင်း" ပြောကြားကြပါသည်၊

ထိုစကားသည် မှန် မမှန် သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် တပဿီ အမည်ခံပုဂ္ဂိုလ်တို့ သေသည်မှ နောက်ကာလ၌ အချို့သုဂတိဘုံ, အချို့ဒုဂ္ဂတိဘုံသို့ ရောက်ကြသည်ကို ဒိဋ္ဌထင်ထင် တွေ့မြင်သော ငါဘုရားသည် ဘယ်မှာလျှင် ခပ်သိမ်းသော အကျင့်တို့ကို ကဲ့ရဲ့အံ့နည်း၊ အဘယ်မှာလျှင် တပဿီ အမည်ခံ တပါးသော ပုဂ္ဂိုလ်ခပ်သိမ်းတို့ကို ကဲ့ရဲ့ပါအံ့နည်း၊

အချင်းကဿပ....ဤလောကဝယ် ပညာရှိသော ပုဂ္ဂိုလ်တို့ များစွာရှိကြသည်၊ ထိုပညာရှိတို့သည် ငါဘုရားသာသနာနှင့် အညတိတ္ထိယဂိုဏ်းဝင် သာသနာအတွက် ဆရာ ဆရာချင်း, ဘုရား ဘုရားချင်း ဖြစ်စေ တပည့် တပည့်ချင်း ဖြစ်စေ ယှဉ်ပြိုင်၍ အယူဝါဒကိုသော်၎င်း မေးကြပါသည်၊ အကြောင်းကိုသော်၎င်း မေးကြပါသည်၊ အယူဝါဒ, အကြောင်း နှစ်ပါးလုံးကိုသော်၎င်း မေးကြပါသည်၊

ပယ်သင့် ပယ်ထိုက်သော အကုသိုလ်တရား, ပွါးသင့်ပွါးထိုက်သော ကုသိုလ်တရားတို့ကို ရဟန်းကြီးဂေါတမနှင့်တကွ ရဟန်းကြီးဂေါတမ၏ သာဝကတို့သည်သာလျှင် အကုသိုလ်တရားတို့ကိုလည်း အကြွင်းမဲ့ ပယ်ကြောင်း

http://www.dhammadownload.com



ကုသိုလ်တရားတို့ကိုလည်း အကြွင်းမဲ့ပွါးများကြောင်း ပညာရှိတကာတို့ ဝန်ခံကြပါသည် ဟု မိန့်ကြားတော်မူသောအခါ—

ကဿပတက္ကဒ္ဒန်းက ဗာဟိရကဖြစ်သော **အတ္တကိလမထာနုယောဂ** အဝင်အပါ—

မတ်တပ်ရပ်၍ တသက်လုံးနေခြင်း၊

ဆောင့်ကြောင့်ထိုင်၍ တသတ်လုံး နေခြင်း၊

တရက်ခြားစားခြင်း နှစ်ရက်ခြားစားခြင်း၊

တဆယ့်ငါးရက်တကြိမ်မျှသာ စားခြင်း၊

အစရှိသော သာသနာပြင်ပ ဗာဟိရကတို့၏ အယူကိုလည်း ထိုသာသနာပြင်ပ ရဟန်းတို့သည် ရဟန်း၏အလုပ်, ဗြာဟ္မဏ၏ အလုပ် ဟူ၍ ပညတ်ကြောင်း,ဟောထားကြောင်း သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားသောအခါ—

သာသနာပြင်ပ ဗာဟိရကတို့ အယူအတိုင်း အဝတ်မဆီး အချည်းနှီးပင်ဖြစ်စေ တလုပ်မျှပင် မျှတနေသည်ဖြစ်စေ အဝတ်အစားနှင့် ပတ်သက်၍လည်း သမန်းမြက် စသည်ကိုပင် ဝတ်ရုံသည်ဖြစ်စေ အကြင်မျှလောက် သီလသမ္ပဒါ, စိတ္တသမ္ပဒါ, ပညာသမ္ပဒါ တည်းဟူသော သမ္ပဒါတရား သုံးပါးမရှိသေး၊ မေတ္တာ ဗြဟ္မဝိဟာရကို အရင်းခံ၍ အာသဝက္ခယဉာဏ်သို့ မရောက်ရှိသေး၊ ထိုမျှလောက် မည်သည့် **တပဿီ** ပုဂ္ဂိုလ်မျှပင်လျှင် သမဏ, ဗြာဟ္မဏ မမည်နိုင်ကြောင်း၊

သီလ,စိတ္တ, ပညာ သမ္ပဒါသုံးပါးနှင့် တကွ မေတ္တာ ဗြဟ္မဝိဟာရတရားကို ပွါးများမှသာလျှင် သီလ, စိတ္တ, ပညာ သမ္ပဒါ သုံးပါးနှင့်တကွ မေတ္တာ ဗြဟ္မဝိဟာရကို ပွါးများ၍ အာသဝက္ခယဉာဏ်တိုင်အောင် ရောက်မှသာလျှင် သမဏ, ဗြာဟ္မဏ အမည်ရကြောင်း မိန့်ကြားတော်မူသောအခါ ထိုသာသနာပြင်ပ အယူကို မစွန့်မီဖြစ်သော ကဿပ တက္ကဒ္ဒန်းသည်—

ရှင်ကြီးဂေါတမ ရဟန်းတို့၏ အကျင့်သည် သိနိုင်ခဲစွ၊ ရဟန်းတို့၏ အကျင့်တရားသည် ကျင့်နိုင်ခဲစွ၊ ရဟန်းဟူ၍ သိနိုင်ခဲစွ၊ ဟူ၍ လျှောက်ထားသည်တွင်—

ထိုအမြွက်ထောင်သည်ကို ပိတ်ဆို့လိုသော မြတ်စွာဘုရားသည်—

http://www.dhammadownload.com



အဝတ်မဆီး အချည်းနှီးမျှ ဖြစ်ရုံဖြင့်၊ သမန်းမြက် စသည်ကို ဝတ်ရုံကာမျှဖြင့်၊ တနေ့လျှင် တထပ်စာမျှကိုသာလျှင်စားခြင်း, ထမင်းတလုပ်မျှဖြင့် မျှတခြင်း, တရက်ခြား နှစ်ရက်ခြား တဆယ့်ငါးရက်ခြား စသည် စားခြင်းဖြင့် သမဏ, ဗြာဟ္မဏ ဟု ရေတွက်မည် ဟူလျှင် ထိုသို့ သမဏ, ဗြာဟ္မဏ ဟူသော အလုပ်သည် ခဲယဉ်းသော အလုပ် မဟုတ်ချေ၊ ထင်းခွေ ရေခပ် အမျိုးသမီး များပင် ထိုအကျင့်ကို ကျင့်နိုင်ကြောင်း၊ ထိုအကျင့်ကို ကျင့်သူကို သမဏ ဗြာဟ္မဏ ဟု ခေါ်ဆိုလျှင် သိဘို့ရန် မခဲယဉ်းလှ၊ ထင်းခွေ ရေခပ် အမျိုးသမီး များကပင် သော်လည်း အသွင်အပြင်ကိုကြည့်၍ သိနိုင်ကြောင်း မိန့်ကြားတော်မူပြီးလျှင်**မေတ္တာ ဗြဟ္မဝိဟာရကို အခြေခံ၍ အာသဝက္ခယဉာဏ် ရောက်မှသာလျှင် သမဏစင်စစ်, ဗြာဟ္မဏစင်စစ် ဖြစ်၍ ထိုတရားမှသာလျှင် အသိခက်ကြောင်း ထိုသို့ သမဏ ဗြာဟ္မဏ အကျင့်နှင့် တကယ်ပြည့်စုံသော ရဟန်း ပုဂ္ဂိုလ်ကား မှသာ အသိခက်ကြောင်း** မိန့်ကြားတော်မူသည်တွင် သီလ, စိတ္တ, ပညာ သမ္ပဒါသုံးပါးကို သိလိုပါကြောင်း အစေလ ကဿပ တက္ကဒ္ဒန်းလျှောက်ထားသည်တွင်——

ဘုရားပွင့်တော် မူသည်မှအစ အာသဝက္ခယဉာဏ်ကျအောင် သုံးပါးသော သီလ, စိတ္တ, ပညာသမ္ပဒါတို့ကို စိတ်ဖြာခွဲခြား ဟောကြားရာဖြစ်သော **မဟာသီဟနာဒ** သုတ္တန် ဒေသနာတော်မြတ်ကို ဥရုည မည်သော မြို့၏အနီး ကဏ္ဍကထလ အမည်ရသော ဘေးမဲ့ကုန်းဝယ် အဝတ်မလှမ်း ကဿပ အမည်ရှိသော တက္ကဒ္ဒန်းကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာသီဟနာဒ သုတ်တော် ပြီး၏

---

## ပေါဋ္ဌပါဒ သုတ်တော်

### သညာအဆင့်ဆင့် ချုပ်ငြိမ်း၍ နိရောဓသမာပတ်သို့ ဆိုက်ရောက်ပုံ

ပုစ္ဆာ။ ။ပေါဋ္ဌပါဒံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပေါဋ္ဌပါဒဥ္စ ပရိဗ္ဗာဇကံ စိတ္တဉ္စ ဟတ္ထိသာရိပုတ္တံ အာရဗ္ဘ ဘာသိတံ။

http://www.dhammadownload.com



အမေး။ ။ပဌမစျာန်သညာ အစရှိသော သညာအဆင့်ဆင့်တို့၏ ချုပ်ငြိမ်းပုံ၊ နောက်ဆုံး၌ **သညာဘိသညာနိရောဓ** မည်သော နိရောဓသမာပတ်သို့ ဆိုက်ရောက်ပုံ၊ စသည်ကို အကျယ် ဖွင့်ပြရာဖြစ်သော ပေါဋ္ဌပါဒသုတ္တန် တရား ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ ပေါဋ္ဌပါဒ အမည်ရှိသော ပရိဗိုဇ်ကို၎င်း စိတ္တ အမည်ရှိသော ဆင်ထိန်း၏သားကို၎င်း အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်၊

သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံး နေတော်မူသောအခါ ပေါဋ္ဌပါဒ ပရိဗိုဇ်၏ အရံသို့ ကြွရောက်တော်မူ၍ ထို ပရိဗိုဇ်တို့နှင့် စကားနှီးနှော ပြောဆိုသောအခါ ပေါဋ္ဌပါဒ ပရိဗိုဇ်က....

ရှေးရှေးရက်များက နာနာတိတ္ထိယ အယူ အမျိုးမျိုးရှိသော သမဏ ဗြာဟ္မဏ တို့သည် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာတော်မှ နိရောဓ သမာပတ် ဟူသော အသံကိုကြား၍ ထိုအသံကြားရာသို့ အစဉ်တစိုက် လိုက်ပြီးလျှင် မိမိတို့၏သာသနာဝယ် **အဘိသညာနိရောဓ** ရှိကြကြောင်း ထင်ရာထင်ရာကို အမျိုးမျိုး ပြောကြားကြပါသည်၊ အဘယ်သို့လျှင် အဘိသညာ နိရောဓဖြစ်ကြောင်း သဗ္ဗညုမြတ်စွာဘုရားသည် မိန့်ကြားတော် မူပါဘုရား ဟု လျှောက်ထား တောင်းပန်သောအခါ....

မြတ်စွာဘုရားသည် ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတန စျာန် တိုင်အောင် အစဉ်သဖြင့် ကာမသညာ အစရှိသည်တို့ ချုပ်ကာချုပ်ကာ ဖြင့် နောက်ဆုံးဝယ် နိရောဓသမာပတ် တည်းဟူသော သညာခပ်သိမ်းတို့ ချုပ်ငြိမ်းပုံ **အနုပုဗ္ဗာဘိသညာနိရောဓ** ဓမ္မစင်စစ်ကို ဟောကြားတော်မူခြင်း၊

၎င်းမှနောက် သုံးရက်မြောက်ဝယ် သဗ္ဗညု မြတ်စွာဘုရား ထံမှောက်သို့ လာရောက်၍ အညတိတ္ထိယတို့ ဘုရားရှင် ပြန်သွားသောအခါ မိမိအား ဝိုင်းဝန်း၍ နှုတ်လှံထိုးကြကြောင်း စသည်ကို လျှောက်ထားသောအခါ——

http://www.dhammadownload.com



## အတ္တဒီဋ္ဌိ

သဗ္ဗညု မြတ်စွာဘုရားသည် ပေါဋ္ဌပါဒ ပရိဗိုဇ်အား အတ္တနှင့်စပ်၍ အတ္တဒိဋ္ဌိ ကွာပြုတ်ရာ ကွာပြုတ်ကြောင်း တရားကိုငင်း စိတ္တမည်သော ဆင်ထိန်း၏ သားအားလည်း ပစ္စုပ္ပန် အတိတ် အနာဂတ် အတ္တနှင့်စပ်၍ တရားစကားတို့ကို ငင်း အကျယ်တဝင့် ဟောပြရာဖြစ်သော ပေါဋ္ဌပါဒသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် ပေါဋ္ဌပါဒ အမည်ရှိသော ပုရိဗိုဇ်, စိတ္တ အမည်ရှိသော ဆင်ထိန်းသားတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

ပေါဋ္ဌပါဒ သုတ်တော် ပြီး၏

---

## သုဘ သုတ်တော်

### ဘုရားရှင် ခြီးမွမ်းတော်မူသော တရားအစု

ပုစ္ဆာ။ ။သုဘသုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ အာယသ္မတာ အာနန္ဒေန ဓမ္မဘဏ္ဍာဂါရိကေန သုဘံ မာဏဝံ တောဒေယျပုတ္တံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။မြတ်စွာဘုရားသခင်သည် ချီးကျူးတော် မူအပ်သော သီလက္ခန္ဓာ, သမာဓိက္ခန္ဓာ, ပညာက္ခန္ဓာ တည်းဟူသော ဂုဏ်ကျေးဇူးတရားတို့ကို အကျယ်တဝင့် ဖွင့်ပြရာ ဖြစ်သော **သုဘ** သုတ္တန် တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်ပုဂ္ဂိုလ်က ဟောကြား ထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား သခင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်ဝယ် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သရီရ ဓျာပနကိစ္စပြီးဆုံးသည်မှ နောက်ကာလဝယ် ပဋ္ဌမသံဂါယနာမတင်မီ အရှင်အာနန္ဒာမထေရ်သည်မြတ်သည် သာဝတ္ထိပြည်သို့ ကြွတော်မူသောအခါ တော

http://www.dhammadownload.com



ဒေယျပုဏ္ဏားဧ်သား **သုဘ** လုလင်သည် ကျောင်းတော်သို့ သွား၍ ရှင်အာနန္ဒာအား မေးမြန်းလျှောက်ထားရပါမူ ပရိသတ် ပြွမ်းသဖြင့် မိမိလိုရာ လျှောက်ထားလိုရာ လျှောက်ထား နိုင်ခွင့် မရှိကြောင်း စဉ်းစားမိရကား လူငယ်လုလင်တယောက်လွှတ်၍ ရှင်အာနန္ဒာကို မိမိအိမ်သို့ ကြွဘို့ရန် ပင့်ဘိတ်ပါသည်၊

နောက်တနေ့ဝယ် ရှင်အာနန္ဒာသည် စေတက ရဟန်းကို ပစ္ဆာသမဏ နောက်လိုက်ရဟန်းပြု၍ သုဘ လုလင်အိမ်သို့ ကြွရောက်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေသောအခါ မြတ်စွာဘုရားနှင့်စပ်၍ ဂိလာနကာရဏ,သရီရစျာပနကာရဏ အကြောင်းအရာတို့ကို စကားနိုးနှော ပြောပြီးသည်၏ အဆုံး၌ သုဘလုလင်သည်——

အရှင်အာနန္ဒာ.... အရှင်တို့၏ ဆရာဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် အဘယ် အဘယ်တရားတို့ကို ချီးမွမ်းတော်မူကြောင်း၊ ဤ နတ်လူပြဟ္မာ သတ္တဝါတို့ကို အဘယ်တရား၌ သွင်းထားဆောက်တည်စေတော်မူကြောင်းကိုမိန့်ကြားတော်မူပါမည့်အကြောင်း **တောင်းပန်သောအခါ....**

အရှင်အာနန္ဒာ မထေရ် သူမြတ်သည် မြတ်စွာဘုရား ပွင့်တော်မူသည်မှ စ၍ အာသဝက္ခယဉာဏ် တိုင်အောင် သုံးရပ်သော စူဠ,မဇ္ဈိမ,မဟာသီလတို့နှင့် ပြည့်စုံခြင်း တည်းဟူသော **သီလက္ခန္ဓက** ကျေးဇူး၊ ဈာန်လေးပါးတည်းဟူသော **သမာဓိက္ခန္ဓ** ကျေးဇူး၊ ဝိဇ္ဇာရှစ်ပါးတည်းဟူသော **ပညာက္ခန္ဓ**ကျေးဇူး ဤ ဓမ္မကျေးဇူးတို့ကို သဗ္ဗညုမြတ်စွာဘုရား ချီးမွမ်းတော်မူအပ်ကြောင်း၊ ဤဓမ္မကျေးဇူးသုံးပါးတို့၌ နတ်လူပြဟ္မာ သတ္တဝါတို့ကို လိုက်နာကျင့်ကြံတော်မူစေကြောင်းကို အကျယ်တဝင့် ဖွင့်ပြရာဖြစ်သော **သုဘသုတ္တန်** ဒေသနာတော်မြတ်ကို သာဝတ္ထိပြည်အရပ်ဝယ် ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော အရှင်အာနန္ဒာ မထေရ်သူမြတ်သည် ပဌမသံဂါယနာတင်တော်မမူမီ ဘုရားပရိနိဗ္ဗာန်စံတော်မူ၍ မကြာသေးသောကာလဝယ် သုဘ အမည်ရှိသော တောဒေယျပုဏ္ဏားဧ်သား လုလင်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သုဘ သုတ်တော် ပြီး၏ ။

http://www.dhammadownload.com



## ကေဝဋ္ဋ သုတ်တော်

## တန်းခိုးပြာဋိဟာ သုံးမျိုး၏ အကျိုးအပြစ်များ

ပုစ္ဆာ။ ။ကေဝဋ္ဋံ ပနာဝုသော သုတ္တံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။နာဠန္ဒာ ယံ ဘန္တေ ကေဝဋ္ဋံ ဂဟပတိပုတ္တံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဣဒ္ဓိပါဋိဟာရိယ စသော သုံးပါးသော တန်ခိုးပြာဋိဟာ တို့နှင့်တကွ လေးပါးသော မဟာဘုတ်ရုပ်အစရှိသော ရုပ်နာမ်တရားအလုံးစုံ၏ ချုပ်ငြိမ်းရာဖြစ်သော နိရောဓ နိဗ္ဗာန်တရားကို ဖွင့်ပြ ဟောကြားရာဖြစ်သော ကေဝဋ္ဋ သုတ္တန်တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ် အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသ နည်းငါ့ရှင်။

အဖြေ။ ။နာဠန္ဒာပြည် အရပ်၌ သင်္ဃညူ မြတ်စွာဘုရားသည် ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်ဝယ် သီတင်းသုံးနေတော်မူသောအခါ ကေဝဋ္ဋသူ ကြွယ်သားသည် ဘုရားထံမှောက်သို့ သွားရောက်ပြီးလျှင်——

**ဤနာဠန္ဒာ မြို့သူမြို့သားတို့သည် ဘုရား၌ လွန်စွာကြည်ညိုကြောင်း၊ အကယ်၍ မြတ်စွာဘုရားသည် တန်းခိုးပြာဋိဟာ ပြမည့်ရဟန်းတပါးကို ထားတော်မူပါမူကား ထိုရဟန်းသည် တန်းခိုးပြာဋိဟာ ပြပါမူကား ဤ နာဠန္ဒာ ပြည်သူပြည်သားတို့သည် ဘုရားအပေါ်၌ အတိုင်းထက် အလွန် ကြည်ညိုလိမ့်မည်ဖြစ်ကြောင်း၊** သုံးကြိမ်တိုင် တောင်းပန်သောအခါ သမ္မာ သမ္ဗုဒ္ဓမြတ်စွာဘုရားသည်——

မြေသို့ငုံး မိုဃ်းပျံ တန်းခိုးဈာန် အစရှိသော အမျိုးမျိုးသော ဣဒ္ဓိ တို့ကိုပြ၍ ဆုံးမခြင်းတည်းဟူသော **ဣဒ္ဓိပါဋိဟာရိယ** အရာဝယ် ဂန္ဓာရီ ဝိဇ္ဇာနှင့် အထင်မှား၍ စွပ်စွဲဘွယ်ရှိခြင်း တည်းဟူသော အပြစ်ဒေါသ ကိုငင်း သူတပါးတို့၏ စိတ်အကြံကိုသိပြီးလျှင် သင်၏စိတ်သည် ဤသို့ ဖြစ်သည် သင်သည် ဤသို့ကြံသည် စသည်ဖြင့်“အာဒေသနာမှု” အံ့ဩဘွယ်ပြုပြီးလျှင် ဆုံးမသော **“အာဒေသနာပါဋိဟာရိယ”** အရာ ဝယ်လည်း၊ **မဏိကဝိဇ္ဇာ** အမည်ရသော စိန္တာမဏိဝိဇ္ဇာခေါ်သော

http://www.dhammadownload.com



လောကီဝိဇ္ဇာ မန္တာန်တို့နှင့် ရောယှက်၍ အထင်မှားခြင်းတည်းဟူသော အပြစ်ဒေါသ စွန်းငြိလျက်ရှိကြောင်း၊

ဤသို့ ကြံစည်ရမည်၊ ဤသို့ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသ ဝိတက် တို့ကို မကြံစည်ရ၊ ဤသို့ နေက္ခမ္မဝိတက်, အဝိဟိံသဝိတက် အဗျာပါဒဝိတက်တို့ကိုသာကြံစည်ရမည်၊ ဤမည်ဤမည်သော ကုသိုလ် တရားတို့ကို ပြုလုပ်ရမည်၊ ဤမည် ဤမည်သော အကုသိုလ်တရားတို့ကို ပယ်ရှားရမည် ဟု ဩဝါဒ အဆုံးအမ အနုသာသနီသက်သက်ဖြင့်သာ ဆုံးမသော **အနုသာသနီ ပါဋိဟာရိယ**သာလျှင် မြတ်လှကြောင်း၊

မဟာဘုတ်လေးပါး ချုပ်ရာကိုရှာသော ဣဒ္ဓိပါဋိဟာရိယ တန်းခိုး ရှင် ရဟန်း၏ အကြောင်း ဝတ္ထုကို ဖော်ပြပြီးလျှင် အဆုံးဝယ် အနုပါဒိ သေသ နိဗ္ဗာနဓာတ်တိုင်မှသာလျှင် မဟာဘုတ်လေးပါး အကြွင်းမဲ့ ချုပ် ကြောင်းကို နိဗ္ဗာန်ဓာတ်ဖြင့် နိဂုံးသတ်၍ ဟောအပ်ရာဖြစ်သော ကေဝဋ္ဋသုတ္တန် ဒေသနာတော်မြတ်ကို နာဋဋ္ဌနာပြည် အရပ်ဝယ် ကေဝဋ္ဋ သူကြွယ်သားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ကေဝဋ္ဋသုတ်တော် ပြီး၏.

---

## လောဟိစ္စ သုတ်တော်

### ကဲ့ရဲ့ထိုက်သော ဆရာ, မကဲ့ရဲ့ထိုက်သော ဆရာ

ပုစ္ဆာ။ ။လောဟိစ္စသုတ္တ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ ဇနပဒေ သာလဝတိကာယံ လော-ဟိစ္စံ ဗြာဟ္မဏံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ကဲ့ရဲ့ ထိုက်သော ခေါင်းဆောင်ဆရာ မကဲ့ရဲ့ထိုက်သော ခေါင်းဆောင်ဆရာတို့ကို ဝေဘန်၍ ပြရာဖြစ်သော လောဟိစ္စ သုတ္တန် တရား ဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ် ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ကောသလတိုင်း အဝင်အပါ သာလဝတိကာမြို့၌မြတ်စွာဘုရား သီးတင်းသုံး နေတော်မူသောအခါ ထိုသာလဝတိကာမြို့သား လောဟိစ္စ ပုဏ္ဏားအား "ရဟန်းပုဏ္ဏားမှန်လျှင် ကုသိုလ်တရားကို ပြည့်စုံစေရမည်၊ ကုသိုလ်တရားကို မိမိကိုယ်တိုင် ပြည့်စုံစေပြီးလျှင် သူတပါးတို့ကို ဟောပြဘွယ်မလို တယောက်သောသူသည် တယောက်သောသူကို ဘာမျှမပြုနိုင်၊ တစုံတခု မကယ်နိုင် မချွတ်နိုင်ဖြစ်ပါသည်၊

သို့ဖြစ်ပါလျက် သူတပါးတို့အား ဟောပြခြင်းသည် အဟောင်းဖြစ်သော အနှောင်အဖွဲ့ကိုကားပယ်ဖြတ်၍ အသစ်ဖြစ်သော အနှောင်အဖွဲ့ကိုသာပြုသည့်ပမာ လွန်စွာ ယုတ်မာလှပါသည်၊ တယောက်သည် တယောက်အပေါ်မှာ မည်သို့မျှ မကယ်နိုင်ကြောင်း"မှားယွင်းသော မိစ္ဆာအယူ ဖြစ်ရှိပါသည်၊

လောဟိစ္စ ပုဏ္ဏားသည် သဗ္ဗညုမြတ်စွာဘုရားကို မိမိအိမ်သို့ ပင့်၍ ဆွမ်းကပ်၍ သဗ္ဗညုမြတ်စွာဘုရားက ဤသို့ သင်အယူရှိကြောင်း မှန်သလော ဟု မေးမြန်းသောအခါ မှန်ပါကြောင်း ပြန်ကြားလျှောက်ထားသည်တွင်—

သဗ္ဗညုမြတ်စွာဘုရားက လောဟိစ္စပုဏ္ဏား၏ မိမိဥပမာ ပသေနဒီ ကောသလမင်းကြီး၏ ဥပမာ နှစ်ပါးကို ဖော်ပြပြီးသည်၏ အဆုံး၌ လောကဝယ် ကဲ့ရဲ့ထိုက်သောဆရာ သုံးမျိုးရှိကြောင်း၊

၁။ မိမိကိုယ်၌က ရဟန်းကိစ္စ မပြီးပါသေးဘဲ မိမိစကားနားမထောင်သော တပည့်သား သာဝကတို့အား ဆုံးမသော ဆရာသည်လည်း ကဲ့ရဲ့ထိုက်ကြောင်း၊

၂။ မိမိကိုယ်တိုင်က ရဟန်းကိစ္စမပြီးပါသေးဘဲ မိမိစကား နားထောင်သည့် သာဝကတို့အား ဆုံးမရာဝယ် ထိုသာဝကတို့ ကျွတ်တမ်းဝင်သော်လည်း ဆရာအဘို့မှာ ကဲ့ရဲ့စရာ ရှိကြောင်း၊

၃။ မိမိကိုယ်တိုင်က ရဟန်းကိစ္စ ပြီးမြောက်အောအခါ အဆုံးအမဩဝါဒကို မလိုက်နာသော သာဝကတို့အား ဆုံးမသော ဆရာသည်လည်း ကဲ့ရဲ့ဘွယ်ရှိကြောင်း၊

ဤသို့လျှင် အပြစ်တင်ဘွယ် ကဲ့ရဲ့ဘွယ် ဆရာသုံးမျိုးရှိကြောင်း၊

၄။ အလုံးစုံ အပြစ်လွတ်သော ဆရာမှာမူကား ဤသာသနာတော်ဝယ် သဒ္ဓါပဗ္ဗဇိတ အမျိုးကောင်းသားသည် သီလသမ္ပဒါ, စျာနသမ္ပဒါ,ဝိဇ္ဇာသမ္ပဒါ

http://www.dhammadownload.com



တိုင်အောင်သော အာသဝက္ခယဉာဏ်တိုင်အောင်သော တရားတို့ကို ပွါးများအားထုတ်ရာ၏၊ ဤသို့သော သာသနာ၀ယ် ဆရာကလည်း ရဟန်းကိစ္စ၀ယ်အတုမရှိ အထွဋ်အထိပ်သို့ရောက်ပြီး၊တပည့်သာ၀ကသေည်လည်း သီလသမ္ပဒါ, သမာဓိသမ္ပဒါ, ပညာသမ္ပဒါ အထွဋ်အထိပ်သို့ရောက်ပြီးဖြစ်သဖြင့် တစုံတရာ ဤသို့သော ဆရာမျိုးကို ကဲ့ရဲ့ဘွယ် မရှိကြောင်း၊

ဆရာလေးပါး ခွဲခြားပြသရာဖြစ်သော ဤလောဟိစ္စသုတ္တန် ဒေသနာတော်မြတ်ကို ကောသလတိုင်း သာလဝတိကာပြည် အရပ်၌ လောဟိစ္စပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

လောဟိစ္စ သုတ်တော် ပြီး၏

---

## တေဝိဇ္ဇ သုတ်တော်

### ဗြဟ္မာမမြင်ဘူးဘဲ ဗြဟ္မာ့ပြည်ရောက်ကြောင်း ပညတ်သည့် အယူဝါဒ

ပုစ္ဆာ။ ။တေဝိဇ္ဇသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ မနသာကဋေ နာမ ကောသလာနံ ဗြာဟ္မဏဂါမေ ဝါသေဋ္ဌ ဘာရဒွါဇံ မာဏဝံ အာရဗ္ဘ ဘာသိတံ။

အမေး။ ။ဗြဟ္မာ့ပြည်သို့ သွားရောက်ရန် အဖြောင့်ဆုံးလမ်းဖြစ်သော အကျင့်ပဋိပတ်ကို ဖော်ပြရာဖြစ်သော တေဝိဇ္ဇသုတ္တန် တရားဒေသနာတော်ကို မြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း မနသာကဋ အမည်ရှိသော ဗြာဟ္မဏရွာ၏ မြောက်အရပ် သရက်ဥယျာဉ်တော်၀ယ် ဘုရားသီတင်းသုံးနေတော်မူသော အခါ ဝါသေဋ္ဌ လုလင်နှင့် ဘာရဒွါဇ လုလင်တို့သည် အညောင်းအညာဆန့် ခရီးသွားကြသောအခါ၀ယ် ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း အကျင့်ပဋိပတ်၌ သူငယ်ချင်းနှစ်ယောက် အညင်းအခုံ ဖြစ်ပွါးကြရာ မြတ်စွာဘုရားထံမှောက်သို့ လာရောက်ပြီးလျှင် ဝါသေဋ္ဌပုဏ္ဏားလုလင်သည် ထိုအကြောင်းကို လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက—

http://www.dhammadownload.com



ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းအကျင့်တွေကို ပညတ်၍ နေသော သင်တို့ ဆရာ ပုဏ္ဏားများသည်၎င်း သင်တို့ဆရာတို့၏ ဆရာပုဏ္ဏားများသည်၎င်း ဆရာအဆက်အဆက် ခုနစ်ဆက်တိုင်အောင်သော ဆရာပုဏ္ဏားတို့သည်၎င်း ဗြဟ္မာ့ပြည်သို့ရောက်ရန် အကျင့်ပဋိပတ်ကို ပညတ်ကြရာဝယ် ဗြဟ္မာကို မြင်လေဘူးသလား ဟု မေးမြန်းသောအခါ—

၎င်းတို့၏ ဆရာလည်း မမြင်ဘူးကြောင်း ၎င်းတို့၏ ဆရာ့ဆရာလည်း မမြင်ဘူးကြောင်း ၎င်းတို့၏ အဆက်အဆက် ခုနစ်ဆက်သော ဆရာတို့လည်း မမြင်ဘူးကြောင်း ပြန်ပြောင်းလျှောက်ထားသည်တွင်—

သဗ္ဗညုမြတ်စွာဘုရားသည် သူကန်း(ကန်း) အဆက်ဆက် ဥပမာ, မသိမမြင်ဘူးသော ဇနပဒကလျာဏီကို ကြိုက်နှစ်သက်ဘူးသော ယောကျ်ား၏ ဥပမာ ဤသို့စသည်ဖြင့် များစွာသော ဥပမာတို့ဖြင့် ဗြဟ္မာကို မမြင်ဘူးသော တေဝိဇ္ဇပုဏ္ဏားတို့ ဗြဟ္မာ့ပြည်ရောက်ကြောင်း အကျင့် ပဋိပတ်ကို ဟောကြားသည့် အချက်ကို များစွာအပြစ်တင်ပြီးလျှင်—

## ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း အစစ်အမှန်လမ်းစဉ်

ထိုဝါသေဋ္ဌ ဘာရဒွါဇတို့ တောင်းပန်ချက်အရ ဗြဟ္မာ့ပြည်သို့ တကယ်စင်စစ်ရောက်ကြောင်း အကျင့်ပဋိပတ်ဖြစ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဗြဟ္မာဝိဟာရ တရားလေးပါး ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း အကျင့်တရားတို့ကို အကျယ်အားဖြင့် ခွဲခြမ်း စိတ်ဖြာ ဝေဖန် ဟောကြားရာ ဖြစ်သော တေဝိဇ္ဇသုတ္တန် ဒေသနာတော်မြတ်ကို ကောသလတိုင်း မနသာကဋအမည်ရှိသော ပုဏ္ဏားရွာမှ မြောက်အရပ်ဝယ် သရက်ဥယျာဉ်အတွင်း၌ ဝါသေဋ္ဌ ပုဏ္ဏားကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရားအား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

တေဝိဇ္ဇ သုတ်တော် ပြီး၏

ဒီဃနိကာယ် သီလက္ခန္ဓဝဂ်ပါဠိတော် ပြီး၏

http://www.dhammadownload.com

http://www.dhammadownload.com

# သုတ်မဟာဝါပါဠိတော် အမေးအဖြေ

## မဟာပဒါန သုတ်တော်

ပုစ္ဆာ။ ။တေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန မဟာပဒါနသုတ္တံ ဒီဃနိကာယေ မဟာဝဂ္ဂေ ပေါရာဏကေဟိ သင်္ဂီတိကာရေဟိ ပဌမံ သင်္ဂီတံ ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ ဘာသိတံ၊ သမ္ဗဟုလာနံ ဘန္တေ ဘိက္ခူနံ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာနံ မဏ္ဍလမာဠေ သန္နိသိန္နာနံ သန္နိပတိတာနံ ပုဗ္ဗေနိဝါသပဋိသံယုတ္တာ ဓမ္မီကထာ ဥဒပါဒိ၊ ဣတိပိ ပုဗ္ဗေနိဝါသော ဣတိပိ ပုဗ္ဗေနိဝါသောတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဥဿျမ်ငါးပါး တရားအလုံးစုံတို့ကို အကုန်အစင် ပိုင်းခြား၍ သိမြင်တော်မူသော ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်သည် ဒီဃနိကာယ် မဟာဝဂ္ဂပါဠိတော်၌ ရှေးရှေးသံဂါယနာတင် မဟာထေရ်မြတ်တို့သည် ရှေးဦးစွာ စတင်၍ သံဂါယနာတင်ထားသော မဟာပဒါန မည်သော ဝိပဿီ အစရှိသော ခုနစ်ဆူသော ဘုရားရှင်တို့၏ အကြောင်းအရာ ဗုဒ္ဓဝင်ကို ဖော်ပြရာ ဖြစ်သော မဟာပဒါနမည်သော သုတ္တန်ဒေသနာတော်မြတ်ကို ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သာဝတ္ထိပြည် အရပ်၌ များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ အနည်းငယ်မျှ ဖွင့်ပြ လျှောက်ထားလိုပါသည်၊

မြတ်စွာဘုရားသခင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းအတွင်း ဂန္ဓကုဋီကျောင်းတော်၏ တံခါးဝဝယ် ရေခတက်ပင် ပေါက်ရောက်ရာဖြစ်သော ကြောင့် ကရေရိကုဋီက အမည်ရသော ကျောင်းတော်ဝယ် သီတင်းသုံးနေ

http://www.dhammadownload.com



တော်မူသောအခါ များစွာသော ရဟန်းတော်တို့သည် ဆွမ်းခံရာမှအပြန် ကရေရိ တန်းဆောင်းဝန်း၏ အတွင်း၌ စည်းဝေးတော်မူကြပြီးလျှင် မြတ်စွာဘုရား၏ ပုဗ္ဗေနိဝါသ အကြောင်းအရာနှင့် စပ်သော တရားစကားကို ဖြစ်စေကြပါသည်၊

ဣတိ ပိ ပုဗ္ဗေနိဝါသော ဣတိ ပိ ပုဗ္ဗေနိဝါသော—သာသနာတော်မှ ပြင်ပ တိတ္ထိပုဂ္ဂိုလ်တို့သည် အလွန်ဆုံး ကမ္ဘာလေးမျှကို အောက်မေ့နိုင်ကြကုန်သည်၊ ပကတိသာဝကတို့သည် ကမ္ဘာတသိန်းမျှသာ အောက်မေ့နိုင်ကြကုန်သည်၊ အဂ္ဂသာဝကနှစ်ဆူတို့သည် တသင်္ချေနှင့်ကမ္ဘာတသိန်း ကာလတိုင်အောင် အောက်မေ့နိုင်ကြကုန်သည်၊ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလအတွင်း ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြကုန်သည်၊

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့မှာမူကား အလိုရှိသမျှ ဘဝအသင်္ချေ, ကမ္ဘာအသင်္ချေ မရေမတွက်နိုင်အောင်ပင် အောက်မေ့နိုင်ကြပါကုန်သည်၊

ဤသို့ စသည်ဖြင့် ပုဗ္ဗေနိဝါသနှင့် စပ်ယှဉ်သော တရားစကားကို ဖြစ်စေကြပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ တရားနှင့် စပ်ယှဉ်သော စကားကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူ၍ တန်းဆောင်းဝန်းသို့ ကြွလာတော်မူပြီးလျှင်—

ကာယနုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ—အစရှိသည်ဖြင့် ချစ်သားတို့...ယခု ငါဘုရားကြွလာတော်မူသောအခါ ဘယ်မည်သော စကားဖြင့် စည်းဝေးညီမူ၍ နေကြကုန်သနည်း? သင် ချစ်သားတို့၏ အဘယ် မည်သော စကားသည် မပြတ်စဲသေးသနည်း ဟူ၍ မေးမြန်းတော်မူသည်တွင်—

မြတ်စွာဘုရား၏ ပုဗ္ဗေနိဝါသနှင့် စပ်သော တရားစကားဖြင့် စည်းဝေးပါကြောင်း လျှောက်ထားသည်တွင်—

ဣစ္ဆေယျာထ နော တုမှေ ဘိက္ခဝေ ပုဗ္ဗေနိဝါသပဋိသံယုတ္တံ ဓမ္မိံ ကထံ—အစရှိသည်ဖြင့် ချစ်သားတို့....ပုဗ္ဗေနိဝါသ နှင့် စပ်သော တရားစကားကို ကြားနာခြင်းငှါ အလိုရှိကုန်သလော ဟု မေးမြန်းတော်မူသည်တွင်

http://www.dhammadownload.com



ကြားနာလိုပါကြောင်း တောင်းပန်လျှောက်ထားသဖြင့် ခုနစ်ဆူသော ဘုရားရှင်တို့၏ ပွင့်တော်မူရာ ကမ္ဘာ, အမျိုးတော် အနွယ်တော်, အသက်တမ်းတော်, ပွင့်တော်မူရာ ဗောဓိ, အဂ္ဂသာဝကနှစ်ပါးအစုံ, သာဝကသန္နိပါတ, ဥပဋ္ဌာက အလုပ်အကျွေးပုဂ္ဂိုလ်, မယ်တော် ခမည်းတော်, ဘွားတော်မူရာ တိုင်းပြည် တည်းဟူသော ကိုးဌာန ကဏ္ဍ တို့ဖြင့် ခုနစ်ဆူသော ဘုရားရှင်တို့၏ အပဒါန် ဗုဒ္ဓဝင်ကို အကျဉ်းမျှ ပြပြီးလျှင် နေရာမှ ကျောင်းတော်သို့ ကြွတော်မူပါသည်၊

ညနေချမ်းအခါဝယ် တဖန် ပြန်ကြွတော်မူလာပြီး၍ ထိုရဟန်းတို့၏ ပုဗ္ဗေနိဝါသနှင့် စပ်သော တရားစကားကို ဖြစ်စေသော အကြောင်းဝတ္ထုမှာပင် ဝိပဿီ အစရှိသော ခုနစ်ဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓါပဒါန အမည်ရသည့် ဗုဒ္ဓဝင်ကို တဆူ တဆူသော ဘုရားရှင်အတွက် သုံးဘာဏဝါရ သုံးဘာဏဝါရစီ ဟောကြားခြင်းအားဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ သည်ကား နှစ်ဆယ့်တဘာဏဝါရ၊ ထို့အတူ အဝိဟာပြဟ္မာတို့ လျှောက်ထားပုံ နှစ်ဆယ့်တဘာဏဝါရ၊ ထို့အတူ အတပ္ပါပြဟ္မာ, သုဒဿာပြဟ္မာ, သုဒဿီ ပြဟ္မာ, အကနိဋ္ဌပြဟ္မာတို့ လျှောက်ထားပုံမှာလည်း နှစ်ဆယ့် တဘာဏဝါရ စီရှိရကား တရာ့နှစ်ဆယ့် ခြောက်ဘာဏဝါရဖြင့် ပိုင်းခြား သတ်မှတ်အပ် သည့် **သုတ္တန္တရာဇာ** အမည်ရသော ဤမဟာပဒါနသုတ္တန်ကို လျှောက် ဆိုအပ်ပြီးသော အကြောင်းဝတ္ထု အမှုကိစ္စကြောင့် သာဝတ္ထိပြည်အရပ်ဝယ် များစွာသောရဟန်းတို့ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟော ကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာပဒါန သုတ်တော် ပြီး၏

---

## မဟာနိဒါန သုတ်တော်

ပုစ္ဆာ။ ။မဟာနိဒါနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကုရူသု ဘန္တေ ကမ္မာသဓမ္မေ နာမ ကုရူနံ နိဂမေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘန္တေ အာနန္ဒော ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတဒဝေါစ "အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ ယာဝ ဂမ္ဘီရောစာယံ ဘန္တေ ပဋိစ္စသမုပ္ပါဒေါ

http://www.dhammadownload.com



ဂမ္ဘီရာဝဘာသော စ၊ အထ စ ပန မေ ဥတ္တာနကုတ္တာ-
နကော ဝိယ ခါယတီ”တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အကျယ်ဝေဘန်၍ ပြရာ ဖြစ်သော မဟာနိဒါနမည်သော သုတ္တန်တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ကုရုတိုင်းအဝင်အပါ မဟာသတိပဋ္ဌာနသုတ္တန်တို့ ဟောရာအရပ်ဖြစ်သော **ကမ္မာသဓမ္မ** အမည်ရသော နိဂုံး၌ အရှင်အာနန္ဒာ မထေရ်မြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊

ရှင်အာနန္ဒာမထေရ်မြတ်သည် ကုရုတိုင်းကမ္မာသဓမ္မ နိဂုံး၏အနီး တောအုပ်ဝယ် သဗ္ဗညုမြတ်စွာဘုရားသီးတင်းသုံးနေတော်မူသောအခါ ဘုရားထံမှောက် ကြွရောက်၍ —

အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ-အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ဤ ပဋိစ္စသမုပ္ပါဒ်တရားဒေသနာတော်မြတ်သည်၊ လွန်စွာ့ လွန်စွာ နက်နဲလည်း နက်နဲလှပါပေ၏၊ နက်နဲရောင်ဖြင့်လည်း နက်နဲသော တရားလည်း ဖြစ်ပါပေ၏၊ သို့ပင်တစေ ဘုရားတပည့်တော်၏ ဉာဏ်မှာမူကား ထိုပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်သည် ပေါ်လွင်ထင်းရှားလှရကား တိမ်သကဲ့သို့ တိမ်သကဲ့သို့ပင် ထင်မြင်ရပါသည်၊ အံ့ဘွယ် ရှိပါပေစွဘုရား မဖြစ်စဘူး အထူးဖြစ်ပါပေစွ ဘုရား ဟု လျှောက်ထားသော အခါ သမ္မာသမ္ဗုဒ္ဓ လောကထွဋ်ထားသဗ္ဗညု မြတ်စွာဘုရားက—

မာဟေဝံ အာနန္ဒ အဝစ၊ မာဟေဝံ အာနန္ဒ **အဝစ**-အစရှိသည်ဖြင့်၊ ချစ်သား အာနန္ဒာ....ဤသို့ သင်ချစ်သား မပြောပါလေလင့်၊ ချစ်သား အာနန္ဒာ ဤသို့ သင်ချစ်သား မပြောပါလေလင့်၊ ဤပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်မြတ်သည် အနက်သဘော၏ နက်နဲခြင်း တည်းဟူသော အတ္ထဂမ္ဘီရ၊ ပါဠိအနေအထား အကြောင်းတရားတို့၏ နက်နဲခြင်းတည်း ဟူသော ဓမ္မဂမ္ဘီရ၊ ဟောပုံဒေသနာအစဉ်၏ နက်နဲခြင်းတည်းဟူသော ဒေသနာဂမ္ဘီရ၊ သိအပ်သော အချက်အလက်၏ နက်နဲခြင်းတည်းဟူသော ပဋိဝေဓဂမ္ဘီရ၊

http://www.dhammadownload.com



ဤဂမ္ဘီရလေးပုံနှင့် ပြည့်စုံလှပါပေသည်၊ နက်နဲရောင်ဖြင့် နက်နဲသော တရားတော်မြတ် ဖြစ်ပါပေသည်၊

"ချစ်သား အာနန္ဒာ....ဤပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အဟုတ်အမှန် ယထာဘူတ နေရာကျ မသိမြင်ကြသောကြောင့် ဤနတ်လူပြဟ္မာသတ္တဝါအပေါင်းသည် ရှင်း၍ မရသော ချည်ခင်အရှုပ်ကဲ့သို့ ဖြစ်၍ရှင်း စာပေါင်းသိုက်ကဲ့သို့ ဖြစ်၍ရှင်း ဖြူဆံမြက် ပြိန်းမြက် အရှုပ်အထွေးကဲ့သို့ ဖြစ်၍ရှင်း ဤမျှရှည်လျားသော အပါယ်သံသာရဝဋ်ကို မလွန်မြောက်နိုင်ဘဲ ရှိရချေသည် " ဟု စကားတော် ပျိုးပြီးလျှင် ပဋိစ္စသမုပ္ပါဒ်တရားတော်၏ နက်နဲဆန်းကြယ်ပုံကို အကျယ်တဝင့် ဖွင့်ပြတော်မူပြီး၍ အဆုံးဝယ် ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို မသိမမြင်ကြသောကြောင့် စျာန်ရသော ပုဂ္ဂိုလ်တို့ပင် ဖြစ်လင့်ကစား လေးပါးသော ဌာနငယ် **အတ္တ** အယူဖြင့် ပညတ်ကြပုံ၊ စျာန်မရသော ပုဂ္ဂိုလ်တို့လည်း သုံးပါးသော ဌာနဝယ် **အတ္တ** အယူစွဲလန်းကြပုံကို ဖော်ပြ၍၊ **သုက္ခဝိပဿက** ရဟန္တာအရှင်သူမြတ်၏ ဝိပဿနာ ဉာဏ် သက်သက်ဖြင့် အာသဝက္ခယဉာဏ်သို့ ရောက်ပုံ၊ စျာနလာဘီ အရိယာ သူမြတ်၏ ရှစ်ရပ်သော သမာပတ်ကို ဝင်စားပြီးမှ အာသဝက္ခယ ဉာဏ်သို့ ရောက်၍ **ဉဘတောဘာဂဝိမုတ္တ** ဖြစ်ပုံ၊ ဤနှစ်ပါး စုံဖြင့် တန်းဆာဆင်၍ အရဟတ္တဖိုလ် အထွဋ်တပ်အပ်သည့်။

ဤမဟာနိဒါန သုတ္တန်ဒေသနာတော်မြတ်ကို ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးအရပ်၌ လျှောက်ဆိုရာပါ အကြောင်းဝတ္ထု အဋ္ဌုပ္ပတ်ကြောင့် ရှင်အာနန္ဒာ မထေရ်မြတ်ကို အကြောင်း ပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင် ဘုရား၊

မဟာနိဒါန သုတ်တော် ပြီး၏

---

## မဟာပရိနိဗ္ဗာန သုတ်တော်

ပုစ္ဆာ။ ။မဟာပရိနိဗ္ဗာနသုတ္တံ ပနာဝုသော ဗဟုအနုသန္ဓိကံ၊ ဗဟုဒေသနာသင်္ဂဟံ၊ ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနာသန္နဝသေ ပဝတ္တအဋ္ဌုပ္ပတ္တိဒီပကဝစနပဗန္ဓဘူတံ၊ တသ္မာ တံ အန္တရာဝေဒဝသေန ဝိဘဇ္ဇ ပရိစ္ဆိဇ္ဇ ပရိစ္ဆိဇ္ဇ ပုစ္ဆိဿာမိ၊ တတ္ထာဝုသော ဘဂဝတာ ပဌမံ

http://www.dhammadownload.com



ရာဇူနံ အပရိဟာနိယဓမ္မဒေသနာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ
ဝတ္ထုသ္မိံ ဘာသိတာ။ ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဝဿကာရံ ဗြာဟ္မဏံ မဂဓမဟာမတ္တံ အာရဗ္ဘ ဘာသိတာ၊ ဝဿကာရော ဘန္တေ ဗြာဟ္မဏော မဂဓမဟာမတ္တော ဘဂဝန္တံ ဥပသင်္ကမိတွာ ဧတဒဝေါစ "ရာဇာ ဘော ဂေါတမ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဝဇ္ဇီ အဘိယာတုကာမော သော ဧဝမာဟ အဟံ ဟိမေ ဝဇ္ဇီ ဧဝံ မဟိဒ္ဓိကေ ဧဝံ မဟာနုဘာဝေ ဥစ္ဆေစ္ဆာမိ ဝဇ္ဇီ ဝိနာသေဿာမိ ဝဇ္ဇီ အနယဗျသနံ အာပါဒေဿာမိ ဝဇ္ဇီ"တိ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတာ။

အမေး။ ။မဟာပရိနိဗ္ဗာန သုတ္တန်တရားတော်ကြီးသည်ကား များစွာသော အနုသန္ဓေ စကားရပ်ရှိ၏၊ များစွာသော တရား ဒေသနာ တော်တို့ကို သံဂါယနာတင် မဟာထေရ်မြတ်တို့သည် ပေါင်းစု ထားအပ်သော တရားဒေသနာတော်ကြီးလည်း ဖြစ်၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး တနှစ်အ အတွင်း၌ ဖြစ်ပေါ်သော အကြောင်းအရာ အဋ္ဌုပ္ပတ္တိတို့ကို ဖော်ပြသော စကား အစဉ်ဖြစ်ပေ၏၊ သို့ဖြစ်၍ ထို မဟာပရိနိဗ္ဗာန သုတ်တော်ကြီးကို အတွင်း၌ပါဝင်သော အစိတ်စိတ် အားဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ မေးပေအံ့၊

## မင်းတို့၏ ကြီးပွါးရေးတရားတော်

ထိုမဟာပရိနိဗ္ဗာန သုတ်တော်ကြီး၌ မြတ်စွာဘုရား သခင်သည် ရှေးဦးစွာသော မင်းတို့၏ မဆုတ်မယုတ်ကြောင်း တိုးတက်ကြီးပွါးကြောင်း ဖြစ်သော **အပရိဟာနိယ** တရား ဒေသနာတော်ကို အဘယ်အရပ် ဒေသ၌ အဘယ်ပုဂ္ဂိုလ် ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်၌ မဂဓတိုင်းသူတို့၏ အမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်

မဂဓတိုင်းသူတို့၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် ဘုရားရှိရာ ထံမှောက်သို့ သွားရောက်ပြီးလျှင်....

http://www.dhammadownload.com



ရာဇာ ဘော ဂေါတမ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော-အစ ရှိသဖြင့် "အရှင်ကြီးဂေါတမ မဂဓတိုင်းရှင် ဝေဒေဟီ မိဖုယား၏သား အဇာတသတ် မင်းတရားသည် ဝေသာလီပြည့်ရှင် ဝဇ္ဇီဘုရင်မင်းတို့ကို အပြင်းအထန် စစ်တိုက်ခြင်းငှါ အလိုရှိ၍ နေပါသည်၊ ထို အဇာတသတ် မင်းတရားသည် 'ငါတမူကား ဤမျှ တန်ခိုးဣဒ္ဓိပတ်နှင့် ပြည့်စုံသော ဝေသာလီပြည့်ရှင် ဝဇ္ဇီမင်းတို့ကို အကြွင်းမဲ့သတ်ဖြတ်အံ့၊ အကြွင်းမဲ့ ပျက်စီးစေအံ့၊ ဝေသာလီပြည့်ရှင် ဝဇ္ဇီမင်းတို့ကို အကျိုးမဲ့ ပျက်စီးစေအံ့' ဟု ခဏ ခဏ ကြုံးဝါး ပြောကြားလျက် ရှိပါသည်" ဟု သမ္ဗုဒ္ဓမြတ်စွာဘုရားအား လျှောက်ထား ပါသည်၊

ထိုအခိုက် အရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ နောက်တော်ပါးမှ ဘုရားရှင်ကို ယပ်လေခပ်လျက် အသင့်တည်နေလျက် ရှိပါသည်၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို မေးကာ မေးကာဖြင့်....

(၁) **အဘိဏှသန္နိပါတ** ဝဇ္ဇီမင်းတို့၏ အမြဲမပြတ် ခဏ ခဏ စည်းဝေးခြင်း တည်းဟူသော ပဌမ အပရိဟာနိယ ကြီးပွါးရေးတရား၊

(၂) **သမဂ္ဂကရဏ** အညီအညွတ် စည်းဝေး၊ အညီအညွတ် အစည်းအဝေးမှ ထပြီးလျှင် အညီအညွတ် ပြုလုပ်ဘွယ်ကိစ္စကို ပြုလုပ်ခြင်းတည်းဟူသော ဒုတိယ အပရိဟာနိယ ကြီးပွါးရေးတရား၊

(၃) **ဝုဍ္ဎာပစာယနကရဏ** ဝဇ္ဇီမင်းတို့တွင် အကြီးဆုံးဖြစ်သော ဝဇ္ဇီမင်းတို့ကို အရိုအသေ အလေးအမြတ်ပြုခြင်း၊ ထို အကြီးဆုံးဖြစ်သော ဝဇ္ဇီမင်းတို့၏ အဆုံးအမ ဩဝါဒကို လိုက်နာခြင်းတည်းဟူသော တတိယ အပရိဟာနိယ ကြီးပွါးရေးတရား၊

(၄) **န ပညပေ အပညတ္တံ** ရှေးရှေးသော ဝဇ္ဇီမင်းဟောင်းတို့ မပညတ်အပ်သည်ကို ထပ်၍ မပညတ်ခြင်း၊ ပညတ်ပြီးသည်ကို မဖျက်ဆီးခြင်း၊ ရှေးပညတ်ဟောင်း ဖြစ်သော ဓမ္မသတ် လမ်းရိုး အတိုင်းသာလျှင် လိုက်နာကျင့်ကြံခြင်း တည်းဟူသော စတုတ္ထ အပရိဟာနိယ ကြီးပွါးရေးတရား၊

http://www.dhammadownload.com



(၅) **တဏှာဝသံ အာဂမန** တဏှာ၏ အလိုသို့ လိုက်ပါ၍ ဝဇ္ဇီတိုင်းသူ အမျိုးကောင်း သမီးတို့ကို အလိုမတူ မိမိအလိုသို့ လိုက်ပါစေခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော ပဉ္စမ အပရိဟာနိယ ကြီးပွါးရေးတရား၊

(၆) ထိုမှတပါး ဝဇ္ဇီတိုင်း ဝေသာလီပြည်၏ အတွင်းအပ၌ ရှိသမျှသော စေတီတို့ကို ဗလိနတ်စာ ပူဇော် သက္ကာပေးခြင်း တည်းဟူသော ခြောက်ခုမြောက်ဖြစ်သော အပရိဟာနိယ ကြီးပွါးရေးတရား၊

(၇) ခုနစ်ခုမြောက်မှာမူ တရားစောင့်သော ရဟန်းပုဏ္ဏား တို့သည် မည်သို့နည်းဖြင့် ငါတို့ ဝေသာလီပြည်သို့ ကြွရောက်ပါကုန်အံ့နည်း၊ ကြွရောက်ပြီးသော ဓမ္မိက သမဏ ဗြာဟ္မဏတို့သည် မည်သို့သော နည်းဖြင့် ချမ်းသာစွာ နေရပါကုန်အံ့နည်း ဟု တရားသော အစောင့် အရှောက်ကို ပေးခြင်းတည်းဟူသော ခုနစ်ခုမြောက် ဖြစ်သော အပရိဟာနိယ ကြီးပွါးရေးတရား၊

ဤခုနစ်ပါးသော မင်းတို့ လိုက်နာကျင့်သုံးရမည့် **အပရိဟာနိယ** ကြီးပွါးရေးတရားတို့ကို ရာဇဂြိုဟ်ပြည် အရပ်ဝယ် လျှောက်ဆို အပ်ပြီးသော အကြောင်း အဋ္ဌုပ္ပတ်ကြောင့် မဂဓအမတ်ကြီးဖြစ်သော ဝဿကာရ ပုဏ္ဏားကို အကြောင်းပြု၍ သမ္ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

## ရဟန်းတို့ ကြီးပွါးရေး တရားတော်

ပုစ္ဆာ။ ။ဘိက္ခူနံ ပနာဝုသော အပရိဟာနိယဓမ္မဒေသနာ ဘဂဝတာ ကတ္ထ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတာ။

ဝိဿဇ္ဇနာ။ ။တသ္မိံယေဝ ဘန္တေ ရာဇဂဟေ တသ္မိံယေဝ ဝတ္ထုသ္မိံ ဘာသိတာ။

အမေး။ ။ရဟန်းတော်တို့အား သီလ အစရှိသော ဂုဏ်တို့ တိုးတက်ကြီးပွါးကြောင်း ဖြစ်သော အပရိဟာနိယ တရားတို့ကို ဟောကြားသော အပရိဟာနိယ ဓမ္မဒေသနာ တရားတော်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်သို့သော အကြောင်း အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ထိုရာဇဂြိုဟ်ပြည် အရပ်၌ပင်လျှင် များစွာသော ရဟန်းတို့ကို ဟောကြားတော်မူအပ်ပါသည်၊

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ ဝဿကာရပုဏ္ဏား ပြန်သွားသောအခါ မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို ချစ်သား အာနန္ဒာ ရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်၌ ယခုထင်ရှားရှိနေကြသည့် ရဟန်းအားလုံးကို ညီမူစည်းဝေးရာစရပ်၌ စည်းဝေးစေ ဟု မိန့်ကြားတော်မူပါသည်၊

ရှင်အာနန္ဒာသည် မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်အတွင်း၌ ရှိသမျှသော ရဟန်းအားလုံးကို ညီမူစည်းဝေးရာ တန်ဆောင်ဝန်းအတွင်း၌ စည်းဝေးစေပြီးလျှင် စည်းဝေးပြီးပါကြောင်း အဆုံးအမ ဩဝါဒပေးရန် အချိန်တန်ပြီ ဖြစ်ပါကြောင်း မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ညီမူစည်းဝေးရာစရပ်သို့ ကြွရောက်တော်မူလာ၍—

သတ္တ ဝေါ ဘိက္ခဝေ အပရိဟာနိယေ ဓမ္မေ ဒေသိဿာမိ—အစရှိသည်ဖြင့် ရဟန်းတော်အရှင်သူမြတ်တို့အား ယခင်က လျှောက်ထားပြီးသောအတိုင်း မင်းတို့ လိုက်နာကျင့်သုံးရမည့် အပရိဟာနိယ တရားခုနစ်ပါးနှင့် တူမျှသော အပရိဟာနိယတရားခုနစ်ပါးတို့ကိုငှင်း၊

ထိုမှတပါး သဒ္ဓါ, ဟိရိ,ဩတ္တပ္ပ, ဗာဟုသစ္စ, သတိ,ဝီရိယ,ပညာ တည်းဟူသော အပရိဟာနိယ တရားခုနစ်ပါးကိုငှင်း၊

ထိုမှတပါး ဗောဇ္ဈင်ခုနစ်ပါး တည်းဟူသော အပရိဟာနိယ တရားခုနစ်ပါးကိုငှင်း၊

ထိုမှတပါး အနိစ္စသညာ,အနတ္တသညာ,အသုဘသညာ,အာဒီနဝသညာ, ပဟာနသညာ, ဝိရာဂသညာ, နိရောဓသညာ တည်းဟူသော သညာခုနစ်ပါး ရဟန်းတော်တိ မဆုတ်ယုတ်ကြောင်း ကြီးပွါးကြောင်း ဖြစ်သော တရားတို့ကိုငှင်း၊

ထိုမှတပါး သီတင်းသုံးဘော်အချင်းချင်း မျက်မှောက် မျက်ကွယ် ဤနှစ်သွယ်ဝယ် မေတ္တာကာယကံကို ထားရှိခြင်း, မေတ္တာဝစီကံကို ထားရှိခြင်း, မေတ္တာမနောကံကို ထားရှိခြင်း, ဓမ္မိယ လာဘ်လာဘ လေးပါးတို့ကို သီတင်း

http://www.dhammadownload.com



သုံးဘော်တို့နှင့် ခွဲခြမ်းစိတ်ဖြာ၍ သုံးဆောင်ခြင်း, သီလချင်း ညီမျှခြင်း, ဝိပဿနာဉာဏ်ပညာချင်း တူမျှခြင်း တည်းဟူသော ရဟန်းတော်တို့ သီလ, သမာဓိ, ပညာ သုံးပါး, သိက္ခာသုံးပါး ကြီးပွါးကြောင်း ဖြစ်သော အပရိဟာနိယ တရားခြောက်ပါးကိုရင်း၊

ဤဆိုအပ်ပြီးသော အပရိယာနိယတရားဒေသနာတော်မြတ်ကို ထိုရာဇဂြိုဟ်ပြည် အရပ်၌ပင်လျှင် ထိုလျှောက်ဆိုအပ်ပြီးသော အကြောင်းဝတ္ထု၌ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

## တရားကြေးမုံ ဟောခြင်း

ပုစ္ဆာ။ ။ဓမ္မာဒါသော အာဝုသော ဓမ္မပရိယာယော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတော။

ဝိဿဇ္ဇနာ။ ။နာတိကေ ဘန္တေ ဂိဉ္ဇကာဝသထေ အာယသ္မန္တံ အာနန္ဒ အာရဗ္ဘ ဘာသိတော၊ အာယသ္မာ ဘန္တေ အာနန္ဒော ဘဂဝန္တံ ဉပသင်္ကမိတွာ နာတိကိယာနံ ဒ္ဒါဒသန္နံ ပုဂ္ဂလာနံ ဂတိအဘိသမ္ပရာယံ ပုစ္ဆိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတော။

အမေး။ ။မြတ်စွာဘုရား၏ သာသနာတော်၌ ဘာဝနာအလုပ်ကို ကျင့်ကြံအားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် မိမိတို့၏ သန္တာန်၌ တရားဂုဏ်ထူးနှင့် ပြည့်စုံသည် မပြည့်စုံသည် သောတာပန်ဖြစ်သည် အပါယ် လေးပါးမှ လွတ်မြောက်သည်စသည်တို့ကို တိုက်ဆိုင်ညှိနှိုင်း၍ကြည့်ရန် တရားဖြစ်ခြင်းကြောင့် ကြည့်အပ်သော မှန်နှင့် အလားတူဖြစ်ခြင်းကြောင့် **ဓမ္မာဒါသ** အမည်ရှိသော တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်းင့်ရှင်။

ဖြေ။ ။နာတိကမြို့ ဂိဉ္ဇကာဝသထ အမည်ရသော အုတ်ကျောင်း၌ ရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ အနည်းငယ်မျှ ခရီးစဉ်ကို လျှောက်ထားပါရစေ၊

http://www.dhammadownload.com



သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် အရပ်ဝယ် အပရိဟာနိယ တရားခုနစ်ပါးတို့ကိုငှင်း ထိုမှတပါး သီလ,သမာဓိ, ပညာနှင့် စပ်သော များစွာသော တရားစကားတို့ကိုငှင်း ဟောကြားတော်မူပြီးသောအခါ ရာဇဂြိုဟ်နှင့် နာဠန္ဒမြို့၏အကြား အမ္ဗလဋ္ဌိကာ အမည်ရှိသော သရက်ဥယျာဉ်တော်သို့ ကြွတော်မူပါသည်၊

ထိုအမ္ဗလဋ္ဌိကာ သရက်ဥယျာဉ်၌လည်း သီလ, သမာဓိ, ပညာ ဒေသနာတို့ကို များစွာဟောကြားတော်မူခဲ့ပါသည်၊

ထိုအမ္ဗလဋ္ဌိကာ ဥယျာဉ်မှ နာဠန္ဒမြို့သို့ ကြွတော်မူပါသည်၊ ထိုနာဠန္ဒမြို့၌လည်း သီလ,သမာဓိ,ပညာ ဒေသနာတို့ကို များစွာပင် ဟောကြားတော်မူခဲ့ပါသည်၊

ထိုနာဠန္ဒမြို့မှ ပါဋလိဂါမ အမည်ရသည့် ယခုအခါ **'ပါဋလိပုတ်'** အမည်ထင်ရှားသော ထိုစဉ်က ပါဋလိဂါမ အမည်ရသော ရွာသို့ ကြွရောက်တော်မူပါသည်၊

ထိုပါဋလိဂါမ အမည်ရသောရွာ၌ သီလမရှိခြင်း ဒုဿီလ၏ အပြစ်ငါးပါးကိုငှင်း သီလရှိသော သီလဝန္တ ပုဂ္ဂိုလ်၏ အကျိုးငါးပါးကိုငှင်း အကျယ်တဝင့်ဟောပြပြီးလျှင် ထိုပါဋလိရွာမှ ဂင်္ဂါမြစ်တဖက်ကမ်း ကောဋိရွာသို့ ကြွတော်မူပါသည်၊

ထိုကောဋိရွာ၌လည်း "စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ" အစရှိသည်ဖြင့်—

ချစ်သားတို့....ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂ တည်းဟူသော သစ္စာလေးပါးကို မသိရခြင်းကြောင့်၊ အနုဗောဓသိ, ပဋိဝေဓသိ မသိရခြင်းကြောင့် သင်ချစ်သားတို့ရော ငါဘုရားပါ များစွာသော သံသရာကာလပတ်လုံး ကျင်လည်ခဲ့ရလှလေပြီ၊

ယခုအခါမှာမူ ဒုက္ခသစ္စာ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာတို့ကို ငါဘုရားသည် ပိုင်းခြား၍ အကြွင်းမဲ့ ကုန်စင် သိမြင်အပ်လေပြီ ဟု သစ္စကထာ ဒေသနာတော်မြတ်ကိုငှင်း ထိုမှတပါး သီလ, သမာဓိ, ပညာ များစွာသော တရားဒေသနာတော်တို့ကိုငှင်း ဟောကြားတော်မူပြီးလျှင် ထိုကောဋိရွာမှ **'နာတိက'**မြို့အရပ်သို့ ကြွတော်မူပါသည်၊

မေးဖြေ ၃–၁၀

http://www.dhammadownload.com



များစွာသော ရဟန်းအပေါင်းခြံရံလျက် နာတိကမြို့သို့ ကြွတော်မူသော အခါ၊ ထိုနာတိကမြို့ အုတ်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရှင်အာနန္ဒာ မထေရ်သူမြတ်သည် မြတ်စွာဘုရားထံမှောက်သို့ လာရောက်ပြီးလျှင်—

ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူလှသော အသျှင်ဘုရား၊ ဤ နာတိကမြို့သား သာဠ္ဍ အမည်ရှိသော ရဟန်းတော်သည်၎င်း နန္ဒာ အမည်ရှိ သောဘိက္ခုနီမသည်၎င်း သုဒတ္တ အမည်ရှိသော ဥပါသကာဒါယကာသည်၎င်း သုဇာတာ အမည်ရှိသော ဥပါသိကာ ဒါယိကာမသည်၎င်း ကုက္ကုဋ အမည်ရှိ သော ဥပါသကာ, ကာဠိမ္ဗ အမည်ရှိသော ဥပါသကာ, နိကဋအမည်ရှိသော ဥပါသကာ, ကဋိဿဟ အမည်ရှိသော ဥပါသကာ, တုဋ္ဌ, သန္တုဋ္ဌ, ဘဒ္ဒ, သုဘဒ္ဒ, အမည်ရှိသော ဥပါသကာ ဤတကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့သည် ဘဝ တမလွန် စံလွန်ကြပါပေပြီ၊

ထိုတကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့၏ ဥာဏဂတိ, ဥာဏာဘိသမ္ပရာယ တည်းဟူသော အသိဥာဏ် 'အလားကား အဘယ်ပုံပါနည်းဘုရား ဟု လျှောက်ထားပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် သာဠှ အမည်ရှိသော ရဟန်းသည် ရဟန္တာ ဖြစ်ကြောင်း၊ နန္ဒာ အမည်ရှိသော ဘိက္ခုနီမသည် အနာဂါမ်ဖြစ်ကြောင်း၊ သုဒတ္တ အမည်ရှိသောဒါယကာသည် သကဒါဂါမ်တည်ကြောင်း၊ သုဇာတာ အမည်ရှိသော ဥပါသိကာ ဒါယိကာမသည် သောတာပန် တည်ကြောင်း၊ ကျန်သော ရှစ်ဦးတို့သည် အနာဂါမ်တည်ကြောင်းကို မိန့်ကြားတော်မူပြီး သည်နောက် အချုပ်အားဖြင့် နာတိက မြို့သူမြို့သား ငါးဆယ်ကျော်သော ပုဂ္ဂိုလ်တို့သည် အနာဂါမ်တည်ကြပါသည်၊ နာတိက မြို့သူမြို့သားတို့အနက် ကိုးဆယ်ကျော် ပုဂ္ဂိုလ်တို့သည် သကဒါဂါမ်တည်ကြကုန်သည်၊ နာတိက မြို့သားမြို့သူတို့အနက် ငါးရာကျော်သော ပုဂ္ဂိုလ်တို့သည် သောတာပန် တည်ကြကုန်သည်' ဟု မိန့်ကြားတော်မူပြီးသည်နောက်—

အနစ္ဆရိယံ ခေါ ပနေတံ အာနန္ဒ၊ ချစ်သား-အာနန္ဒာ၊ လူသတ္တဝါ ကွယ်လွန်မှ ဥာဏ်၏ အလားကို ငါဘုရားအား မေးမြန်းနေခြင်းသည် အံ့သြ ဘွယ်မဟုတ်ပါ၊

http://www.dhammadownload.com



အာကင်္ခမာနော အာနန္ဒ အရိယသာဝကော အတ္တနာဝ အတ္တာနံ ဗျာ-ကရမာနော ဗျာကရေယျ-တရားမှန်ကြီးကို ကြည့်ပြီးလျှင် အလိုရှိပါလျှင် ငါဘုရား၏တပည့်သာဝကသည် မိမိကိုယ်ကိုပင် မိမိ “ခီဏာနိရယောမှိ-ငါ့မှာ ငရဲပဋိသန္ဓေ ကုန်လေပြီ၊ ခီဏတိရစ္ဆာနယောနိ- တိရစ္ဆာန်ဘဝ ပဋိသန္ဓေနေရခြင်း ကုန်ခမ်းလေပြီ၊ အပါယ်လေးပါး ပဋိသန္ဓေ ကုန်ခမ်းလေပြီ၊ သောတာပန်ဖြစ်လေပြီ၊ အဝိနိပါတဓမ္မ, နိယတသမ္ဗောဓိပရာယဏ အထက်မက်လျှင်လည်းလျှောင်းရာရှိပြီ” ဟု ပြောဆိုလိုမူ ဓမ္မာဒါသ အမည်ရသောတရားမှန်ကြီး ကိုကြည့်၍ ကြည့်၍ ပြောဆိုနိုင်သည် ဟု—

ဓမ္မာဒါသ အမည်ရသော ဓမ္မပရိယာယကို ဘုရားဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း, တရားတော်ဂုဏ်၌ သက်ဝင်ယုံကြည်ခြင်း, သံဃာတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း, အရိယာတို့သည် နှစ်သက်အပ်သော မကျိုးမပေါက် မပြောက် မကျားသော သီလတို့နှင့် ပြည့်စုံခြင်း, ဤအင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော အရိယာသာဝက, ငါဘုရား၏ တပည့်သားသည် မိမိကိုယ်ကို သောတာပန် ဖြစ်ပြီ ဟု ပြောလိုမူ ရဲရဲဝံ့ဝံ့ ပြောနိုင်ကြောင်း ဖွင့်ပြအပ်သော ဓမ္မာဒါသ ဓမ္မပရိယာယ ဒေသနာတော်မြတ်ကို နာတိကပြည်အရပ်ဝယ် လျှောက်ဆို အပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် အာနန္ဒာမထေရ်မြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

တရားကြေးမုံ ပြီး၏

---

## အတ္တဒီပ ဓမ္မဒေသနာတော်

ပုစ္ဆာ။ ။အတ္တဒီပဓမ္မဒေသနာ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတာ။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ ဝေဠုဝဂါမကေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတာ၊ အာယသ္မာ ဘန္တေ အာနန္ဒော ဘဂဝတော ဂိလာနဝုဋ္ဌိတဿ အစိရဝုဋ္ဌိတဿ ဂေလညာ ဘဂဝတော ဂေလညေန အတ္တနော ခေဒပတ္တကာရဏံ အာရောစေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတာ။

http://www.dhammadownload.com



အမေး။ ။အခြားတပါးသော ပုဂ္ဂိုလ်ကို အားကိုးရန် မလို၊ မိမိကိုယ်ကိုသာလျှင် အားကိုး၍ နေထိုင်ရမည်၊ မိမိကိုယ်ကို အားကိုးရမည်ဟူ၍ ဆိုသော်လည်း မိမိသန္တာန်၌ ဖြစ်ပွါးစေအပ်သော သတိပဋ္ဌာန် အစရှိသော တရားမြတ်တို့ကိုသာလျှင် အားကိုးရမည် စသည်ဖြင့် ဟောကြားရာဖြစ်သော **'အတ္တဒီပ'** တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဝေသာလီပြည်၏အနီး ဝေဠုဝ ရွာငယ်၌ ရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်၊ အနည်းငယ်မျှ ခရီးစဉ်ကို လျှောက်ထား လိုပါသည်၊

သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ထားအပ်ပြီးသောအတိုင်း နာတိက မြို့မှ ဝေသာလီပြည်သို့ ကြွတော်မူပြီးလျှင် **'အမ္ဗပါလီ'** ပြည့်တန်းဆာမ၏ သရက်ဥယျာဉ်ဝယ် သီတင်းသုံးနေတော်မူသောအခါ မကြာခင် အမ္ဗပါလီ ပြည့်တန်းဆာ မလာမည်ကို သိတော်မူသဖြင့် ရဟန်းတော်အရှင်မြတ်တို့ အား——

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော၊ အယံ ခေါ အမှာကံ အနုသာသနီ အစချီ၍ ရဟန်းတော်တို့သည် သတိပဋ္ဌာန် လေးပါးတည်း ဟူသော သတိနှင့် ပြည့်စုံ၍ နေရမည့် အကြောင်း၊ အဘိက္ကန္တ ပဋိက္ကန္တ, အစရှိသော ရှေ့သို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း အစရှိသော ခုနစ်ပါးသော ဌာနတို့၌ သတ္ထက, သပ္ပါယ, ဂေါစရ, အသမ္မောဟ တည်းဟူသော သမ္ပဇဉ်လေးပါးနှင့်ပြည့်စုံရမည်အကြောင်း ဟောကြားတော်မူပြီးသောအခါ——

အမ္ဗပါလီ ပြည့်တန်းဆာမ လာရောက်၍ တရားနာပြီးသည်၏အဆုံး ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းစား ပင့်လျှောက်၍ နောက်တနေ့ဝယ် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကပ်ပြီးသည်၏ အဆုံးဝယ် တရားဒေသနာ ကြားနာပြီးလျှင်——

ဣမာဟံ ဘန္တေ အာရာမံ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ
ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြင်

http://www.dhammadownload.com



တပည့်တော်သည် တပည့်တော်ပိုင်ဖြစ်သော ဤသရက်ဥယျာဉ်ကို၊ ဘုရား အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား လှူဒါန်းပါသည် ဟု—

လျှောက်ထားသည်တွင်၊ သဗ္ဗညုမြတ်စွာဘုရားသည် အမ္ဗပါလီ လှူဒါန်းသောသရက်ဥယျာဉ်ကို ခံယူတော်မူပြီးသောအခါ၊ ထိုသရက်ဥယျာဉ်၌ပင် လျှင် များစွာသော သီလ, သမာဓိ, ပညာနှင့် စပ်သော တရားစကားတို့ကို ဟောကြားတော်မူပြီးနောက် ဝေသာလီပြည်၏အနီး **ဝေဠုဝ** ရွာငယ်သို့ ကြွရောက်တော်မူပြီးလျှင် ထိုဝေဠုဝ ရွာငယ်၌ ဝါဆို သီတင်းသုံးတော်မူပါသည်၊

ရွာမှာ လွန်စွာ့လွန်စွာ သေးသိမ်ငယ်လှသည်ဖြစ်ပါသောကြောင့် ကိုယ်တော်မြတ်၏ နောက်ပါ ရဟန်းတော်တို့ကို—

ချစ်သားတို့...ဝေသာလီပြည်၏ ပတ်ဝန်းကျင်အရပ်ဝယ် သင် ချစ်သားတို့ ချစ်ကျွမ်းဝင်ရာ အဆွေခင်ပွန်းရဟန်းတော်တို့အထံ သွားရောက်၍ ဝါဆိုဝါကပ် ပြုနိုင်သည်" ဟု—

မိန့်ကြားတော်မူသည့်အတိုင်း ရဟန်းတော်တို့လည်း ဝေသာလီပြည် ပတ်ဝန်းကျင် အဆွေခင်ပွန်း သီတင်းသုံးဘော်တို့ရှိရာအရပ်သို့ ပြန့်၍ ဝါကပ် သီတင်းသုံးကြပါသည်၊

ထိုအခါ ဝါကပ်သီတင်းသုံးတော်မူပြီးသော သဗ္ဗညုမြတ်စွာဘုရားအား သည်းထန်စွာ ဝေဒနာ ကပ်ရောက်ပါသည်၊ ပရိနိဗ္ဗာန်စံတော်မူကာနီးမျှသော ဝေဒနာတို့ ကပ်ရောက်ပါသည်၊

ထိုအခါ သဗ္ဗညုမြတ်စွာဘုရား အကြံဖြစ်တော်မူသည်မှာ—

ငါဘုရားသည် ပစ္စည်းလေးပါး လှူဒါန်းသော ဥပဋ္ဌာက ဒါယကာတို့ကို အသိမပေးမူ၍ငင်း ရဟန်းသံဃာကို မပန်ကြားမူ၍ငင်း ပရိနိဗ္ဗာန် စံလွန်မည်ဆိုပါက မသင့်တန်သေး၊

ငါဘုရားသည် ယခုရောက်ရှိနေဆဲဖြစ်သည့် ပရိနိဗ္ဗာန်စံကာနီးမျှ ပြင်းထန်လှသည့် မရဏန္တိက ဒုက္ခဝေဒနာကို အာယုပါလက ဖလသမာပတ် တည်းဟူသော ဝီရိယဖြင့် ပယ်ခွါ၍ ကိုယ်တော်မြတ်၏ အသက်ကို ...င်ထိန်း၍ ထားရပါမူကား ကောင်းလေစွ ဟု—

http://www.dhammadownload.com



အကြံ ဖြစ်ပြီးလျှင် မရဏန္တိက ဝေဒနာတော် အရပ်ရပ်ကို အာယုပါလက ဖလသမာပတ်ချမ်းသာ ဖလသမာပတ် သမာဓိ ဖလသမာပတ် ဝီရိယဖြင့် ဟန့်တားတော်မူလိုက်ပါသည်၊

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် ကျန်းမာ၍ လာတော်မူပါသည်၊ ဂိလာနာ ဝုဋ္ဌိတ မမာရာမှ နလံထစဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဝေဠုဝရွာကျောင်းတော်၏ ကျောင်းရိပ်ဝယ် သီတင်းသုံးနေတော်မူသောအခါ ရှင်အာနန္ဒာ မထေရ်သူမြတ် ရှင်တော်ဘုရားထံမှောက်သို့ ရောက်လာပြီးလျှင်—

"ဒိဋ္ဌော မေ ဘန္တေ ဘဂဝတော ဖာသု၊ ဒိဋ္ဌံ မေ ဘန္တေ ဘဂဝတော ခမနီယံ" ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား တပည့်တော် ယခုမှပင် ဘုရားကိုယ်တော်မြတ် ကျန်းမာ ချမ်းသာသည်ကို မြင်ရပါသည်၊ ယခုမှပင် ရှင်တော်ဘုရား ဣရိယာပထ ခန့်ကျန်းသည်ကို မြင်ရပါသည်၊'

အပိစ မေ ဘန္တေ မဓုရကဇာတောဝိယ ကာယော၊ ဘဂဝတော ဂေလညေန— ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော သဗ္ဗညုမြတ်စွာဘုရား....မမာမကျန်း ဖြစ်နေတော်မူစဉ်ကာလက ဘုရားတပည့်တော်၏ စိတ်သည် လွန်စွာ့ လွန်စွာ လေးကန်လျက် ရှိပါသည်၊ အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာတို့သည်လည်း မမြင်ရ မထင်ရ ဖြစ်ပါသည်၊နှလုံးသွင်း နေကြ ဖြစ်သော တရားတို့လည်း ဘုရား တပည့်တော်၏ ဉာဏ်ဝယ် မထင်ဖြစ်ပါသည်၊

သို့သော် သဗ္ဗညုမြတ်စွာဘုရားသည် အကြင်မျှလောက် တပည့်သာဝကဖြစ်သော ရဟန်းတော်တို့အား အဆုံးအမ နောက်ဆုံး မှာတမ်းဖြင့် မမှာတမ်းရသေး၊ ထိုမျှလောက် ဘုရား ပရိနိဗ္ဗာန်စံသေးမည် မဟုတ်သေး ဟု တွေး၍ တွေး၍သာ သက်သာခွင့် ရခဲ့ပါသည် ဟု လျှောက်ထားသောအခါ သမ္မာ-သမ္ဗုဒ္ဓ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည်—

ကိံ ပနာနန္ဒ ဘိက္ခုသံဃော မယိ ပစ္စာသီသတိ စသည်ဖြင့် ချစ်သား အာနန္ဒာ....ရဟန်းသံဃာအပေါင်းသည် ငါဘုရားအပေါ်၌ ဘယ်လိုအရာ၌ မြှော်ကိုး၍ တောင့်တ နေရပါသနည်း၊

http://www.dhammadownload.com



ချစ်သား အာနန္ဒာ....ငါဘုရားသည် တရားတော်ကို မည်သည့်ပုဂ္ဂိုလ်ကို မျှ အတွင်းမထား မည်သည့် ပုဂ္ဂိုလ်ကိုမျှလည်း အပ— မပြု၊ ဘယ်တရားကို ဖြင့် ဟောမည်၊ ဘယ်တရားကိုဖြင့် မဟောမူ၍ တရားတော်ကိုလည်း အတွင်း အပ မထားမူ၍ အကြွင်းမဲ့ဥဿုံအလုံးစုံသော နတ်,လူ,ဗြဟ္မာ သတ္တဝါတို့အား ဟောသင့် ဟောထိုက်သမျှသော တရားအလုံးစုံတို့ကို အကုန်မချန် ဟော အပ်ပြီး ဖြစ်လေသည်၊

ချစ်သား အာနန္ဒာ....ငါဘုရားမှာ ပရိနိဗ္ဗာန် စံခါနီးမှ ပေးမည်ဟူ၍ လက်တွင်းဝယ် ချန်ထားသည့် ဆရာ့လက်ဆုပ်, နယမုခ် ဖြစ်သောတရား တစုံ တရာမျှ မရှိ ဖြစ်ချေသည်၊

အကြင်ပုဂ္ဂိုလ်ကား ဂိုဏ်းသံဃာဝယ် ဤဂိုဏ်းသံဃာကို ငါသာလျှင် စောင့်ထိန်းမည်၊ ငါသာလျှင် ဆရာရှိစေ ဟု ဂိုဏ်းသံဃာ၌ စွဲလန်းတပ်မက် သော တဏှာလောဘရှိ၏၊ ထိုပုဂ္ဂိုလ်မှသာလျှင် နောင်သေခါနီး ကာလဝယ် **အာစရိယမုဋ္ဌိ** ခေါ်သော ဆရာ့လက်ဆုပ်ကို တိုးတိုးတိတ်တိတ် မှာသော်မူ, မှာငြလေရာ၏၊ ငါဘုရားမှာမူ ထိုကဲ့သို့သော စိတ်မျိုး လုံးဝ မရှိသည် ဖြစ်သည်၊

သို့ ထိုကဲ့သို့ သာဝကတို့အပေါ် ဝယ် သိမ်းဆည်းခြင်း ပရိဂ္ဂဟ လောဘ လုံးဝကင်းစင်သော ငါဘုရားသည် အဘယ်မှာလျှင် သာဝကတို့အား ပရိနိဗ္ဗာန် စံခါနီးမှ တိုးတိုးတိတ်တိတ် မှာကြားသော **အာစရိယမုဋ္ဌိ** ကို ပြောကြားဘွယ် အဘယ်မှာလျှင် ရှိပါအံ့နည်း၊

ချစ်သားအာနန္ဒာ....ယခုအခါမှာမူ ငါဘုရားသည် အရွယ်တော်လည်း ကြီးရင့် လှလေပြီ၊ သက်တော်ရှစ်ဆယ် ပြည့်ခဲ့လေပြီ၊

ချစ်သား အာနန္ဒာ....လောက ဥပမာအားဖြင့် လှည်းအိုကြီးသည် ထိုထို ဤဤ လှည်းစာကျွေးခြင်းဖြင့် မျှတဘိသကဲ့သို့ ထို့အတူ ငါဘုရား၏ ရူပကာယ တော်သည်လည်း ဖလသမာပတ် တည်းဟူသော လှည်းစာကို ခဏခဏ ကျွေး ...ယာလျှင် မျှတ၍ နေရပါသည်၊

ချစ်သား အာနန္ဒာ....အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသော နိမိတ် တို့ကို သုဘနိမိတ် စသည် နှလုံးမသွင်းဘဲ အချို့အချို့သော ဝေဒနာတို့ကို ချုပ်ငြိမ်းစေပြီးလျှင် အနိမိတ္တ အမည်ရသည့် စေတောသမာဓိ ဖလသမာပတ် ကို ဝင်စား၍ နေ၏၊ ထိုအခါ ငါဘုရား၏ ရူပကာယတော်သည် ဖလသမာပတ်

http://www.dhammadownload.com



တည်းဟူသော အတွင်းအကျဆုံး တရားကို အကြောင်းပြု၍ လွန်စွာ လွန်စွာ အထူးသဖြင့် ချမ်းသာလှပါသည်၊

ချစ်သား အာနန္ဒာ....သို့ရကား—

"တသ္မာတိဟာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တသရဏာ အနညသရဏာ"။

ချစ်သား အာနန္ဒာ....သို့ရကား ငါဘုရား၏ တပည့်သား သာဝကတို့သည် သူတပါးကို မကိုးစားဘဲ သူတပါးကို အားမထားကြဘဲ မိမိကိုယ်ကိုသာလျှင် အားထား၍ နေရမည်၊

အဘယ်သို့ အားထား၍ နေရပါသနည်း ဟူမူကား၊ ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာ, စိတ္တ, ဓမ္မာနုပဿနာ သတိပဋ္ဌာန် တည်းဟူသော သတိပဋ္ဌာန် တရား လေးပါးကို ပွါးများအားထုတ်၍ နေလျှင် **အတ္တဒီပ,အတ္တသရဏ, အနညသရဏ** မိမိကိုယ်ကို မိမိကိုးစား, သူတပါးတို့ကို မကိုးစား **ဓမ္မဒီပ, ဓမ္မသရဏ, အနညသရဏ** တရားတော်ကိုလျှင် မှီတွယ်, တရားတော်ကို သာလျှင် ကိုးစား, သူတပါးတို့အား မကိုးစားသည် မည်ပါသည် ဟု ဤအတ္တဒီပဓမ္မဒေသနာတော်မြတ်ကို ဝေဠုဝရွာငယ်အတွင်းဝယ် ရှင်အာနန္ဒာကို အကြောင်းပြု၍ လျှောက်ထား အပ်ပြီးသော အဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ် ပါသည် အရှင်ဘုရား။

အတ္တဒီပ ဓမ္မဒေသနာတော် ပြီး၏

---

## အာယုသင်္ခါရလွှတ်ခြင်း

ပုစ္ဆာ။ ။ဘဂဝတာ အာဝုသော ပုရိမ ဒုတိယဒိဝသေ ပစ္ဆိတဝိဿဇ္ဇိတက္က-
မေန အတ္တဒီပဓမ္မဒေသနဥ္စ အညာနိ စ ဓမ္မဒေသနာနိ ကထေ...ာ
ပရိနိဋ္ဌိတ သဗ္ဗဗုဒ္ဓကိစ္စေန အာယုသင်္ခါရော ကတ္ထ [သြ]ဿဋ္ဌော။

ဝိဿဇ္ဇနာ။ ။ဝေသာလိယံ ဘန္တေ စာပါလေ စေတိယေ မာရေန ပါပိမတာ
ယာစိတော ဘဂဝါ သတေန သမ္ပဇာနေန အာယုသင်္ခါရော
[သြ]ဿဋ္ဌော။

http://www.dhammadownload.com



အမေး။ ။လွန်ခဲ့ပြီးသော နှစ်ရက်မြောက်နေ့က မေးခဲ့ ဖြေခဲ့ပြီးသော အစဉ်ဖြင့် သဗ္ဗညုမြတ်စွာဘုရားသခင်သည် အတ္တဒီပဓမ္မဒေသနာကိုရှင်း ထို နောက် ကာလ၌ အခြားသော ဒေသနာတို့ကိုရှင်း ဟောကြားတော်မူပြီးလျှင် အလုံးစုံသော ဘုရားရှင်တို့သည် ဘုရားရှင်တို့ ကိုယ်တော်တိုင် ဟောချွတ်သင့် သော ပုဂ္ဂိုလ်တို့ကို ဟောချွတ် ပြီးသောအခါ သာဝကတို့ ဟောကြား၍ အ ဆင့်ဆင့် ဟောချွတ်ရမည့် သာဝကဝေနေယျ ဖြစ်သော သတ္တဝါတို့အတွက် ဟောသင့် ဟောထိုက်သော တရားအလုံးစုံတို့ကို ဟောကြားပြီးသောအခါ ဤသို့ ဘုရားရှင်တို့ ပြုသင့်ပြုထိုက်သော ကိစ္စအလုံးစုံတို့ကို ပြုပြီးသော အခါ ကာလ၌ အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၍ ပရိနိဗ္ဗာန် စံတော်မူကြမြဲဓမ္မတာ ဖြစ်သည့် အားလျော်စွာ သဗ္ဗညုမြတ်စွာဘုရား သခင်သည် မိမိကိုယ်တော်တိုင် ဟောချွတ်သင့်သော ဗုဒ္ဓဝေနေယျ သတ္တဝါ အားလုံးလိုလိုပင် ဟောချွတ်၍ ပြီးစီးသောအခါ နောင်အခါ ကာလ၌ မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒကို လိုက်နာ၍ ကျင့်သဖြင့် တရားထူးတရားမြတ်သို့ ရောက်ကြမည့် "သာဝက ဝေနေယျ" တို့အတွက်လည်း၊ ဟောသင့် ဟောထိုက်သော တရားအလုံးစုံတို့ကို ဟောပြီးသော အခါကာလဝယ် အဘယ်အရပ်ဒေသ၌ အာယုသင်္ခါရကို စွန့် လွှတ်တော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယမန်နေ့ကလျှောက်ထား အပ်ပြီးသော အတိုင်း သမ္မာ သမ္ဗုဒ္ဓ အတုလမြတ်စွာ စောသတ္ထာသည် ဝေဠုဝရွာငယ်၌ အတ္တဒီပ ဓမ္မဒေ သနာကို ဟောကြားတော်မူပြီးသောအခါ ထိုဝေဠုဝရွာငယ်၌ပင်လျှင် သီလ, သမာဓိ ပညာတည်းဟူသော များစွာသော ဓမ္မကထာတို့ကို ဟောကြားတော် မူပြီး၍ ဝါကျွတ်တော်မူသောအခါ ထိုဝေဠုဝရွာငယ်မှ ကြွလာတော်မူခဲ့ရင်း ဖြစ်သော လမ်းစဉ်အတိုင်းဖြင့်ပင်လျှင် တဖန်ပြန်၍ သာဝတ္ထိပြည်သို့ ကြွ တော်မူပါသည်၊

သာဝတ္ထိပြည်သို့ ရောက်တော်မူသောအခါ ထိုနေ့ပင် ရှင်သာရိပုတ္တရာ သည် ပရိနိဗ္ဗာန်စံမည့်အကြောင်း၊ ခုနစ်ရက်မြောက်လျှင် ပရိနိဗ္ဗာန်စံမည့် အကြောင်း ဘုရားထံမှောက် ကြွရောက်လျှောက်ထားပြီးလျှင် နာလကရွာ မွေးဘွားရာ တိုက်ခန်း၌ ပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက် သာရိပုတ္တရာ မထေရ်သူမြတ်၏ သပိတ်,သင်္ကန်း,အရိုးတော်,ဓာတ်တို့ကို စုန္ဒ မထေရ် ဆောင်

http://www.dhammadownload.com



ယူ၍ သာဝတ္ထိပြည်သို့ သွားရောက်ပြီးလျှင် ရှင်အာနန္ဒာကို အဖော်ပြု၍ ဘုရားထံမှောက်သို့ ပို့ရောက်အပ်ပါသည်၊

သဗ္ဗညုမြတ်စွာဘုရားသည် သာရိပုတ္တရာ မဟာထေရ်မြတ်၏ ဓာတ်တော် ရေစစ်ကို ကိုင်တော်မူပြီးလျှင်၊ ငါးရာသော ဂါထာတို့ဖြင့် တန်းဆာဆင်အပ် သော သာရိပုတ္တရာ မထေရ်သူမြတ်၏ ဂုဏ်ကျေးဇူးစကားကို ဟောကြား တော်မူပြီး လျှင်၊ **ဓာတုစေတီ** တော်တည်ပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ခရီး ဒေသစာရီ ကြွချီတော်မူပါသည်—

ထိုရာဇဂြိုဟ်ပြည်၌ ရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံသည်တွင် ထို အတူ **ဓာတုစေတီ** တည်ပြီးနောက် ရာဇဂြိုဟ်ပြည်မှ ဥက္ကာစေလမြို့သို့ ခရီး ဒေသစာရီ ကြွရောက်တော်မူပါသည်၊ ဥက္ကာစေလမြို့ ဂင်္ဂါမြစ်ကမ်းနားဝယ် အဂ္ဂသာဝကနှစ်ပါးတို့ ပရိနိဗ္ဗာန်စံခြင်းနှင့် စပ်သော တရားစကားကို ဟောပြတော်မူပြီးနောက် ဝေသာလီပြည်သို့ ကြွရောက်တော်မူပါသည်၊

ဝေသာလီပြည်သို့ ကြွရောက်တော်မူပြီးနောက် တနေ့ဝယ် နံနက်အခါ ဝေသာလီပြည်တွင်းသို့ ဆွမ်းခံကြွတော်မူပြီးလျှင် ဆွမ်းခံရာမှ ပြန်တော်မူသော အခါ—

ဂဏှာဟိ အာနန္ဒ နိသီဒနံ— ချစ်သား အာနန္ဒာ....နိသီဒိုင် ထိုင်စရာ စမ္မခန်အခင်းကို ယူခဲ့လော့၊ စာပါလစေတီ နတ်ကွန်းရှိရာသို့ နေသန့်ရန် အလို့ ငှါ သွားကြကုန်အံ့ ဟု မိန့်ကြားတော်မူပြီးလျှင် စာပါလစေတီ နတ်ကွန်း ရှိရာသို့ ကြွတော်မူပါသည်၊

ထိုစာပါလစေတီ နတ်ကွန်း အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရားသည် အာနန္ဒာ မထေရ်မြတ်အား—

ရမဏီယာ အာနန္ဒ ဝေသာလီ၊ ရမဏီယံ ဥဒေနံ စေတီယံ အစရှိ သည်ဖြင့်၊ ချစ်သား....အာနန္ဒာ ဝေသာလီ ပြည်သည် အလွန့်အလွန် မွေ့လျော် ဘွယ်ရှိပါပေစွ၊ ဥဒေန နတ်ကွန်းသည်လည်း လွန်စွာ လွန်စွာမွေ့လျော်ဘွယ် ရှိပါပေစွ၊ ဂေါတမက နတ်ကွန်းသည်လည်း မွေ့လျော်ဘွယ် ရှိပါပေစွ၊ သတ္တမ္ဗ နတ်ကွန်းသည်လည်း မွေ့လျော်ဘွယ်ရှိပါပေစွ၊ ဗဟုပုတ္တနတ်ကွန်းသည်လည်း မွေ့လျော်ဘွယ်ရှိပါပေစွ၊ ဘာရန္ဒဒ နတ်ကွန်းသည်လည်း မွေ့လျော်ဘွယ် ရှိပါပေစွ၊ ယခု ငါတို့နေရာ စာပါလနတ်ကွန်းသည်လည်း မွေ့လျော်ဘွယ် ရှိပါပေစွ၊

http://www.dhammadownload.com



ချစ်သား အာနန္ဒာ....ဣဒ္ဓိပါဒ်လေးပါးကို အပြည့်အစုံပွါးများ ပြီးသော ပုဂ္ဂိုလ်သည် အာယုကပ်ပတ်လုံးသော်၎င်း ထိုအာယုကပ်ထက် အနည်းငယ် ပိုလွန်၍ သော်၎င်း တည်နေမည်ဆိုလျှင် တည်နေနိုင်သည်၊

ချစ်သား အာနန္ဒာ....ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို အပြည့်အစုံ ပွါးများအပ်ပြီးဖြစ်သည်၊ ငါဘုရားသည် အလိုတော်ရှိပါမူကား အာယုကပ် ပတ်လုံးသော်၎င်း အာယုကပ်ထက် အနည်းငယ်ပိုလွန်၍ သော်၎င်း နေမည် ဆိုလျှင် နေနိုင်သည် ဟု တိုက်ရိုက် မိန့်ကြားအပ်ပါသော်လည်း ရှင်အာနန္ဒာ မထေရ်သည်မြတ်သည် မာရ်နတ်မင်းသည် နှိပ်စက်အပ်သော စိတ်နှလုံးရှိတော် မူသဖြင့်——

တိဋ္ဌတု ဘန္တေ ဘဂဝါ ကပ္ပံ၊ တိဋ္ဌတု သုဂတော ကပ္ပံ၊ ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....မြတ်စွာဘုရားသည် အာယုကပ် ပတ်လုံး တည်တော်မူပါ၊ ကောင်းသောစကားကို မိန့်ကြားတော် မူတတ်သော မြတ်စွာဘုရား....မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော် မူပါ၊ များစွာသော လူ,နတ်,ဗြဟ္မာသတ္တဝါတို့ စီးပွါးချမ်းသာ ဖြစ်စေရန် အလို့ငှါ အာယုကပ်ပတ်လုံးတည်တော်မူပါ ဟု တောင်းပန်ဘို့ရန် အခွင့်ကိုပင် သိနိုင်တော်မမူပါ၊ ဤနည်းဖြင့် မြတ်စွာဘုရားသည် သုံးကြိမ် တိုင်တိုင် မိန့်ကြားပါသော်လည်း၊ မာရ်နတ်၏ စိတ်နှလုံးကို လွှမ်းဖုံးနှိပ်စက်မှု ဟူသော အကြောင်းကြောင့်၊ တောင်းပန်ရန်အခွင့်အရေးကို အရှင်အာနန္ဒာ သိမြင်တော် မမူပါ၊

ထိုအခါ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည်——

ဂစ္ဆ တွံ အာနန္ဒ၊ ယဿ ဒါနိ ကာလံ မညသိ——ချစ်သား အာနန္ဒာ သင်ချစ်သား သွားချိန်တော်ပြီ၊ သင်ချစ်သား၏ သွားဘို့ရန် အချိန်ကို သင် ချစ်သားပင် သိပါသည် ဟု မိန့်ကြားတော်မူသော အခါ——

ဧဝံ ဘန္တေ ဟု ဝန်ခံ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အား ဝပ်တွားရှိခိုးပြီးလျှင် မနီးမဝေး တခုသော သစ်ပင်ရင်းဝယ် နေ့သန့်၍ နေတော်မူပါသည်၊

ထိုအခါ ရှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မီပင် ယုတ်မာလှသော မာရ် နတ်သားသည် ဘုရားထံမှောက် လာရောက်၍ လျောက်ပတ်သော အရပ်၌ ရပ်တည်ပြီးလျှင်——

http://www.dhammadownload.com



"ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော" အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော် မူလှသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် စံချိန်တန်ပါပြီ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား....ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန်စံချိန် တန်ပါပြီ၊

ရှင်တော်ဘုရားသည် သမ္ဗာသမ္ဗုဒ္ဓ ဘုရားဖြစ်တော်မူပြီးနောက် ရှစ်သတ္တာဟမြောက် အဇပါလ ညောင်ပင်ရင်းဝယ် သီတင်းသုံးနေတော်မူစဉ်ကပင် ဘုရားတပည့်တော် ပရိနိဗ္ဗာန်စံဘို့ရန် တောင်းပန်လျှောက်ထားသော အခါဝယ်——

န တာဝါဟံ ပါပိမ ပရိနိဗ္ဗာရိဿာမိ၊ အစရှိသည်ဖြင့် ယုတ်မာလှသော ဟယ် မာရ်မိုက်....အကြင်မျှလောက် ငါဘုရား၏ တပည့်သား သာဝက ဖြစ်ကြသော ရဟန်းယောကျ်ားတို့သည်၎င်း ရဟန်းမိန်းမတို့သည်၎င်း ဥပါသကာ ဒါယကာတို့သည်၎င်း၊ ဥပါသိကာ ဒါယိကာ မိန်းမတို့သည်၎င်း ပညာရှိကြ၊ လိမ္မာကြ၊ တိပိဋက တည်းဟူသော ဗဟုသုတ, ပရိယတ္တိ ဗဟုသုတ, ပဋိပတ္တိ ဗဟုသုတ, ပဋိဝေဓဗဟုသုတ ဂုဏ်နှင့် မပြည့်စုံကြသေး၊ ဖြစ်ပေါ်လာသော သူ့ဘာပါးတို့၏ ဝါဒကို ယထာဓမ္မ နှိမ်နင်း၍ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နိယျာနိက တရားကို မဟောနိုင်သေး၊ ထိုမျှလောက် ငါဘုရားပရိနိဗ္ဗာန် မစံသေး" ဟု မိန့်ကြားတော်မူခဲ့ပါသည်၊

ယခုအခါမှာမူ ရှင်တော်ဘုရား၏ ပရိသတ်လေးပါး ဟု ဆိုအပ်သော ရဟန်းယောကျ်ား,ရဟန်းမိန်းမ, ဥပါသကာ ဒါယကာ, ဥပါသိကာ ဒါယိကာမ တို့သည် ရှင်တော်ဘုရား အလိုတော်ကျ ပညာလည်း ရှိကြပါပေသည်၊ လိမ္မာ ရေးခြားလည်း ရှိကြပါပေသည်၊ ပရိယတ္တိဗဟုသုတ,ပဋိပတ္တိဗဟုသုတနှင့်လည်း ပြည့်စုံကြပါပေသည်၊ လောကုတ္တရာတရားအား လျှောက်ပတ်သော ဝိပဿနာ အကျင့် ပဋိပဒါဂုဏ်နှင့်လည်း ပြည့်စုံကြပါပေကုန်ပြီ၊

ရှင်တော်ဘုရား၏ အယူဝါဒကို ကောင်းစွာ အကြွင်းမဲ့ သင်ယူပြီးလျှင် အားလုံးသော နတ်လူ ဗြဟ္မာ သတ္တဝါတို့အား ဟောကြားလျက် ရှိနေပါပြီ၊ ဖြစ်ပေါ်လာသမျှသော သာသနာပြင်ပ ဝါဒတို့ကို တရားနှင့်အညီ ကောင်းစွာ

http://www.dhammadownload.com



နိုပ်နင်းခြင်းဖြင့် နှိပ်နင်း၍ နိယျာနိက သံသရာမှ လွတ်ရာလွတ်ကြောင်း တရားကောင်းကို ပြဆိုလျက်ရှိပါပေသည်၊

ရှင်တော်ဘုရား ရှေးက မိန့်ကြားခဲ့ဘူးသည်မှာ အကြင်မျှလောက် ငါဘုရား၏ ဗြဟ္မစရိယ ဟု ဆိုအပ်သော သာသနာတော်သည် နတ် လူတို့ဝယ် ပြည့်စုံစွာမဖြစ်သေး၊ ထိုမျှလောက် ငါဘုရား ပရိနိဗ္ဗာန်မစံသေး ဟု မိန့်ကြားတော်မူပါသည်၊

ယခုအခါမှာမူ ရှင်တော်ဘုရား၏ ဗြဟ္မစရိယ ခေါ်သော ဤသာသနာတော်မြတ်သည် ပြည့်လည်းပြည့်စုံ ဝလည်းဝပြော အားလုံးသော နတ်လူဗြဟ္မာ သတ္တဝါတို့ပင် ထင်လင်းစွာ သိမြင်ကြရပါပြီ၊

"ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော၊ ပရိနိဗ္ဗာနကာလော ဒါနိ ဘန္တေ ဘဂဝတော၊

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ယခုအခါ၌ ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပါလော့၊ ယခုအခါသည်ကား ရှင်တော်ဘုရား၏ ပရိနိဗ္ဗာန်စံချိန် တိုင်ပါပြီ" ဟု တောင်းပန် လျှောက်ထားသောအခါ—

အပ္ပေါသုက္ကော တွံ ပါပိမ ဟောဟိ၊ န စိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ၊ ဣတော တိဏ္ဏံ မာသာနံ အစ္စယေန တထာဂတော ပရိနိဗ္ဗာယိဿတိ။

ယုတ်မာလှစွာသော ဟယ် မာရ်မိုက်....အသင် မာရ်နတ်သားသည် ငါဘုရားပရိနိဗ္ဗာန်စံဘို့ရန် တစာစာလျှောက်ထားခြင်း ကြောင့်ကြ ဗျာပါရမှ ကင်း၍ နေပါလော့၊ ငါဘုရား၏ ပရိနိဗ္ဗာန်စံခြင်းသည် မကြာမြင့်မီ ဖြစ်ပါလိမ့်မည်၊ ယနေ့မှသည် သုံးလလွန်မြောက် လေးလတွင်းသို့ ရောက်သော ကဆုန်လပြည့်နေ့ဝယ် ငါဘုရား၏ ပရိနိဗ္ဗာန်စံခြင်းသည် ဖြစ်ပါလိမ့်မည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် ဝေသာလီပြည်၏အနီး စာပါလစေတီ နတ်ကွန်းဝယ် ယုတ်မာလှစွာသော မာရ်နတ်၏ တောင်းပန် တိုက်တွန်းခြင်းကြောင့် အလုံးစုံသော ဗုဒ္ဓကိစ္စပြီးပြီးသည် ဖြစ်ရကား အာယုသင်္ခါရကို လွှတ်တော်မူခဲ့ပါသည် အရှင်ဘုရား။

အာယုသင်္ခါရ လွှတ်ခြင်း ပြီး၏

http://www.dhammadownload.com



## စတုမဟာပဒေသ တရားတော်

ပုစ္ဆာ။ ။စတုမဟာပဒေသဓမ္မဒေသနာ ပနာဝုသော ဘဂဝတာ ကတ္ထ ဘာသိတာ။

ဝိဿဇ္ဇနာ။ ။ဘောဂနဂရေ ဘန္တေ အာနန္ဒေ စေတိယေ ဘာသိတာ။

အမေး။ ။မြတ်စွာဘုရား ဟောကြားတော်မူသော တရားစကားတော် အစစ်အမှန်ဖြစ်ကြောင်း တစုံတယောက်ကပြောလာလျှင် ထိုသို့သော တရားစကားကို ဘုရားဟောဟုတ်သည် မဟုတ်သည် စုံစမ်းစစ်ဆေးရန် နှိုင်းချိန်ရန် ညွှန်ပြသော စည်းမျဉ်းဥပဒေသကို ဖော်ပြရာဖြစ်သော **စတုမဟာပဒေသ** တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် လျှောက်ထား အပ်ပြီးသောအတိုင်း ဝေသာလီပြည် စာပါလနတ်ကွန်း၌ အာယုသင်္ခါရကို လွှတ်ပြီးသောအခါ ကြီးစွာသော မြေလှုပ်ခြင်းဖြစ်၍ ရှင်အာနန္ဒာသည် ဘုရားထံမှောက် သွားရောက်ပြီးလျှင် မြေလှုပ်ခြင်း၏ အကြောင်းကို မေးမြန်းသောအခါ မဟာဘူမိစာလဟေတု ခေါ်သော ရှစ်ပါးသော မြေလှုပ်ခြင်း၏ အကြောင်းတို့ကိုလည်း ရှစ်ပါးသော ပရိသတ်၌ ကိုယ်တော်တိုင်ပင် ကြွရောက်ခဲ့ဘူးသည်ကိုလည်း ရှစ်ပါးသော အဘိဘာယတန ရှစ်ပါးသော ဝိမောက္ခချာန်တို့ကိုလည်း မိန့်ကြားတော်မူပြီးလျှင်—

မြတ်စွာဘုရားသည် ကိုယ်တော်မြတ် အာယုသင်္ခါရ လွှတ်တော်မူပြီးကြောင်း အာနန္ဒာ မထေရ်အား မိန့်ကြားတော်မူသောအခါမှ ရှင်အာနန္ဒာ မထေရ်သည်မြတ်သည်၊

တိဋ္ဌတု ဘန္တေ ဘဂဝါ ကပ္ပံ၊ တိဋ္ဌတု သုဂတော ကပ္ပံ—အစရှိသည်ဖြင့် ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....အာယုကပ် ပတ်လုံး တည်တော်မူပါ၊ နတ်,လူ,ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွါး ဖြစ်ပွါးစိမ့်သောငှါ အာယုကပ်ပတ်လုံး ကုန်ဆုံးသည် တိုင်အောင် ရှင်တော်ဘုရား နေ

http://www.dhammadownload.com



တော်မူပါ ဘုရား ဟု လျှောက်ထားပါသည်၊ သုံးကြိမ်တိုင်ပင် လျှောက်ထားပါသည် ထိုအခါ မြတ်စွာဘုရားသည်၊

ချစ်သား အာနန္ဒာ....ငါဘုရား၏ သဗ္ဗညုတဉာဏ်ကို သင်ချစ်သား ယုံကြည်ပါသလား ဟု မေးမြန်းပါသည်၊

ယုံကြည်ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင်——

သို့ ယုံကြည်သည်ဖြစ်လျက် အဘယ့်ကြောင့် ငါဘုရားကို သုံးကြိမ်တိုင်တိုင် တောင်းပန်စကား လျှောက်ထားခြင်းဖြင့် အတင်းအကြပ် ပြောဆို၍ နေပါဘိသနည်း ဟု မေးမြန်းတော်မူသောအခါ——

ဣဒ္ဓိပါဒ်လေးပါး ပွါးများပြီးဖြစ်၍ မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး သီတင်းသုံး နေနိုင်ကြောင်း ရှင်တော်ဘုရားထံမှ တရားစကား ကြားနာရဘူးသောကြောင့် လျှောက်ထား ပါသည် ဟု ပြန်ပြောင်း လျှောက်ထားသည်တွင်——

သင်ချစ်သားသည် ငါဘုရား၏ စကားကို ယုံကြည်ပါသလော ဟု မေးမြန်းပါသည်၊

ယုံကြည်ပါကြောင်း ပြန်ပြောင်း လျှောက်ထားသည်တွင်——

တုယှေဝေတံ ဒုက္ကဋံ၊ တုယှေဝေတံ အပရဒ္ဓံ စသည်ဖြင့် ချစ်သား အာနန္ဒာ ငါဘုရားသည် သုံးကြိမ်တိုင်တိုင် သင်ချစ်သားအား ယခုစာပါလ နတ်ကွန်းမှာပင် ဩဠာရိကနိမိတ် အရိပ်အရောင်ကိုပြပါလျက် သင်ချစ်သား မလျှောက်မထား မတောင်းပန် လိုက်ခြင်းသည်လည်း သင်ချစ်သား၏ အပြစ်ပင် ဖြစ်ပေသည်၊

သည်တွင်မျှမကသေး ရာဇဂြိုဟ်ပြည် အရပ်ဝယ် ဆယ်ပါးသော ဌာနတို့၌လည်း ဣဒ္ဓိပါဒ်လေးပါး ပွါးများပြီးသော ပုဂ္ဂိုလ်သည် အာယုကပ်ပတ်လုံး တည်နိုင်ကြောင်း ငါဘုရားရှင်သည်လည်း ဣဒ္ဓိပါဒ်လေးပါး ပွါးများပြီးဖြစ်သောကြောင့် အာယုကပ်ပတ်လုံး တည်နိုင်ကြောင်း တိုက်ရိုက် (ဒွဲဒိုး) မိန့်ကြားပင် မိန့်ကြားအပ်ပါသော်လည်း သင်ချစ်သားသည် တောင်းပန်ဘို့ရန်ကောင် မသိနိုင်၊ သင်ချစ်သား၏ အပြစ်ပါတကား၊

ထိုမှတပါး ဤဝေသာလီပြည် အရပ်မှာပင် ဥဒေနစေတီ နတ်ကွန်း၌လည်းတကြိမ်၊ ဂေါတမစေတီ နတ်ကွန်း၌လည်း တကြိမ်၊ သတ္တမ္ဗစေတီနတ်

http://www.dhammadownload.com



ကွန်း၌လည်း တကြိမ်၊ ဗဟုပုတ္တစေတီနတ်ကွန်း၌လည်း တကြိမ်၊ သာရန္ဒဒ စေတီနတ်ကွန်း၌လည်းတကြိမ် ယခုစာပါလစေတီ နတ်ကွန်းမှာလည်း တကြိမ် ဤသို့ ဤဝေသာလီပြည်မှာပင် ခြောက်ကြိမ်တိုင်တိုင် သင်ချစ်သားအား တိုက်ရိုက် ဒဲ့ဒိုး ဩဠာရိက နိမိတ်အရိပ်အရောင် ပြသည်ဖြစ်ပါလျက် သင်ချစ်သား မတောင်းပန် မလျှောက်ထားခြင်းသည်ကား သင်ချစ်သား၏ အပြစ်ပင် ဖြစ်ပေသည် ဟု အပြစ်တင်စကား မိန့်ကြားတော် မူပြီးလျှင်——

ချစ်သား အာနန္ဒာ....စောစောကပင်လျှင် အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့နှင့် နာနာဘာဝ,ဝိနာဘာဝ, အညထာဘာဝ တည်းဟူသော ကွဲပြားခြင်း သုံးမျိုးဖြင့် ကွဲပြားရမည့်အကြောင်းကို ငါဘုရား ဟောကြား အပ်ပြီးပင် မဟုတ်ပါလော——

ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို မဖြစ်ပါလင့်၊ ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို မပျက်ပါလင့် ဟူ၍ မြစ်တားဘွယ် တစုံတရာ အကြောင်းမရှိကြောင်း၊

ချစ်သား အာနန္ဒာ....မြတ်စွာဘုရားသည် စွန့်အပ်ပယ်ပြီး ဖြစ်သော အာယုသင်္ခါရကို တခွန်းတည်း ပြောကြားလေ့ရှိသည့် အားလျော်စွာ တဖန် ပြန်၍ အသက်ရှည်ဘို့ရန် ဆောက်တည်မည်ဟူသော ဤအချက်သည် လုံးဝ အကြောင်း မဟုတ်နိုင်၊

အာယာမာနန္ဒ——လာ သွားစို့ ချစ်သား အာနန္ဒာ....ဝေသာလီပြည် မဟာဝုန်တောသို့ သွားကုန်အံ့ ဟု မိန့်ကြားတော် မူပြီးလျှင် ရှင်အာနန္ဒာ မထေရ်သူမြတ်နှင့်အတူ ဝေသာလီပြည် မဟာဝုန်တောသို့ ကြွရောက်တော် မူပြီးလျှင် ဝေသာလီပြည် ပတ်ဝန်းကျင်၌ သီတင်းသုံး နေထိုင်သော ရဟန်းတော်တို့ကို စုဝေးစေပြီးလျှင်——

ချစ်သား ရဟန်းတို့....သတိပဋ္ဌာန်လေးပါး, ဣဒ္ဓိပါဒ်လေးပါး,ဣန္ဒြေ,ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ရှစ်ပါး တည်းဟူသော ဗောဓိပက္ခိယ တရားတို့ကို ပိုင်းခြား ထင်ထင် ငါဘုရားသိမြင်၍ သင်ချစ်သားတို့အား ဟောကြားအပ်ပြီ၊

ထိုဗောဓိပက္ခိယ တရား သုံးဆဲ့ခုနစ်ပါးတို့ကို သင်ချစ်သားတို့သ ကောင်းစွာ သင်ကြားပြီးလျှင် လိုက်နာကျင့်ကြံပါကုန်မူကား ဤသာသနာ သည် ကောင်းစွာ ရှည်မြင့်လေရာ၏၊ ဤသာသနာ ရှည်မြင့်စွာ တည်ခြင်း

http://www.dhammadownload.com



သည် များစွာသော လူတို့၏ စီးပွါးချမ်းသာ အလို့ငှါ ဖြစ်ပေရာ၏ ဟု မိန့်ကြားတော်မူပြီးလျှင်——

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ——စသည်ဖြင့် ချစ်သားတို့ ရုပ်နာမ် ဓမ္မသင်္ခါရတို့သည်၊ ပျက်စီးခြင်းသဘော ရှိကြသည်၊ အပ္ပမာဒ တရားနှင့် သင်ချစ်သားတို့ ပြည့်စုံကြကုန်၊ ယနေ့မှ နောက် သုံးလလွန်မြောက်သောအခါဝယ် သမ္မာသမ္ဗုဒ္ဓထင်ရှားသော သင်တို့ဆရာ ငါဘုရားသည် အနုပါဒါ ပရိနိဗ္ဗာန် စံလိမ့်မည် ဟု မိန့်ကြားတော်မူပြီးလျှင်——

ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။ ။

အစရှိသည်ဖြင့် ချစ်သားတို့....ငါဘုရား၏ အရွယ်တော်သည် ရင့်ရော်လှလေပြီ၊ ငါဘုရား၏ အသက်တော်သည် နည်းပါးခဲ့လေပြီ၊ ငါဘုရားသည် မိမိကိုယ်၏ ကိုးစားရာကို အကြွင်းမဲ့ ပြုအပ်ပြီးဖြစ်လေပြီ၊ သင်ချစ်သားတို့ကို စွန့်ပယ်၍ ငါဘုရားသွားရတော့မည် ဟု——

မိန့်ကြားတော်မူပြီးလျှင် ထိုဝေသာလီပြည် အရပ်မှသည် ဘဏ္ဍုဂါမရွာသို့ ကြွတော်မူပါသည်၊ထိုဘဏ္ဍုဂါမရွာဝယ် သီလ,သမာဓိ, ပညာ, ဝိမုတ္တိဓမ္မကထာကို များစွာ ဟောကြားတော်မူပြီးလျှင်၊ ထိုမှ **ဟတ္ထိဂါမ** အမည်ရှိသောရွာ၊ ထိုရွာမှသည် **အမ္ဗဂါမ** အမည်ရှိသောရွာ၊ ထိုရွာမှသည် **ဇမ္ဗုဂါမ** အမည်ရှိသောရွာ၊ ထိုဇမ္ဗုဂါမရွာမှ သည် **ဘောဂ** မြို့သို့ ကြွရောက်တော်မူပါသည်၊

ဘောဂမြို့သို့ရောက်သော အခါဝယ် အာနန္ဒာစေတီ နတ်ကွန်း၌ သီတင်းသုံးနေတော်မူသောအခါ အတ္တဇ္ဈာသယ ဒေသနာတော်နည်းအားဖြင့်——

စတ္တာရောမေ ဘိက္ခဝေ မဟာပဒေသေ ဒေသေဿာမိ——အစရှိသည်ဖြင့် ချစ်သားရဟန်းတို့....မဟာပဒေသကြီးလေးပါးကို သင်ချစ်သားတို့အား ငါဘုရားဟောကြားမည်၊ လေးပါးတို့ ဟူသည် အဘယ်သည်တို့နည်း ဟူမူကား——

ဤသာသနာတော်ဝယ် တစုံတပါးသော ရဟန်းသည် ဤစကား,ကား မြတ်စွာဘုရား၏ ဓမ္မတည်း၊ဤစကား,ကား ဝိနည်းတည်း၊ဤသည်ပင် မြတ်စွာဘုရား၏ အဆုံးမ သြဝါဒတည်း ဟု ဘုရားကို ညွှန်ပြကာ တစုံတခုသော စကား

http://www.dhammadownload.com



ကို ပြောကြားလာသည် ရှိသော် ထိုရဟန်းပြောကြားသော စကားကို ရှေးဦးစွာ အလျှင်တဆော လက်လည်း မခံရ၊ အကယ်၍ ရှေးဦးစွာ လျှင်လျှင်ဆော ဆော လက်ခံခဲ့သည်ရှိသော် နောက်အချိန် အပြစ်ပေါ်ပေါက်၍ ဟန့်တားသောအခါ ရှေ့စကား နောက်စကား မညီညွတ်မှု ဟူသော အပြစ်ဒေါသ ရောက်ကုန်လိမ့်မည်၊ သို့ဖြစ်သောကြောင့် ရှေးဦးစွာ အလျှင်တဆောလည်း လက်မခံရ၊ တားလည်း မတားမြစ်ရ၊ အကယ်၍ တားမြစ်လျှင် ရှေ့ဆက်၍ ပြောမည်မဟုတ်၊ ပြည့်စုံစွာစကားကို ပြောကြားမည်မဟုတ်သောကြောင့် တားလည်း မတားမြစ်ရ၊

ထိုသူပြောကြားသောစကားတို့ကို လက်လည်းမခံ၊ တားလည်းမတားမြစ်သေးဘဲ ငါဘုရားဟောကြားအပ်သော သုတ်အဘိဓမ္မာ ဝိနည်း၌ချ၍ ကြည့်ရမည်၊ သုတ်အဘိဓမ္မာဝိနည်းနှင့် မညီမညွတ်သော စကားဖြစ်ပါမူကား ဤစကားသည် မြတ်စွာဘုရားဟောကြားအပ်သော စကားမဟုတ်၊ ဤမထေရ်သူမြတ် အလွဲလွဲ အချော်ချော်သင်အပ်သော စကားသာတည်း ဟု ပြောဆိုပြီး စွန့်ပယ်ရမည်၊

သုတ် အဘိဓမ္မာ ဝိနည်း တည်းဟူသော ငါဘုရား၏ စကားတော်၌ ချ၍ ငါဘုရား၏ စကားတော် အတွင်းသို့ သက်ဝင်သည် ဖြစ်ပါမူကား ဤစကားကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားအပ်သည်သာလျှင် ဖြစ်ပေရာ၏၊ ဤမထေရ်သူမြတ်သည် ကောင်းစွာ သင်ကြားအပ်သည်ဖြစ်ပေသည် ဟု နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ လက်ခံရမည်၊

ထို့အတူ အကြင်ရဟန်းတပါးသည် သံဃာထံမှ ဆို၍သော်၎င်း များစွာသော ပဏ္ဍိတ,ဝိယတ္တ ပညာရှိသော မထေရ်တို့အထံမှ ဆို၍ သော်၎င်း တပါးသော ပညာရှိသည့် မထေရ် အထံမှ ဤစကား ကြားနာခဲ့ရပါသည်၊ ဤသည်ကား ဓမ္မ၊ ဤသည်ကား ဝိနယ၊ ဤသည်ကား မြတ်စွာဘုရား၏ အဆုံးအမ သြဝါဒ တည်း ဟု ပြောကြားလာလျှင် ရုတ်တရက် လက်လည်း မခံရ၊ ရုတ်တရက် ပယ်လည်း မပယ်မြစ်ရ၊

လက်မခံ မပယ်မြစ်ဦးဘဲ ထိုရဟန်း ပြောသော စကားကို ပိဋကတ်သုံးပုံ တည်းဟူသော ဘုရားစကား၌ ချသွင်း၍ ကြည့်ရမည်၊ ပိဋကတ်သုံးပုံတည်း ဟူသော ဘုရားစကား အတွင်းသို့ မသက်ဝင်လျှင် ဤစကားသည် မြတ်စွာ

http://www.dhammadownload.com



ဘုရားဟောအပ်သော စကားမဟုတ်၊ထိုမထေရ်သူမြတ် အလွဲလွဲ အချော်ချော် သင်အပ်သော အရာသာလျှင် ဖြစ်ပေလိမ့် ဟု ပြောဆိုပယ်ရှားရမည်၊တိပိဋက တည်းဟူသော ဓမ္မဝိနယ အတွင်းသို့ သွတ်သွင်း၍ ရပါမူကား ဤစကား သည် မြတ်စွာဘုရား ဟောကြားအပ်သော စကားစင်စစ် ဖြစ်ပေသည်၊ ထို မထေရ်သူမြတ်သည် ကောင်းစွာ သင်ကြား အပ်သော စကားသာလျှင် ဖြစ် ပေသည် ဟု နှစ်လိုအားရမ်း ဝမ်းမြောက်ဝမ်းသာ လက်ခံရမည် ဟု—

သဗ္ဗညုမြတ်စွာဘုရားသည် လျှောက်ထား အပ်ပြီးသော အတိုင်း ဘောဂ မြို့ အဝင်အပါ အာနန္ဒာစေတီ နတ်ကွန်း၌ မဟာပဒေသလေးပါး တရား တော်မြတ်ကို ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

စတုမဟာပဒေသ တရားတော် ပြီး၏

---

## သံဝေဂဖြစ်စေနိုင်သည့် အရပ်လေးပါး

ပုစ္ဆာ။ ။စတုသံဝေဇနီယကထာ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတာ။

ဝိဿဇ္ဇနာ။ ။ကုသိနာရာယံ ဘန္တေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတာ၊ အာယသ္မာ ဘန္တေ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ “ပုဗ္ဗေ ဘန္တေ ဒိသာသု ဝဿံဝုဋ္ဌာ ဘိက္ခူ အာဂစ္ဆန္တိ တထာဂတံ ဒဿနာယ၊ တေ မယံ လဘာမ မနောဘာဝနီယေ ဘိက္ခူ ဒဿနာယ၊ လဘာမ ပယိရုပါသနာယ။ ဘဂဝတော ပန မယံ ဘန္တေ အစ္စယေန န လဘိဿာမ မနောဘာဝနီယေ ဘိက္ခူ ဒဿနာယ၊ န လဘိဿာမ ပယိရုပါသနာယာ” တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတာ။

အမေး။ ။သဒ္ဓါတရားနှင့်ပြည့်စုံသောအမျိုးကောင်းသားသည် သွား ရောက်၍ ကြည့်ရှုထိုက် ကြည်ညိုထိုက် ဖူးမျှော်ထိုက်သော ထိုနေရာဌာနသို့ သွားရောက်၍ ကြည်ညိုဖူးမျှော်လျှင် သဒ္ဓါတရားရှိသော အမျိုးကောင်းသား အား သံဝေဂဉာဏ်ကို ဖြစ်စေနိုင်သောကြောင့် ကြည့်ရှုသင့်သော သံဝေဂ ဉာဏ်ကို ဖြစ်စေနိုင်သော **ဒဿနီယ သံဝေဇနီယ** ဟု အမည်ရသော ဌာန

http://www.dhammadownload.com



လေးရပ်တို့ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကုသိနာရုံပြည် အရပ်၌ ရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊ အနည်းငယ်မျှ အနုသန္ဓေစကားလျှောက်ထားလိုပါသည် ဘုရား၊

မြတ်စွာဘုရားသည် လျှောက်ဆိုအပ်ပြီးသောအတိုင်း ဘောဂမြို့ဝယ် မဟာပဒေသကြီးလေးပါးကို ဟောကြားတော်မူပြီး၍ရှင်း ထိုမှတပါး သီလ သမာဓိ, ပညာ များစွာသောဓမ္မကထာကိုဟောကြားပြီး၍ရှင်း ဘောဂမြို့မှသည် ပါဝါပြည်သို့ ကြွရောက်တော်မူပါသည်၊ ပါဝါပြည်သို့ရောက်ရှိတော်မူသောအခါ စုန္ဒမည်သော ရွှေပန်းတိမ်သည်၏ ဥယျာဉ်တောဝယ် သီတင်းသုံးနေတော်မူပါသည်၊

ထိုအခါ **စုန္ဒ** မည်သော ရွှေပန်းတိမ်သည် ပင့်လျှောက်ချက်အရ သားပြွမ်းဆွမ်း ဝက်ပျိုသားဆွမ်းကို ဘုဥ်းပေးတော်မူပြီးသောအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားအား သည်းထန်စွာ **မရဏန္တိက** ပရိနိဗ္ဗာန်စံတော်မူခါနီးမျှ **လောဟိတပက္ခန္ဒိက** အမည်ရသော သွေးသွန်ရောဂါ ဖြစ်ပါသည်၊

ထိုအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ထိုဝေဒနာတို့ကို သတိသမ္ပဇဉ်နှင့်ယှဉ်၍ မညည်းတွား မပင်ပန်းဘဲ သည်းခံတော်မူပါသည်၊ ထိုမှသည် မြတ်စွာဘုရားသည် ကကုဓာမြစ်သို့ ကြွတော်မူပါသည်၊ ထိုကကုဓာမြစ်မှ တက်၍ သရက်ဥယျာဉ်အတွင်း သီတင်းသုံးနေတော်မူပါသည်၊ ထိုသရက်ဥယျာဉ်မှသည် **ဟိရညဝတီ** အမည်ရှိသော မြစ်ကို ကျော်ဖြတ်၍ ကုသိနာရုံပြည် အရပ်သို့ ရောက်တော်မူပါသည်၊

ကုသိနာရုံပြည်သို့ ရောက်ရှိတော်မူသောအခါ မလ္လာမင်းတို့၏ အင်းကြင်းဥယျာဉ်ဝယ် မြောက်သို့ ဦးခေါင်းပြုအပ်သော **မဟာပရိနိဗ္ဗာန** ညောင်စောင်းဝယ် လျောင်းစက်နေတော်မူသောအခါ အာနန္ဒာမထေရ်သူမြတ်သည် ပုဗ္ဗေ ဘန္တေ ဒိသာသု ဝဿံဝုဋ္ဌာ ဘိက္ခူ အာဂစ္ဆန္တိ—အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား၊ ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မမူမီ ရှေးအဘို့ကာလ၌ အရပ်လေးမျက်နှာ အရပ်

http://www.dhammadownload.com



ရှစ်မျက်နှာဝယ် ဝါကျွတ်တော်မူကြပြီးသော ဖူးမျှော်ရလျှင် စိတ်နှလုံး သဒ္ဓါတရားကို ပွါးစေနိုင်ကြသည့် **မနောဘာဝနီယ** မထေရ်သူမြတ်တို့သည် ရှင်တော်ဘုရားထံမှောက်သို့ လာရောက်ကြပါကုန်သည်၊

ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ တပည့်တော်တို့သည် ထိုမနောဘာဝနီယ မထေရ်သူမြတ်တို့ကို ဖူးမျှော်ခွင့် ဆည်းကပ်ခွင့် ရတော့မည် မဟုတ်ပါဘုရား ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားသည် သံဝေဇနီယ ဌာနလေးပါး ကို ခွဲခြား၍ ဟောကြားတော်မူပါသည်၊

ချစ်သားအာနန္ဒာ....ဤငါဘုရား၏ သာသနာဝယ် သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား ဖူးမျှော်ထိုက်, **သံဝေဂ** ရယူထိုက်သော အရပ်လေးပါးတို့ ရှိကြပါသည်၊ ထိုအရပ်လေးပါးတို့မှာ (၁) ဖွားတော်မူရာ လုမ္ဗိနီအရပ်၊ (၂) ဘုရားဖြစ်တော်မူရာ မဟာဗောဓိအရပ်၊ (၃) ဓမ္မစကြာတရားဟောတော်မူရာ မိဂဒါဝုန်အရပ်၊ (၄) ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအရပ် ဟူ၍ ဤအရပ်လေးပါးတို့ ဖြစ်ကြပါသည်၊

သဒ္ဓါတရားရှိကြသော ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာမတို့သည် ငါဘုရားပရိနိဗ္ဗာန်စံပြီးသည့်နောက် ဆိုအပ်ပြီးသော ဖွားတော်မူရာ, ဘုရားဖြစ်တော်မူရာ, ဓမ္မစကြာတရားဦးဟောတော်မူရာ, ပရိနိဗ္ဗာန်စံတော်မူရာ တည်းဟူသော ရှုမျှော်လောက်သည့် သံဝေဂဖြစ်လောက်သည့် အရပ်ဌာနသို့ လာရောက်ကြပါလိမ့်မည်၊

ယေဟိ ကေစိ အာနန္ဒ စေတိယစာရိကံ အာဟိဏ္ဍန္တာ ပသန္နစိတ္တာ ကာလံ ကရိဿန္တိ၊ သဗ္ဗေတေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿန္တိ ဟု——

ချစ်သား အာနန္ဒာ....အမှတ်မထင် အကြောင်းသူတို့သည် ဆိုအပ်ပြီးသော အတိုင်း စေတီတော်တို့ကို ဖူးမျှော်ဘို့ရန် ဘုရားဖူးလှည့်လည်ရင်း ကြည်ညိုသော သဒ္ဓါတရားဖြင့် ဘဝတမလွန် စုန့်သွန်ကြကုန်သည်ဖြစ်အံ့၊ ထိုသို့ ဘဝတမလွန် စုန့်သွန်ကြသော ခပ်သိမ်းသောသူတို့သည် ကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် ကောင်းသောသူတို့၏လားရာဖြစ်သော နတ်ရွာလောကသို့ ရောက်ကြလိမ့်မည် ဟု——

http://www.dhammadownload.com



သဗ္ဗညုမြတ်စွာဘုရားသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်အတွင်း **ပရိနိဗ္ဗာန** ညောင်စောင်းဝယ် လျောင်းစက်တော်မူသော အခါကာလ ရှင်အာနန္ဒာကို အကြောင်းပြု၍ **စတုသံဝေဇနီယ** ကထာကို ဟော ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

သံဝေဂဖြစ်စေနိုင်သည့် အရပ်လေးပါး ပြီး၏

---

## မာတုဂါမများနှင့် ဆက်ဆံရပုံ

ပုစ္ဆာ။ ။ကထဥ္စာဝုသော ဘဂဝါ ဘိက္ခူနံ မာတုဂါမေသု ပဋိပဇ္ဇိတဗ္ဗဝတ္တံ ကထေသိ။

ဝိဿဇ္ဇနာ။ ။အဒဿနံ အာနန္ဒာတိ စ အနာလာပေါ အာနန္ဒာတိ စ သတိ အာနန္ဒ ဥပဋ္ဌပေတဗ္ဗာတိ စ ဧဝံ ခေါ ဘန္တေ ဘဂဝါ မာတု-ဂါမေသု ပဋိပဇ္ဇိတဗ္ဗာကာရံ ကထေသိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရားသခင်သည် ရဟန်းတော်တို့သည် မာတုဂါမတို့နှင့် စပ်၍ မလွှဲမရှောင် သာ ဆက်ဆံရသော အခါကာလ၌ အပြစ်ကင်းအောင် ကျင့်သုံး လိုက်နာ သင့်သော ကျင့်ဝတ်တရားကို အဘယ်သို့လျှင် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရားကို ရှင်အာနန္ဒာ မထေရ်သည်မြတ်သည်——

ကထံ မယံ ဘန္တေ မာတုကာမေ ပဋိပဇ္ဇာမ—— ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ နောက်ကာလဝယ် မာတုဂါမ, မင်းမိန်းမတို့အပေါ် ၌ မည်သို့ ဆက်ဆံ ကျင့်သုံးရပါမည်နည်း ဘုရား ဟု လျှောက်ထား ပါသည်၊

ထိုအခါ မြတ်စွာဘုရားက....

အဒဿနံ အာနန္ဒ——ချစ်သား အာနန္ဒာ....မမြင်အောင်နေ ဟု မိန့်ကြားတော်မူပါသည်၊

တဖန်ဆက်၍ ရှင်အာနန္ဒာက——

http://www.dhammadownload.com



ဒဿနေ ဘဂဝါ သတိ ကထံ ပဋိပဇ္ဇိတဗ္ဗံ—ရှင်တော်ဘုရား....မလှဲ့သာ မရှောင်သာ လေးဖြာ ပစ္စည်းအကြောင်းကြောင့် မာတုဂါမ, မင်းမိန်းမ တို့နှင့် တွေ့ကြုံကြပါမူ အဘယ်သို့ ကျင့်ရ နေရပါမည်နည်းဘုရား ဟု လျှောက် ထားသောအခါ—

အနာလာပေါ် အာနန္ဒ—ချစ်သား အာနန္ဒာ....စကားမပြောဘဲနေရ မည် ဟု မိန့်ကြားတော်မူပါသည်၊

တဖန်တက်၍....

အာလပန္တေန ပန ဘန္တေ ကထံ ပဋိပဇ္ဇိတဗ္ဗံ—ဘုန်းတော်ကြီးမြတ် တော်မူလှသော မြတ်စွာဘုရား၊ အကြောင်း အခွင့်အလျှောက် စကား မပြောလျှင် မဖြစ်၍ စကားပြောဆိုသော ရဟန်းသည်ကား အဘယ်သို့ မာတုဂါမ, မင်းမိန်းမတို့အပေါ်၌ ကျင့်ကြံရပါမည်နည်းဘုရား ဟု လျှောက် ထားသောအခါ....

သတိအာနန္ဒ ဥပဋ္ဌာပေတဗ္ဗာ ချစ်သား အာနန္ဒာ....မပြောလျှင်မပြီး၍ အမျိုးသမီးတို့နှင့် စကားပြောရသောအခါ မိခင်မျှသော အရွယ်တို့၌ အမိဟူ သော အမှတ်နှင့် ယှဉ်သော သတိကို ထားရမည်၊ အမ, နှမ, ညီမ အရွယ်ရှိ သော အမျိုးသမီးတို့အပေါ်၌ အမဟူသော အမှတ်သညာ, နှမဟူသော အ မှတ်သညာ, ညီမဟူသော အမှတ်သညာနှင့် ယှဉ်သော သတိကို ဖြစ်စေရမည် ဟု သဗ္ဗညုမြတ်စွာဘုရားသည် မာတုဂါမ, မင်းမိန်းမတို့ အပေါ်ဝယ် ရဟန်းတော်တို့ လိုက်နာကျင့်သုံးရမည့် အကျင့် ဝတ်တရားတို့ကို ဤသို့ ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

မာတုဂါမများနှင့် ဆက်ဆံရပုံ ပြီး၏

---

## မဟာသုဒဿနသုတ်တော် ဟောခဏ်း

ပုစ္ဆာ။ ။မဟာသုဒဿနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။တိဿံ ယေဝ ဘန္တေ ကုသိနာရာယံ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘန္တေ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ "မာ ဘန္တေ ဘဂဝါ ဣမသ္မိံ ခုဒ္ဒကနဂရကေ

http://www.dhammadownload.com



ဥဇ္ဇင်္ဂလနဂရကေ သာခါနဂရကေ ပရိနိဗ္ဗာယိ။ သန္တိ ဘန္တေ အညာနိ မဟာနဂရာနိ။ သေယျထိဒံ၊ စမ္ပာ, ရာဇဂဟံ, သာဝတ္ထိ,သာကေတံ, ကောသမ္ဗီ, ဗာရာဏသီ၊တ္တေ ဘဂဝါ ပရိ-နိဗ္ဗာယတု၊ ဧတ္ထ ဗဟူ ခတ္တိယမဟာသာလာ ဗြာဟ္မဏ မဟာ-သာလာ ဂဟပတိ မဟာသာလာ တထာဂတေ အဘိပ္ပသန္နာ။ တေ တထာဂတဿ သရီရပူဇံ ကရိဿန္တီ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သံဂါယနာတင် ဆရာမြတ်တို့သည် မဟာပရိနိဗ္ဗာနသုတ်၏ အခြားမဲ့၌ သံဂါယနာ တင်ထားသော, ဒေသနာဟောစဉ်အားဖြင့်ကား ဤမဟာပရိနိဗ္ဗာနသုတ်၌ အတွင်းဝင်လျက်ရှိသော မဟာသုဒဿန မည်သော သုတ္တန် တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ထို ကုသိနာရုံပြည် အရပ်၌ပင်လျှင် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်အတွင်း ပရိနိဗ္ဗာန ညောင်စောင်းဝယ် လျောင်းတော်မူသော ကာလ ရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဟောကြားတော် မူအပ်ပါသည်၊

ရှင်အာနန္ဒာမထေရ်သည် သဗ္ဗညု မြတ်စွာဘုရားကို—

မာ ဘန္တေ ဘဂဝါ ဣမသ္မိံ ခုဒ္ဒကနဂရကေ ဥဇ္ဇင်္ဂလနဂရကေ—အစရှိသည်ဖြင့် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော. မြတ်စွာဘုရား၊ ရှင်တော်ဘုရားသည် မြို့သိမ်မြို့ငယ် မြို့မွားကလေးမျှ ဖြစ်သော ဤကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မမူပါလင့်၊

ဤ ကုသိနာရုံပြည်မှတပါး စမ္ပာပြည်, ရာဇဂြိုဟ်ပြည်, သာဝတ္ထိပြည်, သာကေတပြည်, ကောသမ္ဗီ, ဗာရာဏသီဆိုတဲ့ မြို့ကြီးတို့သည် များစွာ ရှိကြပါကုန်သည်၊ ထိုမြို့ကြီးများ၌ ရှင်တော်ဘုရားအား သဒ္ဓါကြည်ညို ရှိသေကြသော ခတ္တိယ မဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိ မဟာသာလ ပေါင်းများစွာ ရှိကြပါသည်၊

ထိုထိုမြို့ကြီးတို့မှာ ရှိကြတဲ့ ခတ္တိယ မဟာသာလ, ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလ ဂိုဏ်းဝင် သူတော်စင် အမျိုးသားတို့သည် ရှင်တော်

http://www.dhammadownload.com



ဘုရား၏ သရီရပူဇာကိစ္စ ဈာပနပူဇာကိစ္စကို ပြုလုပ်ကြပါလိမ့်မည်” ဟု လျှောက်ထားသော အခါဝယ် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည်၊

မာဟောဝံ အာနန္ဒ အဝစ၊ မာဟောဝံ အာနန္ဒ အဝစ အစရှိသည်ဖြင့် ချစ်သား အာနန္ဒာ၊ မြို့သိမ် မြို့ငယ် မြို့မွား မြို့အခက်အလက် ကလေးဟူ၍ မဆိုပါလင့် ဟု နှစ်ကြိမ် တားမြစ်တော်မူပြီးလျှင်—

ဘူတပုဗ္ဗံ အာနန္ဒ ရာဇာ မဟာသုဒဿနော နာမ အဟောသိ စက္ကဝတ္တိ အစရှိသည်ဖြင့် ဘာဏဝါရ (သံဂါယနာတင် မထေရ်သူမြတ်တို့ရွတ်ကြရသော အကြိမ်)အားဖြင့် နှစ်ဘာဏဝါရ အတိုင်းအရှည်ရှိသော များစွာသော ဒါနကထာ များစွာသော သမ္ပတ္တိကထာတို့ဖြင့် တန်းဆာဆင်အပ်သော အဆုံးဝယ် —

ဧဝံ အနိစ္စာ ခေါ အာနန္ဒ သင်္ခါရာ၊ ဧဝံ အဓုဝါ ခေါ အာနန္ဒ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ခေါ အာနန္ဒ သင်္ခါရာ အစရှိသည်ဖြင့်၊ သံဝေဂဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်အပ်သော၊ မဟာသုဒဿနသုတ္တန် ဒေသနာတော်မြတ်ကို လျှောက်ဆိုအပ်ပြီးသောအတိုင်း အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

## သုဘဒ္ဒ ပရိဗိုဇ် ချွတ်ခဏ်း

ပုစ္ဆာ။ ။ဘဂဝါ အာဝုသော ပုရိမဒိဝသေ ပုစ္ဆိတ ဝိဿဇ္ဇိတက္ကမေန မဟာသုဒဿန သုတ္တန္တံ ဒေသေတွာ သုဘဒ္ဒံနာမ ပရိဗ္ဗာဇကံ ဗုဒ္ဓဝေနေယျေသု ပစ္ဆိမသာဝကဘူတံ ကထံ ဝိနေသိ။

ဝိဿဇ္ဇနာ။ ။ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ၊ သမဏောပိ တတ္ထ န ဥပလဗ္ဘတိ၊ ဒုတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ တတိယောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ၊ စတုတ္ထောပိ တတ္ထ သမဏော န ဥပလဗ္ဘတိ (ပေယျာလ)။ ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ၊ ဧဝံခေါ ဘန္တေ ဘဂဝါ သုဘဒ္ဒံ ပရိဗ္ဗာဇကံ ဗုဒ္ဓဝေနေယျေသု ပစ္ဆိမံ သက္ခိသာဝကံ ဝိနေသိ။

http://www.dhammadownload.com



အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ယမန်နေ့က မေးဖြေခဲ့သော အစဉ်အားဖြင့် မဟာသုဒဿနမည်သော နှစ်ဘာဏဝါရခန့်ရှိသော သုတ္တန်တရားဒေသနာတော်ကြီးကို ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း ခင်းထားအပ်သော ပရိနိဗ္ဗာန်ပုံရာ ညောင်စောင်းတော်ထက်၌ လျောင်းစက်တော်မူစဉ် ကရုဏာ ရှေ့ထား၍ ဟောကြားတော်မူခဲ့ပြီးလျှင် သုဘဒ္ဒ အမည်ရှိသော မြတ်စွာဘုရားကိုယ်တော်တိုင် ဟောပြောညွှန်ပြ၍ ဆုံးမအပ်သော **ဗုဒ္ဓဝေနေယျ** တို့တွင် နောက်ဆုံး မျက်မှောက် သာဝကဖြစ်သော သုဘဒ္ဒ အမည်ရှိသောပရိဗိုဇ်ကို မိမိ၏ကိုယ် ပင်ပန်းခြင်းကို မငဲ့ကွက် မထောက်ထားမူ၍ ကရုဏာ တော်အားဖြင့် အဘယ်သို့လျှင် ဟောကြားညွှန်ပြဆုံးမတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည်၊ ယမန်နေ့က လျှောက်ထားအပ်ပြီးသောအတိုင်း နှစ်ဘာဏဝါရ အတိုင်းအရှည်ရှိသော မဟာသုဒဿန သုတ္တန်ကို ဟောကြားတော်မူပြီးသည်၏ အဆုံးဝယ် သန်းခေါင်ယံအခါ၌ ကုသိနာရုံပြည် မလ္လာမင်းတို့၏ ရှိခိုးဝပ်စင်း ဦးညွှတ်ခြင်းကို ခံယူတော်မူပြီးသည်မှ နောက်ကာလဝယ် ကုဋေလေးဆယ် ကြွယ်ဝသော **ဗြာဟ္မဏမဟာသာလ** အမျိုးမှ ပရိဗိုဇ်ရဟန်းပြုခဲ့သော သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်ရဟန်းသည် ဤသို့ အကြံဖြစ်ပါသည်၊

ရှေးရှေးသော လွန်လေ လွန်လေပြီးသော ကြီးစွာသော ပရိဗိုဇ်တို့၏ အထံမှ တရံတခါမှသာလျှင် **သမ္မာသမ္ဗုဒ္ဓ** ဘုရားရှင် တို့သည် လောကဝယ် ပွင့်ပေါ်တော် မူကြကြောင်း ငါ ကြားရဘူးပါသည်၊

ယနေ့ပင် ညဉ့်၏ ပစ္ဆိမယံလွန်မြောက်သောအခါ သမ္မာသမ္ဗုဒ္ဓအမည်ရသည့် ရဟန်းကြီး ဂေါတမသည်လည်း ပရိနိဗ္ဗာန်စံတော်မူတော့မည်တဲ့၊

ငါ့မှာလည်း တခုသော သံသယ မရှင်းမလင်းဖြစ်၍ နေပါသည်၊ ထိုမရှင်းမလင်းသော သံသယကို ရဟန်းကြီးဂေါတမသာလျှင် ပယ်ဖျောက်နိုင်လိမ့်မည်ဟု ငါယုံကြည်ပေသည် ဟု အကြံဖြစ်ပြီးလျှင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်အတွင်း ဘုရားသခင်ပရိနိဗ္ဗာန်စံတော်မူမည့် ညောင်စောင်းသို့ အနည်းသို့ ချဉ်းကပ်ပြီးလျှင် ရှင်အာနန္ဒာ ထံမှောက်သို့ သွားရောက်၍—

http://www.dhammadownload.com



မိမိသည် ဤသို့ ကြားဘူးကြောင်း၊ ဤသို့ ဤသို့ ယုံမှားသံသယရှိကြောင်း၊ ဤယုံမှား သံသယကို သမ္မာသမ္ဗုဒ္ဓဘုရားသာလျှင် ပယ်ရှားနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မြတ်စွာဘုရားကို ဖူးမျှော်ရန် အခွင့်ပြုပါမည့်အကြောင်း ရှင်အာနန္ဒာအထံဝယ် ခွင့်တောင်းသောအခါ—

အလံ အာဝုသော သုဘဒ္ဒ၊ မာ တထာဂတံ ဝိဟေဌေသိ၊ ကိလန္တော ဘဂဝါ၊ မတော်ပါဘူး သုဘဒ္ဒ၊ သဗ္ဗညုမြတ်စွာဘုရားကို ပင်ပန်းအောင် မပြုပါလင့်၊ ဘုရားရှင်သည် လွန်စွာ့လွန်စွာပင်ပန်း၍ နေပါပြီ ဟု မိန့်ကြားတော်မူသောအခါ နှစ်ကြိမ်မြောက်ငင်း သုံးကြိမ်မြောက်ငင်း တောင်းပန်ပါသည်၊

နှစ်ကြိမ်မြောက် သုံးကြိမ်မြောက်လည်း ရှင်အာနန္ဒသည် ဟန့်တားတော်မူပါသည်၊ ထိုသို့ အချင်းချင်း စကား နှီးနှောပြောသံကို သဗ္ဗညုမြတ်စွာဘုရား ကြားတော်မူသဖြင့်—

အလံ အာနန္ဒ မာ သုဘဒ္ဒံ ဝါရေသိ အစရှိသည်ဖြင့် ချစ်သား အာနန္ဒာ မသင့်တော်ဘူး သုဘဒ္ဒကို မတားမြစ်လေနှင့်၊ အကြင် ပုစ္ဆာပြဿနာကို သုဘဒ္ဒသည် ငါဘုရားအား မေးလျှောက်အံ့၊ ထိုမေးလျှောက်သော ပြဿနာကို အရဟတ္တဖိုလ်သို့ ရည်ရွယ်ရှေးရှု၍သာလျှင် မေးလိမ့်မည် ဖြစ်သည်၊ ငါဘုရား ပင်ပန်းမှုကို ရည်ရွယ်၍ မေးလိမ့်မည်မဟုတ်၊ ငါဘုရားဖြေကြားသော စကားကိုလည်း လျှင်မြန်စွာ သိလိမ့်မည်၊ ချစ်သားအာနန္ဒာ....သုဘဒ္ဒ ပရိဗိုဇ်ကို ရှေးဘုရားတို့အတူ လာခြင်းကောင်းတော်မူသော ငါဘုရားအား ဖူးမျှော်ခွင့်ကို ပြုပါ ဟု မိန့်ကြားတော်မူသည်တွင် ရှင်အာနန္ဒာ၏ ခွင့်ပြုချက်အရ သုဘဒ္ဒပရိဗိုဇ်သည် သဗ္ဗညုမြတ်စွာဘုရားထံမှောက်သို့ ရောက်ရှိ၍ ရှိသေစွာ ရှိခိုးပြီးလျှင် အပြစ်ခြောက်ပါးလွတ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌ နေထိုင်ပြီးလျှင်—

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား...ဤလောကဝယ် ဆသတ္ထာရအမည်ရသော ဘုရားအမည်ခံ တိတ္ထိဆရာကြီးခြောက်ဦးတို့ ထင်ရှားရှိကြပါကြောင်း၊

ထိုတိတ္ထိဆရာကြီး ခြောက်ဦးလုံးပင်လျှင် မိမိတို့ဝန်ခံချက်အတိုင်း သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် စင်စစ်ဖြစ်ကြပါကုန်သလော၊သို့မဟုတ်ခြောက်ဦးလုံးပင် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်မဟုတ်ဘဲ

http://www.dhammadownload.com



ရှိကြပါကုန်သလော၊ သို့မဟုတ် ထိုခြောက်ဦးထည်းမှ အချို့ကား သမ္မာသမ္ဗုဒ္ဓ ဘုရား စင်စစ်ဖြစ်၍ အချို့ကား သမ္မာသမ္ဗုဒ္ဓ ဘုရားမဟုတ်ဟူ၍ မှတ်ရမည်လော ဟု အမေးပုစ္ဆာပြဿနာကို လျှောက်ထားပါသည်၊

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားက အလံ သုဘဒ္ဒ တိဋ္ဌ တေတံ အစရှိသည်ဖြင့်—

ချစ်သား သုဘဒ္ဒ....ဤစကားကို ပြောဆိုရန်မသင့်ပါ၊ ဤစကားကို ဤနေရာတွင် ရပ်တန့်ပါ၊

ဓမ္မံ တေ သုဘဒ္ဒ ဒေသေဿာမိ၊ တံ သုဏာဟိ သာဓုကံ မနသိကရောဟိ ဘာသိဿာမိ—ချစ်သား သုဘဒ္ဒ....သင့်အား နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းသက်သက်ကိုသာလျှင် ငါဘုရားဟောကြားပါအံ့၊ ထိုငါဘုရားဟောကြားမည့် **မဇ္ဈိမပဋိပဒါ** နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားစကားကို သင်ချစ်သားသည် နာကြားပါလော့၊ ရိုသေစွာ နှလုံးသွင်းပါလော့ဟု တိုက်တွန်းတော်မူပြီးလျှင် ယသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ န ဥပလဗ္ဘတိ အစရှိသည်ဖြင့်—

ချစ်သား သုဘဒ္ဒ....ဓမ္မဝိနယ အမည်ရသည့် အမှတ်မထင် အကြင်သာသနာ၀ယ် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင် တည်းဟူသော အရိယမဂ္ဂင်ရှစ်ပါးကို မရအပ် မသိအပ်၊ ထိုမရအပ် မသိအပ်သော သာသနာ၀ယ် သောတာပန် ရဟန်းဟူ၍လည်းမရှိနိုင်ကြောင်း သကဒါဂါမ် ရဟန်းဟူ၍လည်း မရှိနိုင်ကြောင်း အနာဂါမ်ရဟန်း, ရဟန္တာရဟန်းဟူ၍လည်း မရှိနိုင်ကြောင်း၊

ချစ်သား သုဘဒ္ဒ....အကြင်သာသနာ၌ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပမဂ္ဂင် အစရှိသော အဋ္ဌင်္ဂိက အရိယမဂ္ဂင်ရှစ်ပါး ထင်ရှားရှိ၏၊ အဋ္ဌင်္ဂိက မဂ္ဂင်ရှစ်ပါးကို ရအပ်၏၊ သိအပ်၏၊ ထိုသာသနာ၌သာလျှင် ပဌမရဟန်းတော်ဖြစ်သည့် သောတာပန် ရဟန်းကိုလည်း ရနိုင်ကြောင်း၊ ဒုတိယရဟန်းဖြစ်သည့် သကဒါဂါမ်ရဟန်းကို လည်း ရနိုင်ကြောင်း၊ တတိယရဟန်းဖြစ်သည့် အနာဂါမ်ရဟန်းကိုလည်း ရနိုင်ကြောင်း၊ စတုတ္ထရဟန်းဖြစ်သည့် ရဟန္တာအသျှင်သူမြတ်ကိုလည်း ရနိုင်ကြောင်း၊

http://www.dhammadownload.com



ချစ်သား သုဘဒ္ဒ...ဤငါဘုရား၏ တရားသဖြင့် ဆုံးမရာ သာသနာတော်မှာမူ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဇ္ဈိမပဋိပဒါ ရှစ်ဖြာသော အရိယမဂ္ဂင် အဋ္ဌင်္ဂိကတရားတို့ကို အစ၌လည်း ဟောကြားအပ်၍ အလယ်၌လည်း ဟောကြားအပ်၍ ယခုအခါလည်း ဟောကြားအပ်ဆဲဖြစ်သဖြင့် ထိုအဋ္ဌင်္ဂိက မဂ်တရားတို့သည် အစ, အလည်, အဆုံး တရားတိုင်း တရားတိုင်း မှာပင် ရအပ်ကြောင်း၊

ဤသာသနာတော်မှာပင်လျှင် သောတာပန်ရဟန်း, သကဒါဂါမ်ရဟန်း, အနာဂါမ်ရဟန်း, ရဟန္တာရဟန်း ဟူ၍ ရဟန်းတော်လေးမျိုးရရှိနိုင်ကြောင်း ဤသာသနာပြင်ပဖြစ်သော ဗာဟိရကအယူတို့မှာမူ အဋ္ဌင်္ဂိကမဂ္ဂင် တည်းဟူသော မဇ္ဈိမပဋိပဒါ တရားမရှိသဖြင့် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်နိုင်သည့် ရဟန်းတော်တို့မှ ဆိတ်သုဉ်း၍နေကြောင်း၊

ချစ်သား သုဘဒ္ဒ....ဤငါဘုရား၏သာသနာတော်ဝယ် ရဟန်းတော် အရှင်မြတ်တို့သည် ကောင်းစွာသာလျှင် အဋ္ဌင်္ဂိကမဂ္ဂင်ကို ကျင့်သုံး၍ငင်း အဋ္ဌင်္ဂိက မဂ္ဂင်တရားကို ဟောကြား၍ငင်း နေကြပါကုန်မူ ဤလောကကြီးသည် မည်သောအခါမျှ ရဟန္တာတို့မှ ဆိတ်သုဉ်းလိမ့်မည် မဟုတ် ဟူ၍ မိန့်ကြားတော်မူပါသည်၊

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် ဝမ်းမြောက်ဝမ်းသာ သရဏဂုံခံ၍ ဘုရား ထံဝယ် ရဟန်းပြုရပါလိုကြောင်း၊ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရလိုပါကြောင်း ခွင့်တောင်းသည်တွင် ရှင်အာနန္ဒာကို သဗ္ဗညုမြတ်စွာဘုရားသည် ထိုခဏမှာပင် ရှင်ရဟန်းပြုလုပ်စေပါသည်၊

ရှင်ရဟန်းပြုပြီး၍ မကြာမြင့်မီမှာပင်လျှင် တရားကို အားထုတ်ရာ ထို သုဘဒ္ဒ ရဟန်းတော်သူမြတ်သည် အရဟတ္တဖိုလ်တိုင်ရောက် ပေါက်ရောက် တော်မူခဲ့ပါသည်၊

ဤသို့လျှင် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော သမ္မာ-သမ္ဗုဒ္ဓ ဘုရားသခင်ကိုယ်တော်မြတ်သည် ဗုဒ္ဓသာဝက ဗုဒ္ဓဝေနေယျတို့တွင် နောက်ဆုံးမျက်မှောက် တပည့်သာဝကဖြစ်သော သုဘဒ္ဒ ပရိဗိုဇ်ကို **အဋ္ဌင်္ဂိက မဂ္ဂင်** ဒေသနာတရားဖြင့် အရဟတ္တဖိုလ်တိုင်ရောက်အောင် ဟောကြား ဆုံးမ တော် မူခဲ့ပါသည် အရှင်ဘုရား။ ။

သုဘဒ္ဒ ပရိဗိုဇ် ချွတ်ခဏ်း ပြီး၏

http://www.dhammadownload.com



## ပရိနိဗ္ဗာန်စံခါနီး မိန့်ခွန်းတော်များ

ပုစ္ဆာ။ ။ပစ္ဆိမေ ပနာဝုသော ကာလေ ဘဂဝါ အာယသ္မတော အာနန္ဒဿ ကိံဒိသံ ဝစနံ ကထေတွာ၊ ကထဉ္စ ဘိက္ခူ ပဝါရေတွာ၊ ကိံဒိသံ စ ဘိက္ခူနံ ဝစနံ အာမန္တေတွာ၊ ကထဉ္စ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ၊

ဝိဿဇ္ဇနာ။ ။ဘဂဝါ ဘန္တေ ပစ္ဆိမေ ကာလေ အာယသ္မတော အာနန္ဒဿ သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ အတီတသတ္ထုကံ ပါဝစနံ နတ္ထိ နော သတ္ထာတိ ဧဝမာဒိကံ ဝစနံ ကထေတွာ၊ သိယာ ခေါ ပန ဘိက္ခဝေ ဧကဘိက္ခုဿာပိ ကင်္ခါ ဝါ ဝိမတိ ဝါ ဗုဒ္ဓေ ဝါ ဓမ္မေ ဝါ သံဃေ ဝါ မဂ္ဂေ ဝါ ပဋိပဒါယ ဝါတိ ဧဝမာဒိနာ ဘိက္ခူ ပဝါရေတွာ၊ ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထာတိ ပစ္ဆိမဉ္စ ဩဝါဒဝစနံ ဘိက္ခူနံ အာမန္တေတွာ၊ နဝ အနုပုဗ္ဗသမာပတ္တိယော အနုလောမံ ပဋိလောမံ သမာပဇ္ဇိတွာ၊ စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ။

အမေး။ ။ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန်စံတော့မည့် ဆဲဆဲဖြစ်သော နောက်ဆုံးအချိန်အခါ ကာလဝယ် အရှင်အာနန္ဒာ မထေရ်အား အဘယ်သို့ သော စကားတော်ကို မှာထား တော်မူခဲ့ပါသနည်း၊ ထို့ပြင် ရဟန်းတော်တို့ကို အဘယ်သို့လျှင် ဘိတ်ကြားတော်မူခဲ့ပါသနည်း၊ ထို့ပြင် ရဟန်းတော်တို့အား အဘယ်သို့သော နောက်ဆုံးစကားကို မိန့်ကြားတော်မူပြီးလျှင် ရုပ် နာမ် ခန္ဓာ အကြွင်းမရှိသော ချုပ်ငြိမ်းခြင်းတည်းဟူသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် အဘယ်သို့လျှင် ဝင်စံတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင်သည် ပရိနိဗ္ဗာန် ဝင်စံအံ့ဆဲဆဲဖြစ်သော နောက်ဆုံးအခါကာလဝယ် အရှင်အာနန္ဒာမထေရ်မြတ်အား သိယာ ခေါ ပနာနန္ဒ တုမှာကံ ဧဝမဿ အစရှိသည်ဖြင့်—

http://www.dhammadownload.com



ချစ်သားအာနန္ဒာ၊ သင်ချစ်သားတို့၏ စိတ်ဝယ် "ငါတို့ဆရာဘုရား၏ စကားတော်တွေသည် လွန်ပြီးသော ဆရာဘုရားရှိချေပြီတကား၊ ငါတို့မှာ ဆရာဘုရား ကွယ်လွန်ခဲ့လေပြီတကား" ဟူ၍ စိတ်အကြံဖြစ်လျှင် ဖြစ်ပေလိမ့်မည်၊

န ခေါ ပနေတံ ဧဝံ ဒဋ္ဌဗ္ဗံ–ချစ်သားအာနန္ဒာ····ဤစကားကို ဤအရာကို ဤသို့မမှတ်သင့် မမှတ်ထိုက်ချေ၊ ချစ်သား အာနန္ဒာ၊ သင်ချစ်သားတို့အား ငါဘုရားသည် လေးဆယ့်ငါးဝါကာလကြာအောင် သုတ် အဘိဓမ္မာ ဝိနည်း တည်းဟူသော တရားတော်များကို ပညတ်ဟောကြားတော်မူအပ်လေပြီ၊

ထို သုတ် အဘိဓမ္မာ ဝိနည်း တည်းဟူသော ဓမ္မ ဝိနယ အားဖြင့် နှစ်ပါး၊ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန်အားဖြင့် ရှစ်သောင်းလေးထောင်သော ဘုရား၏ စကားတော်တို့သည် ငါဘုရား ပရိနိဗ္ဗာန်စံပြီးသည်နောက် ရှစ်သောင်းလေးထောင်သော ဆရာဘုရားတို့၏ အရာ၌ တည်၍ သင်ချစ်သားတို့အား ဆုံးမဟောကြားရစ်လိမ့်မည်၊

ချစ်သား အာနန္ဒာ····ယခုအခါဝယ် ရဟန်းတော်တို့သည် ငါဘုရား သက်တော်ရှိစဉ် ကာလ၌ အချင်းချင်း မထေရ်ကြီးက မထေရ်ငယ်ကိုငင်း သီတင်းငယ်က မထေရ်ကြီးကိုငင်း အာဝုသော အာဝုသောနှင့် ငါ့ရှင် ငါ့ရှင် ဟူ၍ ကိုယ်ရိုပ်သတူထား၍ ပြောကြားဘိသကဲ့သို့ ငါဘုရား ပရိနိဗ္ဗာန်လွန်သော ကာလဝယ် ဤသို့ မပြောကြားအပ် မပြောကြားကြလေလင့်၊

ငါဘုရား ပရိနိဗ္ဗာန်စံပြီးသည်မှ နောက်ကာလဝယ် သီတင်းငယ်ဖြစ်သော ရဟန်းတော်က သီတင်းကြီးဖြစ်သော မထေရ်သူမြတ်အား အာယသ္မာ ဟူ၍ ငင်း ဘန္တေဟူ၍ ငင်း အရှင်ဘုရားဟူ၍ ရိုသေစွာ ပြောကြားရမည်၊

သီတင်းကြီးဖြစ်သော မထေရ်သူမြတ်က သီတင်းငယ်ဖြစ်သော ရဟန်းကို အမည်ဖြင့် ဖြစ်စေ အနွယ်ဖြင့်ဖြစ်စေ အာဝုသော ငါ့ရှင်ဟူ၍ မြတ်နိုးစွာ ချစ်ခင်ယုယစွာ ခေါ်ကြားသော ဝေါဟာရမျိုးဖြင့် ဖြစ်စေ ခေါ်ဝေါ် ပြောဆို ရမည်၊

ချစ်သား အာနန္ဒာ....ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သံဃာတော်သည် အလိုရှိပါမူ **ခုဒ္ဒါနုခုဒ္ဒက** သိက္ခာပုဒ်များကို လျှော့လိုမူ လျှော့နိုင်သည်၊

http://www.dhammadownload.com



ချစ်သား အာနန္ဒာ....ငါဘုရားပရိနိဗ္ဗာန်စံပြီးသည့်နောက် ဆန္န မထေရ်ကို ဗြဟ္မဒဏ်ထားရမည် ဟု မိန့်ကြားတော်မူပြီးလျှင်—

ရဟန်းတော်အများတို့ကို သိယာ ခေါ ပန ဘိက္ခဝေ ကေဘိက္ခုဿာပိ ကင်္ခါ ဝါ ဝိမတိ ဝါ ဗုဒ္ဓေ ဝါ ဓမ္မေ ဝါ သံဃေ ဝါ မဂ္ဂေ ဝါ ပဋိပဒါယ ဝါ အစရှိသည်ဖြင့်—

ချစ်သားရဟန်းတို့....ယခုစည်းဝေးနေကြသော ရဟန်းတော်အပေါင်းတို့တွင် တပါးပါးသော ရဟန်းအားလည်း ဘုရား၌သော်၎င်း, တရား၌သော်၎င်း, သံဃာ၌သော်၎င်း, မဂ်လေးပါး၌သော်၎င်း, ထိုမဂ်လေးပါးသို့ ရောက်ကြောင်း အကျင့်ပဋိပတ်၌သော်၎င်း ယုံမှားမှုကင်္ခါ, တွေးတောမှု ဝိမတိ ရှိသော်မူ ရှိကြလေရာ၏၊

ချစ်သားရဟန်းတို့....ယခုကပင် မေးကြကုန်၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ—ငါတို့မှာ မြတ်စွာဘုရားသက်တော်ထင်ရှား ရှိတော်မူသည်ကို ဖူးမြင်လိုက်ရပါ၏၊ သို့စေကာမူ နောက်ဆုံးကာလဝယ် သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို မျက်မှောက်ထင်ထင် မမေးမြန်းလိုက်ရ ဟု နောက်ကာလ ကျခါမှ ပစ္ဆာတာပ နောင်တတဖန် ပူပန်ခြင်း မဖြစ်ကြကုန်လင့် ဟု မိန့်ကြားတော်မူပါသည်၊

ထိုအခါ အားလုံးသော ရဟန်းတော်တို့သည် ဆိတ်ဆိတ်သာလျှင် နေကြပါကုန်သည်၊ ဤနည်းဖြင့် သုံးကြိမ်တိုင်မေးမြန်းသော်လည်း သုံးကြိမ်တိုင်တိုင် ဆိတ်ဆိတ်နေရာဘွင်—

သိယာ ခေါ ပန ဘိက္ခဝေ သတ္ထုဂါရဝေန ပိ န ပုစ္ဆေယျာထ အစရှိသည်ဖြင့် ချစ်သား ရဟန်းတို့....သင်ချစ်သားတို့သည် ငါဘုရားအပေါ်ဝယ် ရိုသေခြင်း ပြင်းထန်လှသဖြင့် မမေးကြဘဲ ရှိသော်မူလည်း ရှိလေရာ၏၊

သဟာယကော ပိ ဘိက္ခဝေ သဟာယကဿ အာရောစေတု သီတင်းသုံးဘော်အချင်းချင်းဖြစ်စေ မိတ်ဆွေအချင်းချင်း တိုးတိုးတိတ်တိတ်ဖြစ်စေ ပြောဆိုနိုင်ခွင့်ရှိသည် ဟု မိန့်ကြားတော်မူပါသော်လည်း သုံးကြိမ်သာလျှင် ရဟန်းတော်တို့သည် ဆိတ်ဆိတ်သာလျှင် နေကြပါကုန်သည်၊

ထိုအခါ အသျှင်အာနန္ဒာမထေရ်သည်ကြောက် ဝေ ပသန္နော အဟံ ဘန္တေ ဣသ္မိံ ဘိက္ခုသံဃေ အစရှိသည်ဖြင့်—

http://www.dhammadownload.com



ရှင်တော်ဘုရား....ယခု စည်းဝေးမိကြတဲ့ သံဃပရိသတ်ဝယ် တပါးသော ရဟန်းအားမျှ ဘုရား တရား သံဃာ တနာသုံးပါး၌၎င်း မဂ်လေးပါး၌၎င်း မဂ်သို့ရောက်ကြောင်း အကျင့်ပဋိပတ်၌၎င်း ယုံမှားသံသယမရှိကြောင်း ဘုရားတပည့်တော်ယုံကြည်ပါသည် ဟု လျှောက်ထားသောအခါ—

သင်ချစ်သားကား ယုံကြည်သဖြင့် ပြောကြားလေသည်၊ စင်စစ်သော်ငါဘုရား၏ ဉာဏ်ဝယ် ထင်ရှားစွာ သိပြီးပင် ဖြစ်လေတော့သည်၊ ချစ်သားအာနန္ဒာ ယခု စည်းဝေးနေကြသော ရဟန်းတော်များအနက် အငယ်ဆုံးဂုဏ်အားဖြင့် အယုတ်ဆုံးရဟန်းသည် သောတာပန်ရဟန်းသာလျှင် ဖြစ်သည်၊ ဤရဟန်းတော် အပေါင်းတို့တွင် တစုံတဦးသော ရဟန်းတော်အားမျှ ယုံမှားသံသယဟူ၍ မရှိကြောင်း မိန့်ကြားတော်မူပါသည်၊

## နောက်ဆုံး မိန့်ခွန်းတော်

သို့ မိန့်ကြားတော်မူပြီးလျှင် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် နောက်ဆုံး စကား မှာကြားတော်မူသောအားဖြင့်—

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" အားတော်ကို တမင် ဆောင်တော်မူပြီးလျှင် ပင်ပန်းခြင်းကို ပယ်ဖျောက်တော်မူလျက်—

ချစ်သားတို့ ယခုအခါဝယ် နောက်ဆုံးမှာကြားခြင်းဖြင့် မှာကြားခဲ့မည်၊ သင်ချစ်သားတို့ ကိုယ်ခန္ဓာဝယ် ထင်ရှားရှိနေသော ရုပ် နာမ်ဓမ္မ ဤသင်္ခါရတရားတို့သည် ခဏအတွင်း၌ဖြစ်၍ ရေပွက်ပမာ ခဏအတွင်း၌ ပျက်စီးခြင်းသဘောရှိကြကုန်သည်၊

ချစ်သားတို့ သင်ချစ်သားတို့သည် ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့အပေါ်ဝယ် အနိစ္စဟူ၍ ရှုခြင်း ဒုက္ခဟူ၍ရှုခြင်း အနတ္တဟူ၍ ရှုခြင်း တည်းဟူသော သတိ မလစ်သော အပ္ပမာဒ တရားဖြင့် သင်ချစ်သားတို့ ပြည့်စုံကြစေကုန် ဟု၊ နောက်ဆုံးဩဝါဒစကား မိန့်ကြားတော်မူပြီးလျှင် အနုပုဗ္ဗဝိဟာရ သမာပတ္တိခေါ်သော သမာပတ်ကိုးပါးတို့ကို ဝင်စားတော်မူပါသည်၊

## စျာန်သမာပတ် ဝင်စားရာမှ ပရိနိဗ္ဗာန်ပြုခြင်း

ရှေးဦးစွာ ပဌမစျာန်ကို ဝင်စားတော်မူပါသည်၊ ပဌမစျာန်မှ ထသော အခါ ဒုတိယစျာန်ကို ဝင်စားတော်မူပါသည်၊ ဒုတိယစျာန်မှ ထသော အခါ

http://www.dhammadownload.com



တတိယဈာန်၊ ထိုမှထသောအခါ စတုတ္ထဈာန်၊ ထိုစတုတ္ထဈာန်မှထသောအခါ အာကာသာနဉ္စာယတနသမာပတ်၊ ထိုမှထသောအခါ ဝိညာဏဉ္စာယတနသမာပတ်၊ထိုမှထသောအခါ အာကိဉ္စညာယတနသမာပတ်၊ ထိုမှထသောအခါ နေဝသညာနာသညာယတနသမာပတ်ကို ဝင်စားတော်မူပါသည်၊ ထိုနေဝသညာနာသညာယတနသမာပတ်မှ ထသောအခါဝယ် သညာဝေဒယိတနိရောဓ သမာပတ်ကို ဝင်စားတော်မူပါသည်၊

ထိုအခါဝယ် အရှင်အာနန္ဒာမထေရ်က "ပရိနိဗ္ဗုတော ဘန္တေ အနုရုဒ္ဓ ဘဂဝါ" အရှင်ဘုရား အနုရုဒ္ဓါ...မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူပါပြီလား ဟု လျှောက်ထားပါသည်၊

နာဝုသော အာနန္ဒ ဘဂဝါ ပရိနိဗ္ဗုတော၊ သညာဝေဒယိတ နိရောဓံ သမာပန္နော

ငါ့ရှင် အာနန္ဒာ.... မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းသည် မဟုတ်ပါသေး၊ "သညာဝေဒယိတ" သညာ, ဝေဒနာ အစရှိသော နာမ်ခန္ဓာ လေးပါး ထိုနာမ်ခန္ဓာ လေးပါးကြောင့် ဖြစ်သော စိတ္တဇရုပ်တရားတို့ ချုပ်ငြိမ်းရာ ဖြစ်တဲ့ **နိရောဓသမာပတ်**ကို ဝင်စားတော် မူနေဆဲ ဖြစ်ပါသည် ဟု မိန့်ကြားတော်မူပါသည်၊

ထိုအခါ မြတ်စွာဘုရားသည် နိရောဓသမာပတ်မှ ထပြီးလျှင် ပဋိလောမ နောက်ပြန်အားဖြင့် နေဝသညာနာသညာယတနသမာပတ်ကို ဝင်စားတော်မူပါသည်၊ ထိုမှထ၍ အာကိဉ္စညာယတန သမာပတ်၊ ထိုမှထ၍ ဝိညာဏဉ္စာယတန သမာပတ်၊ ထိုမှထ၍ အာကာသာနဉ္စာယတန သမာပတ်၊ ထိုမှထ၍ စတုတ္ထဈာန်၊ ထိုမှထ၍ တတိယဈာန်၊ ထိုမှထ၍ ဒုတိယဈာန်၊ထိုမှထ၍ ပဌမဈာန်ကို ဝင်စားတော်မူပါသည်၊

လောက ဥပမာအားဖြင့် အရပ်တပါးသို့ ဖဲသွားလိုသော ဖခင်သည် မိမိအား ချစ်ကျွမ်းဝင်သော သားသမီးတို့ကို အစဉ်တစိုက်ထား၍ လက်ဆွဲနှုတ်ဆက်သကဲ့သို့ နောက်ဆုံးဝင်စားခြင်း အနေဖြင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ပဌမဈာန်ကို ဝင်စားတော်မူပါသည်၊ ထိုပဌမဈာန်မှ ထသော

http://www.dhammadownload.com



အခါ ဒုတိယစျာန်ကို ဝင်စားတော်မူပါသည်၊ ထိုဒုတိယစျာန်မှ ထသောအခါ တတိယစျာန်ကို ဝင်စားတော်မူပါသည်၊ ထိုတတိယစျာန်မှ ထသောအခါ စတုတ္ထစျာန်ကို ဝင်စားတော်မူပါသည်၊

ထိုစတုတ္ထစျာန်ကို ဝင်စားတော်မူပြီးသောအခါ စတုတ္ထစျာန်မှထ၍ ထို စတုတ္ထစျာန်ဝယ် ထင်ရှားရှိသော ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော စျာန် အင်္ဂါနှစ်ပါးကို ဆင်ခြင်သော ပစ္စဝေက္ခနာ ဇောဝါရ၏ အခြားမဲ့၌ မူလ ပဋိ သန္ဓေစိတ်နှင့် ဘုံ, ဇာတ်, သန္တာန် စသည် အလုံးစုံ တူသော မဟာဝိပါက် ပဥ္စမအသင်္ခါရိက ဘဝင်စိတ်ဖြင့် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုမြတ်စွာဘုရားသည် ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ် သိမ်းတော်မူခဲ့ပါသည် အရှင်ဘုရား။

မဟာပရိနိဗ္ဗာနသုတ် အမေးအဖြေ ပြီး၏

---

## ဇနဝသဘသုတ်တော် အမေးအဖြေ

ပုစ္ဆာ။ ။မဟာသုဒဿနသုတ္တံ ပနာဝုသော ပုရိမဒိဝသေ ပုစ္ဆိတဥ္စ ဝိဿဇ္ဇိ-တဥ္စ၊ ဇနဝသဘသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။နာတိကေ ဘန္တေ ဂိဉ္ဇကာဝသထေ အာယသ္မန္တံ အာနန္ဒံ အာရဗ္ဘ ဘာသိတံ၊ အာယသ္မာ ဘန္တေ အာနန္ဒော မာဂဓကေ ပရိစာရကေ အာရဗ္ဘ ဘဂဝတော သမ္မုခါ ပရိကထံ ကထေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။မဟာသုဒဿန သုတ်တော်ကြီး၏ အကြောင်းအရာကို ယမန်နေ့ကပင် မေးခဲ့ ဖြေခဲ့ပြီ၊ နတ်ပြည်၌ နတ်သဘင် စည်းဝေးခြင်း၊ ထို နတ်သဘင် အစည်းအဝေး၌ နတ်ဗြဟ္မာတို့ တရားဟောခြင်းနှင့်တကွ မဂဓ တိုင်းမှ စုတေကြသော ပုဂ္ဂိုလ်အများတို့တွင် နှစ်သိန်းလေးသောင်းသော မြတ်စွာဘုရား၏ တပည့်သား သာဝက ဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် အရိယာ တရားထူး တရားမြတ်နှင့် ပြည့်စုံကြောင်းကို ဖော်ပြရာဖြစ်သော ဇနဝသဘ အမည်ရှိသော သုတ္တန်တရားတော်မြတ်ကို မြတ်စွာဘုရားသခင်သည် ဘယ်

http://www.dhammadownload.com



အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။နာတိကမြို့ အုတ်ကျောင်း၌ သီတင်းသုံး စံနေတော်မူသောအခါ ရှင်အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊

အနည်းငယ်မျှ ဖွင့်ပြလျှောက်ထားလိုပါသည်၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် နာတိကမြို့ အုတ်ကျောင်း၌ သီတင်းသုံး စံနေတော်မူသောအခါ ထက်ဝန်းကျင် ကာသိ, ကောသလတိုင်း အစရှိသည်တို့၌ မြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်ကြသော ပုဂ္ဂိုလ်တို့၏ ဉာဏဂတိ, ဉာဏသမ္ပရာယ အလားကို ဟောကြားတော်မူခဲ့ပါသည်၊

နာတိက မြို့သူမြို့သားတို့အတွက်လည်း ငါးဆယ်ကျော်သော နာတိက မြို့သူမြို့သားတို့ အနာဂါမ်ဖြစ်ကြောင်း၊ ကိုးဆယ်ကျော် သကဒါဂါမ်ဖြစ်ကြောင်း၊ ငါးရာကျော် သောတာပန် ဖြစ်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကို ကြားသဖြင့် နာတိက မြို့သူ မြို့သားတို့ လွန်စွာ အားရမ်းဝမ်းမြောက်ကြပါသည်၊

ထိုအကြောင်းကို အရှင်အာနန္ဒာ မထေရ်သူမြတ် ကြားတော်မူသောအခါ အကြံဖြစ်သည်မှာ—

မြတ်စွာဘုရားသည် ကာသိ ကောသလ အစရှိသော တိုင်း၌ နေကြသော တပည့်သား သာဝကတို့ကိုသာ တမလွန်လောက မဂ် ဖိုလ် တည်းဟူသော အဘိသမ္ပရာယကို ဖြေကြားဟောကြားတော်မူပေသည်၊ နာတိက မြို့သူမြို့သားတို့ အတွက်လည်း ဟောကြားတော် မူပေသည်၊ သို့ဟောကြားတော်မူခြင်းဖြင့် နာတိက မြို့သူမြို့သားတို့သည် လွန်စွာကြည်ညိုခြင်း ဖြစ်ကြရသည်၊

ဤ မဂဓတိုင်းသူ ဗိုလ်လူများစွာ ဉပါသကာတို့သည်လည်း ဘုရား၌ရှင်း တရား၌ရှင်း သံဃာ၌ရှင်း လွန်စွာလွန်စွာ ကြည်ညိုကြလေကုန်သည်၊ မဂဓတိုင်းသည် မြတ်စွာဘုရား၏ တပည့်သား သာဝကတို့ စုတိပြတ်ကြွေ သေလွန်ကြသဖြင့် ဆိတ်သုဉ်းမတတ် ရှိကြချေသည်၊ ထိုမဂဓတိုင်းသူ ဉပါသကာ ဉပါသိကာတို့အတွက်ကား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဉာဏသမ္ပရာယ, ဉာဏဂတိ တည်းဟူသော မဂ်ဖိုလ် အလားကို ဟောကြားတော် မမူချေ၊

http://www.dhammadownload.com



ဤတွင်မျှမက ဘုရင်ဗိမ္ဗိသာရမင်းသည်လည်း တရားကို စောင့်၍ တရားနှင့်ယှဉ်သော ဓမ္မိကမင်းပင် ဖြစ်ချေသည်။ ဗြာဟ္မဏမဟာသာလတို့ သည်ပင် များစွာ အားရမ်း ဝမ်းမြောက်ခြင်း ဖြစ်ကြရချေသည်၊ ထိုဘုရင် ဗိမ္ဗိသာရမင်းသည်လည်း ရတနာ သုံးတန်ကို လွန်စွာ လွန်စွာ သက်ဝင်၍ မတုန်မလှုပ်သူ ဖြစ်ပေသည်၊ ထိုဘုရင် ဗိမ္ဗိသာရ ဘဝတမလွန် ပြောင်းသွား သည်ကိုလည်း သဗ္ဗညုမြတ်စွာဘုရားသည် ဉာဏဂတိ တည်းဟူသော ဉာဏ် ပညာ၏အလား မည်သည့် မဂ်ဖိုလ်သို့ ရောက်သည် ဟု မိန့်ကြားတော်မမူချေ၊

ထိုဘုရင် ဗိမ္ဗိသာရမင်းနှင့်တကွ မဂဓတိုင်းသူတို့၏ ဉာဏဂတိ တည်းဟူသော ဉာဏ်ပညာ၏ အလား မဂ်ဖိုလ်သို့ရောက်ကြပုံကို သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဟောကြားဘို့ရန် တောင်းပန်ရပါမူ ကောင်းလေစွ၊ မဂဓတိုင်းသူတို့သည် ပိုလွန်၍ သဒ္ဒါတရားဖြစ်ဘွယ် ရှိချေသည်၊

ဤတွင်မျှမက မြတ်စွာဘုရား၏ **အဘိသမ္ဗောဓိ** ခေါ်သော သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူခြင်းသည် ဤမဂဓတိုင်းမှာပင် ဖြစ်ပေသည်၊ အဘိသမ္ဗောဓိကို ရတော်မူရာ ဤမဂဓတိုင်းသူတို့၏ ဤမဂဓတိုင်း၌နေသော တပည့်သား သာဝကတို့၏ **ဉာဏဂတိ** တည်းဟူသော မဂ်ဖိုလ်အလားကို မေးမြန်း လျှောက်ထားရပါမူ အဘယ်မှာလျှင် မြတ်စွာဘုရားသည် ဖြေကြား တော်မမူဘဲ ရှိပါအံ့နည်းဟု အကြံ ဖြစ်ပြီးလျှင် နံနက်မိုးသောက်ထအခါ ဘုရားထံမှောက် သွားရောက်၍ မိမိအကြံဖြစ်ကြောင်း အလုံးစုံကို လျှောက် ထားပါသည်၊

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် နံနက်စောစောထအခါဝယ် နာတိက မြို့တွင်းသို့ ဆွမ်းခံအလို့ငှါ ကြွတော်မူ၍ ဆွမ်းခံရာမှ ဖဲကြွတော်မူသောအခါ ဂိဉ္စကာဝသထ အမည်ရသော အုတ်ကျောင်းတော် အတွင်းသို့ ဝင်ရောက်၍ မဂဓတိုင်းသူတို့၏ ဉာဏဂတိ, ဉာဏအဘိသမ္ပရာယ တည်းဟူသော ဉာဏ်၏ အလား မဂ်ဖိုလ် နိဗ္ဗာန် ရပုံကို သိအောင် စဉ်းစား ဆင်ခြင်တော်မူအံ့ ဟု နှလုံးသွင်း၍ တပါးတည်း ကိန်းအောင်းတော်မူပါသည်၊

သို့ ကိန်းအောင်းတော်မူသောအခါ နှစ်သန်း လေးသိန်းကျော်သော မဂဓတိုင်းသူတို့ သောတာပန် ဖြစ်ကြကြောင်း ထိုထည်းတွင် သကဒါဂါမ် ထို အထည်းတွင် အနာဂါမ်တို့ များစွာ ပါဝင်ကြောင်း ကိုယ်တော်တိုင် သိမြင် တော်မူပါသည်၊

http://www.dhammadownload.com



နေ့လည်အခါဝယ် ဘုရင် ဗိမ္ဗိသာရ ဖြစ်ခဲ့ဘူးသော **ဇနဝသဘ** နတ်သားသည် ဘုရားထံမှောက် လာရောက်၍ တာဝတိံသာ နတ်ပြည်ဝယ် နတ်သဘင် စည်းဝေးပုံ ထိုနတ်သဘင်ဝယ် သိကြားမင်းနှင့်တကွ သနင်္ကုမာရဗြဟ္မာမင်းတို့ တရားဟောပုံ၊ ထိုသနင်္ကုမာရ ဗြဟ္မာမင်းဟောကြားသော တရား၌ပင်လျှင် မဂဓတိုင်းသူတိုင်းသား နှစ်သန်းလေးသိန်းကျော် အရေအတွက် ရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ သောတာပန်တည်ကြကြောင်း၊ အချို့သကဒါဂါမ် တည်ကြကြောင်း၊ အချို့အနာဂါမ်တည် ကြကြောင်းကို သနင်္ကုမာရဗြဟ္မာမင်းလျှောက်ထားကြောင်း၊ ထိုသနင်္ကုမာရ ဗြဟ္မာမင်းသည် တာဝတိံသာ နတ်သဘင်ဝယ် နတ်ပရိသတ်အလည်၌ ထိုအကြောင်းကို ထင်ရှားစွာ ဟောပြကြောင်း၊ ထိုတာဝတိံသာ နတ်သဘင် အလည်၌ သနင်္ကုမာရ ဗြဟ္မာမင်းဟောကြားသည်ကို ဒိဋ္ဌထင်ထင် ကြားခဲ့ရ၍ ဝေဿဝဏ် နတ်မင်းသည် မိမိပရိသတ်ဖြစ်သော မိမိ ဇနဝသဘ တည်းဟူသော ဗိမ္ဗိသာရ နတ်သား အဝင်အပါ နတ်ပရိသတ်တို့အား ဟောကြားကြောင်း၊ ထို အကြောင်းကို သဗ္ဗညုမြတ်စွာဘုရားအား ဇနဝသဘ နတ်သားလျှောက်ထားကြောင်း၊ သဗ္ဗညုမြတ်စွာဘုရားမှတဆင့် ရှင်အာနန္ဒာအား မိန့်ကြားတော် မူကြောင်းစသည်ဖြင့် တန်းဆာဆင်အပ်သော ဇနဝသဘ သုတ္တန် ဒေသနာတော်မြတ်ကို နာတိကမြို့အရပ်ဝယ် အာနန္ဒာမထေရ်သူမြတ်ကို အကြောင်းပြု၍ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဇနဝသဘသုတ် အမေးအဖြေ ပြီး၏

---

## မဟာဂေါဝိန္ဒသုတ်တော် အမေးအဖြေ

ပုစ္ဆာ။ ။မဟာဂေါဝိန္ဒသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဘာသိတံ။

အမေး။ ။မဟာဂေါဝိန္ဒ ပညာရှိ၏ အဆုံးအမ သာသနာနှင့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား အဆုံးအမ သာသနာ နှစ်ခုတို့၏ ထူးခြားပုံကို နှိုင်းယှဉ်၍ ဟောပြရာဖြစ်သော **"မဟာဂေါဝိန္ဒ"** မည်သော သုတ္တန်တရားဒေသနာတော်

http://www.dhammadownload.com



ကြီးကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ်အရပ်ဒေသ၌ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ယံဝယ် ဘုရားမြတ်စွာ သီတင်းသုံးနေတော်မူသောအခါ **ပဉ္စသိခ** ဂန္ဓဗ္ဗနတ်သား လာရောက်၍ တာဝတိံသာ နတ်သဘင်အစည်းအဝေး၌ သိကြားမင်းနှင့်တကွ သနင်္ကုမာရ ဗြဟ္မာမင်းတို့သည် တရားဟောဆိုကြောင်း၊ နတ်သဘင် အစည်းအဝေး ဖြစ်ပုံအကြောင်း၊ နတ်သဘင်အစည်းအဝေးဝယ် သနင်္ကုမာရ ဗြဟ္မာကြီးသည် မဟာဂေါဝိန္ဒဘုရားအလောင်း၏ ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားတို့ကို ဟောကြားပုံ အတိတ်ဝတ္ထုဖြင့် ပြန်ပြောင်း၍ ဟောကြားပုံတို့ကို လျှောက်ထားသောအခါဝယ်—

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် မဟာဂေါဝိန္ဒ ပုဏ္ဏားဟူသည် ငါဘုရားပင် ဖြစ်ကြောင်း၊ ထိုမဟာဂေါဝိန္ဒပုဏ္ဏားဘဝက ဖြစ်ခဲ့ရသော သာသနာသည် ဗြဟ္မလောက ဗြဟ္မာ့ပြည်သို့ ရောက်ရုံသာ အကျိုးရှိကြောင်း၊ ယခု ငါဘုရားဖြစ်သောအခါ၌ ငါဘုရား၏ သာသနာတော်မှာမူ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအဆုံး အနုပါဒါ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် အကျိုးရှိကြောင်း၊ ကြီးပွါးနိုင်ကြောင်းကို ထင်စွာဖော်ပြရာဖြစ်သော မဟာဂေါဝိန္ဒသုတ္တန် ဒေသနာတော်မြတ်ကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်အရပ်၌ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာဂေါဝိန္ဒသုတ် အမေးအဖြေ ပြီး၏

---

## မဟာသမယသုတ်တော် အမေးအဖြေ

ပုစ္ဆာ။ ။မဟာသမယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ကပိလဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ငါးရာသော ရဟန္တာ မထေရ်မြတ်တို့နှင့်တကွ မြတ်စွာဘုရားကို ဖူးမျှော်ကန်တော့ရန် လာရောက်ကြသော နတ်အပေါင်းတို့၏ အစည်းအဝေး၌ ထိုသို့လာရောက်သော နတ်ဗြဟ္မာတို့၏ အမည်ကို ဖော်ပြရာဖြစ်သော မဟာသမယသုတ္တန် တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။သက္ကတိုင်း ကပိလဝတ်နေပြည်တော်၏ အနီး မဟာဝုန် တောအရပ်ဝယ် ဗုဒ္ဓဝါဒီ မှန်မှန်သမျှ ရှင်ရှင်လူလူ နှုတ်ဝယ်ရသည့် အကြောင်း အရာအလုံးစုံကို သိပြီးဖြစ်သော ထိုမဟာသမယသုတ္တန် ဒေသနာတော်မြတ် ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

မဟာသမယသုတ် အမေးအဖြေ ပြီး၏

---

## သက္ကပဉှသုတ်တော် အမေးအဖြေ

ပုစ္ဆာ။ ။သက္ကပဉှသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။မဂဓေသု ဘန္တေ ပါစီနတော ရာဇဂဟဿ အမ္ဗသဏ္ဍာ နာမ ဗြာဟ္မဏဂါမော၊ တဿုတ္တရတော ဝေဒိယကေ ပဗ္ဗတေ ဣန္ဒသာလဂုဟာယံ သက္ကံ ဒေဝါနမိန္ဒံ အာရဗ္ဘ ဘာသိတံ၊ သက္ကော ဘန္တေ ဒေဝါနမိန္ဒော ဘဂဝန္တံ ဥပသင်္ကမိတွာ ပဉှံ ပုစ္ဆိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သက္ကပဉှသုတ် တရားဒေသနာတော်ကို မြတ်စွာဘုရား သခင်သည် ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့ သော အကြောင်းဝတ္ထုကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မဂဓတိုင်း အဝင်အပါ ရာဇဂြိုဟ်မြို့မှ အရှေ့အရပ်ဝယ် အမ္ဗသဏ္ဍာ ပုဏ္ဏားရွာ ရှိပါသည်၊ ထိုအမ္ဗသဏ္ဍာ အမည်ရှိသော ပုဏ္ဏားရွာမှ မြောက်အရပ်ဝယ် ဝေဒိယက မည်သော တောင်ယံ ဣန္ဒသာလ လိုဏ်ဂူဝ၌ ဟောကြားတော်မူအပ်ပါသည်၊

အနည်းငယ်မျှ လျှောက်ထားလိုပါသည်၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် နတ်ပြည်မှ စုတေဘို့ရန် ပုဗ္ဗနိမိတ် ငါးတန်ကို မြင်သော အခါ ပြင်းစွာ နှလုံးမသာမယာဖြစ်၍ ထိုနှလုံးမသာယာမှုကို ပယ်ဖျောက်ရန် အလို့ငှါ ပဉ္စသိခနတ်သားကို ရှေ့မှုထား၍ များစွာသော တာဝတိံသာနတ် ပရိသတ်နှင့်တကွ ဣန္ဒသာလလိုဏ်ဂူဘုရားရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင်

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားကို ကိံ သံယောဇနာ နု ခေါ မာရိသ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေသန္တိ ပုထုကာ—အစရှိသည်ဖြင့်-

ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီးသော မြတ်စွာဘုရား....များစွာသော နတ် လူ ဗြဟ္မာ သတ္တဝါတို့သည် မိမိတို့ကိုယ်၌က ဘေးရန်ကင်းကွာ ချမ်းသာစွာ နေကြမည် ဟု ကြံစည်ကြပါသော်လည်း ဘေးရန်ကင်းကွာ ချမ်းသာစွာ ကြံစည်သည့်အတိုင်း မနေရဘဲ ဘေးရန်တွေ့ ထူပြော၍ ဆင်းရဲသော နေခြင်း ဖြင့် နေရခြင်းသည် အဘယ်သို့သော သံယောဇဉ် အနှောင်အဖွဲ့ကြောင့် ပါနည်းဘုရား ဟု မေးလျှောက်ပါသည်၊

ထိုအခါ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားက နတ်တို့ကို အစိုးရသော သိကြားမင်း....သူတပါးစည်းစိမ်ကို ငြူစူ စောင်းမြောင်းခြင်း တည်းဟူသော ဣဿာ, မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်း ဝန်တိုခြင်းတည်းဟူသော မစ္ဆရိယ ဤသံယောဇဉ် နှစ်ပါး၏ နှောင်ဖွဲ့ခြင်း, ညှဉ်းပမ်းခြင်း, နှိပ်စက်ခြင်း ဟူသော အကြောင်း ကြောင့် နတ် လူ ဗြဟ္မာ သတ္တဝါတို့သည် ချမ်းသာစွာ နေလိုပါလျက် မနေ ရကြောင်း, ရန်ကင်းစွာနေလိုပါလျက် မနေရကြောင်း ဖြေကြားတော်မူသည် တွင် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ပြီးမှ တဆင့်တက်၍ ဣဿာ,မစ္ဆရိယကား အဘယ်တရားကြောင့် ဖြစ်ပါသနည်း ဟု မေးပါသည်၊

ဣဿာ, မစ္ဆရိယကား ပိယာပိယ ခေါ်သော ချစ်နှစ်သက်အပ်သော သတ္တဝါသခ်ါရ, မချစ်မနှစ်သက်အပ်သော သတ္တဝါသခ်ါရ ဟူသော အကြောင်းကြောင့် ဖြစ်သည်၊ ချစ်နှစ်သက်မှု မချစ်မနှစ်သက်မှု ဟူသော ပိယာပိယ သဘောကား အဘယ်တရားလျှင် အကြောင်းရှိပါသနည်း ဟု မေးမြန်းသောအခါ ထိုချစ်ခြင်း မုန်းခြင်း ဟူသော တရား သဘော နှစ်ပါး သည် ပရိယေသန, ဆန္ဒတည်းဟူသော ရှာမှီးလိုသော လောဘ, ရရှိသောအခါ ဖြစ်သောလောဘ၊ သုံးစွဲသောအခါဖြစ်သော လောဘ၊ သိမ်းဆည်းသော အခါ ဖြစ်သောလောဘ, သူတပါးတို့အား စွန့်လှူသောအခါဖြစ်သော လောဘတည်းဟူသော လောဘ ငါးတန်ဆန္ဒတရားလျှင် အကြောင်းရင်းရှိ ကြောင်း ဖြေကြားတော်မူပါသည်၊

ထိုလောဘငါးမျိုး ဆန္ဒရာဂငါးမျိုးသည် အဘယ်တရားလျှင် အကြောင်း ရင်းရှိကြောင်း တဖန် ထပ်၍ လျှောက်ထားသောအခါ ထိုလောဘဆန္ဒ

http://www.dhammadownload.com



ငါးမျိုးသည် ဝိတက်လျှင် အကြောင်းရင်းရှိကြောင်း၊ ထိုဝိတက်ကား အဘယ် တရားလျှင် အကြောင်းရင်းရှိကြောင်း တဖန်ထပ်၍ လျှောက်ထားသော အခါ ——

ထိုဝိတက်ကား တဏှာပပဉ္စတရားတည်းဟူသော တဏှာအစစ် တရာ့ရှစ် တဏှာအပြားတရာ့ရှစ်ပါးနှင့် ယှဉ်သော သညာလျှင် အကြောင်းရင်း ရှိကြောင်း မိန့်ကြားတော်မူသောအခါ တဏှာတည်းဟူသော ပပဉ္စတရားနှင့် ယှဉ်သော သညာအစု၏ ငြိမ်းရာ ငြိမ်းကြောင်း ငြိမ်းရာနိဗ္ဗာန်သို့ ရောက် ကြောင်းအကျင့် ပဋိပဒါကို မည်သို့ သိရပါမည်နည်း ဟု မေးမြန်းလျှောက် ထားသောအခါ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဂေဟဿိတသောမနဿ, နေက္ခမ္မဿိတ သောမနဿ, ဂေဟဿိတဒေါမနဿ, နေက္ခမ္မဿိတဒေါမနဿ, ဂေဟဿိတဥပေက္ခာ, နေက္ခမ္မဿိတဥပေက္ခာတည်းဟူသော သောမနဿ နှစ်မျိုး, ဒေါမနဿနှစ်မျိုး, ဥပေက္ခာနှစ်မျိုးကို ခွဲခြမ်း စိတ်ဖြာ၍ ထိုဝေဒနာ ခြောက်မျိုး ဝိပဿနာ၏ဘုံတရားတို့ဝယ် ဝိပဿနာရှုကြည့်ရန် ဟောကြား တော်မူသောအခါ ဒေသနာသို့ အစဉ်လျှောက်၍ သိကြားမင်းသည် ဥပေက္ခာ ၏အဆုံးဝယ် သောတာပန်အဖြစ်သို့ တခေတ်ကူးပြောင်း ရောက်ပါသည်၊

ဤသို့စသည်ဖြင့် များစွာသော ဓမ္မာဘိသယတို့ဖြင့် တန်းဆာဆင်အပ် သော သက္ကပဉှသုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် မဂဓတိုင်းအဝင်အပါ ရာဇဂြိုဟ်ပြည်မှ အရှေ့အရပ် အမ္ဗသဏ္ဍ အမည်ရှိသော ပုဏ္ဏားရွာ၏ မြောက်အရပ်ဝယ်ရှိသော ဝေဒိယကတောင်ယံ ဣန္ဒသာလ လိုဏ်ဂူ၌ သိကြားမင်းကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

သက္ကပဉှသုတ် အမေးအဖြေ ပြီး၏

---

## မဟာသတိပဋ္ဌာနသုတ်တော် အမေးအဖြေ

ပုစ္ဆာ။ ။မဟာသတိပဋ္ဌာနသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ဘာသိတံ။
ဝိဿဇ္ဇနာ။ ။ကုရူသု ဘန္တေ ကမ္မာသဓမ္မေ နာမ ကုရူနံ နိဂမေ ဘာသိတံ။

အမေး။ ။ကိလေသာ အညစ်အကြေး အလုံးစုံတို့မှ ကင်းဝေး စင် ကြယ်ရန် အလို့ငှါ ဆင်းရဲခပ်သိမ်း ငြိမ်းရန်ဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်

http://www.dhammadownload.com



ပြုရန်အလို့ငှါ တကြောင်းတည်းသောခရီး တခုတည်းသော ခရီးဟူ၍ ချီးကျူး ပြီးလျှင် သတိပဋ္ဌာန်လေးပါးတို့ကို အကျယ်ပြရာဖြစ်သော မဟာသတိပဋ္ဌာန သုတ္တန် တရားဒေသနာတော်ကို သဗ္ဗညုမြတ်စွာဘုရားသည် အဘယ် အရပ် ဒေသ၌ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကုရုတိုင်း အဝင်အပါ ကမ္မာသဓမ္မ အမည်ရသော ကုရုတိုင်း သူတို့၏ နိဂုံးအရပ်ဝယ် ကာယာနုပဿနာသတိပဋ္ဌာန်တို့ကို တဆယ့်လေး ပါးသော အပိုင်းအကန့်တို့ဖြင့်၎င်း ကိုးပါးသော အခြင်းအရာဖြင့် ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ကို ၎င်း တဆယ့်ခြောက်ပါးသော အခြင်းအရာဖြင့် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို၎င်း ငါးပါးသော အပိုင်းကဏ္ဍပဗ္ဗတို့ဖြင့် ဓမ္မာ နုပဿနာသတိပဋ္ဌာန် ဒေသနာတော်မြတ်ကို၎င်း အကျယ်တဝင့် ဖွင့်ပြဟော ကြားတော်မူ၍ ဒေသနာ၏ အဦးအစဝယ် ပဏ္ဍုကမ္ဗလာကုန်သည်သည် မိမိ၏ ပဏ္ဍုကမ္ဗလာကုန်၌ ရရှိထိုက်သော ဂုဏ်ကျေးဇူးတို့ကို ခြိမ့်မှမ်းကာ ပြောဆို သကဲ့သို့ "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" အစရှိ သည်ဖြင့် ခုနစ်ပါးသော ကျေးဇူးဂုဏ်ပုဒ်တို့ကို ထုတ်ဖော်၍၎င်း၊ ဒေသနာ အဆုံးနိဂုံးဝယ် "ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ" အစရှိသည်ဖြင့် အမှတ်မထင် ရှင်ရှင် လူလူ အကြင်သို့သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ယခုညွှန်ပြခဲ့ သည့်အတိုင်း သတိပဋ္ဌာန်လေးပါးတရားတို့ကို ခုနစ်နှစ်ပွါးများပါမူ ဒိဋ္ဌဓမ္မ ပစ္စက္ခဘဝ၌ပင်လျှင် အရဟတ္တဖိုလ် ပေါက်ရောက်နိုင်ကြောင်း၊ အရဟတ္တဖိုလ် မရောက်လျှင် အနာဂါမ် တည်နိုင်ကြောင်း၊ ခုနစ်နှစ်ကိုထား ခြောက်နှစ်,ငါးနှစ် လေးနှစ်, သုံးနှစ်, နှစ်နှစ်, တစ်နှစ်, ခုနစ်လ, ခြောက်လ, ငါးလ, လေးလ,သုံးလ, နှစ်လ, တလ, လခွဲ, အနည်းဆုံးအားဖြင့် ရှင်ရှင် လူလူ အမှတ်မထင် အကြင် သူသည် ခုနစ်ရက်မျှပင် သတိပဋ္ဌာန်ဒေသနာတရားကို ကျကျနန ပွါးများ အားထုတ်ပါမူ ဒိဋ္ဌဓမ္မ ယခုဘဝ၌ပင် အရဟတ္တဖိုလ်ပေါက်ရောက်နိုင်ကြောင်း၊ အရဟတ္တဖိုလ် မရောက်စေကာမူ အနာဂါမိဖိုလ်တိုင်အောင် ပေါက်ရောက်စေ နိုင်ကြောင်း အကျယ်တဝင့် ဖွင့်ပြဟောကြားရာဖြစ်သော မဟာသတိပဋ္ဌာန သုတ္တန်ဒေသနာတော်မြတ်ကို ကုရုတိုင်း အဝင်အပါ ကမ္မာသဓမ္မ နိဂုံးအရပ်၌ သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာသတိပဋ္ဌာနသုတ် အမေးအဖြေ ပြီး၏

http://www.dhammadownload.com



## ပါယာသိသုတ်တော် အမေးအဖြေ

ပုစ္ဆာ။ ။ပါယာသိ သုတ္တံ ပနာဝုသော ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ကောသလေသု ဘန္တေ သေတဗျာနာမ ကောသလာနံ နဂရံ ဥတ္တရေန သေတဗျံ သိံသပါဝနေ အာယသ္မတာ ကုမာရကဿပေန ပါယာသိံ ရာဇညံ အာရဗ္ဘ ဘာသိတံ၊ ပါယာသိဿ ဘန္တေ ရာဇညဿ ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ၊ ဣတိပိ နတ္ထိ ပရောလောကော နတ္ထိ သတ္တာ ဩပပါတိကာ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကောတိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။ဥစ္ဆေဒဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိတို့ကို ပယ်ရှင်း၍ သမ္မာဒိဋ္ဌိအယူ၌ တည်စေရန် ဥပမာပေါင်း များစွာတို့ဖြင့် ဝေဖန်၍ ဟောပြရာဖြစ်သော ပါယာသိ မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် အဘယ်မည်သော ပုဂ္ဂိုလ်က ဟောကြားထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ကောသလတိုင်း အဝင်အပါ သေတဗျမြို့ ထိုသေတဗျမြို့မှ မြောက်အရပ်ဝယ် ယင်းတိုက်တောအရပ်၌ အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ပါယာသိအမည်ရှိသော အဘိသိက်မခံရသော မင်းကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊

ပါယာသိအမည်ရှိသော အဘိသိက်မခံရသော မင်းအား ဤလူ့ပြည် လောကမှ တပါးသော နတ်ပြည်လောက ငရဲလောကဟူ၍ မရှိ၊ ဤဘဝမှ စုတေသည်ရှိသော် တဖန် နောက်ဘဝဝယ် ပဋိသန္ဓေ တည်နေရခြင်းမရှိ၊ ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးဝိပါက်တရား ဟူ မရှိဟူ၍ ယုတ်မာသော အယူတရား ဖြစ်ပွါးလျက်ရှိပါသည်၊

ထိုသို့ ပါယာသိရာဇညမင်း၏ ဥစ္ဆေဒဒိဋ္ဌိ နတ္ထိကဒိဋ္ဌိဖြစ်ခြင်း ဟူသော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် ဤ ပါယာသိသုတ္တန် ဒေသနာတော်မြတ်ကို ကုမာရကဿပ မထေရ်သူမြတ်သည် ပညတ်ဟောထားတော်မူခဲ့ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



## ပဌမ ပြဿနာ လ နေ ဥပမာ

ပုစ္ဆာ။ ။တတ္ထာဝုသော ပါယာသိဿ ရာဇညဿ အတ္တနော ဒိဋ္ဌိပကာသနာ-စ အာယသ္မတော ကုမာရကဿပတ္ထေရဿ ဒိဋ္ဌိဝိနိဝေဌနကထာ စ အနေကဝါရံ အာဂတာ၊ တတ္ထာဝုသော ပဌမံ ပါယာသိ ရာဇညော အတ္တနော ဒိဋ္ဌိံ ကထံ ပကာသေသိ၊ကထဉ္စာယသ္မာ ကုမာရကဿ-ပေါ တံ မိစ္ဆာဒိဋ္ဌိံ ဝိနိဝေဌေသိ။

ဝိဿဇ္ဇနာ။ ။ပါယာသိ ဘန္တေ ရာဇညော အာယသ္မန္တံ ကုမာရကဿပံ ဥပသင်္ကမိတွာ ဧတဒဝေါစ "အဟဉ္ဟိ ဘော ကဿပ ဧဝံ ဝါဒီ ဧဝံ ဒိဋ္ဌိ ဣတိပိ နတ္ထိ ပရောလောကော၊နတ္ထိ သတ္တာ ဩပပါတိ-ကာ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော"တိ၊ ဧဝံ ခေါ ဘန္တေ ပါယာသိရာဇညော အတ္တနော မိစ္ဆာဒိဋ္ဌိံ အာယသ္မတော ကုမာရကဿပဿ သန္တိကေ ပကာသေသိ။ အာယသ္မာ စ ကုမာရကဿပေါ သက္ကာရဏံ စန္ဒိမသူရိယ-ဥပမံ ဒဿေတွာ ပါယာသိဿ ရာဇညဿ တံ ဓါပကံ ဒိဋ္ဌိဂတံ ဝိနိဝေဌေသိ။

မေး။ ။ထိုပါယာသိသုတ္တန် တရားတော်၌ အဘိသိက်မခံရသော ပါယာသိမင်း၏ မိမိအယူကိုဖော်ပြသောစကားနှင့် အရှင်ကုမာရကဿပ မထေရ်၏ ထိုမိစ္ဆာအယူကို ဖြေရှင်းသောစကားတို့သည် အကြိမ်ပေါင်း များစွာ ထပ်ခါ ထပ်ခါ လာရှိကုန်၏၊ ထိုများစွာ ထပ်ခါထပ်ခါ လာရှိသော **အခြေအတင်** စကားတို့တွင် ရှေးဦးစွာ ပါယာသိရာဇညသည် မိမိ၏မှားယွင်းသော မိစ္ဆာအယူကို အဘယ် သို့လျှင် ဖော်ပြပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထိုမှားယွင်းသော မိစ္ဆာအယူကို အဘယ်သို့လျှင် ဖြေရှင်းတော်မူပါသနည်း ငါ့ရှင်။

ဖြေ။ ။ပါယာသိရာဇညမင်းတရားသည် အရှင်ကုမာရကဿပ မထေရ် ရှိရာ ယင်းတိုက်တောသို့ သေတဗျရွာသား ပုဏ္ဏားသူကြွယ်တို့ ခြံရံ၍ သွား ရောက်ပြီးလျှင် အရှင်ကုမာရကဿပ မထေရ်ကို ဤသို့ လျှောက်ထားပါသည်၊

အို အရှင်ကဿပ....အကျွန်ုပ်သည် ဤသို့ အယူရှိပါ၏ ဤမည် ဤမည် သော အကြောင်းကြောင့် ဤလူ့ပြည်လောကမှတပါး နတ်ပြည်လောက ဟူ၍ ၎င်း ငရဲပြည်လောကဟူ၍ ၎င်း မရှိနိုင်ပါ၊

http://www.dhammadownload.com



ဤသူ့ပြည်မှ စုတေသောသတ္တဝါတို့သည် တဖန်ဘဝသစ်ဝယ် ပဋိသန္ဓေတည်နေသည်ဟူ၍ မရှိနိုင်ပါ၊

ကောင်းမှု မကောင်းမှု ပြုပြုသမျှသော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက် တစက်မျှမရှိပါ၊

ဤသို့လျှင် အကျွန်ုပ်သည် အယူရှိပါသည်ဟူ၍ ပါယာသိရာဇညမင်းသည် မိမိ၏ မိစ္ဆာအယူကို အရှင်ကုမာရကဿပမထေရ်မြတ်အထံ၌ ထင်ရှားစွာ ဖော်ပြခဲ့ပါသည်၊

ထိုအခါ အရှင်ကုမာရကဿပမထေရ်မြတ်သည် တေန ဟိ ရာဇညတညေဝေတ္ထ ပဋိပုစ္ဆိဿာမိ—အစရှိသည်ဖြင့် သို့တပြီးကား ပါယာသိရာဇညမင်း....ဤအရာဝယ် သင့်ကိုပင်တဖန်ပြန်၍ ငါမေးပါမည် အသင်နှစ်သက်ကျေနပ်သည့် အတိုင်း ဖြေဆိုနိုင်ခွင့်ရှိပါသည်၊

ကောင်းကင်က နေ့,လ နှစ်ပါးတို့ကို ညွှန်ပြတော်မူပြီး၍ ဤယနေ့သင်တို့ ငါတို့ မြင်နေရသောကောင်းကင်မှ သွားသည့် နေရထား, လရထားတို့သည် ဤလူ့ပြည်, လောက က လေလော၊ သို့မဟုတ် နတ်ပြည် လောက က လေလော၊ ထိုနေရထား, လရထား နှစ်ပါးတို့သည် လူသားတို့ပင် ဖြစ်လေသလော သို့မဟုတ် နတ်သားတို့ဖြစ်လေသလော ဟု မေးမြန်းတော်မူပါသည်၊

ထိုအခါ ပါယာသိ ရာဇညမင်းတရား၏ စိတ်နှစ်လုံးဝယ် အကယ်၍ ငါသည် နေ့,လတို့ကို ဤလူ့ပြည်လောကဟု ဖြေဆိုလိုက်လျှင် အသင် ရှေးအခါက နေ့,လတို့ရှိရာသို့ ရောက်ဘူးပါသလော၊ မည်၍ မည်မျှ အတိုင်းအထွာရှိပါသနည်း စသည်ဖြင့် ငါ့အား မေးမြန်းဖွဲ့နှောင်တော့ပေမည်၊ သို့နှောင်ဖွဲ့လျှင် ငါသည် မဖြေနိုင်ဘဲ ရှုံးချိမ့်မည် ဟု အောက်မေ့ မှတ်ထင်ပြီးလျှင် "ဣမေ ဘော ကဿပ စန္ဒိမသူရိယာ ပရသ္မိံ လောကေ န ဣမသ္မိံ" အစရှိသည်ဖြင့် အရှင်ကဿပ....အကျွန်ုပ်တို့ ယခုမြင်နေကြရသော နေ့,လနှစ်ပါးတို့သည် ဤလူ့ပြည် လောက က မဟုတ်ပါ၊ နတ်ပြည် လောက ကပင် ဖြစ်ပါတော့သည်၊ ထိုနေရထား လရထားတို့၏ အတွင်းဝယ် နေနတ်သား, လနတ်သားတို့ ထင်ရှားရှိကြသဖြင့် လူမဟုတ်ကြပါ၊ နတ်သားစင်စစ်ဖြစ်ကြလေသည် ဟု ပြန်ကြားလျှောက်ထားပါသည်၊

http://www.dhammadownload.com



ထိုအခါ အရှင်ကုမာရ ကဿပမထေရ်သူမြတ်က ဣမိနာပိ ခေါ တေ ရာဇည ပရိယာယေန ဧဝံ ဟောတု ဣတိပိ အတ္ထိ ပရောလောကော အတ္ထိ သတ္တာ ဩပပါတိကာ အစရှိသည်ဖြင့်—

ပါယာသိရာဇညမင်း....သင်ယခု ဒိဋ္ဌ ထင်ထင် လျှောက်ထားအပ်သော အကြောင်းဥပမာဖြင့်ပင်လျှင် ဤလူ့ပြည်မှတပါး နတ်ပြည်လောက အပါယ် လောကဟူ၍ ရှိကြောင်း၊ ဤဘဝမှ စုတေကွယ်လွန်ခဲ့သည်ရှိသော် ကံအား လျော်စွာ နတ်ပြည်လောက အပါယ်လောကသို့ ကျရောက်ရကြောင်းကို သင်ယုံကြည်ပါလေ၊ ကုသိုလ် အကုသိုလ်ကံ ပြုပြုသမျှတို့၏ အကျိုးဝိပါက် ရှိသည်ကို သင်အယူရှိပါလေ ဟု ကရုဏာဇောပြဋ္ဌာန်း၍ အရှင်ကုမာရ ကဿပမထေရ်သည် ပါယာသိ ရာဇညမင်းတရား၏ မှောက်မှားသော မိစ္ဆာ အယူဝါဒကို ဤသို့ရှင်းပြ သုတ်သင်တော်မူခဲ့ပါသည် အရှင်ဘုရား၊

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော အာယသ္မာ ကုမာရကဿပေါ ပါယာသိဿ ရာဇညဿ မိစ္ဆာဒိဋ္ဌိကဿ သဒ္ဓမ္မဝိမုခိဘူတဿ ပစ္စက္ခတော ပရလောကံ ဒဿေတွာ တံ မိစ္ဆာဒိဋ္ဌိံ ဝိနိဝေဌေသိ။

ကောင်းပါပေစွ....ကောင်းပါပေစွ....ငါ့ရှင် အရှင်ကုမာရကဿပ မထေရ် မြတ်သည် သူတော်ကောင်းတရားကို မျက်နှာလွှဲ၍ သင့်တင့်စွာ နှလုံးမသွင်း သဖြင့် မှားယွင်းသော အယူရှိနေသော ပါယာသိရာဇညအား ထိုမှားယွင်း သော မိစ္ဆာအယူကို မျက်မှောက်အားဖြင့် နတ်ပြည်လောကနှင့် သက်ဆိုင် သော နေ့, လ တို့ကို ညွှန်ပြ၍ ထိုမှားယွင်းသော မိစ္ဆာအယူကို ရှင်းလင်း တော်မူသည်မှာ ကောင်လှပါလေစွငါ့ရှင်။

## ဒုတိယ ပြဿနာ သူခိုး ဥပမာ

ပုစ္ဆာ။ ။အထ ပနာဝုသော ပါယာသိရာဇညော ဒုတိယမ္ပိ ကိဒိသံ သာဓက- ပရိယာယံ ဒဿေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ ကထဉ္စာ- ယသ္မာ ကုမာရကဿပေါ တံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ဝိဿဇ္ဇနာ။ ။ဒုတိယေ ပန ဘန္တေ ပါယာသိရာဇညော အတ္တနော မိတ္တာ- မစ္စေ ဉာတိသာလောဟိတေ ဒုစ္စရိတသမင်္ဂိနော ကာလံကတေ သာဓကပရိယာယံ ဒဿေတွာ အတ္တနော မိစ္ဆာဝါဒံ ပတိဋ္ဌာ-

http://www.dhammadownload.com



ပေယိ၊ အာယသ္မာ စ ကုမာရကဿပေါ စောရဥပမာယ တံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေယိ။

မေး။ ။နေ့လတို့ကို ဖော်ပြ၍ မှားယွင်းသော မိစ္ဆာဝါဒကို ရှင်ကုမာရကဿပက ဖြေရှင်းတော်မူသောအခါ ပါယာသိရာဇညသည် ဒုတိယအကြိမ် ထပ်ဆင့်၍ မိမိဝါဒနှင့်စပ်လျဉ်း၍ အဘယ်သို့ သက်သေသာဓကအကြောင်း ယုတ္တိအထောက်အထားကို ဖော်ပြပြီးလျှင် မိမိ၏မိစ္ဆာဝါဒကို တည်တံ့အောင် ပြောဆိုပြန်ပါသနည်း၊ ထိုသို့ပြောဆိုသောအခါ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထိုမှားယွင်းသော မိစ္ဆာဝါဒကို အဘယ်ပုံ အဘယ်နည်းဖြင့် တရားနည်းလမ်းကျစွာ သဘာဝကျစွာ ပိုင်ပိုင် နိုင်နိုင် နှိမ်နင်းတော်မူ၍ အဘယ်ပုံ အဘယ်နည်းဖြင့် မှန်ကန်သော သမ္မာဝါဒကို မှန်ကန်သော ဓမ္မဝါဒ ကို တည်တံ့စေပါသနည်း ငါ့ရှင်။

ဖြေ။ ။နေ့လ ဥပမာတို့ဖြင့် ထင်ရှားစွာ ပြပြီးသော အခြားမဲ့၌ ပါယာသိရာဇညမင်းတရားသည် "ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ၊ အထခေါ ဧဝံ မေ ဧတ္ထ ဟောတိ" အစရှိသည်ဖြင့် အရှင်ကဿပသည် ဤသို့ ပြောဆိုစေကာမူ ဤအရာဝယ် အကျွန်ုပ်၏ အယူမှာမူ ရှေးဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဤလူ့ပြည်လောကမှတပါး နတ်ပြည်လောက အပါယ်လောကဟူ၍မရှိ၊ စုတေသည်မှ နောက်ကာလဝယ် တမလွန်ဘဝ၌ ပဋိသန္ဓေ တည်နေရသည်ဟူ၍မရှိ၊ ကောင်းမှု မကောင်းမှု သုစရိုက် ဒုစရိုက်တို့၏ အကျိုးဟူ၍ မရှိဟုပင် ရှေးယူမြဲအတိုင်း အယူရှိ၍ နေပါသနည်း ဟု လျှောက်ထားပါသည်၊

ထိုအခါ အရှင်ကုမာရကဿပက ဤသို့ ယူဘို့ရန် သင့်အား အထောက် အထား ပြနိုင်သော အကြောင်း လုံလောက်စွာ ရှိပါသလား ဟု မေးမြန်း ပါသည်၊

ထိုအခါ ထင်ရှားရှိနိုင်ပါကြောင်း ပြောကြားသောအခါ ထိုအထောက် အထား ဥပမာစကားကို ပြောကြားပါ ဟု....အရှင်ကုမာရကဿပက မိန့် ကြားသောအခါ အရှင်ကုမာရကဿပ—ဤလောကဝယ် အကျွန်ုပ်၏ ဆွေ မျိုးရင်းချာ မိတ်သင်္ဂဟ ဖြစ်ကြသော ပါဏာတိပါတ အဒိန္နာဒါန် အစရှိသော ဒုစရိုက်သမားတို့ ထင်ရှားရှိကြပါသည်၊ ထိုဒုစရိုက် သမားတို့သည် သေခါနီး

http://www.dhammadownload.com



အခါကာလသို့ ရောက်ရှိသောအခါ ပြင်းထန်စွာ အနာနှိပ်စက်ခြင်းကို ခံကြရပါသည်၊ တဖန်ပြန်၍ ဤရောဂါမှ ထ တော့မည်မဟုတ် ဟု အကျွန်ုပ်သိသောအခါ ထိုဒုစရိုက်သမား အကျွန်ုပ်၏ အဆွေအမျိုး ခင်ပွန်းများထံသို့ သွားရောက်၍ အမောင်တို့—ဤလောကဝယ် အချို့သော ရဟန်းပုဏ္ဏားတို့က ဒုစရိုက်သမားတို့သည် စုတိပြတ်ကျွေ သေလွန်သည်မှ နောက်ကာလဝယ် အပါယ်ငရဲသို့ ကျရောက်ရကြောင်း ဝါဒစကား ပြောကြားကြပါသည်၊

အမောင်တို့သည်လည်း ပါဏာတိပါတ အစရှိသော ဒုစရိုက်တို့ကို ပြုလုပ်ကြသော သူတို့ဖြစ်ကြပါသည်၊ အကယ်၍ ထိုရဟန်းပုဏ္ဏားတို့ ပြောဆိုတဲ့ စကားသည် မှန်ကန်သည်ဖြစ်ပါမူ အမောင်တို့သည် ဤဘဝမှ စုတိပြတ်ကျွေ သေလွန်လျှင် အပါယ်ငရဲသို့ ကျရောက်ရပါမည်၊

အကယ်၍ အမောင်တို့ အပါယ်ငရဲသို့ ကျရောက်ခဲ့ပါလျှင် ကျွန်ုပ်ထံ ပြန်ကြား၍ ဤမည် ဤမည်သော အကြောင်းကြောင့် ငရဲလောကဆိုတဲ့ လူ့ပြည်လောကမှတပါး ငရဲလောကရှိကြောင်း၊ လူ့ဘဝက စုတေလျှင် ငရဲဘဝ ပဋိသန္ဓေနေရကြောင်း ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဝိပါက်ရှိကြောင်း ပြန်ကြားပါ ဟု မှာထားလိုက်ပါသည်၊

ထိုမှာထားခံရသော အကျွန်ုပ်၏ ဆွေမျိုးမိတ်သင်္ဂဟတို့သည် ကောင်းပါပြီ ဟု ဝန်ခံပြီးလျှင် စုတိပြတ်ကျွေ သေလွန်၍ သွားသော်လည်း ယနေ့တိုင်အောင် လူကိုယ်တိုင်လည်း လာ၍ မပြောကြား၊ တမန်လွှတ်၍လည်း မပြောကြားဘဲ ရှိပါသည်၊

ဤအကြောင်းကြောင့်ပင် အကျွန်ုပ်သည် တမလွန်လောက မရှိဟူ၍ငင်း ဤဘဝမှ စုတေလျှင် ပြီးတာဘဲ ပြတ်တာဘဲ ဟူ၍ငင်း ကောင်းမှုကုသိုလ် မကောင်းမှု အကုသိုလ်ကံတို့၏ အကျိုးဝိပါက်မရှိဟူ၍ငင်း အကျွန်ုပ်၏ အယူဖြစ်ပါသည် ဟု ပြောကြားသောအခါ အရှင်ကုမာရကဿပသည် သို့တပြီးကား ရာဇညာ....ဤအရာ၌ သင့်ကိုပင် ပြန်၍ မေးပါမည်၊ သင်နှစ်သက်သဘောကျသလို ဖြေဆိုနိုင်ခွင့်ရှိပါသည်၊

သင်၏ နိုင်ငံဝယ် သင်၏ အမှုထမ်း မင်းယောကျ်ားတို့က ခိုးသား တယောက်ကို ဖမ်းယူ၍ အရှင်မင်းကြီး၊ ဤသူကား ခိုးသားပါပေတည်း၊ သူတပါးတို့၏ စီးပွါးဥစ္စာတို့ကို ခိုးယူသော သူပါပေတည်း၊ ဤခိုးသားကို အရှင်

http://www.dhammadownload.com



မင်းကြီး သဘောကျရာ ဒဏ်ထားတော်မူပါဘုရား ဟု လျှောက်ထားကြပြီ ဆိုပါစို့၊

ထိုအခါ သင်မင်းကြီးက ခိုးသတ်ယောကျ်ား လူအများတို့ကို အမောင်တို့ ဤခိုးသားယောကျ်ားကို မြဲမြံစွာသောကြိုးဖြင့် လက်ပြန်ကြိုးတုပ်၍ ခရီးလမ်းတခုမှ ခရီးလမ်းတခုသို့ ခရီးမ တခုမှ ခရီးမ တခုသို့ ကွဲအက်သော ထက်စည်ကို ဆောင်ယူ ရိုက်နှက်ပုတ်ခတ်ပြီးလျှင် မြို့၏တောင်တံခါးသို့ ထုတ်၍ စင်းတီတုံးပေါ် တင်၍ ထိုခိုးသား၏ ဦးခေါင်းကို ဖြတ်ကြကုန် ဟု အမိန့်တော် ထုတ်သည် ဆိုပါစို့၊

ထိုအခါ သင်မင်းတရား၏ အမှုထမ်းယောကျ်ားတို့သည် သင်မင်းတရား ပြောကြားသည့်အတိုင်း ထိုခိုးသူယောကျ်ားကို မြဲမြံစွာသော ကြိုးဖြင့် လက်ပြန်ကြိုး ချည်နှောင် တုတ်ခတ်ပြီးလျှင် ဦးပြည်းသည်ကို ပြုလုပ်ကြ၍ ခရီးမ တခုမှ ခရီးမ တခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ဆွဲဆောင်ရိုက်နှက် ပုတ်ခတ်ကြပြီးလျှင် မြို့၏တောင်တံခါးမှ ထုတ်၍ မြို့၏ပြင်ပ စင်းတီတုံးပေါ်ဝယ် ခေတ္တမျှ ထားကြသည်ဆိုပါစို့။

ထိုသို့ အထားခံရသော ခိုးသားယောကျ်ားသည် ခိုးသတ်သမားတို့ အပေါ်မှာ အရှင်ခိုးသတ်သမားတို့....ခဏမျှ ဆိုင်းတွကြပါကုန်၊ ဤမည် ဤမည်သော ရွာနိဂုံးအရပ်ဝယ် အကျွန်ုပ်၏ ဆွေမျိုးများ ရှိကြပါသည်၊ ထို ဆွေမျိုးများထံသို့ သွားရောက်၍ အကျွန်ုပ် မှာတမ်းစရာရှိသမျှ မှာတမ်းပြီးမှ အကျွန်ုပ်ကို သတ်တော်မူပါ ဟု ပြောဆိုသော်လည်း၊ ထိုခိုးသူယောကျ်ားသည်ခိုးသားတို့အထံမှ ဆိုင်းတွင့်လင့်ခြင်းကို ရနိုင်ပါမည်လော ဟု မေးတော်မူပါသည်၊

"မရနိုင်ပါကြောင်း" ပါယာသိရာဇညမင်းတရား ပြန်ကြားလျှောက်ထားသောအခါ ပါယာသိရာဇညမင်း—လူ-လူချင်းဖြစ်ပါလျက် ထိုခိုးသားယောကျ်ားသည် ခိုးသတ်သမားတို့အထံမှာ ခေတ္တခဏ ဆိုင်းတွ၍ မိမိနေရာ ရွာနိဂုံးရှိရာအရပ်သို့ ပြန်လည်ခွင့်မရလျှင် သင်၏ဆွေမျိုးဖြစ်ကြသူ ဒုစရိုက်သမားတို့သည်၊ ဤဘဝမှ စုတိပြတ်ကျွေသေလွန်သည်မှ နောက်ဘဝဝယ် ငရဲဘုံသို့ ကျရောက်ကြသောအခါဝယ် ငရဲထိန်းတို့အထံ၌ "အသင်ငရဲထိန်းမင်းတို့—ခေတ္တခဏမျှ ဆိုင်းတွကြပါကုန်၊ အကျွန်ုပ်တို့သည် လူ့ပြည်

http://www.dhammadownload.com



လောက သွား၍ ပါယာသိရာဇညမင်းတရားအား တမလွန်လောကရှိကြောင်း၊ စုတိမှနောက်ကာလဝယ် ပဋိသန္ဓေ တည်နေနိုင်ပေကြောင်း၊ ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်တို့၏ အကျိုးတရားရှိကြောင်းကို ပြန်ကြား၍ ပြောဆိုပါမည် ဟု ခွင့်ပန်သော်လည်း အဘယ်မှာမှ ရနိုင်မည်မဟုတ်ကြောင်း မိန့်ကြားတော်မူပါသည်၊

သို့ဖြစ်သောကြောင့် သင်၏လက်ရှိဖြစ်သော နတ္ထိက အယူဝါဒကို ငယ်စွန့်စေလိုကြောင်း၊ ကောင်းမှုမကောင်းမှု ကုသိုလ် အကုသိုလ်ကံ တို့၏ အကျိုးတရားရှိကြောင်းကို ယူစေလိုပါသည် ယူပါဟူ၍ အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ပါယာသိရာဇညမင်းတရား၏ မှောက်မှားသော မိစ္ဆာဝါဒကို **သဟာဓမ္မိက** အမည်ရသည့် ဓမ္မလမ်းကြောင်း ကောင်းမြတ်သော အကြောင်းကို ပြ၍ မိမိ၏ ဓမ္မဝါဒ မှန်မြတ်လှသော တရားစကားကို မားမား ခိုင်ကျည် တည်စေတော်မူခဲ့ပါသည် အရှင်ဘုရား။

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ ဥပ္ပန္နံ ပရပ္ပဝါဒံ သဟာဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ အရှင် ကုမာရကဿပ မထေရ်မြတ်သည် ဖြစ်ပေါ်လာသော သူဘပါးတို့၏ မှားယွင်းသော မိစ္ဆာအယူကို အခြေအမြစ်အကြောင်း ယုတ္တိနှင့်တကွ ခိုင်လုံစွာ ပိုင်ပိုင်နိုင်နိုင်ကြီးနှိမ်နင်းပြီးလျှင် မှန်ကန်သော အယူဝါဒ မှန်ကန်သောဓမ္မဝါဒကို ခိုင်မြဲတည်တံ့စေပါ၏၊ ဤသို့ ခိုင်မြဲတည်တံ့အောင် ဟောပြောခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

သူခိုး ဥပမာ ပြီး၏

---

## တတိယ ပြဿနာ

### မစင်တွင်းကျသူ ဥပမာ

ပုစ္ဆာ။ ။အထ ပနာဝုသော ပါယာသိရာဇညော တတိယမ္ပိ ကီဒိသံ သာဓကေ ပရိယာယံ ဒသောဘွာ အတ္တနောဝါဒံ ပတိဋ္ဌာပေသိ၊ ကထဥ္စာ ယသ္မာ ကုမာရကဿပေါ တံ မိစ္ဆာဝါဒံ သဟာဓမ္မေန သုနိဂ္ဂဟ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

http://www.dhammadownload.com



ဝိဿဇ္ဇနာ။ ။တတိယမ္ပိ ခေါ ဘန္တေ ပါယာသိရာဇညော အတ္တနော မိစ္ဆာမဇ္ဇေ ဥဒ္ဒတိသာလောဟိတေ သုစရိတသမင်္ဂိနော ကာလံကတေ ဒဿေတွာ အတ္တနော မိစ္ဆာဝါဒံ ပတိဋ္ဌာပေသိ၊ အာယသ္မာစ ကုမာရကဿပေါ ဂူထကူပေ ပတပုရိသောပမာယ တံ မိစ္ဆာဝါဒံ သဟာဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

အမေး။ ။ထိုသို့ အရှင်ကုမာရကဿပက မိစ္ဆာဝါဒကို ဖြေရှင်းသော အခါဝယ် ပါယာသိရာဇညသည် သုံးကြိမ်မြောက်လည်း ထပ်ဆင့်၍ အဘယ်သို့သော အကိုးအကား အထောက်အထား ပရိယာယ်သာဓကစကားကို ညွှန်ပြပြီးလျှင် မိမိ၏အယူဝါဒကို တည်တံ့အောင် ပြောဆိုပြန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထိုမှားယွင်းသော အယူဝါဒကို အကြောင်းယုတ္တိ အခြေအမြစ်နှင့်တကွ ခိုင်လုံစွာ ပိုင်ပိုင် နိုင်နိုင် နှိမ်နင်းပြီးလျှင် မှန်ကန်သော ဓမ္မဝါဒ တရားမြတ်ကို တည်တံ့စေတော် မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဒုတိယအကြိမ်မြောက် အရှင်ကုမာရကဿပ မထေရ် ဓမ္မဝါဒ စကား မိန့်ကြား တည်တံ့စေတော်မူသော အခါကာလဝယ် ပါယာသိရာဇညမင်းတရားသည် ရှေးနည်းအတူ မိမိအယူကို မစွန့်ပယ်နိုင်ကြောင်း ထပ်လောင်း၍ လျှောက်ထားပါသည်၊

ထိုအခါ အရှင်ကုမာရကဿပက မယူနိုင်ဘိတောင်း အကြောင်းရှိပါသလား ဟု မေးမြန်းသောအခါ ရှိပါသည် ဟု ပြန်ကြား လျှောက်ထားပါသည်၊

ထိုအကြောင်းကား အဘယ်ပါနည်း ဟု ပါယာသိမင်းကို အရှင်ကုမာရကဿပသည် မေးမြန်းတော်မူပါသည်၊ ထိုအခါ ပါယာသိရာဇညမင်းတရားက—

အရှင်ကုမာရကဿပ....ဤလူ့ပြည် လောကဝယ် ကျွန်ုပ်၏ဆွေမျိုးရင်းချာ မိတ်သင်္ဂဟဖြစ်ကြသော ပါဏာတိပါတ အစရှိသော ဒုစရိုက်မှ ရှောင်ရှား၍ သုစရိုက်တရားကို ပွါးများအားထုတ်လေ့ ရှိကြသူများသည် များစွာရှိကြပါသည်၊

http://www.dhammadownload.com



ထိုသူတို့ စုတိပြတ်ကြွေ သေခါနီး အခါကာလဝယ် အကျွန်ုပ်သည် ထိုသူတို့ထံ သွားရောက်၍ အမောင်တို့...ဤလောကဝယ် အချို့သော ရဟန်း ပုဏ္ဏားတို့က သုစရိုက်တရားကို လိုက်စားကျင့်ကြံ ပွါးများအားထုတ်သော သူတို့သည် စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလဝယ် သုဂတိ နတ်ရွာသို့ ရောက်ရသည် ဟု ပြောကြ ဟောကြပါသည်၊

အမောင်တို့သည်လည်း သုစရိုက် ပွါးများသော သူတို့ပင် ဖြစ်ပါသည် အကယ်၍ ထိုရဟန်း ပုဏ္ဏားတို့စကား မှန်ကန်ပါမူ အမိတို့ အမောင်တို သည် ဤဘဝမှ စုတိပြတ်ကြွေ သေလွန်လျှင် နတ်ပြည်သို့ပင် ရောက်ကြရမည် ဖြစ်ပါသည်၊

အကယ်၍ အမောင်တို့ နတ်ပြည်သို့ရောက်လျှင် ငါ့ထံသို့ ပြန်ရောက်၍ ဤမည်ဤမည်သော အကြောင်းကြောင့် နတ်ပြည်လောကရှိကြောင်း စုတိ သည်မှ နောက်ကာလဝယ် တဖန်ဘဝပဋိသန္ဓေတည်နေရကြောင်း၊ ကောင်း မှု မကောင်းမှုတို့၏ အကျိုးဝိပါက်ရှိကြောင်း ပြန်ပြောင်း၍ လျှောက်ထားကြ ပါလေ၊ အမောင်တိသည် ကျွန်ုပ်၏ ယုံကြည်ရဆုံး စိတ်အချရဆုံး ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်၊ အမောင်တို့ မြင်ရတွေ့ရသမျှသည် ကျွန်ုပ်ကိုယ်တိုင် မြင်ရ တွေ့ရသည်နှင့် ထပ်မျှမခြားဖြစ်ပါသည် ဟု မှာကြားလိုက်ပါသည်၊

ထိုအခါ ကျွန်ုပ်၏ ထိုဆွေမျိုး မိတ်သင်္ဂဟတို့သည် ကောင်းပါပြီ ဟု ဝန်ခံ ပြီး ကွယ်လွန်၍ သွားကြပါသည်၊ သို့ကွယ်လွန်၍ သွားသည်မှစ၍ ယနေ့တိုင် ကျပင် တခါမျှ အကျွန်ုပ်ထံသို့ ကိုယ်တိုင်လည်းလာရောက်၍ မလျှောက်ထား တမန်လွှတ်၍လည်း မလျှောက်ထားဘဲ ရှိကြပါသည်၊

ဤအကြောင်းကြောင့်လည်း အကျွန်ုပ်၏ နတ္ထိကအယူဝါဒ,ဥစ္ဆေဒ အယူ ဝါဒကို လက်မလွှတ်နိုင်ဘဲ ရှိပါသည် ဟု မိမိဝါဒကို တည်စေသောအခါ အရှင် ကုမာရကဿပ မထေရ်သူမြတ်က——

သို့ပြီတကား ပါယာသိရာဇညမင်း....သင့်အား ငါဥပမာတခုပြောကြား ပါမည်၊ ဥပမာဖြင့်ပင် ဤလောကဝယ် ပညာရှိသောပုဂ္ဂိုလ်တို့သည် ထိုထို သောအနက် အဓိပ္ပါယ်ကို အကျယ်တဝင့် သိနိုင်ကြပါသည်၊

ဤလောကဝယ် တစုံတယောက်သော ယောက်ျားသည် မစင်တွင်း ဘင်တွင်းဝယ် ဥက္ကောင်းနစ်မျှ ကျ၍ နေသည်ဆိုပါစို့၊

http://www.dhammadownload.com



ထိုအခါ သင် ပါယာသိ မင်းတရားက မင်းချင်းယောကျ်ားတို့ကို အမောင်တို့....ဤမစင်တွင်းဘင်တွင်းဝယ် ကျ၍နေသော ယောကျ်ားကို ထုတ်ဆယ်ကြပါကုန်၊ ထုတ်ဆယ်ပြီးလျှင် မစင် အညစ်အကြေးတို့ကို ဆေးကြော သုတ်သင်ကြပြီးလျှင် ဤသူ၏ ကိုယ်ခန္ဓာဝယ် ရှိသမျှသော ဆံပင် မုတ်ဆိတ်တို့ ပယ်ဖြတ်ပြီးလျှင် မွန်မြတ်သော ပန်းမာလ် မွန်မြတ်သော နံ့သာ အဘိုးထိုက်တန်လှစွာသော အဝတ်အစားတို့ကို ပေးကြပါကုန်၊ အဝတ်အစားတို့ကို ပေးပြီးလျှင် ပြာသာဒ်မှ အထက်သို့တင်၍ အာရုံငါးပါး ကာမဂုဏ်တရားဖြင့် ဤယောကျ်ားအား ဖြေဖျော်ကြပါကုန် ဟု အမိန့်တော်မှတ်သားသည်ဆိုပါစို့....၊

ထိုအခါ သင်မင်းတရား၏ မင်းခယောကျ်ားတို့သည် သင်မင်းတရား မိန့်ကြားသည့်အတိုင်း ထိုမစင်တွင်းဝယ် ကျရောက်၍နေသော ယောကျ်ားကို ထုတ်ဆယ်ကြ၍ အညစ်အကြေးကင်းအောင် သုတ်သင်ရေမိုးချိုးဆေးကြောကြပြီးလျှင် ဆံမုတ်ဆိတ်ကို ပြင်ဆင်၍ အဘိုးထိုက်တန်လှစွာသော ပန်းမာလ် အဆင်တန်းဆာ နံ့သာတို့ကို ဆင်မြန်းလိမ်းကျံပြီးလျှင် အဘိုးထိုက်တန်စွာသော အဝတ်တို့ကို ဝတ်ရုံစေ၍ ပြာသာဒ်မှ အထက်သို့တင်ပြီးလျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့ဖြင့် ပျော်ပါးစေသည်ဆိုပါစို့၊

သို့ပြာသာဒ်မှ အထက်ဝယ် လွန်စွာလွန်စွာ တင့်တယ်စံပယ်၍ နေရသော အာရုံငါးပါးတို့ဖြင့် တင့်တယ်စံပယ်၍ နေရသော ထိုယောကျ်ား၏ စိတ်ဝယ် နောက်ထပ်တဖန် မစင်တွင်းသို့ သက်ဆင်းလိုသော စိတ်များ ဖြစ်ပါဦးမည်လော ဟု မေးမြန်းသောအခါ၊

မဖြစ်နိုင်ပါကြောင်း ပြန်ပြောင်း လျှောက်ထားပါသည်၊ ထိုအခါ အရှင်ကုမာရကဿပက တဖန်ဆက်၍—

မြတ်သော မင်းကြီး....ထို့အတူပင် လူ့ပြည်လောက လူတို့၏အနံ့ကား စာတုမဟာရာဇ် တာဝတိံသာ အစရှိသော နတ်တို့အဘို့ရာမှာ ယူဇနာတရာကပင် မကောင်းသောယနံ့လှိုင်၍ နေပါသည်၊ ထိုသို့ စတုမဟာရာဇ် တာဝတိံသာ စသော နတ်ပြည်လောကသို့ ရောက်၍ နေသော သင်၏ဆွေမျိုး သုစရိုက်သမားတို့သည် လွန်စွာလွန်စွာစက်ဆုပ် ရွံရှာဘွယ်ကောင်းလှသော ယူဇနာတရာအရပ်မှပင် နှာခေါင်းတွေ ပြတ်လှုမတတ် မကောင်းသောယနံ့

http://www.dhammadownload.com



တွေ့လိုင်၍ နေသော ဤလူ့ပြည်လောကသို့ အဘယ်မှာလျှင် လာရောက်ကြပါကုန်အံ့နည်း၊

ဤအကြောင်းဖြင့်လည်း သင်၏မိစ္ဆာဝါဒ နတ္ထိကအယူကို ပယ်ရှား၍ သမ္မာဝါဒ ကုသိုလ်ကောင်းမှု အကုသိုလ်မကောင်းမှုတို့၏ အကျိုးရှိမှု လူ့ပြည်လောက နတ်ပြည်လောက ဗြဟ္မာ့ပြည် လောကအစရှိသော တမလွန်လောကရှိမှုဟူသော သမ္မာဒိဋ္ဌိ အယူကိုယူပါဟု—

အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ယထာဘူတ ဟုတ်မှန်သော ဓမ္မအကြောင်းကိုပြ၍ မိစ္ဆာဝါဒကို နှိမ်နင်းတော်မူပြီးလျှင် မှန်ကန်သော ဓမ္မဝါဒစကား တရားတော်မြတ်ကို မတ်မတ် ခိုင်ကျည် တည်စေတော်မူခဲ့ပါသည် အရှင်ဘုရား၊

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ ဉပ္ပန္နံ ပရပ္ပဝါဒံ သဟဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ဖြစ်ပေါ်လာသော သူတပါးတို့၏ မှားယွင်းသော မိစ္ဆာဝါဒ မိစ္ဆာအယူကို လုံလောက်သော အကြောင်းယုတ္တိအခြေအမြစ်နှင့်တကွ ပိုင်ပိုင်နိုင်နိုင် နှိမ်နင်းပြီးလျှင် မှန်ကန်သောဓမ္မဝါဒ မှန်ကန်သောအယူကို တည်တံ့စေတော်မူခဲ့ပါပေ၏၊ ထိုသို့မှန်ကန်သောအယူ မှန်ကန်သောဝါဒကို တည်တံ့စေတော်မူခဲ့သည်မှာ ကောင်းလှပါပေစွငါ့ရှင်....။

မစင်တွင်းကျသူ ဥပမာ ပြီး၏

---

## စတုတ္ထ နှင့် ပဥ္စမ ပြဿနာ

### တာဝတိံသာနတ်နှင့် သူကန်း ဥပမာ

ပုစ္ဆာ။ ။အာယသ္မတာ အာဝုသော ကုမာရကဿပေန ပုရိမဒိဝသေ ပုစ္ဆိတဝိဿဇ္ဇိတက္ကမေန ဂူထကူပပုရိသဥပမာယ မိစ္ဆာဝါဒံ ပဋိက္ခိပိတွာ ဓမ္မဝါဒေ ပတိဋ္ဌာပိယမာနေ ပါယာသိရာဇညော

http://www.dhammadownload.com



စတုတ္ထံ ဝါ ပဉ္စမံ ဝါ ကီဒိသံ သာဓကေပရိယာယံ ဒဿေတွာ
အတ္တနော၀ါဒံ ပတိဋ္ဌာပေသိ၊ ကထဥ္စာယသ္မာ ကုမာရကဿပေါ
သဟဓမ္မေန တံ မိစ္ဆာဝါဒံ ပဋိက္ခိပိတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ဝိဿဇ္ဇနာ။ ။ပါယာသိ ဘန္တေ ရာဇညော အာယသ္မတာ ကုမာရကဿ-
ပေန ဂူထကူပေ နိမုဂ္ဂပုရိသော ပမာယ မိစ္ဆာဝါဒံ သုနိဂ္ဂဟိတံ
နိဂ္ဂဟေတွာ ဓမ္မဝါဒေ ပတိဋ္ဌာပိတေ စတုတ္ထံ ဝါ ပဉ္စမံ ဝါ
အတ္တနော မိတ္တာမစ္စေ ဉာတိသာလောဟိတေ သမာဒိန္န
ပဉ္စသီလေ သာဓကေပရိယာယံ ဒဿေတွာ အတ္တနော မိစ္ဆာဝါဒံ
ပတိဋ္ဌာပေသိ။ အာယသ္မာ စ ကုမာရကဿပေါ တာဝတိံသ-
ဒေဝေါပမာယ စ ဇစ္စန္ဓောပမာယ စာတိ ဒွီဟိ ဥပမာဟိ
တံ ပါပကံ ဒိဋ္ဌိဂတံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ၊
ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

အမေး။ ။ယမန်နေ့က မေးခဲ့ဖြေခဲ့သော အစဉ်ဖြင့် အရှင်ကုမာရကဿပ မထေရ်မြတ်သည် မစင်တွင်း၌ နစ်မြုပ်၍ နေသော ယောကျ်ားကို ထိုမစင်တွင်းမှ ထုတ်၍ ကောင်းမွန်စွာ ဘုံနန်းပြာသာဒ်၌ တည်နေသောအခါ ထိုမစင်တွင်းသို့ ပြန်လိုသော စိတ်မရှိခြင်းကို ပြဆိုသော ဥပမာစကားရပ်ဖြင့် ဖော်ပြ၍ ထိုမှားယွင်းသော မိစ္ဆာအယူကို ပယ်ရှားပြီးလျှင် မှန်ကန်သော ဓမ္မဝါဒကို တည်တံ့စေသောအခါဝယ် ပါယာသိရာဇညမင်းသည် လေးကြိမ်မြောက်ငါးကြိမ်မြောက်၌ အဘယ်သို့သော အထောက်အထား အကြောင်းယုတ္တိ သာဓက စကားကို ဖော်ပြပြီးလျှင် မိမိ၏အယူဝါဒကို တည်တံ့စေပြန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထို မှားယွင်းသော အယူဝါဒကို တရားနည်းလမ်းဖြင့် ပယ်ရှားပြီးလျှင် အဘယ်သို့လျှင် ဓမ္မဝါဒကို တည်တံ့စေပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ကုမာရကဿပ မထေရ်သည် မစင်တွင်း ဘင်ပုတ်တွင်း၌ နစ်မြုပ်၍နေသော ယောကျ်ား ဥပမာဖြင့် ပါယာသိရာဇညမင်း၏ အယူမှားကို ဟန့်တားနှိပ်ကွပ်တော်မူပြီးလျှင် ဓမ္မဝါဒကို တည်စေတော်မူပြီးသောအခါ ပါယာသိ ရာဇညမင်းသည် ရှေးဆိုခဲ့ပြီးသော အတိုင်း မိမိဝါဒကို မစွန့်လွှတ်နိုင်ကြောင်း တဖန် ထပ်လောင်း၍ လျှောက်ထားပါသည်၊

http://www.dhammadownload.com



မစွန့်လွှတ်နိုင်ဘိုရန် ခိုင်မာသော အကြောင်းသာဓကေ ယုတ္တိ ပရိယာယ် ရှိပါစ ဟု မေးမြန်းတော်မူသောအခါ ရှိပါကြောင်း ပြန်ပြောင်းလျှောက်ထား ပါသည် အဘယ်သို့နည်း ဟု မေးမြန်းတော်မူသောအခါ—

အို.... အရှင်ကဿပ၊ ဤလောကဝယ် ကျွန်ုပ်၏ ဆွေမျိုးရင်းချာ မိတ် သင်္ဂဟ ဖြစ်ကြသော ငါးပါးသီလမြဲသူပုဂ္ဂိုလ်တို့သည် များစွာရှိကြပါသည်၊ ထိုသူတို့ စုတိပြတ်ကျွေ သေလွန်ခါနီးသောအခါကာလဝယ် အကျွန်ုပ် သွားရောက်၍—

အမောင်တို့....ဤလောကဝယ် အချို့သော ရဟန်းပုဏ္ဏားတို့က ငါးပါး သီလမြဲသော ပုဂ္ဂိုလ်တို့သည် ကိုယ်ခန္ဓာပြတ်ကျွေ သေလွန်သည်မှ အခြားမဲ့ ဝယ် တာဝတိံသာ နတ်ပြည်သို့ တက်ရောက်ရကြောင်း ဟောကြ ပြောကြ ဝါဒဖြန့်ကြပါသည်၊

အမောင်တို့သည်လည်း ငါးပါးသီလမြဲသော ပုဂ္ဂိုလ်တို့ပင်ဖြစ်ကြပါသည် ထိုရဟန်းပုဏ္ဏားတို့၏စကား မှန်ကန်ပါမူ အမောင်တို့သည် ဤလူ့ပြည် လောကမှ စုတေလျှင် တာဝတိံသာ နတ်ပြည်သို့ ရောက်ကြရပါမည်၊ အမောင်တို့ တာဝတိံသာ နတ်ပြည်သို့ ရောက်ကြရပါလျှင် ဤအကြောင်း ဤအကြောင်းကြောင့် လူ့ပြည်လောကမှ တပါးသော တာဝတိံသာ နတ်ပြည်လောကရှိကြောင်း၊ ဒုတိယဘဝဝယ် တဖန် ပဋိသန္ဓေ တည်နေရ ကြောင်း၊ ကုသိုလ်ကောင်းမှု မကောင်းမှုတို့၏ အကျိုးဝိပါက်ရှိကြောင်းကို အကျွန်ုပ်ထံ ပြန်ကြားပြောဆိုလှည့်ပါ ဟု မှာထားလိုက်ပါသည်၊

ထိုသူတို့သည် "ကောင်းပါပြီ" ဟု ဝန်ခံပြီးလျှင် ယနေ့တိုင်အောင်ပင် တစုံတယောက်မျှလာရောက်၍လည်း မပြောကြား၊ တမန်စေလွှတ်၍ လည်း မပြောကြားပါ၊ ဤသည်လည်း အကျွန်ုပ်သည် နတ္ထိကဒိဋ္ဌိ, အကိရိယဒိဋ္ဌိကို ယူရခြင်း၏ ခိုင်လုံသော ယုတ္တိသာဓကအကြောင်း ဖြစ်ပါသည် ဟု မိမိဝါဒကို တည်စေသောအခါ အရှင်ကုမာရကဿပ မထေရ်က—

ပါယာသိရာဇညမင်း....သို့တပြီးကား ဤအရာဝယ် သင့်ကိုပင် ပြန်၍ ငါမေးပါပြီ၊ သင် နှစ်သက်သလို ဖြေဆိုနိုင်ခွင့် ရှိပါသည်၊

ပါယာသိရာဇညမင်း ....ဤလူ့ပြည်လောကမှာ အနှစ်တရာလျှင် တာဝတိံသာဝယ် တနေ့နှင့် တညဉ့်ခေါ်သော တရက်မျှရှိပါသည်၊ ထိုရက်

http://www.dhammadownload.com



ပေါင်း သုံးဆယ်မှတလ၊ ထိုလပေါင်းတဆယ့်နှစ်လမှတနှစ်၊ ထိုနှစ်အရေအတွက်အားဖြင့် အနှစ်တထောင်သည် တာဝတိံသာနတ်တို့၏ အသက်ဖြစ်ပါသည်၊

သင်၏ ဆွေမျိုးရင်းချာ မိတ်သင်္ဂဟဖြစ်ကြသော ပဉ္စသီလမြဲသူတို့သည် ၊ကိုယ်ခန္ဓာပြတ်ကျွေစုတေသည်မှ နောက်ကာလဝယ် တာဝတိံသာနတ်ပြည်သို့ ရောက်ကြပါကုန်ပြီ၊ သို့ရောက်သော သင်၏ ဆွေမျိုးရင်းချာ မိတ်သင်္ဂဟတို့သည်၊

**"ငါတို့သည် ဤတာဝတိံသာနတ်ပြည်ဝယ် နှစ်ရက်သုံးရက်မျှ နတ်၌ဖြစ်သော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစား၍ နေကြဦးမည်၊ နှစ်ရက်သုံးရက် လွန်မှ ပါယာသိရာဇညမင်းထံ ပြန်ကြားကြမည်ဟု—**

အကြံရှိခဲ့ပါလျှင် ထိုသင်၏ ဆွေမျိုးများဖြစ်သော သူတို့သည်၊ သင့်ထံလာရောက်၍ ပြန်ကြားပြောဆိုနိုင်ပါဦးမည်လား၊ ပြန်ကြားပြောဆိုစေကာမူ သင်သည် ထိုသူတို့လာရောက်သည့်အချိန်ကို မှီနိုင်ပါအံ့လား ဟု မေးမြန်းတော်မူပါသည်၊

မမှီနိုင်ပါကြောင်း၊ ပြန်ပြောင်း၍ ပြောကြားစေကာမူ အကျွန်ုပ်တို့ ကွယ်လွန်၍ အချိန်အလွန်, အလွန်ကြာမှ ပြန်ပြောင်း၍ ပြောကြားကြမည် ဖြစ်ကြောင်းကို လျှောက်ထားပြီးလျှင်—

အို အရှင်ကဿပ....အရှင်ဘုရားအား မည်သူက တာဝတိံသာနတ်ပြည် ရှိ၏ ဟူ၍ငင်း၊ ထိုတာဝတိံသာ နတ်တို့သည် ဤပုံဤပန်း အသက်ရှည်၏ ဟူ၍ ငင်း မည်သူက အရှင်ဘုရားအား ပြောကြားပါဘိသနည်း၊ တပည့်တော်တို့သည် အရှင်ဘုရား၏ ပုဂ္ဂလိက စကားမျှဖြင့် တာဝတိံသာနတ်ပြည်ရှိ၏ ဟူ၍ ငင်း ထိုတာဝတိံသာနတ်တို့သည် ဤပုံဤပန်း အသက်ရှည်၏ ဟူ၍ ငင်း မယုံကြည်နိုင်ကြပါကုန် ဟု"—

ပြန်ကြားလျှောက်ထားသောအခါ အရှင်ကုမာရကဿပ မထေရ်မြတ်က ပါယာသိရာဇညမင်း၊ လောကဥပမာအားဖြင့် အမိဝမ်းတွင်းကပင် မျက်မမြင် သူကန်းတယောက်သည် ရှိပါသည်၊ ထိုမျက်မမြင်သူကန်းသည် အမည်း,အဖြူ,အညို,အရွှေ,အဝါ, အမောင်း တည်းဟူသော အဆင်းအမျိုးမျိုးကိုငင်း နက္ခတ်တာရာ နေ လ အဆင်းကိုငင်း ကိုယ်တိုင်မမြင်ရပါ၊ သူ့ကိုယ်တိုင် မမြင်ရသည့်အတွက် ပတ်ဝန်းကျင်ရှိသမျှသော လူတို့ကို—

http://www.dhammadownload.com



အမောင်တို့....ဤလောကဝယ် အမည်း အဖြူ အညို အရွှေ အမောင်း ဆိုတဲ့ အဆင်း အမျိုးမျိုး နေ လ နက္ခတ် တာရာဆိုတဲ့ ကမ္ဘာ့ တန်းဆာ ပစ္စည်း အမျိုးမျိုးတို့သည် မရှိကြပါကုန်၊ ထိုပစ္စည်းတို့ကို မြင်တတ်တဲ့ သူလည်း မရှိကြပါကုန်၊ အကြောင်းကား အကျွန်ုပ်သည် အရှေ့ အနောက် တောင် မြောက် အရပ်လေးမျက်နှာကို ကြည့်သော အခါ ဆိုခဲ့ပြီးသော အဆင်းအမျိုးမျိုးတို့ ကိုဋ္ဌင်း နေ လ နက္ခတ်တာရာတို့ကိုဋ္ဌင်း အကျွန်ုပ်မမြင်ရပါ၊ ကျွန်ုပ်မမြင်ရ သောကြောင့် ထိုဆိုအပ်ပြီးသော ရူပါရုံအမျိုးမျိုး နေ လ နက္ခတ်တာရာ တို့သည် မရှိ ဟု ပြောကြားခဲ့သော် ထိုမျက်မမြင်သူကန်း ပြောကြားသော စကားသည် မှန်နိုင်ပါမည်လော ဟု မေးမြန်းတော်မူပါသည်၊

"မမှန်နိုင်ကြောင်း" ပါယာသိရာဇညမင်း ပြန်ပြောင်း၍ လျှောက်ထား သော အခါ—

ပါယာသိရာဇညမင်း....အသင်သည် ပဋိသန္ဓေကပင် မျက်မမြင် သူကန်း နှင့် တူပါပေစွတကား၊ အသင်မမြင်ရရုံဖြင့် တာဝတိံသာ နတ်ပြည် ဟူ၍ မရှိ၊ တာဝတိံသာနတ်တို့သည် ဤပုံဤပန်း အသက်ရှည်၏ ဟူ၍ မဆိုနိုင် ရမှာလား—

ပါယာသိရာဇညမင်း....သင့်စိတ်ထည်းမှာ ထင်မြင်ယူဆသကဲ့သို့ တာဝတိံသာ နတ်ပြည်ကိုပကတိ မံသစက္ခုဖြင့် ကြည့်၍ မြင်နိုင်သည် မဟုတ်ပါ၊ စင်စစ်သော်ကား သီလဝန္တ ကလျာဏဓမ္မ ဖြစ်တော်မူကြသော ရဟန်းပုဏ္ဏားတို့သည် တောတောင် ဖြုထပ်ရာသို့ သွားရောက်ပြီးလျှင် မမေ့မလျော့ဘဲ ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့် ယှဉ်ကြ၍ မိမိကိုယ်ကို ကမ္မဋ္ဌာန်း အာရုံ၌ စွန့်လှူပြီးလျှင် သူတော်ကောင်းတရားကို အားထုတ်ကြပါသည်၊

သို့ သူတော်ကောင်းတရားကို အားထုတ်ခြင်းဖြင့် ဒိဗ္ဗစက္ခုခေါ်သော အဘိညာဉ်မျက်စိကို စင်ကြယ်စေကြပါကုန်သည်၊ ထိုသီလဝန္တ ရဟန်း ပုဏ္ဏားတို့သည် ဒိဗ္ဗစက္ခုအဘိညာဉ်မျက်စိဖြင့် ဤပစ္စုပ္ပန်လောကကိုဋ္ဌင်း တမလွန်လောက နတ်ရွာသုဂတိကိုဋ္ဌင်း အပါယ်ဒုဂ္ဂတိကိုဋ္ဌင်း ကြွင်းမဲ့ကုန်စင် မြင်နိုင်ကြပါပေသည်၊

ဤဆိုအပ်ပြီးသော အကြောင်းကြောင့်လည်း သင်၏ နတ္ထိက, ဥစ္ဆေဒ အယူမှားကို ပယ်ရှား၍ ဟုတ်မှန်သော တမလွန်လောကရှိ၏၊ အဝိဇ္ဇာ တဏှာ

http://www.dhammadownload.com



တည်းဟူသော ဝဋ်မြစ် မပြတ်သေးလျှင် ဤဘဝမှ စုတေသော် တဖန် ဒုတိယ ဘဝဝယ် ပဋိသန္ဓေနေရ၏၊ ကောင်းမှု မကောင်းမှု ကုသိုလ် အကုသိုလ်ကံ တို့၏ အကျိုးဝိပါက်သည် ရှိ၏ ဟု ယထာဘူတ သမ္မာဒိဋ္ဌိ အယူကို သင် ယူပါ”ဟု—

အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ပါယာသိ ရာဇညမင်းတရား ၏ မှောက်မှားသော မိစ္ဆာအယူဝါဒကို ဓမ္မလမ်းကြောင်း ကောင်းမြတ်သော ဥပါယ်ဖြင့် ကောင်းစွာ နှိပ်ကွပ်အပ်သည်ကို ပြုပြီးလျှင် ယထာဘူတဓမ္မဝါဒ စကားကို မားမားခိုင်ကျည် ဤသို့ တည်စေတော်မူခဲ့ပါသည် အရှင် ဘုရား။

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ ကုမာရ-ကဿပေါ ပါယာသိဿ ရာဇညဿ ဒွေ ဥပမာယော ဒဿေတွာ ဥပ္ပန္နံ ပါပကံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာ-ပေသိ။

ကောင်းပါပေစွ ကောင်းပါပေစွ၊ ငါ့ရှင် အရှင်ကုမာရကဿပ မထေရ် မြတ်သည် ပါယာသိရာဇညမင်းအား တာဝတိံသာ နတ်တို့၏ ရက်အပိုင်း အခြား ဥပမာ, ဇစ္စန္ဓ ပဋိသန္ဓေကန်း ပုဂ္ဂိုလ်၏ ဥပမာတည်းဟူသော နှစ်မျိုး သော ဥပမာတို့ကိုပြ၍ ဖြစ်ပေါ်လာသော မှားယွင်းသော ထိုမိစ္ဆာအယူကို တရားသဖြင့် ကောင်းစွာ နှိပ်နင်းပယ်ဖြတ်၍ မှန်ကန်သော ဓမ္မဝါဒကို တည် တံ့စေတော်မူပါပေ၏၊ ထိုသို့ တည်တံ့စေခြင်းမှာ ကောင်းလှပါပေစွ ငါ့ရှင်။

တာဝတိံသာနတ်နှင့် သူကန်း ဥပမာ ပြီး၏

---

## ဆင္ဓ ပြဿနာ

### ကိုယ်ဝန်ဆောင် ဥပမာ

ပုစ္ဆာ။ ။အထ ပနာဝုသော ပါယာသိရာဇညော ဆဋ္ဌံပိ ကိဉ္စိဒိသံ သာဓကပရိ-ယာယံ ဒဿေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ ကထဉ္စာယသ္မာ ကုမာရကဿပေါ သဟဓမ္မေန တံ မိစ္ဆာဝါဒံ သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ဝိဿဇ္ဇနာ။ ။ဆဋ္ဌံ ပန ဘန္တေ ပါယာသိရာဇညော သီလဝန္တေ သမဏ-ဗြာဟ္မဏေ ကလျာဏဓမ္မေ ဇီဝိတုကာမေ အမရိတုကာမေ

http://www.dhammadownload.com



သုခကာမေ ဒုက္ခပဋိကူလေ သာဓကေပရိယာယံ ဒဿေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ အာယသ္မာစ ကုမာရကဿပေါ ဂဗ္ဘိနီ ဥပမာယ တံ မိစ္ဆာဝါဒံ သဟာဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂ- ဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

အမေး။ ။အရှင်ကုမာရကဿပ မထေရ်မြတ်က တာဝတိံသာ နတ် ဥပမာ, ပဋိသန္ဓေမှ မျက်စိကွယ်လာသော ဇစ္စန္ဓပုဂ္ဂိုလ်ဥပမာနှစ်ခုတို့ဖြင့် ဖော်ပြ၍ ထိုမှားယွင်းသော အယူကို ပယ်ရှားပြီးလျှင် မှန်ကန်သော ဓမ္မဝါဒကို တည်တံ့စေသော အခါဝယ် ပါယာသိရာဇညမင်းသည် ခြောက်ကြိမ်မြောက် လည်း အဘယ်သို့သော အထောက်အထား သာဓကပရိယာယ်ကို ဖော်ပြ ပြီးလျှင် မိမိ၏ အယူဝါဒကို တည်တံ့စေပြန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထိုသို့ ဖြစ်ပေါ်လာသော မှားယွင်းသော အယူကို တရား သဖြင့် နှိပ်နင်းပယ်ရှားပြီးလျှင် အဘယ်သို့လျှင် မှန်ကန်သော ဓမ္မဝါဒကို တည်တံ့စေခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပါယာသိ ရာဇညမင်းသည် ခြောက်ကြိမ်မြောက်၌ ဒိုး အရှင်ကုမာရကဿပ ဤလောကဝယ် သီလရှိသော ကောင်းသော အကျင့်ရှိသော ရဟန်း ပုဏ္ဏားတို့ကို အကျွန်ုပ် ဒိဋ္ဌထင်ထင် မြင်ရပါသည်၊

ထို ရဟန်း ပုဏ္ဏားတို့သည် ချမ်းသာသုခကိုသာ အလိုရှိကြပါကုန်သည်၊ ဆင်းရဲဒုက္ခကို စက်ဆုပ်ရွံရှာကြပါကုန်သည်၊ ထိုရဟန်းပုဏ္ဏားတို့သည် အသက်ရှည်ခြင်းကိုသာ အလိုရှိကြပါကုန်သည်၊ စုတိပြတ်ကျွေ သေလွန်မှုကို အလိုမရှိကြပါကုန်၊ ထိုရဟန်းပုဏ္ဏားတို့ကို မြင်သောအခါ အကျွန်ုပ် ဤသို့ အကြံ ဖြစ်ပါသည်၊

အကယ်၍ ဤသီလရှိသော ကောင်းသော အကျင့်ရှိသော ဤရဟန်း ပုဏ္ဏားတို့သည် ဤဘဝမှ စုတိပြတ်ကျွေ သေလွန်သောကာလဝယ် သုဂတိ ဘုံဘဝသို့ ရောက်ကြမည့်အဖြစ်ကို စင်စစ် ကေန် သိကြမည် မှန်ပါက ဤရဟန်း ပုဏ္ဏားတိသည် မိမိကိုယ်ကို မိမိဓားလက်နက်ဖြင့် သတ်ဖြတ်၍သော်၎င်း, အဆိပ်ကို စားသောက်၍သော်၎င်း, ဆွဲကြိုးချ၍ သော်၎င်း, ကမ်းပါးပြတ်မှ ခုန်ဆင်း၍သော်၎င်း, တနည်းနည်းသော ဥပါယ်ဖြင့် မိမိကိုယ်ကို မိမိတို့ သတ် ကြပါကုန်မည်၊

http://www.dhammadownload.com



ယခုမှာမူ ဤရဟန်းပုဏ္ဏားတို့သည် တမလွန်လောကသို့ရောက်သော အခါ မိမိတို့ ချမ်းသာရမည့်အရေးကို မမြင်နိုင်ကြသည့်အတွက် မိမိတို့ ကိုယ်ကို မိမိတို့ မသတ်ဘဲ မသေစေဘဲ ရှိကြသည်၊

ဤမည်သော အကြောင်းသည်လည်း အကျွန်ုပ်၏ နတ္ထိကဒိဋ္ဌိ, ဥစ္ဆေဒ ဒိဋ္ဌိကို ယူရခြင်း၏ ခိုင်လုံသော အကြောင်းတရားဖြစ်ပါသည် ဟု လျှောက် ထားသောအခါ အရှင်ကုမာရကဿပ မထေရ်မြတ်က—

သို့တပြီးကား ပါယာသိရာဇည....သင့်ကို ဤအရာဝယ် ဥပမာအားဖြင့် ပြဆိုပါဦးအံ့၊ ရှေး၌ဖြစ်ဘူး အကြောင်းထူးကား—

အို ပါယာသိရာဇညမင်း....ရှေးအခါဝယ် ပုဏ္ဏားတယောက်အား ဇနီးနှစ် ယောက်ရှိပါသည်၊ ထိုနှစ်ယောက်သော ဇနီးတို့တွင် တယောက်သော ဇနီးမှာ သားယောကျ်ား ထွန်းကားခဲ့ပါသည်၊ ထိုသားယောကျ်ား အသက် ဆယ်နှစ်ဆယ့်နှစ်နှစ် အရွယ်ရှိသောအခါ အခြားဇနီးတယောက်ဝယ် ကိုယ်ဝန် အရင့်အမာရှိခဲ့ပါသည်၊ ထိုအချိန်မှာပင် ထိုပုဏ္ဏားစုတိပြတ်ကျွေ သေလွန်၍ သွားပါသည်၊

ထိုအခါ အသက်ဆယ်နှစ် ဆဲ့နှစ်နှစ်အရွယ်ရောက်ပြီးသော ပုဏ္ဏားလုလင် ငယ်သည် မိထွေးထံသို့ သွားရောက်၍—

အို အရှင်မ ဤအိမ်မှာရှိသမျှသော ရွှေ ငွေ ဥစ္စာ ရတနာတို့သည် အလုံးစုံ အကျွန်ုပ်၏ဥစ္စာဖြစ်ပါသည်၊ အကျွန်ုပ်တို့ စည်းမျဉ်းဥပဒေအရ ထို ရွှေ ငွေ ပစ္စည်းဥစ္စာ ရတနာတို့သည် အရှင်မ၏ ဥစ္စာလုံးဝမဟုတ်နိုင်ပါ၊ ဘခင်၏ အမွေအနှစ်ကို အကျွန်ုပ်အား ပေးပါ ဟု ပြောပါသည်၊

ထိုအခါ ထိုပုဏ္ဏေးမက အမောင်....ငါမွေးဖွားရုံ ကာလတိုင်အောင် စောင့်ဆိုင်းပါ၊ အကယ်၍ သားယောကျ်ား မွေးဖွားပါလျှင် ထို သားယောကျ်ားအားလည်း အနည်းအကျဉ်းပေးရပါလိမ့်မည်၊ အကယ်၍ သမီး မိန်းမ မွေးဖွားသည် ဖြစ်ပါမူကား ထိုသမီးမိန်းမသည်လည်း သင်၏ အသုံးအဆောင်အလုပ်အကျွေးပင် ဖြစ်ပါစိမ့်မည် ဟု ပြောပါသည်၊

နှစ်ကြိမ်မြောက်လည်း ထိုသူငယ်သည် တောင်းမြဲတောင်းပါသည်၊ သုံး ကြိမ်မြောက် တောင်းသောအခါ ထိုပညာမဲ့သော ပုဏ္ဏေးမသည် ဓားလက်နက် ကို ယူဆောင်၍—

http://www.dhammadownload.com



**ငါသည် ယောကျ်ားကိုသော်ငှင်း မိန်းကလေးကိုသော်ငှင်း မည်သည့် အရာကို ဖွားမည်ကို သိသာဆောင် ဖွားစိမ့်မည် ဟု —**

အိပ်ရာ တိုက်ခန်းသို့ ဝင်ရောက်ပြီးလျှင် မိမိဝမ်းတိုက်ကို ဓားဖြင့် ဖောက်ခွဲပါတော့သည်၊

ဤနည်းဖြင့် ထိုမလိမ်မာသော ပုဏ္ဏေးမသည် မိမိကိုယ်ကိုငှင်း အသက်ကို ကိုငှင်း ဝမ်းတွင်းမှာရှိသော ကိုယ်ဝန်ကိုငှင်း အလုံးစုံသော စည်းစိမ်ဥစ္စာ ရတနာနှစ်မျိုးတို့ကိုငှင်း ပျက်စီးစေဘိသည်၊

ပါယာသိရာဇညမင်း....သင်သည်လည်း နည်းလမ်းမကျ အယောနိသော မနသိကာရဖြင့် တမလွန်လောကကို ရှာမှီးလိုရှိလျှင် ဤပုဏ္ဏေးမ မလိမ်မာသူ ကဲ့သို့ ပင် အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်ပါလိမ့်မည်၊

အို ပါယာသိ ရာဇညမင်း....သီလရှိသော ရဟန်းပုဏ္ဏား သူတော်ကောင်း တို့သည် မရင့်မကျက် အချိန်မကျသေးသော ဤရူပကာယကိုယ်ခန္ဓာကို တစုံ တခု မကောင်းသော မိစ္ဆာပယောဂလှုံ့လဖြင့် ပျက်စေ ပြုန်းတီးစေကြသည် မဟုတ်ပါ၊ ဤခန္ဓာကိုယ် စုတေချိန်ကိုသာလျှင် စောင့်ဆိုင်းငံ့လင့်၍ နေကြ ပါသည်၊ ပညာရှိရဟန်းပုဏ္ဏားတို့ ကာလရှည်လျားစွာ တည်နေခြင်းဖြင့် ပညာရှိဖြစ်သော ရှင်လူအများတို့ ကုသိုလ်တရား အကျိုးတရား ပွါးများကြ ပါသည်၊

ဤ ဆိုအပ်ပြီးသော အကြောင်းကြောင့်လည်း အသင် ပါယာသိရာဇည မင်း၏ မကောင်းလှသော ဥစ္ဆေဒဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိအယူမှားကို ပယ်ရှား၍ ဟုတ် မှန်ကျန ယထာဘူတ ဖြစ်သော တမလွန်လောကရှိသည်၊ အဝိဇ္ဇာတဏှာ မပြတ်သေးလျှင် ဒုတိယဘဝဝယ် တဖန် ပဋိသန္ဓေတည်နေရသည်၊ ကုသိုလ် အကုသိုလ်ကံ အကျိုးရှိသည် ဟု ကမ္မဿကတဉာဏ် ပညာဒိဋ္ဌိကို အသင် ပါယာသိ မင်းတရားယူပါ ဟု အရှင်ကုမာရကဿပမထေရ်သူမြတ်သည် ပါယာသိရာဇညမင်း၏ မှောက်မှားသော မိစ္ဆာဝါဒကို ဓမ္မလမ်းကြောင်းဖြင့် ဖယ်ရှားနိုပ်ကွပ်တော်မူပြီးလျှင် ဟုတ်မှန်သော ယထာဘူတ ဓမ္မဝါဒ စကားကို မားမားခိုင်ကျည် တည်စေတော်မူခဲ့ပါသည် အရှင်ဘုရား။

http://www.dhammadownload.com



သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ ဂဗ္ဘိနီဥပမံ ဒဿေတွာ တံ မိစ္ဆာဝါဒံ ပဋိက္ခိပိတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ အရှင်ကုမာရကဿပ မထေရ်မြတ်သည် ကိုယ်ဝန်ဆောင် မိန်းမ၏ ဥပမာကို ဖော်ပြ၍ ထိုမှားယွင်းသော မိစ္ဆာအယူကို ပယ်ရှားပြီးလျှင် မှန်ကန်သော ဓမ္မဝါဒကို တည်တံ့စေတော်မူခဲ့ပါပေ၏၊ ထိုသို့ မှန်ကန်သော ဓမ္မဝါဒကို တည်တံ့အောင် ဟောပြောပြသခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

ကိုယ်ဝန်ဆောင် ဥပမာ ပြီး၏

---

## သတ္တမ ပြဿနာ

### အိမ်မက် ဥပမာ

ပုစ္ဆာ။ ။အထ ပနာဝုသော ပါယာသိရာဇညော သတ္တမံပိ ကီဒိသံ သာဓကေ ပရိယာယံ ဒဿေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ ကထဉ္စာ-ယသ္မာ ကုမာရကဿပေါ တံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ဝိဿဇ္ဇနာ။ ။သတ္တမံ ပန ဘန္တေ ပါယာသိရာဇညော ကုဇ္ဇိယံ ပက္ခိပိတွာ မာရိတပုရိသံ သာဓကေပရိယာယံ ဒဿေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ အာယသ္မာစ ကုမာရကဿပေါ သုပိန-ကူပမာယ တံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

အမေး။ ။အရှင်ကုမာရကဿပ မထေရ်မြတ်က ကိုယ်ဝန်ဆောင် မိန်းမ၏ ဥပမာကိုပြ၍ ထိုမှားယွင်းသော မိစ္ဆာအယူကို ပယ်ရှားပြီးလျှင် မှန်ကန်သောဓမ္မဝါဒကို တည်တံ့စေသောအခါဝယ် ပါယာသိရာဇညမင်းသည် ခုနစ်ကြိမ်မြောက်လည်း အဘယ်သို့သော အထောက်အထား သာဓက ပရိယာယ်စကားကို ဖော်ပြပြီးလျှင် မိမိ၏အယူကို တည်တံ့စေပြန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထိုမှားယွင်းသော မိစ္ဆာအယူကို

http://www.dhammadownload.com



တရားသဖြင့် အဘယ်သို့လျှင် ပယ်ရှားနှိမ်နင်း၍ မှန်ကန်သော ဓမ္မဝါဒကို အဘယ်သို့လျှင် တည်တံ့စေခဲ့ပြန်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ခုနစ်ကြိမ်မြောက်၌ကား ပါယာသိရာဇညမင်းသည်—

အိုအရှင်ကုမာရကဿပ....လွန်ခဲ့သော တနေ့က လွန်ခဲ့သော အမှတ်မရှိသော ရက်တခုက အကျွန်ုပ်ထံ အကျွန်ုပ်၏အစေအပါး မင်းချင်းယောကျ်ားတို့သည် ခိုးသားလုလင်တယောက်ကို ခေါ်ဆောင်၍ ပို့ရောက်လာကြပြီးလျှင် "အရှင်မင်းကြီး....ဤသူကား သူတပါးတို့၏ ဥစ္စာကို ခိုးယူသော ခိုးသားဖြစ်ပါသည်၊ ထိုခိုးသားကို အရှင်မင်းကြီး အလိုရှိရာ ဒဏ်ထားတော်မူပါ" ဟု လျှောက်ထားကြသောအခါ

"အမောင်တို့....သို့တပြီးကား ဤယောကျ်ားကို အသက်ရှင်လျက်ပင်လျှင် (အရှင်လတ်လတ်) အိုးအတွင်းသို့ ထည့်ပြီး အပေါ်မှ အိုးကိုပိတ်၍ ထိုအပေါ်မှ သားရေစိမ်းဖြင့် ရစ်ပတ်ပြီးလျှင် မြေညက်တို့ဖြင့် ထူထဲစွာ လိမ်းကျံ၍ ခံလောက် သုံးခုအပေါ်သို့ တင်ပြီးလျှင် မီးတိုက်ကြကုန်" ဟု အမိန့်တော်မြွက်မှတ်ခဲ့ပါသည်၊ သို့မှတ်သည့်အတိုင်းပင် မင်းချင်းယောကျ်ားတို့သည်လည်း ထိုခိုးသားကို အိုးအတွင်းသို့ ထည့်၍ အိုးနှုတ်ခမ်းကို ပိတ်ပြီးလျှင် ထိုအထက်မှ သားရေစိမ်းဖြင့် ရစ်ပတ်၍ မြေညက်တို့ဖြင့် ထူထပ်စွာ လိမ်းကျံပြီးလျှင် ခံလောက်သို့ တင်၍ မီးတိုက်ကြပါသည်၊

ထိုခိုးသားယောကျ်ား သေလောက်သော အခါကာလဝယ် အကျွန်ုပ်တို့သည် ထိုအိုးကိုချ၍ အဝကို ဖွင့်လှစ်ပြီးလျှင် ဖြေးညှင်းသာယာစွာဖြင့် ထိုခိုးသားယောကျ်ား၏ အသက်ဇီဝ လိပ်ပြာထွက်လာသည်ကို မြင်လိုမြင်ငြားကြည့်၍ နေကြပါသည်၊ လုံးဝမမြင်ရပါ၊ ဤသည်လည်း အကျွန်ုပ်၏ နတ္ထိကဝါဒ, အကိရိယဝါဒ, ဥစ္ဆေဒဝါဒကို ယူရခြင်း၏ အကြောင်း ဖြစ်ပါသည် ဟု မိမိဝါဒကိုတည်စေသော အခါ အရှင် ကုမာရကဿပ မထေရ်မြတ်က— .

"ပါယာသိမင်း....သင်သည် ရှေးအခါက နေ့အခါ အိပ်နေစဉ်ဝယ် အရံဥယျာဉ်,ဗိမာန်,တော,တောင်,ရေ,မြေ တို့၏ တင့်တယ်ပုံကို အိပ်မက် မြင်မက်ဘူးပါသလား"ဟု မေးမြန်းပါသည်၊

မြင်မက်ဘူးပါကြောင်း ပြန်ပြောင်းလျှောက်ထားသောအခါ ထိုအချိန်ဝယ် သင်၏ အနည်းအပါး အခြွေအရံ အခစားတို့ ရှိကြသည် မဟုတ်ပါလော ဟု မေးပါသည်၊ ရှိကြပါသည် ဟု လျှောက်ထားသောအခါ—

http://www.dhammadownload.com



သင်တို့၏ အယူဝါဒဝယ် ထိုသို့ အိပ်မက် မက်နေသောအခါ အသက်ဇီဝ လိပ်ပြာဝိညာဉ်သည် အိပ်မက်ထည်းမှာတွေ့သည့် အာရုံရှိရာအရပ်သို့ ထွက်၍ သွားချီ၊ အိပ်မက် မြင်မက်သောသူ၏ ခန္ဓာကိုယ်အတွင်းသို့ဝင်၍ သွားချီလို့ ယူဆသည် မဟုတ်ပါလော....၊ ဟုတ်ပါကြောင်း ပြန်ပြောင်းလျှောက်ထား သောအခါ—

သို့တပြီးကား ထိုသို့ သင် အိပ်မက်မြင်သောအခါ သင်၏ အသက်ဇီဝ လိပ်ပြာဝိညာဉ်ကောင်သည် သင့်ကိုယ်မှထွက်၍ အိပ်မက်၏ အာရုံရှိရာသို့ သွားသည်ကိုရှင်း ထိုမှသည် သင်၏ ကိုယ်အတွင်းသို့ အသက်လိပ်ပြာဝိညာဉ် ဝင်ရောက်လာသည်ကိုရှင်း သင်၏ အပါးဝယ် အမြဲတမ်း ခစား၍ နေသော အရံ အရွေ အချွေအရံ ပရိသတ်တို့သည် မြင်ကြပါသလား ဟု မေးမြန်းပါသည်၊ မမြင်ရပါကြောင်း ပြန်ပြောင်းလျှောက်ထားသော အခါ—

အို ပါယာသိရာဇညမင်း....အသက်ထင်ရှား အရှင်သားဖြစ်ကြသည့် အသင်၏ အချွေအရံ ပရိသတ်များပင်သော်မှ အသက်ထင်ရှား အရှင်သား ဖြစ်ပေသော သင်ပါယာသိမင်းတရား၏ အသက်ဇီဝလိပ်ပြာကိုမျှ မမြင်ကြ လျှင် အဘယ်မှာလျှင် အသင်သည် စုတိပြတ်ကျွေ သေလွန်သောယောကျ်ား၏ အသက်ဇီဝလိပ်ပြာ ဝိညာဉ်ကို မြင်နိုင်အံ့နည်း၊ မမြင်နိုင်သည်သာတည်း ဟု မိန့်ကြားတော်မူပြီးလျှင် ပါယာသိရာဇညမင်း၏ မှောက်မှားသော မိစ္ဆာအယူ ဝါဒကို ဓမ္မလမ်းကြောင်းဖြင့် ကောင်းစွာနှိပ်ကွပ်အပ်သည်ကိုပြု၍ ဓမ္မဝါဒ မှန်ကန်သော တရားစကားကို မားမားခိုင်ကျည် တည်စေတော်မူခဲ့ပါသည် အရှင်ဘုရား၊

> သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ သုပိနကူပမံ ဒဿေတွာ ဉပ္ပန္နံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ အရှင်ကုမာရကဿပ မထေရ် မြတ်သည် အိပ်မက်ဥပမာကိုဖော်ပြ၍ ဖြစ်ပေါ်လာသော မှားယွင်းသော မိစ္ဆာအယူကို တရားသဖြင့် ကောင်းစွာနှိပ်နင်းပြီးလျှင် မှန်ကန်သော ဓမ္မဝါဒ ကို တည်တံ့စေတော်မူခဲ့ပါပေ၏၊ ထိုသို့ မှားယွင်းသော အယူကို ပယ်ရှား၍ မှန်ကန်သော ဓမ္မဝါဒကို တည်တံ့စေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်၊

အိပ်မက် ဥပမာ ပြီး၏

http://www.dhammadownload.com



## အဋ္ဌမ,နဝမ,နှင့် ဒသမ ပြဿနာ

### မီးပူဇော်သော ရသေ့ ဥပမာ

ပုစ္ဆာ။ ။အထ ပနာဝုသော ပါယာသိရာဇညော အဋ္ဌမံ ပိ နဝမံ ပိ ကထေ-တဗ္ဗံ ကထေတွာ ဒသမံ ကီဒိသံ သာဓကပရိယာယံ ဒသေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ ကထဥ္စာယသ္မာ ကုမာရကဿပေါ သဟဓမ္မေန တံ မိစ္ဆာဝါဒံ ပဋိနိဿဇ္ဇာပေသိ။

ဝိဿဇ္ဇနာ။ ။အဋ္ဌမံ ပိ ဘန္တေ နဝမံ ပိ ပါယာသိရာဇညော ယံ ဝါ တံ ဝါ ပရိယာယံ ဒသေတွာ အတ္တနော ဝါဒံ ပတိဋ္ဌာပေသိ၊ ဒသမံ ပန ဘန္တေ ပါယာသိရာဇညော ဆဝိအာဒီနိ ဆိန္ဒိတွာ မာရိတ-ပုရိသံ သာဓကပရိယာယံ ဒသေတွာ အတ္တနော ဝါဒံ ပတိ-ဋ္ဌာပေသိ၊ အာယသ္မာ စ ကုမာရကဿပေါ အဂ္ဂိကဇဋိလော-ပမာယ တံ မိစ္ဆာဝါဒံ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဟေတွာ ဓမ္မဝါဒံ ပတိဋ္ဌာပေသိ။

အမေး။ ။အရှင်ကုမာရကဿပ မထေရ်မြတ်က အိပ်မက်ဥပမာဖြင့် မိစ္ဆာဝါဒကို ပယ်ရှား၍ ဓမ္မဝါဒကို တည်စေသောအခါဝယ် ပါယာသိရာဇညမင်းသည် ရှစ်ကြိမ်မြောက်ငင်း ကိုးကြိမ်မြောက်ငင်း ပြောလိုသောစကားကို ပြောကြားပြီးနောက် ဆယ်ကြိမ်မြောက်၌ အဘယ်သို့သော အထောက်အထားသာဓက ပရိယာယ်ကို ဖော်ပြပြီးလျှင် မိမိ၏အယူဝါဒကို တည်တံ့စေပြန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ထိုမှားယွင်းသော မိစ္ဆာအယူကို အဘယ်သို့သော ဥပမာကို ဖော်ပြ၍ တရားသဖြင့် နှိပ်နင်းပြီးလျှင် ထိုမှားယွင်းသော မိစ္ဆာအယူကို စွန့်စေပါသနည်း ငါ့ရှင်။

အဖြေ။ ။ရှစ်ကြိမ်မြောက် ကိုးကြိမ်မြောက်၌လည်း ပါယာသိရာဇညမင်းသည် ယံ ဝါ တံ ဝါ- ဟူးဟူးညားညားသော အသက်ဇီဝနှင့်စပ်သော အကြောင်းပရိယာယ် ယုတ္တိအသွယ်သွယ်ဖြင့် ပြောဆိုပြီးလျှင် ဆယ်ကြိမ်မြောက်၌ကား ပါယာသိရာဇညမင်းသည်—

အို အရှင်ကုမာရကဿပ....အကျွန်ုပ်ထံ တခါက အကျွန်ုပ်၏ မင်းချင်းယောကျ်ားတို့သည် ခိုးသားတယောက်ကို ယူဆောင်၍ လာပြီးလျှင် အရှင်

http://www.dhammadownload.com



မင်းကြီး ဤသူသည် မကောင်းမှုကို ကျင့်ကြံသော ခိုးသားယောကျ်ားဖြစ်ပါသည်၊ အရှင်မင်းကြီးအလိုရှိရာ ဒဏ်ထားတော်မူပါ ဟု လျှောက်ထားသောအခါ ထိုမင်းချင်းယောကျ်ားတို့ကို—

အမောင်တို့....သို့တပြီးကား ဤခိုးသားယောကျ်ားကို ရှေးဦးစွာ အရေကို ခွါကြကုန်၊ ငါတို့သည် အရေကို ခွါလို့ရှိလျှင် ထိုသူ၏အသက်ဇီဝကို မြင်ချင်လျှင် မြင်ကြရလိမ့်မည် ဟု ပြောဆိုပါသည်၊ အကျွန်ုပ် ပြောဆိုမိန့်မှတ်သည့်အတိုင်း ရှေးဦးစွာ အရေကို ခွါသော်လည်း ထိုသူ၏အသက်ဇီဝလိပ်ပြာ ထွက်လာသည်ကို မမြင်ရပါ ထိုနောက် အရေထူကို ခွါစေပါသည် ထိုအခါလည်း အသက်ဇီဝလိပ်ပြာကို မမြင်ရပါ၊

ထို့နောက် အသားကို ဖြတ်စေ, ဆုတ်စေပါသည် ထိုအခါလည်း အသက်ဇီဝကို မမြင်ရပါ၊ ထို့နောက် အကြောကို ဖြတ်စေပါသည် ထိုအခါလည်း အသက်ဇီဝကို မမြင်ရပါ၊ ထို့နောက် အရိုးကို ဖြတ်စေပါသည်၊ ထို့နောက် အသက်ဇီဝကို မြင်ရလိုမြင်ရငြား ရိုးတွင်းချဉ်ဆီတိုင်အောင်ဖြတ်စေ, တောက်စေ, ခုတ်စေ, ထစ်စေခဲ့ပါသည်၊ အသက်ဇီဝလိပ်ပြာ ဝိညာဉ်ထွက်လာသည်ကို မမြင်ရပါ၊ ဤသည်လည်း အကျွန်ုပ်၏ နတ္ထိက, ဥစ္ဆေဒ, အကိရိယအယူကို ယူရခြင်း၏ အကြောင်း ကောင်းလှသော ဥပါယ်ဖြစ်ပါသည် ဟု မိမိဝါဒကို တည်စေသောအခါ အရှင်ကုမာရကဿပ မထေရ်သူမြတ်သည်—

သို့တပြီးကား ပါယာသိရာဇည....သင့်အား ငါ ဥပမာဖြင့် ပြပါမည်၊ ရှေးအခါက မီးပူဇော်သော ရသေ့တယောက်ဝယ် ကောက်ရှဲရသော အငယ်ကပင် မွေးကျွေးသုတ်သင်ခဲ့သော ဆယ်နှစ်အရွယ် ဆယ့်နှစ်နှစ်အရွယ် သားငယ်ကလေး တယောက်ရှိပါသည်၊ ထိုရသေ့သည် ဇနပုဒ်သို့ ပြုလုပ်ရန် ကိစ္စတခုကြောင့် သွားအံ့သော ဆဲဆဲအခါဝယ် ထိုရသေ့ငယ်ကိုခေါ်၍—

အမောင်....မီးကို မပြတ်ကျွေးမွေးပူဇော်ရစ်ပါလေ၊ မီးကို မငြိမ်းပါစေလင့်၊ အကယ်၍ မတော်တဆ မီးငြိမ်းသွားလို့ရှိလျှင် ဟောဒီမှာ ပဲကွပ်, ဟောဒီမှာ ထင်းတွေ, ဟောဒီမှာ မီးဆုံတွေ မီးဖြစ်အောင် လုပ်ပြီး မီးကိုပူဇော်ရစ်ပါ ဟု မှာကြားပြီး သွားပါသည်၊

ထို ရသေ့သူငယ်သည် မေ့လျော့မှုတူး ပျော်ပါးကစားနေခိုက် မီးငြိမ်း၍ သွားပါသည်၊ ထိုအခါ ထိုရသေ့ငယ်သည် ထိုအခါ ထိုရသေ့ငယ်သည်

http://www.dhammadownload.com



ငါ့အဘဘုရား ရသေ့ကြီး မှာကြားခဲ့သည်မှာ မီးကို မငြိမ်းစေရ၊ အမြဲတစေ မီးကို ပူဇော်ရမည်၊ အကယ်၍ မီးငြိမ်းသွားလျှင် ဤထင်းတွေ ဤပဲကပ်တွေ ဤမီးဆုံတို့ဖြင့် မီးဖြစ်အောင် ပြုလုပ်ပြီး မီးကို ပူဇော်ရမည် ဟု မှာကြားပါသည်၊ ငါသည် မီးကို ဖြစ်အောင် ပြုလုပ်အံ့ ဟု ကြံစည်ပြီးလျှင် ရှေးဦးစွာ ရှိရင်းစွဲဖြစ်သော မီးဆုံကို ပဲကပ်ဖြင့် နှစ်စိပ်နှစ်မြွာခွဲ၍ ပြုပါသည်၊ မီးကို ရလိုရန်းဖြင့် မီးဆုံကို နှစ်စိပ်နှစ်မြွာ ခွဲပစ်သော်လည်း မီးကို မရခဲ့ပါ၊ နောက်တဖန် မီးကို ရလို ရငြားဖြင့် မီးဆုံကို သုံးစိပ် လေးစိပ် ငါးစိပ် ဆယ်စိပ် အစိပ်တရာ အစိပ်တထောင် စသည်ကိုမျှမက မီးဆုံကို ဆုံထည်းသို့ ထည့်၍ပင် မှုန့်မှုန့်ညက်ညက် ပြုလုပ်၍ မီးကို ရလိုရငြားဖြင့် လေတိုက်ရာဝယ် သွား၍ လှေ့ခဲ့ပါသည် သို့လှေ့သော်လည်း မီးကို မရဘဲ ရှိခဲ့ပါသည်၊ ထိုရသေ့ကြီး ပြန်လာသောအခါ—

ငါ့သား....မီးကို အမြဲမပြတ် ပူဇော်ပါ၏လား ဟု မေးမြန်းသောအခါ မိမိ ဖြစ်သမျှ အကြောင်းကို ပြန်ပြောင်း၍ ပြောဆိုပါသည်၊ ထိုအခါ ရသေ့ကြီးက အသစ်ရှိသော မီးဆုံကို ယူဆောင်ပြီးလျှင် အမောင်....မီးကို ဤပုံ ဤပန်း ဖြစ်စေရပါသည် ဟု မီးဆုံဖြင့် မီးကို ပွတ်၍ ပြပြီးလျှင် အမောင်....အမောင် ကြံစည်သည့်အတိုင်း မလိမ္မာသည့် နည်းလမ်းဥပါယ် နည်းလမ်း မကျသော အယောနိသော အကြောင်းမျိုးဖြင့် မီးကို ဖြစ်စေရသည် မဟုတ် ဟု ပြောကြားပါသည်၊

ဤနည်းအတူပင် အသင်သည်လည်း အယောနိသော မနသိကာရဖြင့် ထိုမလိမ္မာလှသော ရသေ့ငယ်ပမာ တမလွန်လောကကို ရှာဖွေ၍ နေပါဘိ တကား၊

ပဋိနိဿဇ္ဇေတံ ရာဇည ပါပကံ ဒိဋ္ဌိဂတံ။
ပဋိနိဿဇ္ဇေတံ ရာဇည ပါပကံ ဒိဋ္ဌိဂတံ။

အစရှိသည်ဖြင့် ရာဇညမင်းတရား....သင်၏ ယုတ်မာလှစွာသော ထိုအယူကို ပယ်စွန့်ပါ၊ သင့်အား ရှည်လျားစွာသော နေ့ညဉ့်ပတ်လုံး အစည်းအပွါး မဲ့ဘို့ရန် မဖြစ်ပါစေလင့်၊ ဒုက္ခတရား ဆင်းရဲတရား ပွါးဘို့ရန် မဖြစ်ပါစေလင့် ဟု မိန့်ကြားတော်မူပြီးလျှင် ပါယာသိ ရာဇညမင်း၏ မှောက်မှားသော မိစ္ဆာ အယူဝါဒကို တရားသဖြင့် တရားသောအကြောင်းကိုပြ၍ စွန့်ပယ်စေတော်မူခဲ့ပါသည် အရှင်ဘုရား၊

http://www.dhammadownload.com



သာခု သာခု အာဝုသော၊ သာခု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ ဩပယိကံ ဥပမံ ဒသေတွာ တံ ပါပိကံ မိစ္ဆာဒိဋ္ဌိံ ပဋိနိဿဇ္ဇာပေယျ၊ ယံ တဿ ဘဝေယျ ဒီဃရတ္တံ ဟိတာယ သုခါယ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်....အရှင်ကုမာရကဿပ မထေရ်မြတ်သည် အကြောင်းယုတ္တိတန်သော သင့်လျော်သော ဥပမာကို ဖော်ပြ၍ ထိုပါယာသိရာဇညအား မှားယွင်းသော ယုတ်ညံ့သော မိစ္ဆာအယူဝါဒကို ပယ်စွန့်စေပါပေ၏၊ ထိုမိစ္ဆာအယူဝါဒကို မပယ်စွန့်သည်ရှိသော် လူနတ်၌ ဖြစ်သော ချမ်းသာတို့ကိုပင် ရနိုင်တော့မည် မဟုတ်ချေ၊ အပါယ်လေးပါး၌ အတိဒုက္ခရောက်၍ အလွန်ဆင်းရဲ ပင်ပန်းဘို့ရန် အကြောင်းသာလျှင် ဖြစ်၏၊ ထိုမှားယွင်းသော မိစ္ဆာအယူကို စွန့်လိုက်သည်ရှိသော် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရခြင်း၏ အကြောင်း ဖြစ်ပေ၏၊ သို့ဖြစ်၍ ထိုသို့ ယုတ်ညံ့သော မိစ္ဆာအယူ မှားယွင်းသော အယူကို ပယ်စွန့်စေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

မီးပူဇော်သော ရသေ့ ဥပမာ ပြီး၏

---

## လှည်းမှူး နှစ်ဦး ဥပမာ

ပုစ္ဆာ။ ။အာယသ္မတာ အာဝုသော ကုမာရကဿပေန ပုရိမဒိဝသေ ပုစ္ဆိတဝိဿဇ္ဇိတာကာရေန ပါယာသိဿ ရာဇညဿ အဂ္ဂိကဇဋိလောပမံ ဒသေတွာ တသ္မိံ ပါပကေ ဒိဋ္ဌိဂတေ ပဋိနိဿဇ္ဇာပိတေ သော တာဝ ထေရဿ ဝစနံ အနာဒိယိတွာ ကီဒိသံ စ ပစ္စနီကကထံ ကထေသိ၊ ကထဉ္စ ထေရော ကရုဏာသီတလဟဒယော ဟုတွာ အပရမ္ပိ ဥပမံ ဒသေတွာ တံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇာပေသိ။

ဝိဿဇ္ဇနာ။ ။ပါယာသိ ဘန္တေ ရာဇညော အာယသ္မတာ ကုမာရကဿပေန အဂ္ဂိကဇဋိလောပမံ ဒသေတွာ တံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇာပိတေ ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ၊ အထ ခေါ နေဝါဟံ သက္ကောမိ ဣဒံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇိတုန္တိ ဧဝမာဒိကံ ပစ္စနီကကထံ ကထေသိ၊ ထေရော စ ဘန္တေ ကုမာရကဿပေါ ဒွေ သတ္ထဝါဟောပမံ ဒသေတွာ တံ ပါပကံ မိစ္ဆာဝါဒံ ပဋိနိဿဇ္ဇာပေသိ။

http://www.dhammadownload.com



အမေး။ ။ယမန်နေ့က မေးခဲ့ ဖြေခဲ့ပြီးသော အခြင်းအရာဖြင့် အရှင်ကုမာရကဿပ မထေရ်မြတ်က မီးပူဇော်သော ရသေ့ဥပမာကို ပါယာသိရာဇညအား ထုတ်ဖော်ပြပြီးလျှင် ပါယာသိရာဇည၏ ထိုမှားယွင်းသော မိစ္ဆာအယူကို စွန့်စေသည်ရှိသော် ထိုအခါကာလ၌ ပါယာသိရာဇညသည် မထေရ်မြတ်၏ စကားကို ရှေးဦးစွာ နားမထောင်သေးဘဲ အဘယ်သို့သော ဆန့်ကျင်ဘက်စကားကို ပြောကြားခဲ့ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း သနားကြင်နာသော ကရုဏာစိတ်ဖြင့်ထုံအပ်သော ကြည်လင်အေးမြသော စိတ်နှလုံးရှိသည်ဖြစ်၍ အခြားတပါးသော ဥပမာကိုလည်း ဆောင်ပြပြီးလျှင် ထိုပါယာသိရာဇည၏ ဆိုးယွားမှားယွင်းလှစွာသော မိစ္ဆာ အယူကို စွန့်လွှတ်စေခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ယမန်နေ့က လျှောက်ထားအပ်ပြီးသောအတိုင်း အရှင်ကုမာရကဿပ မထေရ်က ပါယာသိမင်းတရားအား မီးပူဇော်သောရသေ့ဥပမာဖြင့် ထိုပါယာသိရာဇည၏ မိစ္ဆာဝါဒကို စွန့်လွှတ်စေသောအခါ ပါယာသိရာဇညမင်းသည် —

ကိဉ္စာပိ ဘဝံ ကဿပေါ ဧဝမာဟ — အစရှိသည်ဖြင့် အရှင်ကဿပသည် ဤသို့ ပြောဆိုစေကာမူ အကျွန်ုပ်သည် ဤအယူကို မစွန့်နိုင်ပါ၊ ပသေနဒိကောသလမင်းနှင့်တကွ ပတ်ဝန်းကျင် ရှိသမျှသောမင်းတို့သည် အကျွန်ုပ်ဤအယူရှိကြောင်းကို သိကြပါသည်၊ ကျွန်ုပ်သည် ဤမိစ္ဆာအယူကို အကယ်၍ စွန့်သည်ဖြစ်အံ့ ပသေနဒိကောသလမင်းနှင့်တကွ ကြားကြားသမျှသော မင်းအပေါင်းတို့က ပါယာသိရာဇညမင်းသည် မိုက်စွတကား၊ မလိမ်မာစွတကား စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချစကား ပြောကြားကြပါလိမ့်မည်၊ ထို့ကြောင့်လည်း အကျွန်ုပ်သည် အမျက်ဖြင့်ငင်း အရှင်ဘုရားတို့ကို အံတုအံပြိုင်ပြုလိုခြင်း ပလာသဖြင့်ငင်း ဤအကျွန်ုပ်၏ ယူရင်းစွဲ ဖြစ်သော နတ္ထိကဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို မစွန့်နိုင်ပါ ဟု လျှောက်ထားသောအခါ အရှင်ကုမာရကဿပက —

သို့တပြီးကား ပါယာသိရာဇည....သင့်အား ငါ ဥပမာဆောင်၍ ပြဦးအံ့၊ ရှေး၌ဖြစ်ဘူး အကြောင်းထူးမှာ ရှေးအခါဝယ် ငါးရာ-ငါးရာသော လှည်းတို့ကို အုပ်ချုပ်သော ပညာရှိသော လှည်းမှူးယောကျ်ား၊ ပညာမဲ့သော လှည်းမှူးယောကျ်ား ဟူ၍ ရှိကြပါသည်၊

http://www.dhammadownload.com



ထိုသူနှစ်ဦးတို့တွင် ရှေးဦးစွာ ပညာမဲ့သော လှည်းမှူးယောကျ်ားသည် ငါးရာသော လှည်းတို့အပေါ်ဝယ် ရောင်းရန်ဖြစ်သော ကုန်ပစ္စည်းတို့ကိုငင်း များစွာသော မြက်, ထင်း, ရေတို့ကိုငင်း တင်ဆောင်ပြီးလျှင် အရှေ့ဇနပုဒ်မှ အနောက်အရပ်ဇနပုဒ်သို့ ခရီးထွက်ခဲ့ပါသည်၊

ခရီးလမ်းအကြား ခရီးခဲ ကန္တာရအရပ်သို့ ရောက်ရှိသောအခါ ညိုမည်းသော အဆင်းရှိသော နီမြန်းသော မျက်စိရှိသော ဖွဲ့ချည်အပ်သော လေးလက်နက်ရှိသော ကုမုဒြာ ကြာဖြူပန်း ကြာညိုပန်း စသည်ကို ပန်ဆင်လျက်ရှိသော ရွှံ့ညွန်လိမ်းကျံသော ဘီးရှိသော ကောင်းမွန်သော ယာဉ်ကို စီးလျက် ခရီးရင်ဆိုင်လာသော ယောကျ်ားတယောက်ကို တွေ့ရှိကြပါသည်၊

ထိုအခါ အမောင်....အဘယ်အရပ်မှ လာပါသနည်း ဟု မေးမြန်းကြပါသည်၊ ဤမည်သော ဇနပုဒ်မှလာကြောင်း ပြောကြားသည်ရှိသော် အဘယ်အရပ်သို့ သွားမည်နည်း ဟု မေးမြန်းကြပါသည်၊ ဤမည်သော ဇနပုဒ်သို့ သွားမည် ဟု ဖြေကြားသည်ရှိသော် အသို့နည်း အမောင်....ရှေ့ဆက်လက်၍ သွားရမည့် ခရီးဝယ် မိုးသည်းထန်စွာ ရွာပါ၏လော ဟု မေးမြန်းသောအခါ သည်းထန်စွာ မိုးသည်းကြီးရွာကြောင်း ရှိသမျှသော လမ်းတို့ဝယ် ရေတပြင်တည်း လွှမ်း၍နေကြောင်း မြက် ထင်း ရေ တို့သည် ရှေ့ခရီးဝယ် ပေါများလှကြောင်း ပြောကြားပြီးလျှင် အမောင်တို့....ဤမြက်ဟောင်း, ရေဟောင်း, ထင်းဟောင်းတို့ကို စွန့်၍ သွားကြပါကုန်၊ ပေါ့ပါးသော ယာဉ်တို့ဖြင့် သွားကြပါကုန် နွားတို့ကို မပင်ပန်းပါစေကုန်လင့် ဟု ပြောကြားပြီးလျှင် ခရီးမျက်နှာလွှဲ၍ သွားခဲ့ပါသည်၊

ထိုအခါ မလိမ္မာသော လှည်းမှူးက အမောင်တို့....ထိုယောကျ်ား ပြောသွားသော စကားကို ကြားကြသည် မဟုတ်တုန်လော၊ သို့တပြီးကား ငါတို့မှာ ပါရှိသော မြက်ဟောင်း, ထင်းဟောင်း, ရေဟောင်းတို့ကိုစွန့်ပယ်၍ ပေါ့ပါးသောယာဉ်တို့ဖြင့် နွားတို့ကိုလည်း မပင်ပန်းစေဘဲ သွားကြကုန်စို့ ဟု တိုင်ပင်ညီညွတ်ကြပြီးလျှင် ပါရင်းစွဲ ဖြစ်သော မြက်ဟောင်း,ထင်းဟောင်း, ရေဟောင်း တို့ကိုစွန့်၍ ပေါ့ပါးသော လှည်းတို့ဖြင့်ပင် သွားခဲ့ကြပါသည်၊

ထိုလှည်းကုန်သည် ငါးရာတို့သည် ပဌမလှည်းစခန်းချရာ အရပ်၌လည်း မြက်, ထင်း, ရေကို မတွေ့မမြင်ရပါကုန်၊ ဒုတိယ, တတိယ, စတုတ္ထ, ပဥ္စမ, ဆဋ္ဌ

http://www.dhammadownload.com



လှည်းစခန်းချရာ၌လည်း မြက် ထင်း ရေတို့ကို မတွေ့ကြရပါကုန်၊ သတ္တမ လှည်းစခန်းချရာ၌လည်း ထို့အတူ မြက် ထင်း ရေတို့ကို မတွေ့ရဘဲ အလုံးစုံသော လှည်းသားငါးရာတို့နှင့်တကွ ထိုမလိမ္မာသော လှည်းမှူးယောကျ်ားသည် အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ခဲ့ရပါသည်၊ အလုံးစုံသောယောကျ်ား အလုံးစုံသော နွားတို့သည်ပင် ထိုဘီလူး၏ အစားခံကြရပါကုန်သည်၊

ထိုပဌမ မလိမ္မာသော လှည်းမှူးယောကျ်ား ထွက်သွား၍ ရက်အတော်ကြာသောအခါ လိမ္မာသော ဘုရားလောင်း ယောကျ်ား ဦးစီးသော လှည်းငါးရာတို့သည် ထို့အတူပင် ထိုကန္တာရခရီးသို့ ခရီးထွက်ခဲ့ကြပါသည်၊ လမ်းခရီးအကြားဝယ် ရှေးနည်းအတူ ထိုဘီလူးနှင့်တွေ့ရှိသောအခါဝယ် လိမ္မာလှစွာသော အလောင်းတော် လှည်းမှူးက မိမိအပေါင်းအဖော်ဖြစ်ကြသော လှည်းသားငါးရာတို့အား ပြောပြသည်မှာ အမောင်တို့....ဤယောကျ်ားကား ဤသို့ ဤသို့ ပြောဆိုဘိ၏၊ သို့ပင်တစေ ဤယောကျ်ားသည် ငါတို့၏ မိတ်ဆွေလည်း မဟုတ် ဆွေမျိုးရင်းချာလည်း မဟုတ် နီမြန်းသောမျက်စိလည်းရှိ၏ အရိပ်ဟူ၍လည်း မထွက်ခဲ့ ငါတို့သည် အဘယ်မှာလျှင် သူ၏စကားကို ယုံမှား၍ မြက်ဟောင်း, ထင်းဟောင်း, ရေဟောင်းတို့ကို စွန့်ပစ်ကြပါကုန်အံ့နည်း မိမိတို့ ဆောင်မြဲတိုင်းဖြစ်ကုန်သော မြက် ထင်း ရေ ကုန်တို့ဖြင့် ပင်လျှင် ရှေ့သို့ ခရီးဆက်ကြကုန်စို့ ဟု တိုင်ပင်ညီညွတ်ပြီးလျှင် ပါရင်းစွဲဖြစ်သော မြက် ထင်း ရေ ကုန်တို့ကို မစွန့်ဘဲ ဆောင်မြဲတိုင်းသော ဘဏ္ဍာတို့ဖြင့်ပင် ရှေ့ခရီးသို့ တက်ခဲ့ကြပါကုန်သည်၊

ထိုလှည်းသားငါးရာတို့သည် ပဌမလှည်းစခန်းချရာ၌လည်း မြက် ထင်း ရေတို့ကို မတွေ့ရပါ၊ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌ လှည်းစခန်းချရာ၌လည်း မြက် ထင်း ရေ တို့ကို မတွေ့ကြရ၊ မမြင်ကြရပါ၊ သတ္တမ လှည်းစခန်းသို့ ရောက်သောအခါ၌လည်း မြက် ထင်း ရေ တို့ကို မတွေ့ကြရဘဲ ထိုရှေ့ကသွားနှင့်သော မလိမ္မာသော လှည်းမှူးယောကျ်ားနှင့်တကွ လှည်းသားငါးရာတို့ အကျိုးမဲ့ပျက်စီး၍ အရိုးမျှသာ ကြွင်းကျန်သည်ကို တွေ့မြင်ကြရပါသည်၊

ထိုအခါ လိမ္မာလှသော အလောင်းတော် ယောကျ်ား လှည်းမှူးက အမောင်တို့....ဤမလိမ္မာလှသော လှည်းမှူးယောကျ်ားကို အကြောင်းပြု၍ ထိုလှည်းမှူးယောကျ်ားနှင့်တကွ နောက်ပါတို့သည် အကျိုးမဲ့ ပျက်စီးကြလေကုန်ပြီ၊ သို့တပြီးကား အမောင်တို့....ဤပစ္စည်းဝတ္ထုတို့သည် အရှင်မရှိသော

http://www.dhammadownload.com



ပစ္စည်းဝတ္ထုတို့ပင်ဖြစ်ပါသည်၊ ငါတို့၏ လျှည်းပေါ်ဝယ် အဘိုးမတန်သော ပစ္စည်းတို့ကို စွန့်ပယ်၍ ဤနေရာဌာနမှ အဘိုးတန်သော ပစ္စည်းတို့ကို လှည်းပေါ်သို့ ပြောင်းရွှေတင်ယူ၍ ရှေ့ခရီးဆက်ကြကုန်စို့ဟု တိုင်ပင်ညီညွတ်ပြီးလျှင် အလောင်းတော် ပညာရှိညွှန်ကြားသည့်အတိုင်း လှည်းသားငါးရာတို့သည်လည်း မိမိတို့ လှည်းတပ်ဝယ်ပါရှိသော အဘိုးနည်းစွာထိုက်သော ရောင်းရန်ပစ္စည်းတို့ကို စွန့်ပယ်၍ ထိုလှည်းတပ်ဝယ်ပါရှိသော အဘိုးများစွာထိုက်သော ရောင်းရန်ပစ္စည်းတို့ကို တင်ပြီးလျှင် ပပင်မပန်း ချမ်းသာစွာ ထွက်မြောက်ခဲ့ရပါသည်၊

ပါယာသိရာဇညမင်း....ဤနည်းအတူပင် သင်သည်လည်း မသင့်မတင့်သော အယောနိသော အကြောင်းဖြင့် တမလွန်လောကကို ရှာမှီး၍ နေသည်ရှိသော် ထိုမလိမ္မာလှသော လှည်းမှူးယောကျ်ားသည် ပရိသတ် အခြံအရံနှင့်တကွ ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ သင်သည်လည်း သင့်စကားကို လိုက်နာသော နောက်ပါပရိသတ်အပေါင်းနှင့်တကွ အကျိုးမဲ့ပျက်စီးခြင်းသို့ ရောက်တုံရာသည်၊

ပဋိနိဿဇ္ဇေတံ ရာဇည ပါပကံ ဒိဋ္ဌိဂတံ–ပါယာသိရာဇညမင်း....ဤသင်၏ ယုတ်မာမှားယွင်းစွာသော ယုတ်မာဖောက်ပြားသော အယူမှားကို ဖယ်ရှားပါလေသော့ဟု—

အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် မဟာကရုဏာဖြင့် အေးမြသော စိတ်နှလုံးရှိတော်မူသည်ဖြစ်၍ ပါယာသိမင်းတရား၏ ယုတ်မာဖောက်ပြား ထိုအယူဝါဒမှားကို ပယ်ရှားစွန့်စေတော်မူခဲ့ပါသည် အရှင်ဘုရား၊

သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ ပါယာသိဿ ရာဇညဿ ဒွေ့ သတ္တဝါဟောသမ္ဗိ ဒဿေတွာ တံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇာပေသိ၊ တံ ဟိ တဿ စ တဒ-နုယာယီနံ စ ဘဝေယျ ဒီဃရတ္တံ ဟိတာယ သုခါယ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ အရှင်ကုမာရကဿပ မထေရ်မြတ်သည် တမလွန်လောကမရှိ ကုသိုလ်အကုသိုလ်ကံ၏ အကျိုးအပြစ်မရှိ ဟု မှားယွင်းစွာ ယူ၍နေသော ပါယာသိရာဇညအား လှည်းမှူးဥပမာကိုလည်း ဖော်ပြ၍ ထိုသို့သော မှားယွင်း ဆိုးယွားလှစွာသော မိစ္ဆာအယူကို စွန့်လွှတ်စေပါပေ၏၊ ထိုသို့ စွန့်လွှတ်စေသည်မှာ တော်လှပါပေ၏၊ အဘယ့်ကြောင့်

http://www.dhammadownload.com



ဆိုသော် ထိုမိစ္ဆာအယူကို မစွန့်လွှတ်သည်ရှိသော် ထိုပါယာသိရာဇညမင်းသည်ငှင်း ထိုပါယာသိရာဇညမင်း၏ စကားကိုလိုက်နာကုန်သော ပုဂ္ဂိုလ်တို့သည်ငှင်း လူ့ဘဝ, နတ်ဘဝ, လူ့ချမ်းသာ, နတ်ချမ်းသာကိုပင် ရနိုင်ရန် အကြောင်းမရှိတော့ချေ၊ သေသည် အခြားမဲ့၌ အပါယ်လေးပါး၌ ကျရောက်၍ အပါယ်ဆင်းရဲတို့၌ အနှစ်ပေါင်းများစွာ အနှစ်သိန်းပေါင်းများစွာ အနှစ်သန်းပေါင်းများစွာ ကာလပတ်လုံး အတိဒုက္ခရောက်ဘို့သာလျှင် ရှိချေ၏၊ ထိုအယူကို စွန့်လွှတ်ခဲ့သော် ထိုပါယာသိရာဇညမင်းသည်ငှင်း ထို ပါယာသိရာဇည၏ စကားကို ယုံကြည်လိုက်နာသောသူတို့သည်ငှင်း ကုသိုလ်ကောင်းမှုကိုပွါးများ၍ သုဂတိချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရနိုင်ခြင်း၏ အကြောင်းဖြစ်ပေ၏၊ သို့ဖြစ်၍ ထိုသို့မှားယွင်းစွာသော မိစ္ဆာအယူကို လှည်းမှူးဥပမာဖြင့်ပြ၍ စွန့်လွှတ်စေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်။

လှည်းမှူးနှစ်ဦး ဥပမာ ပြီး၏

---

## လျှော်ကြမ်းထမ်းသူ ဥပမာ

ပုစ္ဆာ။ ။ဧဝံ ပနာဝုသော အာယသ္မတာ ကုမာရကဿပေန ယတာ ဝုတ္တာဟိ ဗဟူဟိ ဥပမာဟိ စ အပရာဟိ ဂူထဘာရိကအက္ခဓုတ္တကောပမာဟိ စ တသ္မိံ ပါယကေ ဒိဋ္ဌိဂတေ ဝိဿဇ္ဇာပိတေ သော တာဝ ထေရဿ ဝစနံ အနာဒိယိတွာဝ ပစ္ဆိမပဋိက္ခေပဝသေန ကီဒိသံ ပစ္စနီကကထံ ကထေသိ၊ ကထဉ္စ ထေရော ကရုဏာသီတလဟဒယော ဟုတွာ ပစ္ဆိမံ ပိ ဥပမံ ဒဿေတွာ တံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇာပေသိ။

ဝိဿဇ္ဇနာ။ ။ပါယာသိ ဘန္တေ ရာဇညော ဧဝံ ထေရေန နာနာဥပမာဟိ တသ္မိံ ပါပကေ ဒိဋ္ဌိဂတေ ပဋိနိဿဇ္ဇာပိတေ ပိ ပုရိမနယေနေဝ ထေရဿ ပစ္စနီကကထံ ကထေသိ၊ ထေရောပိ စ ဘန္တေ ပစ္ဆိမံ သာဏဘာရိကူပမံ ဒဿေတွာ ကရုဏာသီတလဟဒယော တံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇာပေသိ။

အမေး။ ။ဤသို့ ငါ့ရှင်ဖြေဆိုခဲ့သည့်အတိုင်းပင် အရှင်ကုမာရကဿပ မထေရ်မြတ်သည် ပါယာသိရာဇညမင်းအား လှည်းမှူးဥပမာတိုင်အောင် များစွာသော ဥပမာတို့ဖြင့်ငှင်း ထို့ပြင် မဖော်ပြရသေးသော မစင်ထုပ်ကို ထမ်းရွက်၍ လာသော သူ၏ဥပမာ, အဆိပ်လူးသော ကြွေအန်ကို မျိုသော သူတို့၏

http://www.dhammadownload.com



ဥပမာတို့ဖြင့်ငင်း သိစေပြီးလျှင် ထိုမှားယွင်းသော မိစ္ဆာအယူကို စွန့်လွှတ်စေသောအခါ ပါယာသိရာဇညသည် မထေရ်မြတ်၏စကားကို ရတ်တရက် နားမထောင်သေးမူ၍ နောက်ပိတ်ဆုံး ပယ်မြစ်သည့် အလိုအားဖြင့် ထိုမှားယွင်းသော အယူကို တည်တံ့စေသော မထေရ်မြတ်၏စကားကို ဆန့်ကျင်ဘက်ပြုသောစကားကို အဘယ်သို့ ပြောဆိုပြန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း ဤပါယာသိရာဇညသည် ဤအယူကို မစွန့်သည်ရှိသော် အပါယ်လေးပါး၌ ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲဒုက္ခသို့ ရောက်၍ သွားပေတော့မည် ဟု သနားကြင်နာသော စိတ်ဓာတ်ဖြင့် ကြည်လင်အေးမြသော စိတ်နှလုံးရှိသည်ဖြစ်၍ နောက်ဆုံးဖြစ်သော ဥပမာကိုလည်း ဘယ်ပုံဘယ်နည်းဖြင့် ဆောင်ပြ၍ ပါယာသိရာဇည၏ ထိုမှားယွင်းသော မိစ္ဆာအယူကို စွန့်ပယ်စေခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ရှေးဆိုအပ်သော များစွာသော ဥပမာတို့ဖြင့်ငင်း မစင်ဘင်ထုပ်ကို ထမ်း၍ သွားသော ယောကျ်ား ဥပမာ, အဆိပ်လူးသော ကြွေအန်ကို မျိုသော ယောကျ်ားဥပမာတို့ဖြင့်ငင်း ထိုပါယာသိရာဇညမင်း၏ယုတ်မာသော မိစ္ဆာအယူကိုစွန့်ပယ်စေပါသော်လည်း မထေရ်မြတ်၏ စကားကို မနာယူဘဲ နောက်ဆုံးမထေရ်မြတ်အား တော်လှန်ပုန်ကန်သောအနေဖြင့် ရှေးဆိုခဲ့ပြီးသည့်အတိုင်း—

အရှင်ကဿပ....အရှင်ကဿပသည် ဤသို့ပြောဆိုစေကာမူ အကျွန်ုပ်သည် မိမိ၏ ယုတ်မာသော ဤနတ္ထိက ဥစ္ဆေဒ အယူမှားကို မစွန့်နိုင်ပါ အကြောင်းမှာမူ ပသေနဒီကောသလမင်းနှင့်တကွ ပတ်ဝန်းကျင်ရှိသမျှ မင်းအပေါင်းတို့သည် ပါယာသိရာဇညကား ဤသို့ ဥစ္ဆေဒ နတ္ထိက အယူရှိသည် ဟု သိရှိကြပါသည်၊

အကယ်၍ အကျွန်ုပ်သည် ဤအယူမှားကို စွန့်ပယ်ခဲ့သည်ရှိသော် အားလုံးကပင် ပါယာသိရာဇညသည် မလိမ္မာစွတကား၊ မကျွမ်းကျင်စွတကား အစရှိသည်ဖြင့် အပြစ်တင်စကား ပြောကြားကြပါလိမ့်မည်၊ ထို့ကြောင့် အကျွန်ုပ်သည် သူတထူးတို့ ပြောကြားမည်ကို မခံနိုင်လိုသောကြောင့်ငင်း အရှင်ဘုရားတို့ကဲ့သို့သော ဝါဒ အရှင်တို့ကို ဝါဒပြိုင်လိုသောကြောင့်ငင်း ဤ မိစ္ဆာအယူကို မစွန့်နိုင်ပါ ဟု လျှောက်ထားသောအခါ ဆန့်ကျင်ဘက်စကား

http://www.dhammadownload.com



ကို ပြောကြားသောအခါ အရှင်ကုမာရကဿပ မထေရ်မြတ်သည် နောက်ဆုံး ဥပမာပေးသောအနေဖြင့်——

သို့တပြီးကား ပါယာသိရာဇာ...သင့်အား ငါ ဥပမာဆောင်၍ ပြပါမည်၊ ရှေး၌ဖြစ်ဘူး အကြောင်းထူးတခုမှာ တခုသောရွာအရပ်ဝယ် ဝိစက္ခဏာ အဆင်အခြင် ဉာဏ်ပညာမဲ့သော သူငယ်ချင်း ဝိစက္ခဏာ အဆင်အခြင် ဉာဏ်ပညာနှင့် ပြည့်စုံသော သူငယ်ချင်း ဟူ၍ သူငယ်ချင်း နှစ်ယောက်တို့ ရှိကြပါသည်၊

ထိုရွာမှ မနီးမဝေး တခုသောဇနပုဒ်သည် နေရာပြောင်းရွှေ့ခဲ့ပါသည်၊ ထိုအခါ သူငယ်ချင်းတယောက်က သူငယ်ချင်းတယောက်ကို အချင်း....ဤမည်သော ဇနပုဒ်ပြောင်းရွှေ့ရာသို့ ငါတို့ သွားကြကုန်စို့၊ ထိုအရပ်ဝယ် တစုံတခု ပစ္စည်းဥစ္စာ ရချင်လျှင် ရပါလိမ့်မည် ဟု တိုင်ပင်ပြီးလျှင် ညီညွတ်၍ ထိုသူငယ်ချင်းနှစ်ယောက်တို့သည် ရှေးဦးစွာ ရွာဟောင်းအရပ်တခုသို့ ရောက်ကြပါသည်၊

ထိုရွာဟောင်း အရပ်ဝယ် ဥစ္စာရှင်တို့ စွန့်ပစ်၍ သွားအပ်သော ပိုက်ဆံလျှော်ကြမ်းတွေကို တွေ့မြင်ကြရပါသည်၊ ထိုအခါ ပညာရှိသူငယ်ချင်းက သူငယ်ချင်း....သင်သည်၎င်း ငါသည်၎င်း ဤပိုက်ဆံလျှော်ကို ပိုက်ဆံလျှော်ကြမ်းတို့ကို အထုပ်ပြု၍ ငါတို့ ဆောင်ယူခဲ့ကုန်အံ့ ဟု တိုင်ပင်ပြီးလျှင် နှစ်ဦးသားပင် ပိုက်ဆံလျှော်မျှင်ထုပ်ကို ထမ်း၍ ရှေ့တစခန်း ချီတက်ခဲ့ကြသောအခါ တခုသော ရွာအဟောင်းအရပ်သို့ ရောက်ရှိလျှင် ပိုက်ဆံလျှော်မျှင်ဖြင့် ပြီးသော ချည်ခင် ချည်ထုပ်တို့ကို စွန့်ပစ်ထားခဲ့သည်ကို တွေ့ရှိကြပါသည်၊

ထိုအခါ ပညာရှိသော သူငယ်ချင်းက ပညာမဲ့ ဝိစက္ခဏာ ပညာမရှိသော အမြင်မှန် မရှိသော သူငယ်ချင်းကို အိုအချင်းသူငယ်ချင်း....ငါတို့သည် ပိုက်ဆံလျှော်ကြမ်းကို ထမ်း၍ လာခဲ့ရသည်မှာ ဤပိုက်ဆံလျှော် ချည်မျှင်အနုကို ရလို၍သာ ဖြစ်ပါသည်၊ ဤပိုက်ဆံလျှော် ချည်မျှင်အနုကို တွေ့ရှိနေမှဖြင့် ဤပိုက်ဆံလျှော်ကြမ်းတို့ကို စွန့်ဘို့ရန်သာ ရှိပါတော့သည်၊ ထို့ကြောင့် သူငယ်ချင်း....သင်သည်၎င်း ငါသည်၎င်း ထမ်းခဲ့ရင်းဖြစ်သော ပိုက်ဆံလျှော်ကြမ်း အထုပ်ကို စွန့်ပစ်၍ ပိုက်ဆံလျှော်မျှင်ဖြင့်ပြီးသော ချည်ခင်ချည်ထုပ်တို့ကို ထမ်း၍သွားကြပါစို့ ဟု တိုင်ပင်သောအခါ ပညာမဲ့ အမြင်မမှန်သော သူငယ်ချင်းက——

http://www.dhammadownload.com



အချင်း သူငယ်ချင်း....ငါ၏ ဤပိုက်ဆံလျှော်ကြမ်းထုပ်ကို ဝေးစွာသော ခရီးမှပင် ထမ်း၍လည်း လာခဲ့ရပါသည်၊ သေချာစွာလည်း ဖွဲ့နှောင်အပ်ပြီး ဖြစ်ပါသည်၊ ငါဖြင့် တော်ပြီ သူငယ်ချင်း သင်သာလျှင် သင့်အကြောင်းကို သင်သိပါလော့ သင်အလိုရှိသလို သင်ပြုနိုင်ပါသည် ဟု ခွင့်ပေးသောအခါ ပညာရှိဖြစ်သော သူငယ်ချင်းသည် ပိုက်ဆံလျှော်ကြမ်းထုပ်ကို စွန့်ပယ်၍ ပိုက်ဆံလျှော်ဖြင့်ပြီးသော ချည်ခင် ချည်နု အထုပ်ကို ထမ်း၍ ရှေ့တစခန်း ချီခဲ့ကြပါသည်၊

ရှေ့ရွာဟောင်းအရပ်တခုသို့ ရောက်သောအခါ ပိုက်ဆံအထည်ဖြင့် ရက်လုပ်အပ်သော အဝတ်အထည်တို့ စွန့်ပယ်ထားသည်ကို တွေ့ရပါသည်၊ ထိုအခါလည်း ပညာရှိသော သူငယ်ချင်းက ရှေးနည်းအတူ ပြောကြားသော အခါ ဝိစက္ခဏာ ပညာဉာဏ်မဲ့သော သူငယ်ချင်းက ရှေးနည်းအတူပင်—

သူငယ်ချင်း....ဤငါ၏ ပိုက်ဆံလျှော်ကြမ်း အထုပ်ကြီးကို ဝေးစွာသော ခရီးမှလည်း ဆောင်ခဲ့ရပါပြီ၊ ကောင်းစွာလည်း ဖွဲ့နှောင်အပ်ပါပြီ၊ ငါဖြင့် တော်ပြီ သင့်အကြောင်းကို သင်သိပါ၏လော သင်အလိုရှိသလို သင် ပြုလော့ ဟု—

ရှေးနည်းအတူ ပြောကြားသောအခါ ပညာရှိဖြစ်သော သူငယ်ချင်းသည် ပိုက်ဆံချည်ထုပ်ကို စွန့်ပယ်၍ ပိုက်ဆံချည်ဖြင့်ပြီးသော အဝတ်အထုပ်ကို ထမ်း၍ ရှေ့သို့ သွားခဲ့ကြပါသည်၊

ရှေ့တရွာဟောင်းသို့ ရောက်သောအခါ ခုံချည်အကြမ်း၊ နောက် တရွာဟောင်းသို့ ရောက်သောအခါ ခုံချည်အနု၊ နောက်တရွာဟောင်းသို့ ရောက်သောအခါ ခုံချည်ဖြင့် ရက်လုပ်အပ်သော အထည်၊ ထိုမှနောက်တရွာသို့ ရောက်သောအခါ ဝါဂွမ်း၊ ထိုမှနောက်တရွာသို့ရောက်သောအခါ ဝါချည်၊ နောက်တရွာသို့ ရောက်သောအခါ ဝါချည်ဖြင့်ပြီးသော အထည်အလိပ်၊ နောက်တရွာသို့ရောက်သောအခါ သံ၊ နောက်တရွာသို့ရောက်သောအခါ ကြေး၊ နောက်တရွာသို့ရောက်သောအခါ ခဲပုတ်၊ နောက်တရွာသို့ရောက်သော အခါ ခဲဖြူ ဘင်၊ နောက်တရွာသို့ရောက်သောအခါ ငွေစင်တို့ကို စွန့်ပယ်ထား သည်ကို တွေ့ရှိပါသည်၊ ထိုအခါလည်း ပညာရှိသော သူငယ်ချင်းက ရှေးနည်း အတူပင် ပြောကြားသောအခါ ပညာမဲ့သော သူငယ်ချင်းက—

http://www.dhammadownload.com



အချင်း....ငါ၏ ပိုက်ဆံလျှော်ကြမ်းထုပ်ကြီးကို ဝေးစွာသော ခရီးမှပင် ထမ်းခဲ့ရပါသည်၊ ကောင်းစွာလည်း ဖွဲ့နှောင်ထားအပ်ပြီးဖြစ်ပါသည်၊ ငါမူကား တော်ပြီ သင်သည် သင်၏အကြောင်းကို သင်သိ၍ အလိုရှိရာ သင်ပြုနိုင်ပါသည် ဟု ပြောကြားသောအခါ—

ပညာရှိသော သူငယ်ချင်းသည် မိမိထမ်းယူခဲ့ရင်းဖြစ်သော ဘင်ထုပ်, ခဲမဖြူထုပ်ကို စွန့်ပယ်၍ ငွေထုပ်ကိုထမ်း၍ ရှေ့သို့သွားခဲ့ကြပါသည်၊

ရွှေရွာဟောင်း တခုသို့ ရောက်သောအခါ ဥစ္စာရှင်တို့ စွန့်ပစ်၍ ထားခဲ့အပ်သော များစွာသော ရွှေဆိုင် ရွှေခဲတို့ကို တွေ့ရှိကြပါသည်၊ ထိုအခါလည်း ပညာရှိသော သူငယ်ချင်းက—

အချင်းမိတ်ဆွေ....ငါတို့သည် ဤရွှေကို ရဘို့ရန်အတွက် ပိုက်ဆံလျှော်ကြမ်းမှအစ ငွေတိုင်အောင်သော ပစ္စည်းအစုစုတို့ကို ဆင့်ကာ, ဆင့်ကာ ပြောင်းလဲ၍ ထမ်းခဲ့ရပါသည်၊ ယခုမှာမူ ဤရွှေတွေကို ဒိဋ္ဌလက်ငင်း တွေ့မြင်ရပြီ ဖြစ်သည်၊ ထို့ကြောင့် သင်ထမ်းလာရင်းဖြစ်သော ပိုက်ဆံလျှော်ကြမ်းအထုပ်ကို စွန့်ပစ်ခဲ့ပါ၊ ငါလည်း ငွေထုပ်ကို စွန့်၍ ဒို့နှစ်ဦးသားလုံးပင် ရွှေထုပ်ကို ထမ်း၍ မိမိတို့ ရွာသို့ ပြန်ကြပါစို့ ဟု တိုင်ပင်သောအခါ ပညာမဲ့သော သူငယ်ချင်းက ရှေးနည်းအတူပင်—

အချင်း သူငယ်ချင်း....ငါ၏ ဤပိုက်ဆံလျှော်မျှင်ထုပ်ကို ဝေးစွာသော ခရီးမှလည်း ထမ်းဆောင်ခဲ့ရပါသည်၊ ကောင်းစွာလည်း ဖွဲ့နှောင်ခဲ့ရပါသည်၊ ငါတမူကား တော်ပြီ သင်သည် သင်အလိုရှိတိုင်း ပြုနိုင်ပါသည် ဟု ခွင့်ပြုသောအခါ ပညာရှိသော သူငယ်ချင်းသည် မိမိယူဆောင်ခဲ့သော ငွေထုပ်ကို စွန့်ပယ်၍ များစွာသော ရွှေတို့ကို အထုပ်ပြုလုပ်၍ ထမ်းဆောင်ခဲ့ပါသည်၊

ဤနည်းဖြင့် ထိုသူငယ်ချင်း နှစ်ယောက်တို့ မိမိတို့ နေရပ်ရွာသို့ ရောက်သောအခါ ပိုက်ဆံလျှော်ကြမ်းထုပ်ကို ထမ်း၍လာသော သူငယ်ချင်းမှာမူ မိဒိကိုယ်တိုင်ငှင်း မိခင် ဘခင် သားမယား အဆွေခင်ပွန်း စသူတို့ငှင်း နှစ်လိုအားရမ်း ဝမ်းမြောက်ခြင်းကို မရကြပါ၊ ထိုပိုက်ဆံလျှော်ကြမ်းထုပ်ကို ထမ်းယူလာခြင်း ဟူသောအကြောင်းကြောင့် ချမ်းသာခြင်းသုခ ဝမ်းမြောက်ခြင်း ပီတိကိုလည်း မရရှိခဲ့ပါ၊

http://www.dhammadownload.com



အကြင် ပညာရှိသော သူငယ်ချင်းမှာမူ ရွှေထုပ်ကို ထမ်း၍လာပါသည်၊ ထိုသူငယ်ချင်း၏ မိခင် ဘခင် ဆွေမျိုးရင်းချာ သားမယားတို့မှစ၍ နီးစပ်သော သူတို့ နှစ်လိုအားရမ်း ဝမ်းမြောက်ချမ်းသာကြရပါသည်၊

ပါယာသိ ရာဇညမင်း....သင်သည်လည်း ထိုနည်းအတူပင် ပိုက်ဆံလျှော်ကြမ်းတို့ကို ထမ်း၍ လာခဲ့သော ပညာမဲ့သော သူငယ်ချင်းနှင့် တူလှချေတကား၊

ပဋိနိဿဇ္ဇေတံ ရာဇည ပါပကံ ဒိဋ္ဌိဂတံ— ပါယာသိရာဇညမင်း....သင်၏ ဤ ယုတ်မာ မှားယွင်းသော အယူမှားကို စွန့်ပယ်ပါလော့ ဤယုတ်မာ မှားယွင်းသော အယူမှားကို စွန့်ပယ်ပါလော့၊ သင့်အား ရှည်မြင့်စွာသော နေ့ ညဥ့်နှစ်ပရိစ္ဆေဒကာလကြာအောင် အကျိုးမဲ့ဘို့ရန် မဖြစ်ပါစေလင့်၊ ဆင်းရဲတရား များဘို့ရန် မဖြစ်ပါစေလင့် ဟု အရှင်ကုမာရကဿပ မထေရ်သူမြတ်သည် ကရုဏာဆော်ဖန်အပ်သော နှလုံး ရှိတော်မူသည်ဖြစ်၍ ပါယာသိရာဇညမင်း၏ ထိုယုတ်မာဖောက်ပြား အယူမှားကို ပယ်ရှား စွန့်စေတော်မူခဲ့ပါသည် အရှင်ဘုရား။

> သာဓု သာဓု အာဝုသော၊ သာဓု ခေါ အာဝုသော ယံ အာယသ္မာ ကုမာရကဿပေါ ပါယာသိဿ ရာဇညဿ သာဏဘာရိကောပမမ္ပိ ဒဿေတွာ တံ ပါပကံ ဒိဋ္ဌိဂတံ ပဋိနိဿဇ္ဇာပေသိ၊ တံ ဟိ တဿ စ တဒနုယာယီနံ စ ဘဝေယျ ဒီဃရတ္တံ ဟိတာယ သုခါယ။

ကောင်းပါပေစွ ကောင်းပါပေစွ ငါ့ရှင်၊ အရှင်ကုမာရကဿပ မထေရ်မြတ်သည် ပါယာသိရာဇညအား ပိုက်ဆံလျှော်တို့ကို အမှန်အမြတ်ပြု၍ ထမ်းလာသော ယောကျ်ား၏ ဥပမာကို ဖော်ပြလျက် နှစ်ပေါင်းများစွာ အချိန်ကြာမြင့်စွာမှ စွဲလမ်း၍ လာခဲ့သော ထိုမှားယွင်းသော မိစ္ဆာအယူကို စွန့်လွှတ်စေပါပေ၏၊ ထိုသို့ စွန့်လွှတ်စေခြင်းသည် ကောင်းလှပါပေစွ ငါ့ရှင်၊ အဘယ့်ကြောင့်ဆိုသော် ထိုမှားယွင်းသော မိစ္ဆာအယူကို ပါယာသိရာဇညသည် မစွန့်ဘဲနေသည်ရှိသော် ထိုပါယာသိရာဇညမင်းသည်လည်း လူနတ်တို့၏ ချမ်းသာကိုမျှ ရနိုင်ဘွယ် အကြောင်းမရှိချေ၊ အပါယ်လေးပါးသို့သာလျှင် ကျရောက်၍ ဆင်းရဲဒုက္ခများစွာတို့နှင့် အနှစ်သိန်းပေါင်းများစွာ သန်းပေါင်းများစွာ ကာလပတ်လုံး ဆင်းရဲဘို့ရန်သာ ရှိချေ၏၊ ထို့ပြင် ထိုပါယာသိရာဇည၏ နောက်

http://www.dhammadownload.com



လိုက်ဖြစ်သော ပုဂ္ဂိုလ်တို့သည်လည်း ပါယာသိရာဇညနှင့်အတူပင် အပါယ် ဆင်းရဲတို့ကို ကာလရှည်မြင့်စွာ တွေ့ကြုံခံစားလျက် ဆင်းရဲဒုက္ခရောက်၍ သွား ဘွယ်ရာသာ အကြောင်းရှိချေ၏၊ သို့ဖြစ်၍ ထိုမိစ္ဆာအယူကို စွန့်လွှတ်စေခြင်း သည် ကောင်းလှပါပေစွ ငါ့ရှင်။

လျှော်ကြမ်းထမ်းသူ ဥပမာ ပြီး၏

---

## ပါယာသိရာဇညမင်း သာသနာကြည်ညိုခြင်း

ပုစ္ဆာ။ ။ဣမာယ ပန္နာဝုသော ပစ္ဆိမိကာယ သာဏဘာရိကောပမာယ ဒဿိတာယ ပါယာသိရာဇညော ထေရဿ ဓမ္မဒေသနာနုဘာဝေန ဣမသ္မိံ ဓမ္မဝိနယေ ပသန္နော ဟုတွာ ကီဒိသံ ပသန္နာကာရမကာသိ၊ ကထဉ္စ အာယသ္မန္တံ ကုမာရကဿပံ အနုသာသနိံ ယာစိ၊ ကထဉ္စာ- ယသ္မာ ကုမာရကဿပေါ အနုသာသိ။

ဝိဿဇ္ဇနာ။ ။ဣမာယ စ ပန ဘန္တေ ဥပမာယ ဒဿိတာယ ပါယာသိ ရာဇညော "ပုရိမေနေဝ အဟံ ဩပမ္မေန ဘောတော ကဿ- ပဿ အတ္တမနော အဘိရဒ္ဓေါ ဝေမာဒိနာ ဘန္တေ ပါယာသိ- ရာဇညော ဣမသ္မိံ ဓမ္မဝိနယေ အာယသ္မတော ကုမာရကဿ- ပဿ ဓမ္မဒေသနာယ ပသန္နော ပသန္နာကာရမကာသိ။ ဣစ္ဆာမိ စာဟံ ဘော ကဿပ မဟာယညံ ယဇိတုံ၊ အနုသာသတု မံ ဘဝံ ကဿပေါ"ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယာတိ ပါယာသိ ရာဇညော အာယသ္မန္တံ ကုမာရကဿပံ အနု- သာသနိံ ယာစိ၊ အာယသ္မာ စ ဘန္တေ ကုမာရကဿပေါ ဒုက္ခေတ္တေ ဒုဗ္ဘူမေ ပဝုတ္တဗီဇောပမာယ ဒုဿီလေသု ဒိန္နဒါနဿ န မဟပ္ဖလဘာဝံ ဒဿေတွာ သုခေတ္တေ သုဘူမေ ပဝုတ္တဗီဇောပမာယ သီလဝန္တေသု ဒိန္နဒါနဿ မဟပ္ဖလဘာဝံ ဒဿေတွာ ပါယာသိံ ရာဇညမနုသာသိ။

အမေး။ ။ယခု ငါ့ရှင် ဖြေဆိုသည့်အတိုင်း ပိုက်ဆံလျှော်ချည်တို့ကို အမှန်အမြတ်ပြု၍ ထမ်းယူကာ အိမ်သို့ ပြန်လာသော ယောကျ်ား၏ ဥပမာကို

http://www.dhammadownload.com



အရှင်ကုမာရကဿပ မထေရ်မြတ်က နောက်ဆုံးဟောပြသောအခါ ကာလ ဝယ် အရှင်ကုမာရကဿပ မထေရ်မြတ်၏ ဟောကြားသောဒေသနာတော်၏ အစွမ်းအာနုဘော်ကြောင့် ပါယာသိရာဇညမင်းသည် မြတ်စွာဘုရားသည် တရားသဖြင့် ကောင်းမွန်စွာ ဆုံးမ၍ ထားသော ဤသာသနာတော်၌ သဒ္ဓါ ကြည်ညိုခြင်း ဖြစ်ပေါ်လာ၍ အဘယ်သို့သော ကြည်ညိုသော သူတို့၏ အခြင်း အရာကို ပြုပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကို အဘယ်သို့လျှင် အဆုံးအမဩဝါဒကိုလည်း တောင်းပန်ပါသနည်း၊ အရှင်ကုမာရကဿပ မထေရ်မြတ်ကလည်း အဘယ်သို့သော အဆုံးအမ ဩဝါဒကို ပေးသနားတော် မူပါသနည်း ငါ့ရှင်။

အဖြေ။ ။အရှင်ကုမာရကဿပ မထေရ်မြတ်က ပိုက်ဆံလှော် ထမ်း သော ယောကျ်ားဥပမာဖြင့် နောက်ဆုံးဩဝါဒ ထိုမိစ္ဆာအယူဒိဋ္ဌိကို စွန့်ပယ် စေသောအခါ ပါယာသိရာဇညမင်းတရားသည် ပုရိမေနေဝ အဟံ ဩပမ္မေန ဘောတော ကဿပဿ အတ္တမနော အဘိရဒ္ဓေါ—အစရှိသည်ဖြင့်—

အို အရှင်ကဿပ....အကျွန်ုပ်သည် ဟိုပဌမ အဦးဆုံးနေ့က ဖော်ပြသည့် နေ့, လ ဥပမာဖြင့်ပင်လျှင် အရှင်ဘုရား၏ အပေါ်မှာ နေ့, လကဲ့သို့ ဉာဏ်ပညာ ရောင် တပြောင်ပြောင် တောက်ပတော်မူကြောင်း, အရှင်ဘုရားကို တပည့် တော် ကဲ့သို့သော ပုဂ္ဂိုလ်သည် ဝါဒဖြင့် မလွှမ်းမိုးနိုင်ကြောင်း စဉ်းစား အောက်မေ့ပြီးလျှင် နှစ်လိုအားရမ်း ဝမ်းမြောက်ပြီး လက်ခံပြီး ဖြစ်ပါသည်၊

သို့စေကာမူ တပည့်တော်သည် ဤယခု အရှင်ဘုရား ဟောပြခဲ့သည့် ဆန်း ကြယ်သော တရားစကားတို့ကို နာယူလို၍သာလျှင် တပည့်တော်သည် ဤသို့လျှင် အရှင်ဘုရားအား တမင်သက်သက် ဆန့်ကျင်ဘက်စကားတို့ကို ပြောကြားသောအနေ အောက်မေ့ခဲ့ပါသည်၊

အဘိက္ကန္တံ ဘော ကဿပ၊ အဘိက္ကန္တံ ဘော ကဿပ— အရှင်ဘုရား ကဿပ....အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အရှင်ဘုရားကဿပ....အလွန်နှစ် သက်ဘွယ် ရှိပါပေစွ၊

သေယျထာပိ ဘောကဿပ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ— အရှင် ကဿပ....လောကဥပမာအားဖြင့် မျက်နှာဝ အောက်သို့ချ၍ထားသောဝတ္ထုကို လှန်၍ပြဘိသကဲ့သို့ရင်း တစုံတခုဖြင့် ဖုံးလွှမ်းအပ်သော ဝတ္ထုကို ဖွင့်လှစ်၍ ပြဘိ

http://www.dhammadownload.com



သကဲ့သို့၎င်း လမ်းခရီးမှားသော ယောကျ်ားကို လမ်းမှန်သို့ လက်ကိုဆွဲ၍ ပြဘိသကဲ့သို့၎င်း မျက်စိအမြင်ရှိသော သူတို့သည် မြင်ကြစေ ဟု မှောင်မိုက်အတွင်း၌ ဆီမီးတန်းဆောင်ကို ထွန်းညှိ၍ ထားဘိသကဲ့သို့၎င်း ထို့အတူပင် အရှင်ကုမာရကဿပသည် အကျွန်ုပ်ကို များစွာသော အကြောင်းတို့ဖြင့် တရားစကားကို ဟောကြားတော်မူပါပေသည်၊

အို အရှင်ဘုရား ကဿပ....အကျွန်ုပ်သည် ထိုအရှင်ကြီး ဂေါတမကို၎င်း ထိုအရှင်ကြီးဂေါတမဟောပြသော တရားတော်မြတ်ကို၎င်း အရှင်ကြီးဂေါတမ၏ တပည့်သား သာဝကဖြစ်တော်မူကြသည့် အရှင်ဘုရားတို့ကို၎င်း ကိုးကွယ်ရာဟူ၍, ဆည်းကပ်ရာဟူ၍ အကျွန်ုပ်သိပါသည်၊ ဆည်းကပ်ပါသည်၊ ယနေ့မှပင်အစပြု၍ အကျွန်ုပ်ကို သရဏဂုံတည် ဥပါသကာ ဟူ၍ မှတ်ယူတော်မူပါဘုရားဟုတရားသဖြင့် ဆုံးမရာ ဤဘုရားသာသနာ၌ အရှင်ကုမာရကဿပ၏ ဘုရားဒေသနာကို ကြားနာရခြင်းဖြင့် လွန်မင်းစွာ ကြည်ညိုလှသဖြင့် ထိုကြည်ညိုသော အခြင်းအရာကို ပြခဲ့ပါသည်၊ ထိုမှတပါး သရဏဂုံ ခံယူပြီးသောအခါ ပါယာသိရာဇညသည်—

အို အရှင်ဘုရား ကဿပ....အကျွန်ုပ်သည် ကြီးစွာသော **မဟာဒါန**ကို ပြုလိုပါသည် အကြင်နည်းဖြင့် အကျွန်ုပ် မဟာဒါနပြုလုပ်သည်ရှိသော် ရှည်မြင့်စွာသော နေ့ ညဉ့် ပတ်လုံး အကျွန်ုပ်အား စီးပွါးချမ်းသာ ဖြစ်နိုင်ပါသည်၊ ထိုသို့ရှည်မြင့်စွာသော နေ့ ညဉ့်ပတ်လုံး စီးပွါးချမ်းသာဖြစ်နိုင်မည့် အလှူဒါနပေးနည်းကို အကျွန်ုပ်အား သင်ကြားပြသတော်မူပါ ဟု အဆုံးအမ ဩဝါဒကို တောင်းပန်ပါသည်၊

ထိုအခါ အရှင်ကုမာရကဿပသည် မကောင်းသောလယ် မကောင်းသောမြေ၌ မကောင်းသော မျိုးစေ့ကို စိုက်ပျိုးခြင်းဖြင့် မျိုးမအောင်ဘိသကဲ့သို့ ထို့အတူ မတရားသဖြင့် ပါဏာတိပါတ, အဒိန္နာဒါန အစရှိသော ဒုစရိုက်မှုဖြင့် ရယူသော **အဓမ္မိက** ပစ္စည်းတို့ဖြင့် ပါဏာတိပါတ အစရှိတဲ့ ဒုစရိုက်မှု၌ မွေလျော်ကြတဲ့ ဒုဿီလပုဂ္ဂိုလ်တို့အား လှူဒါန်းရသော အလှူဒါန၏အကျိုး မဖွံ့ဖြိုးပုံကို ဖော်ပြ၍၎င်း ကောင်းသောမြေ, ကောင်းသောယာ၌ ကောင်းမွန်စွာသော မျိုးစေ့ကို စိုက်ပျိုးခြင်းဖြင့် ကောင်းစွာပြည့်ဖြိုးသော အသီးအနှံကို ရနိုင်ပုံ ဥပမာဖြင့် ကောင်းစွာ တရားသဖြင့်

http://www.dhammadownload.com



ရှာမှီးအပ်သော ပစ္စည်းတို့ကို သီလရှိသော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းရခြင်း၏ အကျိုးကြီးမြတ်ပုံကိုရင်း ဖော်ပြ၍ ပါယာသိရာဇညမင်းတရားအား အဆုံးအမ ဩဝါဒစကား မိန့်ကြားတော်မူခဲ့ပါသည် အရှင်ဘုရား။

ပါယာသိရာဇညမင်း သာသနာကြည်ညိုခြင်း ပြီး၏

---

## ပါယာသိရာဇညမင်း ဒါနပြုပုံ

ပုစ္ဆာ။ ။ကထဉ္စာဝုသော ပါယာသိရာဇညော ဒါနံ အဒါသိ၊ ကထဉ္စသော သမ္ပရာယော အဟောသိ။

ဝိဿဇ္ဇနာ။ ။ပါယာသိ ဘန္တေ ရာဇညော အသက္ကစ္စံ ဒါနမဒါသိ၊ အသဟတ္ထာ ဒါနမဒါသိ၊ အစိတ္တီကတံ ဒါနမဒါသိ၊ အပဝိဒ္ဓံ ဒါနမဒါသိ၊ သော အသက္ကစ္စံ ဒါနံ ဒတွာ အသဟတ္ထာ ဒါနံ ဒတွာ အစိတ္တီကတံ ဒါနံ ဒတွာ အပဝိဒ္ဓံ ဒါနံ ဒတွာ ကာယဿ ဘေဒါ ပရံ မရဏာ စာတုမဟာရာဇိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇိ သုညံ သေရီသကံ ဝိမာနံ။

အမေး။ ။ပါယာသိရာဇညမင်းသည် အရှင်ကုမာရကဿပ၏ ဆုံးမ ဩဝါဒကို ခံယူပြီးလျှင် အဘယ်သို့သော အလှူဒါနများကို ပေးလှူခဲ့ပါသနည်း၊ ထိုသို့ပေးလှူပြီးလျှင် စုတိပြတ်ကြွေ သေလွန်သော အခါတာလ၌ အဘယ်သို့သော တမလွန်ဘဝသို့ လားခြင်း ဖြစ်လေပါသနည်း ငါ့ရှင်။

အဖြေ။ ။ပါယာသိရာဇညမင်းသည် အရှင်ကုမာရကဿပ မျိုးစေ့ဥပမာဖြင့် တရားစကား ဟောပြအပ်ပါသော်လည်း မူလ နတ္ထိက, ဥစ္ဆေဒ အယူသမားပီပီ အလှူဒါနပြုလုပ်သောအခါ မရိုမသေပင် လှူဒါန်းခဲ့ပါသည်၊ မိမိကိုယ်တိုင် လက်ဖြင့် မလှူဘဲ သူတပါးတို့ကို စေပါး၍ **အာဏတ္တိက** ဒါနမျိုးကို ပြုလုပ်ခဲ့ပါသည်၊ အလှူဒါနဝယ် စိတ်မပါ လက်မပါ ပြုလုပ်ခဲ့ပါသည်၊ မိမိလှူအပ်သော အလှူဒါနအပေါ်ဝယ် လှင့်ပစ်ရမည့် ပစ္စည်းကဲ့သို့ သဘော ထား၍ အလှူဝတ္ထုကိုလည်း မရိုမသေ လှူခဲ့တန်းခဲ့ပါသည်၊

ဤသို့ ပါယာသိရာဇညမင်းသည် မရိုမသေ **အသက္ကစ္စ** ဒါနပြု၍ရင်း သူတပါးတို့ကို စေပါးပြီး **အသဟတ္ထိက** ဒါနမျိုးကို ပြုခဲ့၍ရင်း အလှူဒါနဝယ်

http://www.dhammadownload.com



စိတ်မပါ လက်မပါ **အစိတ္တီကတ** ဒါနမျိုးကို ပြုခဲ့၍ငင်း မိမိတို့ လှူအပ်သော အလှူဝတ္ထုအပေါ်ဝယ် လှင့်ပစ်ရ စွန့်ပစ်ရမည့် ပစ္စည်းကဲ့သို့ သဘောထားကာ အလှူဝတ္ထုကို မရိုသေခြင်း **အပဝိဒ္ဓ** ဒါနမျိုးကိုပြု၍ငင်း ကိုယ်ခန္ဓာပျက်သည်မှ နောက်ကာလဝယ် စတုမဟာရာဇ် နတ်တို့၏ အပေါင်းအဖော်ဖြစ်သော စတုမဟာရာဇ် နတ်ဘုံသို့ ပဋိသန္ဓေ ကပ်ရောက်ရပါသည်၊

ထိုစတုမဟာရာဇ် နတ်ဘုံဝယ် အားလုံးစတုမဟာရာဇ်နတ်တို့မှ ဝေးစွာ တဦးတည်း ဆိတ်ငြိမ်ရာဖြစ်သော ဘုံဗိမာန်၏အဝဝယ် ကုက္ကိုပင်မှ ကုက္ကိုရွက် ကျရောက်သံ ကုက္ကိုသီးတို့၏ အချင်းချင်း ထိခိုက်သံတို့ဖြင့် ပြင်းထန်စွာ ရွံရှာဘွယ် စက်ဆုပ်ဘွယ် ငြီးငွေ့ဘွယ် ကောင်းလှသော ဆိတ်ငြိမ်စွာသော **သေရီသက** ဗိမာန်ဝယ် အဖော်မရှိ တဦးတည်း သွားရောက်၍ ပဋိသန္ဓေ တည်နေခဲ့ရပါသည် အရှင်ဘုရား။

ပါယာသိသုတ် ပြီး၏

**သုတ်မဟာဝါပါဠိတော် အမေးအဖြေ ပြီး၏**

http://www.dhammadownload.com

http://www.dhammadownload.com

# သုတ်ပါထေယျပါဠိတော် အမေးအဖြေ

## ပါထိက သုတ်တော်

ပုစ္ဆာ။ ။တေနာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပါထိယဝဂ္ဂေ ပဌမံ ပါထိယသုတ္တံ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။မလ္လေသု ဘန္တေ အနုပိယေ နာမ မလ္လာနံ နိဂမေ ဘဂ္ဂဝဂေါတ္တံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ၊ ဘဂ္ဂဝဂေါတ္တော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝန္တံ ဧတဒဝေါစ "ပုရိမာနိ ဘန္တေ ဒိဝသာနိ ပုရိမတရာနိ သုနက္ခတ္တော လိစ္ဆဝိပုတ္တော ယေနာဟံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ မံ ဧတဒဝေါစ 'ပစ္စက္ခာတော ဒါနိ မယာ ဘဂ္ဂဝ ဘဂဝါ၊ န ဒါနာဟံ ဘဂဝန္တံ ဥဒ္ဒိဿ ဝိဟရာမီ'တိ၊ ကစ္စေ တံ ဘန္တေ တထေဝ၊ ယထာ သုနက္ခတ္တော၊ လိစ္ဆဝိပုတ္တော အဝစာ"တိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ဉေယျမံငါးပါး အလုံးစုံသော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ပါထိယဝဂ်၌ သံဂါယနာတင် ဆရာမြတ်တို့ ရွေးဦးစွာ သံဂါယနာတင်၍ထားသော ပါထိကသုတ်ကို ဘယ်အရပ်ဒေသ၌ ဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘယ်သို့သော အဠုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မလ္လတိုင်း အနုပိယနိဂုံးအရပ်၌ ဘဂ္ဂဝဂေါတ္တ အမည်ရသော ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်၊

ဘဂ္ဂဝဂေါတ္တ ပရိဗိုဇ်သည် မိမိ၏ ပရိဗိုဇ်အရံသို့ မြတ်စွာဘုရား ကြွလာတော်မူသောအခါ မြတ်စွာဘုရားကို ဤသို့ လျှောက်ထားပါသည်၊

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....ရှေးရှေး နေ့များက လိစ္ဆဝီမင်းသားဖြစ်သော သုနက္ခတ္တသည် အကျွန်ုပ်ထံ လာရောက်၍ ဤသို့ ပြောကြားပါသည်၊ အဆွေတော် ဘဂ္ဂဝ....အကျွန်ုပ်သည် ယခု

http://www.dhammadownload.com



အခါ မြတ်စွာဘုရားကို စွန့်ပစ်အပ်ခဲ့လေပြီ၊ ငါသည် ယခုအခါ မြတ်စွာဘုရားကို ဆရာတဆူ ဟူ၍ ရည်ညွှန်းကာ နေသည် မဟုတ် ဟူ၍ ပြောဆိုပါသည်၊

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား လိစ္ဆဝီမင်းသားဖြစ်သော သုနက္ခတ္တပြောဘဲ့စကားသည် သူပြောတိုင်း မှန်ပါသလား ဟု မေးမြန်းလျှောက်ထားခဲ့ပါသည်၊ ထိုသို့သော အကြောင်း အအဋ္ဌုပ္ပတ်ဝယ် ပါထိက သုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ပါထိက သုတ်တော် ပြီး၏

---

## ဥဒုမ္ဗရိက သုတ်တော်

ပုစ္ဆာ။ ။ဥဒုမ္ဗရိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ နိဂြောဓံ ပရိဗ္ဗာဇကံ အာရဗ္ဘ ဘာသိတံ၊ နိဂြောဓော ဘန္တေ ပရိဗ္ဗာဇကော ဘဂဝတော ပရမ္မုခါ ဘဂဝန္တံ ယေဝ အာရဗ္ဘ အနေကဝိဟိတံ အဘူတကထံ ကထေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

ဥဒုမ္ဗရိက သုတ်တော် ပြီး၏

---

## စက္ကဝတ္တိ သုတ်တော်

ပုစ္ဆာ။ ။စက္ကဝတ္တိသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။မဂဓေသု ဘန္တေ မာတုလာယံ သမ္ဗဟုလေ ဘိက္ခူ အာရဗ္ဘ အတ္တဇ္ဈာသယေန သုတ္တန်ိက္ခေပေန ဘဂဝတာ ဘာသိတံ။

## အဂ္ဂည သုတ်တော်

ပုစ္ဆာ။ ။အဂ္ဂညသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ ဝါသေဋ္ဌ ပဗ္ဗဇိတံ အာရဗ္ဘ ဘာသိတံ၊ ဗြာဟ္မဏာ ဘန္တေ ဝါသေဋ္ဌ ဘာရဒ္ဝါဇေ ပဗ္ဗဇိတေ အက္ကောသန္တိ ပရိဘာသန္တိ အတ္တရူပါယ

http://www.dhammadownload.com



ပရိဘာသာယ ပရိပုဏ္ဏာယ နော အပရိပုဏ္ဏာယ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

ပုစ္ဆာ။ ။သမ္ပသာဒနီယ သုတ္တံ ပနာဝုသော ကတ္ထ ကေန ဘာသိတံ။

ဝိဿဇ္ဇနာ။ ။နာဠန္ဒာယံ ဘန္တေ ပါဝါရိကမ္ဗဝနေ အာယသ္မတာ သာရိပုတ္တေန ဘာသိတံ။

## သမ္ပသာဒနီယ သုတ်တော်

အမေး။ ။မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ချီးကျူး၍ ပြဆိုရာ ဖြစ်သော **သမ္ပသာဒနီယ** မည်သော သုတ္တန်တရားဒေသနာတော်ကို အဘယ် အရပ်၌ အဘယ်ပုဂ္ဂိုလ်က ဟောထားခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။နာဠန္ဒာပြည် ပါဝါရိက သူဌေးလှူဒါန်းသော သရက် ဥယျာဉ် အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ ပညာတေဒဂ်, လက်ျာတော်ရံ အရှင်သာရိပုတ္တရာမထေရ်သူမြတ်သည် မြတ်စွာ ဘုရား၏ ကျေးဇူးတော် ဂုဏ်ပုဒ် ဒေသနာဉာဏ်တော်ကို ချီးကျူး၍ ဖော်ပြရာ ဖြစ်သော ဤသမ္ပသာဒနီယ သုတ္တန်ဒေသနာတော်မြတ်ကို ဟောအပ်ပါသည် အရှင်ဘုရား။

သမ္ပသာဒနီယ သုတ်တော် ပြီး၏

---

## ပါသာဒိက သုတ်တော်

ပုစ္ဆာ။ ။ပါသာဒိကသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သက္ကေသု ဘန္တေ ဝေဓညာနာမ သကျာနံ အမ္ဗဝနေ ပါသာဒေ စုန္ဒံ သမဏုဒ္ဒေသံ အာရဗ္ဘ ဘာသိတံ၊ စုန္ဒော ဘန္တေ သမဏုဒ္ဒေသော ပါဝါယံ နိဂဏ္ဌဿ နာဋပုတ္တဿ ကာလံ ကိရိယာယ ဘိန္နာနံ နိဂဏ္ဌာနံ ဒွေဓိကဇာတာနံ ဘဏ္ဍနဇာတာနံ ကလဟဇာတာနံ ဝိဝါဒါပန္နာနံ အညမညံ မုခသတ္တီဟိ ဝိတုဇ္ဇနကာရဏံ အာယသ္မတော အာနန္ဒဿ အာရောစေသိ၊ အာယသ္မာ စ ဘန္တေ အာနန္ဒော ဘဂဝတော ဧတမတ္ထံ အာရောစေသိ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

ပါသာဒိက သုတ်တော် ပြီး၏

http://www.dhammadownload.com



## လက္ခဏ သုတ်တော်

ပုစ္ဆာ။ ။လက္ခဏသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။သာဝတ္ထိယံ ဘန္တေ ဇေတဝနမဟာဝိဟာရေ ဘာသိတံ။

အမေး။ ။မြတ်စွာဘုရား၏ လက္ခဏာတော်တို့ကို အကျိုးပေးတတ်သော အကြောင်း ကုသိုလ်ကံများနှင့်တကွ ဖော်ပြရာဖြစ်သော လက္ခဏသုတ္တန် တရားဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။မြတ်စွာဘုရား၏ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီးတို့ကို ဤမည် ဤမည်သော အကြောင်းကုသိုလ်ကို ဆည်းပူးအားသစ်ခဲ့ခြင်းကြောင့် လူ့ပြည် နတ်ပြည် ချမ်းသာအမျိုးမျိုး ကျင်လည်ခံစားပြီးလျှင် အဆုံးဖြစ်သော ပစ္ဆိမဘဝဝယ် ဤမည်သော မဟာပုရိသလက္ခဏာတော်ကြီးတို့ကို ရသည် ဟု ထင်စွာ အကျယ်တဝင့် အသီးအသီးဖွင့်ပြဟောကြားရာဖြစ်သော လက္ခဏသုတ္တန် ဒေသနာတော်မြတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

လက္ခဏ သုတ်တော် ပြီး၏

---

## သိင်္ဂါလ သုတ်တော်

ပုစ္ဆာ။ ။သိင်္ဂါလသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကံ အာရဗ္ဘ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

ဝိဿဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ သိင်္ဂါလံ ဂဟပတိပုတ္တံ အာရဗ္ဘ ဘာသိတံ၊ သိင်္ဂါလော ဘန္တေ ဂဟပတိပုတ္တော ကာလဿေဝ ဥဋ္ဌာယ ရာဇဂဟာ နိက္ခမိတွာ အလ္လဝတ္ထော အလ္လကေသော ပဉ္စလိကော ပုထုဒိသာ နမဿတိ ပုရတ္ထိမံ ဒိသံ ဒက္ခိဏံ ဒိသံ ပစ္ဆိမံ ဒိသံ ဥတ္တရံ ဒိသံ ဟေဋ္ဌိမံ ဒိသံ ဥပရိမံ ဒိသံ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

http://www.dhammadownload.com



အမေး။ ။မျက်မှောက်တမလွန် အကျိုးစီးပွါးများကို ပြီးစေရန် လူတို့သည် လိုက်နာပြီး လိုက်နာ၍ ကျင့်အပ်သော ကျင့်ဝတ်တရားတို့ကို ဖော်ပြရာ ဖြစ်သော သိင်္ဂါလသုတ်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့သော အဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ရာဇဂြိုဟ်ပြည် အရပ်ဝယ် သိင်္ဂါလသူကြွယ်သားကို အကြောင်းပြု၍ ဟောကြားတော်မူအပ်ပါသည်၊

သိင်္ဂါလသူကြွယ်သားသည် မိမိဖခင် ကွယ်လွန်ကာနီး အခါဝယ် ချစ်သား သိင်္ဂါလ အရပ်မျက်နှာတို့ကို ရှိခိုးရစ်လေ ဟု ပညာရှိတို့၏ ပရိယာယ်ဖြင့် မှာခဲ့သည့်စကားကို နားမလည်ဘဲ တိုက်ရိုက် တည့်တိုး (ဒဲ့ဒိုး) အနက်ယူ၍ စောစောထပြီးလျှင် ရေမိုးချိုးကာ ရာဇဂြိုဟ်ပြည်မှထွက်ခဲ့၍ စိုသောအဝတ် စိုသောဆံပင်ရှိလျက် အရပ်လေးမျက်နှာ အရပ်ခြောက်မျက်နှာတို့ကို လက်အုပ်ချီမိုး ရှိခိုးလျက် အရှေ့အရပ် တောင်အရပ် အနောက်အရပ် မြောက်အရပ် အောက်အရပ် အထက်အရပ်တို့ကို ရှိခိုး၍ နေပါသည်၊

ထိုသို့သော မှုခင်းကိစ္စအကြောင်းအဋ္ဌုပ္ပတ်ဝယ် ဤလူ့ရွာ လောကဝယ် ရှိကြသော သားမှသည် အမိအဘကို ပြုရန်ဝတ်တရား, အမိအဘမှသည် သားသမီးတို့ကို ပြုရန်ဖြစ်သော ဝတ်တရား ဆရာမှသည် တပည့်ကို, တပည့်မှသည် ဆရာကို ပြုရန်ဖြစ်သောဝတ်တရား, အဆွေခင်ပွန်းချင်း ပြုရန်ဖြစ်သော ဝတ်တရား, အရှင်နှင့်ကျွန် အချင်းချင်း ပြုလုပ်ရန်ဖြစ်သော ဝတ်တရားစသည်တို့ကို အကျယ်တဝင့် ဖွင့်ပြဟောကြားရာ ဖြစ်သော ဤသိင်္ဂါလသုတ္တန်ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် အရပ်ဝယ် ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

သိင်္ဂါလ သုတ်တော် ပြီး၏

---

## အာဋာနာဋိယ သုတ်တော်

ပုစ္ဆာ။ ။အာဋာနာဋိယသုတ္တံ ပနာဝုသော ဘဂဝတာ ကတ္ထ ကိသ္မိံ ဝတ္ထုသ္မိံ ဘာသိတံ။

http://www.dhammadownload.com



ဝိသဇ္ဇနာ။ ။ရာဇဂဟေ ဘန္တေ ဇီဝကမ္ဗဝနေ ပဉ္စဝတေ ဘာသိတံ၊ ဘဂဝတိ ဘန္တေ ရာဇဂဟေ ဝိဟရတိ စတ္တာရော မဟာရာဇာနော စတုဒ္ဒိသံ ရက္ခံ ဌပေတွာ စတုဒ္ဒိသံ ဂုမ္ဗံ ဌပေတွာ စတုဒ္ဒိသံ ဩဝရဏံ ဌပေတွာ ကေဝလကပ္ပံ ဇီဝကမ္ဗဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိံသု၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု၊ ဧကမန္တံ နိသိန္နော ခေါ ဘန္တေ ဝေဿဝဏော မဟာရာဇာ အာဋာနာဋိယံ ရက္ခံ ဘဂဝတော အာရောစေသိ ဘိက္ခူနံ ဘိက္ခုနီနံ ဥပါသကာနံ ဥပါသိကာနံ ဖာသုဝိဟာရာယ၊ တသ္မိံ ဘန္တေ ဝတ္ထုသ္မိံ ဘာသိတံ။

အမေး။ ။အာဋာနာဋိယ မည်သော သုတ်တရားတော်ကို မြတ်စွာဘုရားသခင်သည် အဘယ်အရပ်ဒေသ၌ အဘယ်သို့သော အကြောင်းအဋ္ဌုပ္ပတ္တိကြောင့် ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။အာဋာနာဋိယ သုတ္တန် ဒေသနာတော်မြတ်ကို သဗ္ဗညုမြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဇီဝကင်္ဘတောင်ယံဝယ် သီတင်းသုံး နေတော်မူသောအခါ စတုမဟာရာဇ်နတ်မင်းကြီးတို့သည် များစွာသော ဘီလူးစစ်တပ်, များစွာသော ကုမ္ဘာန်စစ်တပ်, များစွာသော ဂန္ဓဗ္ဗစစ်တပ်, များစွာသော နတ်နဂါး စစ်တပ်တို့ဖြင့် အရပ်လေးမျက်နှာ အစောင့်အနေ ချထားပြီးလျှင် အလုံးစုံသော ဇီဝကင်္ဘတောင်ယံကို ထွန်းလင်းတောက်ပစေလျက် မြတ်စွာဘုရားထံမှောက်သို့ ချဉ်းကပ်ပြီးလျှင် ရှိသေစွာ ရှိခိုး၍ ထိုင်နေကြပါသည်၊ သို့ထိုင်နေပြီးသောအခါ ဝေဿဝဏ်နတ်မင်းကြီးသည် ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ တည်းဟူသော ရှင်တော်ဘုရား၏ ပရိသတ်လေးပါး တပည့်သား သာဝကတို့အား ဤသာသနာကို မကြည်ညိုကြသော ရိုင်းစိုင်းစွာသော နတ်ဘီလူးတို့ မညှဉ်းဆဲ မနှိပ်စက်ရန်အလို့ငှါ ချမ်းသာစွာ နေရန်အလို့ငှါ အာဋာနာဋိယ အမည်ရှိသော အရံအတား ပရိတ်တရားကို လျှောက်ထားခဲ့ပါသည်၊ ဤသို့သော အကြောင်းအဋ္ဌုပ္ပတ်ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် အာဋာနာဋိယသုတ္တန် ဒေသနာတော်မြတ်ကို ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

အာဋာနာဋိယ သုတ်တော် ပြီး၏

http://www.dhammadownload.com



## သင်္ဂီတိ သုတ်တော်

ပုစ္ဆာ။ ။သင်္ဂီတိ သုတ္တံ ပနာဝုသော ကတ္ထ ကေန ဘာသိတံ။
ဝိဿဇ္ဇနာ။ ။ပါဝါယံ ဘန္တေ အာယသ္မတာ သာရိပုတ္တေန ဘာသိတံ။

အမေး။ ။မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော် ဟူသမျှကို အချင်းချင်း ငြင်းခုံခြင်း မရှိဘဲ အညီအညွတ်ယူ၍ အညီအညွတ် ပြောဟောရန် ညွှန်ပြသော **သင်္ဂီတိ** မည်သော သုတ္တန်တရား ဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်က ဟောကြားတော်မူခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ပါဝါပြည် အရပ်ဝယ် သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ ထိုပါဝါပြည်ဝယ် မကြာမီက စုတေကွယ်လွန်သော နိဂဏ္ဌနာဋပုတ္တဒွန်းကြီး၏ တပည့်တို့ အချင်းချင်း ကွဲပြားကြသည်ကို အကြောင်းပြု၍ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဤသာသနာတော်ဝယ် ရဟန်းတော် အရှင်သူမြတ်တို့သည် တပါးသောတရား, နှစ်ပါးသောတရား, သုံးပါးသောတရား, လေးပါး, ငါးပါး, ခြောက်ပါး, ခုနစ်ပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါးတိုင်အောင်သော တရားအစုတို့ကို ပြု၍ အချင်းချင်း ညီညွတ်စွာ သံဂါယနာတင်ဘို့ရန် ညီညွတ်စွာ လိုက်နာကျင့်ကြံဘို့ရန် ဟောပြအပ်သော ဤသင်္ဂီတိ သုတ္တန်ဒေသနာတော်မြတ်ကို သာဝကဘာသိတဖြစ်သည့် အားလျော်စွာ အရှင်သာရိပုတ္တရာ မဟာထေရ်သူမြတ် ဟောကြားတော် မူအပ်ပါသည် အရှင်ဘုရား။

သင်္ဂီတိ သုတ်တော် ပြီး၏

---

## ဒသုတ္တရ သုတ်တော်

ပုစ္ဆာ။ ။ဒသုတ္တရသုတ္တံ ပနာဝုသော ကတ္ထ ကေန ဘာသိတံ။
ဝိဿဇ္ဇနာ။ ။ဒသုတ္တရသုတ္တံ ဘန္တေ စမ္ပာယံ ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ အာယသ္မတာ သာရိပုတ္တေန ဘာသိတံ။

အမေး။ ။ဒသုတ္တရမည်သော ပါထိကဝဂ်၌ နောက်ဆုံးဖြစ်သော သုတ္တန်တရားဒေသနာတော်ကို အဘယ်အရပ်ဒေသ၌ အဘယ်ပုဂ္ဂိုလ်က ဟောကြားခဲ့ပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ဒသုတ္တရ မည်သော ဒီဃနိကာယ်၏ အဆုံးဖြစ်သော သုတ္တန် ဒေသနာတော်မြတ်ကို အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်သည် စမ္ပာပြည် ဂဂ္ဂရာမိဖုရား တည်အပ်သော တူးစေအပ်သော ရေကန်၏ အနီးဝယ် တခုသောတရား, နှစ်ခုသောတရား,သုံးခုသောတရား, လေးခု, ငါးခု, ခြောက်ခု, ခုနစ်ခု, ရှစ်ခု, ကိုးခု, ဆယ်ခုသော တရားတို့တိုင်အောင် ဆယ်ပါး ဆယ်ပါးစီဝေဖန်၍ ဤဒသုတ္တရ သုတ္တန်ဒေသနာတော်မြတ်ကို သာရိပုတ္တရာ မဟာထေရ်မြတ်သည်ပင်လျှင် ပညတ်ဟောကြားတော်မူအပ်ပါသည် အရှင်ဘုရား။

ဒသုတ္တရ သုတ်တော် ပြီး၏

---

## ဒီဃနိကာယ် စိစစ်ခဏ်း

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခန္တိ။

ဝိဿဇ္ဇနာ။ ။သေက္ခာ စ ဘန္တေ ပုထုဇ္ဇနကလျာဏကာ စ သိက္ခန္တိ။

အမေး။ ။ဤ ဒီဃနိကာယ် မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားအစုနှင့် ဆိုင်ရာဖြစ်သော သီလ, သမာဓိ, ပညာ သိက္ခာတို့၌ အဘယ်ပုဂ္ဂိုလ်တို့သည် ကျင့်တုန်း ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့ ဖြစ်ကြပါသနည်း ငါ့ရှင်။

အဖြေ။ ။သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, သောတာပတ္တိမဂ္ဂဋ္ဌာန်, သကဒါဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန် တည်းဟူသော သေက္ခပုဂ္ဂိုလ် အရှင်သူမြတ် ခုနစ်ပါးတို့နှင့်တကွ ကလျာဏပုထုဇဉ် သီလဝန် ပညဝန် အရှင်ဖြစ်တော်မူကြသော အရှင်သူမြတ်တို့သည် ဤဒီဃနိကာယ်လာ သိက္ခာသုံးပါးတို့ကို ကျင့်ဆဲ ပွါးဆဲ အားထုတ်နေဆဲ ဖြစ်တော်မူကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေ အာဝုသော သိက္ခိတသိက္ခာ။

ဝိဿဇ္ဇနာ။ ။အရဟန္တော ဘန္တေ သိက္ခိတသိက္ခာ။

အမေး။ ။ဤ ဒီဃနိကာယ်ဆိုင်ရာ သီလ, သမာဓိ, ပညာ သိက္ခာတို့၌ ကျင့်ခြင်းကိစ္စ အလုံးစုံပြီးစီးပြီးသော ပုဂ္ဂိုလ်တို့သည် အဘယ်သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသနည်း ငါ့ရှင်။

http://www.dhammadownload.com



အဖြေ။ ။ဤ ဒီဃနိကာယ်လာ သီလ, သမာဓိ, ပညာ တည်းဟူသော သိက္ခာသုံးပါးတို့ကို အထွတ်အထိပ်ရောက် ကျင့်ပြီးဖြစ်သော ပုဂ္ဂိုလ်တို့မှာ ရဟန္တာအရှင်သူမြတ်တို့ ဖြစ်ကြပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကဿ အာဝုသော ဝစနံ။

ဝိဿဇ္ဇနာ။ ။ဘဂဝတော ဘန္တေ ဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမေး။ ။ဤ ဒီဃနိကာယ်ဆိုင်ရာ ပါဠိတော် စကားရပ်များသည် အဘယ်ပုဂ္ဂိုလ်၏ စကားဖြစ်ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤ ဒီဃနိကာယ်ဆိုင်ရာ ပါဠိတော်လာ စကားရပ်အစုတို့သည် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ပူဇာဝိသေသကို ခံယူတော်မူထိုက်သော မဖောက်မပြန် ပင်ထွက်ဉာဏ်ဖြင့် ဥဒေယျမ်ငါးပါး ခပ်သိမ်းသော တရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓဘုရားသခင်၏ စကားတော်စင်စစ် ဖြစ်ပါသည် အရှင်ဘုရား။

ပုစ္ဆာ။ ။ကေနာဝုသော အာဘတံ။

ဝိဿဇ္ဇနာ။ ။ပရမ္ပရာယ ဘန္တေ အာဘတံ။

အမေး။ ။ဤ ဒီဃနိကာယ်ဆိုင်ရာ ပါဠိတော် စကားရပ် အလုံးစုံကို အဘယ်ပုဂ္ဂိုလ်သည် မပျောက်မပျက်ရအောင် ဆောင်ရွက်လာခဲ့ပါသနည်း ငါ့ရှင်။

အဖြေ။ ။ဤ ဒီဃနိကာယ်ဆိုင်ရာ ဘ,ဘုရား စကားတော်အစဉ်တို့ကို ပဌမသံဂါယနာတင်ရာကာလ အရှင်အာနန္ဒာနှင့်တကွ ထိုအရှင်အာနန္ဒာ၏ တပည့်အဆက်ဆက်မှသည် ယနေ့တိုင်ကျအောင် ဤဆဋ္ဌသံဂါယနာသဘင်ဝယ် ပါဝင်လျက်ရှိတော်မူကြသည့် ထေရဝါဒီ အပြည်ပြည်ဆိုင်ရာ ဆရာတော်မထေရ် အဆက်ဆက်တို့ မပျောက်မပျက်ရအောင် စောင့်ဆောင်ထိန်းသိမ်းတော်မူခဲ့ကြပါသည် အရှင်ဘုရား။

သုတ်ပါထေယျပါဠိတော် အမေးအဖြေ ပြီး၏

**ဒီဃနိကာယ်ပါဠိတော် အမေးအဖြေ ပြီးပြီ**

http://www.dhammadownload.com